www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ချက်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၂၇၀၈၀၇
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၄၇၁၀၀၇

စီစဉ်သူ — ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် — ၂၀၀၇၊ နိုဝင်ဘာ
အုပ်ရေ — ၅၀၀
မျက်နှာဖုံး — မြတ်ပင်းဟန်
ကွန်ပျူတာစာစီ — *Welfare*
အတွင်းဖလင် — *Quality*

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၅၀၀ကျပ်

# မာတိကာ


| စဉ် | ခေါင်းစဉ်အမည် | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဂမ္ဘီရဝိဇ္ဇာ | ၁ |
| ၂။ | အနီရောင်ပရိတ်ကြိုးလက်ဖွဲ့ | ၁၈ |
| ၃။ | ကျေးရွာရှင် အဘိုးရုက္ခစိုး | ၄၂ |
| ၄။ | ဇာတ်ခုံပေါ်က တစ္ဆေ | ၆၅ |
| ၅။ | ချစ်မှုယ်ကတော့ ချစ်နေခဲ့ပါ | ၉၂ |
| ၆။ | အရှက်တရားဆိုသည် | ၁၁၈ |
| ၇။ | ဆီးကြိုပါ နှမများရယ်၊ ဆီးကြိုပါ ညီတော်များရယ် | ၁၃၈ |
| ၈။ | နတ်မြင်းခွာသံ | ၁၆၃ |
| ၉။ | အိမ်အိုကြီးမှ ထူးဆန်းသောပရဝိဥာဉ်သားများ | ၁၇၉ |
| ၁၀။ | မုဆိုးတစ်ယောက်ရဲ့ ရင်ဘတ်ပေါ်ကျတဲ့မျက်ရည် | ၂၀၇ |
| ၁၁။ | အိုးစည်သံ | ၂၃၁ |
| ၁၂။ | ရွှေလုံဗိုလ်နှင့်ပရလောကသားများ | ၂၆[illegible] |
| ၁၃။ | ငါ့ပစ္စည်းပြန်ပေး | ၂၈၂ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရပိဋကာ

ကျွန်တော့်ဘဝမှာ ဒီအဖြစ်အပျက်ဟာ အံ့သြစရာကောင်းလှတဲ့ တကယ့်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းပါပဲဗျာ။ တစ်နေ့ ရန်ကုန်ကနေ သုံးခွမြို့ ကိုအသွား သူငွေးကွင်းဆိုတဲ့ ကျေးရွာကိုအဝင် လမ်းခုလတ်မှာ လူကြီး တစ်ယောက်က ကားကို လှမ်းတားနေတာနဲ့ မရပ်ချင်ရပ်ချင် ရပ်ပေး လိုက်ရတယ်။ အချိန်က မွန်းတည့် ၁၂ နာရီ။ သုံးခွမှာတွေ့ရမည့် ရေ လုပ်ငန်းရှင်နဲ့ ချိန်းထားတာက ညနေ ၄ နာရီတိတိ။ မရပ်ပေးပြန် လျှင်လည်း ကားက လူကြီးကို ဝင်တိုက်သွားနိုင်ဖွယ်ရှိသည်။ ဘာပြုလို့ လဲဆိုတော့ လူကြီးက လမ်းလယ်ခေါင်က ပိတ်ရပ်ပြီး လက်ကားယား ခြေကားယားနဲ့ တားနေလို့ပဲ။ ကားဘရိတ်ကို တိခနဲရပ်ပြီး တံခါးဖွင့်လို့ ဒေါသနဲ့လှမ်းကြည့်လိုက်တော့ အသက် ၇၀ ခန့် လူကြီး။ ခန္ဓာကိုယ်ပေါ် မှာ ပေါက်ပြဲမွာလန်ကြဲ တိုက်ပုံအဖြူကြီးက ရင်ဘတ်ဟာပြဲ။ ဟာပြဲအောက် မှာ လက်ဝါးသာသာခန့် အင်းစမအကွက်ကြီးနဲ့။

မျက်နှာက လေးထောင့်။ ဆံပင်ရှည်တွေ ကုပ်ပေါ်က ဝဲကျပြီး ကျောလယ်လောက်မှာ ပြန့်ကျဲလို့။ မုတ်ဆိတ်မွေးဖြူဖြူ။ နှုတ်ခမ်းမွေး ဖြူဖြူများကလည်း မျက်နှာပေါ်မှာ တင်းကျမ်းရယ်။ ကြည့်. . . ပါးစပ်ထဲ မှာလည်း ကွမ်းဝါးနေတာ ပလုတ်ပလောင်း။





ကွမ်းတံတွေးက ရင်ဘတ်ပေါ် စီးကျပေကျံလို့။ လွယ်အိတ်အညို ဖောင်းဖောင်းကြီးကို ဘယ်ဘက်ပခုံးပေါ်မှာလွယ်လို့။ ပုဆိုးက အဖြူကွက် အရောင်မပေါ် ညစ်ထေးထေးနဲ့။ သူက ကားနားကို ရယ်ကျဲကျဲ ပြုံးဖြဲဖြဲ နဲ့ ကပ်လာနေတယ်။ သူ့ကိုယ်က ဆိုးဝါးတဲ့ အနံ့အသက်ကလည်း ဟောင်နံ့နေတာပဲ။

''အရှူးများလား အစ်ကို''

ကျွန်တော့်ဇနီးက ခပ်တိုးတိုးပြောလိုက်တယ်။

''သူတောင်းစားနဲ့ တူပါရဲ့ကွာ။ အရေးထဲ ကားတိုက်ရင် သေဦး မယ်။ ဘာကိစ္စလဲ အဘိုးကြီး''

''ဟို. . . ဟို မောင်ရင်တို့ကားနဲ့ သုံးခွမြို့ထဲ အကြုံလိုက်ချင်လို့။ အဟို. . . ဟို. . . ဟို. . . အဟတ်. . . ဖွီ''

ကြည့်စမ်းပါဗျာ၊ လူပုံက နံဟောင်စုတ်ပြတ် ညစ်ပတ်လို့။ သူလိုလူ က ကျုပ်ကားနဲ့ အကြုံလိုက်ချင်လို့တဲ့။ ကားက အလကား ကားမှမဟုတ် ဘဲ။ ပါဂျဲရိုးဥစ္စာ။ အဘိုးကြီးက တန်ရာတန်ရာ မပြောဘူးဗျာ။ ရှားရော။

''ကျုပ် ခင်ဗျားကို တင်မသွားနိုင်ဘူး။ လမ်းစရိတ်မရှိရင် ပေးခဲ့ မယ်ရော့''

ကျွန်တော်က သို့ကလိုပြောပြီး တစ်ရာတန်တစ်ရွက်ကို ထုတ်လို့ သူ့ကိုပေးလိုက်တယ်။

''ကားခကတော့ ငါ့မှာလည်း ပါ,ပါတယ်ကွာ။ မင်းကား အကောင်း စားနဲ့ လိုက်ချင်တာပါ။ မြန်မြန်ရောက်ချင်လို့ပါ''

''မတင်နိုင်ဘူးဗျာ၊ ဖယ်. . .''

ကျွန်တော်က ကားတံခါးကို ဆောင့်ပိတ်ပြီး စက်ကိုနှိုးလိုက်ရော။ အဘိုးကြီးက ကပျာကယာ အနားတိုးလာပြီး ကားတံခါးကို ကိုင်လျက် ကနေ. . .



www.burmeseclassic.com

www.burmeseclassic.com



''ပိုက်ဆံပေးချင် ပေးရပါစေကွာ။ ဘယ်လောက်ပဲဖြစ်ဖြစ် ပြောပါ။ အရေးကြီးလို့ပါ''

ကြည့်စမ်းဗျာ။ လူကြည့်တော့ နှစ်ပြားမတန်ဘူး။ စုတ်ပြတ်သတ်လို့။ ပါဂျဲရိုးကားကို ကားခပေးစီးမယ်။ ဘယ်လောက်ဖြစ်ဖြစ်တဲ့။ ဒါနဲ့ အမြင်ကတ်လွန်းလို့ စကားပြတ်သွားစေချင်တာနဲ့. . .

''နှစ်ထောင်ပေးနိုင်မလား''

''ဟင်. . . နှစ်ထောင်၊ နှစ်ပိုင်လောက်ရှိတဲ့ ခရီးကို နှစ်ထောင်''

''ပေးနိုင်ရင် တက်၊ မပေးနိုင်ရင် နေ''

''နေ. . . နေဦး''

သည့်နောက် သူ့လွယ်အိတ်စုတ်ကြီးထဲ လက်နှိုက်ထုတ်လိုက်တော့ သားရေပိုက်ဆံအိတ်ဟောင်းတစ်လုံး ထွက်လာတယ်။ အဲဒါကို ဖွင့်လိုက်ပြီး ချက်ချင်းပဲ တစ်ထောင်တန်နှစ်ရွက်ကို ထုတ်ပေးပါရော။

''ရော့. . . တံခါးဖွင့်၊ ငါလိုက်မယ်''

ကျွန်တော် အံ့ဩသွားရတယ်ဗျာ။ ငါးပြားစေ့တစ်စေ့ မရှိနိုင်ဘူးလို့ ထင်ထားတဲ့ အရူးလိုလို၊ သူတောင်းစားလိုလို လူကြီးက ကော်နဲ့ စက္ကူနဲ့ သင်းနေတဲ့ တစ်ထောင်တန်နှစ်ရွက် လှမ်းပေးနေတာ မြင်ရရော ကျုပ်တို့ လင်မယားမျက်လုံးတွေ ကျယ်သွားကြရော။

''ဒီမှာ အဘိုးကြီး''

''ဘာလဲကွယ့်၊ နည်းလို့လား''

''နည်းလို့ပြောနေတာ မဟုတ်ဘူး။ ခင်ဗျားလို နံဟောင်စုတ်ပြတ်နေတဲ့ လူနဲ့ ဒီပါဂျဲရိုးနဲ့ မတန်လို့ပဲ၊ ဖယ်''

''ရူး. . . ဘူး. . . ရူး''

စက်ရှိန်ကို လီဗာမြှင့်တင်လိုက်ရော အဘိုးကြီးက နောက်တစ်လှမ်း ဆုတ်ရင်းက. . .





''မင်းကားက ကားစုတ်ကားပျက်ကြီးပါကွာ။ စီးလည်း သုံးခွ ဒီနေ့ရောက်မှာမဟုတ်ဘူး''

''ဖို. . .''

ကျွန်တော် ဒေါပွပွနဲ့ တံတွေးတစ်ချက်ထွေးလိုက်ပြီး ကားကို ဆောင့်ထွက်လိုက်တယ်။ အဘိုးကြီးက နောက်ကနေ ကျွန်တော်ကား ဆောင့်ကြီးအောင့်ကြီး ထွက်သွားပုံကိုကြည့်ပြီး တဟားဟားလှောင်ပြောင် အော်ရယ်လို့၊ ဒါနဲ့ ကားနောက်ကြည့်မှန်ထဲကနေ မသိမသာ လှမ်းကြည့်လိုက်တော့ သူပဲ နောက်ကားတစ်စီးကို တားနေပြန်ပါရော။

သူ့လို ညစ်ပတ်စုတ်ပြတ်နေတဲ့ သူတောင်းစားအရူးကို ဘယ်ကားသမားက တင်မှာလဲဗျာနော်။ ဒီလိုနဲ့ သူ့ငွေးကွင်းကနေ သုံးခွမြို့ဝင်ခါနီးလည်းကျရော ကျုပ် ပါဂျဲရိုးကား ရုတ်တရက်ထိုးရပ်သွားပါရော။ လီဗာကို အမျိုးမျိုးစမ်းတယ်၊ ကားလုံးဝ မလှုပ်ဘူး။ ဒါနဲ့ စက်ခေါင်းကို ဖွင့်ကြည့်တယ်။ ဆီပျောက်၊ မီးပျောက်ကို ကြည့်တယ်၊ ဂီယာ ညပ်မညပ်ကြည့်တယ်။ အားလုံးကောင်းပါလျက်နဲ့ ကားက စက်နှိုးလို့မရဘူး။ အချိန်အတန်ကြာသွားပြီ။

ဒါနဲ့ ခပ်လှမ်းလှမ်းတတ်ဆီဆိုင်နားဘက်က ကားဝပ်ရှော့ကို သွားပြီး စက်ပြင်ဆရာများကို ခေါ်လို့ကြည့်စေတယ်။ သူတို့ကလည်း ကားစက်ခေါင်းရော၊ ကလပ်ရော၊ ဂီယာရော၊ ဆီ မီး ရေ စသည်တို့ရော စစ်ဆေးတယ်။

''အားလုံးကောင်းပါတယ် ဆရာ''

''ကောင်းတယ်သာ ပြောတယ်။ စက်က နှိုးလို့မရဘူးဗျ''

''အဲဒါတော့ ကျွန်တော်တို့လည်း မလုပ်တတ်တော့ဘူး ခင်ဗျာ''

ဒါနဲ့ လုပ်အားခရှင်းပေးပြီး စိတ်ညစ်ညစ်နဲ့ နီးရာ လက်ဖက်ရည်ဆိုင်မှာ ထိုင်လို့ လက်ကိုင်ဖုန်းနဲ့ သုံးခွသူဌေး ဦးညွန့်ရွှေကို စကားလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတုန်း လင့်ခရူဇာကားတစ်စီး တဖွတ်ဖွတ်အသံပြည်လို့ ကျွန်တော့်ကားအနီး ထိုးရပ်နေပြန်ပါရော။

ကားပေါ်က သားသားနားနား အသက် ၃၀ ခန့် မိန်းမတစ်ဦး ဆင်းလာပြီး ကားစက်ခန်းကို သူ့ဒရိုင်ဘာနဲ့အတူ စစ်ဆေးပါရော။ ပြီးတော့ စက်နှိုးကြည့်တယ်။ နောက်ခန်းက ခန့်ခန့်ဝဝ ရွှေအပြည့်နဲ့ မိန်းမကြီးရယ်၊ ချာတိတ်တစ်ဦးရယ် ဆင်းလာပြီး မေးကြပြန်တယ်။

ဒီမှာသားသားနားနား ခေတ်ပညာတတ်ဟန် အမျိုးသမီးက ကျွန်တော်တို့ကို မြင်သွားပြီး. . .

''ဒီနားမှာ ကားဝပ်ရှော့များ မရှိဘူးလားရှင်''

''ရှိပါတယ်ခင်ဗျာ။ ဟိုတာတ်ဆီဆိုင် မြောက်ဘက်နားမှာပါ။ ကား ဘယ်လိုဖြစ်လို့လဲ''

''မောင်းလာတုန်းက အကောင်းပဲရှင်။ ဒီနားရောက်ရော မောင်းလို့ မရတော့တာပဲ''

ဒီမှာ ကျွန်တော်က ဘာရယ်လို့မဟုတ်။ ကားစထွက်တုန်းက နောက်ကြည့်မှန်ထဲမှာ မြင်လိုက်ရသည့် မြင်ကွင်းကို သတိရပြီး မေးလိုက်မိတယ်။

''အစ်မကြီးကားကို အရူးလိုလို သူတောင်းစားလိုလို အဘိုးကြီး တစ်ဦး တားလိုက်သေးတယ် မဟုတ်လားဟင်''

ကျွန်တော့်မေးခွန်းကြောင့် အမျိုးသမီးကြီး မျက်လုံးကျယ်သွားပြီး သူ့ရဲ့ဒရိုင်ဘာကို ဝပ်ရှော့ရှိရာ လွှတ်လိုက်ရင်းကနေ. . .

''ကျွန်မနာမည် ဒေါ်မြသီတာလို့ ခေါ်ပါတယ်ရှင်။ ပုဇွန်တောင်မှာ နေပါတယ်''

''ဟုတ်ကဲ့၊ ကျွန်တော့်နာမည်က ကိုကောင်းမြတ်စည်သူပါ။ ဒါက ကျွန်တော့်ဇနီး မေထားကြည်ပါ အစ်မကြီး''





''ဟုတ်တယ်ရှင့်၊ ကိုကောင်းမြတ်စည်သူ မေးသလိုပါပဲ။ သူ့ဒွေး ကွင်းရွာအရောက်မှာ တိုက်ပုံရင်ကွဲ ပုဆိုးဖင်ပေါက် လွယ်အိတ်စုတ်ကြီး လွယ်ထားတဲ့ နှုတ်ခမ်းမွေးဖွားဖွား ဆံရှည်ဖွာလန်ကြဲနဲ့ အဘိုးကြီးက ကျွန်မကားနဲ့ အကြုံလိုက်ချင်လို့တဲ့။ မှန်ရာပြောရရင် လူဆိုးမှန်း၊ လူကောင်းမှန်းလည်း မသိဘူး။ လူကလည်း နံစော်နေတော့ ကျွန်မတို့က မတင်ဘူးပေါ့။ အဲဒါ တောင်းသလောက် ကားခပေးပါ့မယ်ဆိုပြီး ဆန်းတော့ဆန်းတယ်။ ကိုကောင်းမြတ်စည်သူရယ် လူနဲ့ မတန်အောင်ပါပဲ၊ ဘစ်ထောင်တန် တစ်ထပ်ကြီး ဆွဲထုတ်ပြီး ဈေးသာပြောပါ ဂုပ်ပါရော။ ကျွန်မတို့က သူ့ခိုးတားပြ အနုကြမ်းသမားဖြစ်ရင် ကိုယ်ကျိုးနည်းချည်ရဲ့ ဆိုပြီး ကားတရကြမ်း မောင်းထွက်လာခဲ့ရတာပဲ''

''နောက်ထပ် သူက ဘာများပြောလိုက်သေးလဲ အစ်မကြီး''

''အဲ. . . အဲ နေဦး။ ယောက်ျားကြီးတန်မဲ့ စောင်းရွဲ့ပြီး အော်ပြောလိုက်သေးတယ်။ ကားစုတ်ကြီးစီးပြီး ကြီးကျယ်ကြဦးပေါ့တဲ့။ အခု ကားက ပျက်နေပြီ''

''ကျွန်တော်တို့လည်း အဲဒီလူကြီး နိမိတ်မရှိ နမာမရှိ စကားပြောလိုက်လို့ အစ်မလိုအဖြစ်မျိုး ကြုံရတာပဲ''

''ဟင်. . . ဘယ်လို. . . ဘယ်လို''

ဒါနဲ့ လမ်းခရီးမှာ အဲဒီအဘိုးကြီးနဲ့ တွေ့ကြုံရပုံ အကြောင်းစုံကနေ ''ကားစုတ်ကြီး ကားပျက်ကြီးပါကွာ'' အပြောခံရရာက ထူးထူးဆန်းဆန်း ဒီနေရာမှာ ကားလာပျက်နေရသည့် အကြောင်းနဲ့ စက်ပြင်ဆရာများ လာကြည့်ပေးပြီးသည့်တိုင် ကားက စက်နှိုးမရတဲ့အကြောင်း ပြောပြလိုက်တော့ လင့်ခရူဇာကားပိုင်ရှင် ဒေါ်အေးမြသီတာနှင့် သူ့ညီသည်များပါ အံ့သြနေကြရော။

မကြာခင် ကားဝပ်ရှော့က စက်ပြင်ဆရာများ ရောက်ရှိလာပြီး လင့်ခရူဇာကားကို အမျိုးမျိုး ဖွင့်နှိုက်ချွတ် စစ်ဆေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ကားမှာ ဘာချို့ယွင်းချက်မှ မရှိပါဘူး ခင်ဗျာ။ အားလုံးကောင်းပါတယ်''

ဒါနဲ့ ကားကို စက်နှိုးကြည့်တယ်။ သော့ကိုဖွင့် စတတ်တာကိုနင်း၊ လီဗာကိုနင်းပေမဲ့ ကားဆီက ချောင်းဟန့်သံတောင်မကြားရဘူး။ နောက်ဆုံး စက်ပြင်ဆရာများကို လုပ်အားခပေးပြီး ကျုပ်တို့ ကားအဖိုးတန်စက်မောင်းမရအပ္ပဲ့နှစ်ဖွဲ့ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဟန်းဖုန်း တကိုင်ကိုင်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းများကို ဖုန်းဆက်အကြောင်းကြားကြရော။

ဒီအချိန်မှာ ရန်ကုန်-သန်လျင်မှသည် သုံးခွ ခရမ်းမြို့များသို့ သွားနေသည့် လိုင်းကား၊ ကိုယ်ပိုင်ကားများကို စဉ်ဆက်မပြတ်မှသည် ကြိုးကြားကြိုးကြား တွေ့လိုက်ရတယ်။ ဒီလိုနဲ့ အချိန်နာရီအတန်ကြာသွားခဲ့ကြတယ်။

အချိန် တစ်နာရီခွဲ၊ နှစ်နာရီခန့်လည်းကြာရော ကားမှတ်တိုင်တစ်ခုကနေ အဘိုးကြီးတစ်ယောက် ကျွန်တော်တို့ရှိရာ လက်ဖက်ရည်ဆိုင်ထဲသို့ တန်းတန်းမတ်မတ်ဝင်လာပြီး ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်ရင်းက. . .

''မိုင်လို ဝမ်းပေဟ့''

အလိုလေး။ ဘယ်သူများလဲလို့ ကြည့်လိုက်တော့ လမ်းမှာ ကျွန်တော်နဲ့ ကြုံခဲ့ရတဲ့လူ တိုက်ပုံရင်ကွဲ အင်းစမကွက်ကြီးနဲ့ အဘိုးကြီး။ နိမိတ်မရှိ နမာရှိပါလား ခင်ဗျား။

''ဟေ့. . . စားပွဲထိုးတွေ မိုင်လိုတစ်ခွက်ဆိုတာ မကြားဘူးလား။ နားပင်းနေလား''

စားပွဲထိုးကောင်လေးများက အရူး သူတောင်းစားကြီး မှုးမှုးရှူးရှူး ဝင်လာပြီး မစားဖူး၊ မသောက်ဖူးတာမှာလို့ ကြိုးကျယ်လေလုံးထွားနေတယ် မှတ်ပြီး. . .





''မိုင်လိုမရှိဘူးဗျ''

''ဘာရှိလဲ''

''တို့ရှည်ရမယ်၊ ပဲပြားကြော်ရမယ်''

''ဝါး. . . ဟား. . . ဟား. . . ဟား. . . ဟား''

စားပွဲထိုးကောင်လေးရဲ့ အပြောကြောင့် အခြားစားပွဲထိုး ကောင်လေးများရော လက်ဖက်ရည်သောက်နေကြသူအချို့ကပါ ဝိုင်းအော်ရယ်ကြရော။

''မိုင်လိုမရရင် အိုဗာတင်း ပျစ်ပျစ်တစ်ခွက် ယူခဲ့ကွာ။ ရှယ်နော် ရှယ်''

ဒီမှာ စားပွဲထိုးကောင်လေးက. . .

''အိုဗာတင်းဖိုးရော ပါလို့လား ဘကြီးရ''

''ဘယ်လောက်မို့လဲ ငါ့လူရ လုပ်ပါဦး''

''မများပါဘူးဗျာ (---) ကျပ်တည်းပါ''

''ဒါလေးများ. . . ဒါလေးများ. . . ဒါလေးများ. . . ရော့ ကြိုက်တဲ့အရွက်ယူသွား''

အရူးလိုအဘိုးကြီးက ပါးစပ်က သို့ကလို အော်ပြောလိုက်ရင်းကနေ လွယ်အိတ်အစုတ်ကြီးထဲ လက်နှိုက်ပြီး စားပွဲပေါ်ကို ငွေစက္ကူအချို့တင်လိုက်ရော. . .

''ဟင်. . .''

''ဟာ. . .''

''ဟယ်. . .''

စားပွဲထိုးကောင်လေးတွေရော လက်ဖက်ရည်သောက် အကဲခတ်နေသူတွေရော ကျွန်တော်တို့အုပ်စုရော မြင်လိုက်ရတာက စားပွဲခုံပေါ်မှာ ငါးဆယ်တန်၊ ရာတန်၊ နှစ်ရာတန်၊ ငါးရာတန်နဲ့ တစ်ထောင်ကျပ်တန်



www.burmeseclassic.com

www.burmeseclassic.com



ငွေစက္ကူအမြောက်အမြား။ အားလုံးဟာ လူနဲ့မလိုက်အောင် ငွေတွေပုံပြ နေတဲ့ အရွှေးလိုလူကြီးကိုကြည့်ပြီး အံ့သြနေကြတယ်။

''တန်ရာတန်ကြေး အရွက်ကိုယူသွား။ မြန်မြန်လုပ်ကြပါကွ။ ငါ ခရီးသွားစရာရှိနေလို့ပါ။ ချီးတဲ့မှပဲ ကြာလိုက်တာ''

ဒီမှာပဲ စားပွဲထိုးကောင်လေးရော ကောင်တာက ပိုင်ရှင်မိန်းမရော အဘိုးကြီးကို ပမာမခန့် မလုပ်ရဲတော့ဘဲ အိုဗာတင်းတစ်ခွက် အမြန်ဖျော် ပြီး ရိုရိုသေသေ ချပေးလိုက်တယ်။

''ဟော့. . . စီးကရက် အကောင်းစားရော ရှိလား''

''ဗျာ. . .''

''စီးကရက်ရှိလားလို့ မေးနေတာ နားမကောင်းဘူးလား''

''ဟုတ်. . . ဟုတ်ကဲ့၊ ရှိ. . . ရှိပါတယ် ခင်ဗျာ။ ခဏလေး''

စားပွဲထိုးက ဘူးခွက်လေး ချပေးလိုက်ရော အဘိုးကြီးက စီးကရက် တစ်လိပ် မီးညှိခဲ့ပြီး နှစ်ဖွာသုံးဖွာ ဖွာတယ်။ ပြီးတော့ ထိုးချေလိုက်ပြီး နောက်တစ်လိပ် မီးညှိလို့ ဒူးနန့်ဖွာနေပြန်ရော။ ပြီးနောက် နှစ်ဖွာသုံးဖွာ ဖွာပြီး ထိုးချေလိုက်ပြန်ရော။ သည့်နောက် နောက်တစ်လိပ်ကို မီးညှိပြီး ဆေးပေါ့လိပ် ကိုက်ခဲသလိုခဲလို့ လက်ဖက်ရည်ဆိုင်က လူတွေမျက်နှာကို တစ်ဦးချင်း လိုက်ကြည့်နေလေရဲ့။

ဒီမှာ ကျုပ်တို့အုပ်စုကို တွေ့သွားပြီး လက်ညှိုးထိုး ရယ်ပါလေရော။

''ဟာ. . . ဟိုဟာ ကားစုတ်ပိုင်ရှင်တွေ မဟုတ်လားကွ။ ဟား ဟား. . . ဟား. . . ဟား''

သူ့စကားကြောင့် လက်ဖက်ရည်ဆိုင်ထဲက လူအချို့က ကျွန်တော် တို့အုပ်စုကို မျက်လုံးပေါင်းစုံနဲ့ ဝိုင်းကြည့်နေကြရော။ ကြည့်ဗျာ။ သိန်း ရာထောင်တန်တဲ့ လင့်ခရူဇာနဲ့ ပါဂျဲရိုးကို လက်ညှိုးထိုးပြီး ကားစုတ်ပိုင် ရှင်တွေ မဟုတ်လားတဲ့။ အသားလွတ်ကြီးဗျာ။





ဒီမှာ ကျွန်တော်က ထကြမ်းမလို့လုပ်ရော၊ အသက်ကြီးတဲ့ လင့်ခရူ ဇာပိုင်ရှင် အစ်မကြီး ဒေါ်အေးမြသီတာက ကျွန်တော့် လှမ်းတားပြီး အသာထိုင်ရာက ထလို့ အဘိုးကြီးရှိရာကို ခြေလှမ်းမှန်မှန်နဲ့ သွားလိုက် တယ်။ လက်ဖက်ရည်ဆိုင်ထဲက ခရီးသွားများကလည်း တစ်ခုခုတော့ ဖြစ်တော့မှာပဲဆိုပြီး အာရုံစိုက်နေကြရဲ့။

''အဘ နေကောင်းလား''

အစ်မကြီး ဒေါ်အေးမြသီတာက ချိုသာပျော့ပျောင်းတဲ့ လေသံနဲ့ အဘိုးကြီးကို သွားနှုတ်ဆက်လိုက်ရော အရှူးလိုအဘိုးကြီးက တိုက်ပုံ အင်္ကျီနှစ်စကို ယမ်းယပ်ခတ်ရင်းက ပြုံးလိုက်ပြီး. . .

''ငါ နေကောင်းပါတယ်။ နေမကောင်းတာက နင်တို့နဲ့ ကားနှစ်စီး မဟုတ်လား။ ဟား. , . ဟား. . . ဟား. . . ဟား. . . ဟား''

''ဟုတ်ပါတယ် အဘရယ်။ အဲဒါ သမီးတို့ အဘကို အကူအညီ တောင်းချင်လို့ပါ''

''ဟော . . ငါက ဝပ်ရှော့က စက်ပြင်ဆရာမဟုတ်ဘူး သမီးရဲ့။ ကား နေမကောင်းရင် ကားစက်ပြင်ဆရာကို သွားခေါ်လေဟ။ အဟ. . . ဟ. . . ဟ. . . အဟတ်''

''ခေါ်ပြပြီးပြီ အဘရဲ့''

''ဘာပြောလဲ''

''ကားနှစ်စီးစလုံး နေကောင်းပါတယ်တဲ့''

''ဟော. . . ဒါ. . . ဒါဆို လူနေမကောင်းလို့ နေမှာပေါ့ဟ''

''ဟုတ်. . . ဟုတ်ပါတယ် အဘရယ်။ သမီးရော ဟို. . . ထိုင်နေတဲ့ မောင်ငယ်ရော မကောင်းခဲ့ပါဘူးရှင်။ အဘ လိုက်ချင်တာကို သမီးတို့က တင်မခေါ်မိတာ သမီးတို့ နေမကောင်းတာပါပဲ။ အဲဒီအတွက် အားလုံး ကိုယ်စား သမီးကပဲ အဘကိုအနူးအညွတ်တောင်းပန်ပါတယ် အဘရယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘများနားလည်ရင် ကားအပျက်အစုတ်များကို ကားအကောင်း ဖြစ်သွားအောင် ကြည့်ရှုပေးပါလား အဘရယ် ဟင်. . . လို့"

ဒေါ်အေးမြသီတာက စကားပြောညက်တယ်။ အဆင့်အတန်းချင်း ဆန့်ကျင်ဘက်ရှိနေတဲ့ အဘိုးကြီးကို လေးလေးစားစား တောင်းပန်မေတ္တာရပ်ခံလို့ အကူအညီတောင်းလိုက်တယ်။ ဒီမှာ အဘိုးကြီးက ဒေါ်အေးမြသီတာကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်းက. . .

"သမီး. . . နားလည်သဘောပေါက်ပြီလား"

"ဟုတ်ကဲ့၊ သမီး အခု သဘောပေါက်ခဲ့ပါပြီ အဘ"

"အေး. . . သမီးက ပဋ္ဌာန်းဆက်ကောင်းရဲ့သားနဲ့ ကိုယ်ကျင့်သီလတစ်ချက် ယိုင်သွားခဲ့တာကိုး။ အဘ ကားအကြောင်း နားမလည်ပါဘူး။ ဒါပေမဲ့ နည်းနည်းကြည့်ပေးပါ့မယ် လာ. . ."

သည့်နောက် အဘိုးကြီးက အိုဟာတင်းဖိုး ရှင်းလိုက်ပြီးနောက် ကျန်ငွေစက္ကူများကို အနီးရှိ ဘုရားမြှုပြင်ရန် အလှူခံနေတဲ့မဏ္ဍပ်မှာ အကုန်သွားလှူပစ်လိုက်ပြီး ကားနှစ်စီးရှိရာကို ခြေလှမ်းကျဲကြီးနဲ့ လှမ်းလာလိုက်တယ်။

"ဘယ်ကား ပျက်တာလဲ"

"နှစ်စီးစလုံးပါ အဘ"

"ဪ. . . သိန်းရာထောင်တန်တဲ့ ကားနှစ်စီးနှယ် ဘယ့်နှယ်လုပ်ရပ်နေပေခံနေရပါလိမ့် ကိုင်း. . ."

အဘိုးကြီးက ကားခေါင်းကို လက်ဝါးနှင့် သုံးချက်စီ တဗုန်းဗုန်းရိုက်ပြီး. . .

"ဟဲ့. . . ခုချက်ချင်း အိပ်ရာက ထကြ၊ ဒီလောက်အိပ်ရရင် တော်တော့"





"ဗုန်း. . . ဗုန်း. . . ဗုန်း"

"ဖုံး. . . ဖုံး. . . ဖုံး"

"စက်နိုးတော့လေ"

ယုံတော့ မယုံပါဘူး။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကျွန်တော်က ကိုယ့်ပါဂျဲရိုး ခေါင်းခန်းမှာ ထိုင်လိုက်သလို လင့်ခရူဇာ ဒရိုင်ဘာကလည်း ကားဒရိုင်ဘာခန်းမှာ ဝင်ထိုင်ပြီး ကားသော့ကိုလှည့်လို့ စက်ကိုနှိုးလိုက်ရော. . .

"ဝူး. . . ဝူး. . . ခရူး. . . ခရူး. . . ဝူး"

"ဝူး. . . ဂျူတ်. . . ဂျူတ်. . . ဂျူတ်"

"ဟာ. . ."

"ဟင်. . ."

"အလိုလေး. . . မြတ်စွာဘုရား"

"ဟာ. . . အံ့ဩစရာ ကောင်းလှချည်လားကွာ"

ကားစက်သံနှစ်ခုဟာ ပြိုင်တူနိုးထလာပြီး ပြေးတော့မည့် ပြိုင်ပွဲဝင်မြင်းလို မာန်ဖီနေကြတယ်။ ဒီအချိန်မှာ တိုက်ပုံရင်ကွဲနဲ့ အဘိုးကြီးက ကျုပ်တို့အားလုံးကို လက်ပြပြီး ထွက်ပြေးသွားပြီ။

"အဘ"

"အဘရေ ခဏနေပါဦး အဘရဲ့"

ဒေါ်အေးမြသီတာက ကားစက်သံနိုးရော ဝမ်းသာရာကနေ ပြေးထွက်သွားတဲ့ အဘိုးအိုကို လှမ်းအော်ခေါ်လိုက်တယ်။ ကျွန်တော်ကလည်း ကျေးဇူးတင် ဝမ်းသာလွန်းလို့ ကားပေါ်ကဆင်းပြီး "အဘရေ အဘ ခဏလေး နေပါဦး" လို့ အော်ခေါ်ပေမဲ့ အဘိုးကြီးက လုံးဝကို လှည့်မကြည့်ဘဲ ကားဂိတ်ရှိရာကို အပြေးထွက်သွားတော့တာပဲ။

ဒါနဲ့ ကျုပ်တို့လည်း စိတ်ကိုလျှော့လိုက်တယ်။ ကျွန်တော့်စိတ်ရင်းက အဘိုးကြီးကို တစ်ခုခု ကျေးဇူးပြုချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်လိုလူလဲဟင် အစ်မကြီး မအေးမြသီတာ"

"လူထူးလူဆန်းတစ်ဦးလို့ ယူဆရတာပဲမောင်ငယ်။ ဒီလိုယူဆလို့ အစ်မ သူ့ကို ချိုချိုသာသာပြောပြီး တောင်းပန်လိုက်တာပဲ။ အဲဒါနဲ့ သူက ခုလို ထူးထူးဆန်းဆန်း လုပ်ပြသွားတာပဲ"

"အေးဗျာ. . . စက်ပြင်ဆရာတောင် လက်မြှောက်လိုက်ရတဲ့ ကားကို သူ့လက်ဝါးနဲ့ သုံးချက်ပုတ်လိုက်ရုံနဲ့ ကားစက်ချက်ချင်းနိုးတာ ကျွန်တော်တို့ဘဝမှာ ဒါ ပထမဦးဆုံးအကြိမ် အံ့သြစရာအဖြစ်ကြုံရတဲ့ မြင်ကွင်းပဲ။ သူဟာ ဘယ်လိုလူလဲဟင် အစ်မကြီး။ အစ်မကြီးသိရင် ပြောစမ်းပါဗျာ"

"ကြည့်ရတာ ဂမ္ဘီရပညာရှင်နဲ့တူတယ်"

"ဘယ်လို ဂမ္ဘီရပညာရှင်လဲဟင်"

"လောကီစကားနဲ့ပြောရင် ဝိဇ္ဇာပဲ"

"ဝိဇ္ဇာ. . . ဝိဇ္ဇာဆိုတာကရော ခင်ဗျ"

"ထူးဆန်းသောပညာရှင်ကို ခေါ်တာ၊"

"ဝိဇ္ဇာ"

"ဟုတ်တယ်၊ မြေလျှောက်ဝိဇ္ဇာလို့ ခေါ်ကြရမလား မသိဘူးကွယ့်"

သည့်နောက် အချိန်လင့်သွားပြီ ဖြစ်တဲ့အတွက် အပြန်မှောင်နေမှာစိုးလို့ သုံးခွမြို့က အသိများကို ဖုန်းဆက်နှုတ်ဆက်ပြီး ရန်ကုန်လမ်းကြောင်းကို ပြန်ဦးလှည့်လို့ ပြန်မောင်းလာခဲ့လိုက်ကြတယ်။ ကျွန်တော်တို့ အတန်ကြာ မောင်းလာလိုက်တာ ခရီးသည်တင်ကားတစ်စီးပဲ ရှေ့က ဖြတ်တက်သွားတယ်။

ဒီလိုနဲ့ တစ်နာရီကျော်ခန့် မောင်းလာလိုက်တော့ သန်လျင်မြို့ အဝင် ဂိတ်ကြေးကောက်တဲ့ နေရာကလည်းရောက်ရော. . .

"ဟာ. . . ဟိုမှာ. . . ဟိုမှာ"





ကျွန်တော့်ဇနီးက ဂိတ်ဝင်ကြေးပေးနေတဲ့ ကျွန်တော့်ပခုံးကိုဆွဲပြီး တစ်နေရာကို အရေးတကြီး လက်ညှိုးထိုးပြလို့ လှည့်ကြည့်လိုက်တော့

"ဟာ. . .အဘ. . . ဟို. . . အဘပါလား"

နောက်ကလိုက်လာတဲ့ ဒေါ်အေးမြသီတာတို့ကားကလည်း ချက်ချင်း တွေ့သွားပြီး ကားကို လမ်းနံဘေးထိုးရပ်လို့ ကားပေါ်က ဆင်းလာကြပါရော။

"အဘ"

ကျုပ်တို့ ဝမ်းသာအားရလှမ်းခေါ်ကြရော အဘ တိုက်ပုံရင်ကွဲကြီးက ရှင်မွေ့နွန်း ကုန်းအတက်လှေကားကနေ မတ်ရပ်ရပ်ပြီး လက်ဝှေ့ယမ်းပြလို့ လှေကားထစ်များအတိုင်း ကုန်းတောင်ပေါ်ကို အပြေးတက်သွားပါရော။

"တွေ့ပြီ မောင်ငယ်ရေ သူ ဘယ်ကားနဲ့များ ပါလာသလဲ မသိဘူး။ လာ. . . လာ ကျေးဇူးတင်စကားပြောရင်း လက်ဆောင်များပေးရင်း ကန်တော့ကြရအောင် လာကြဟေ့"

ကျုပ်တို့ကားနှစ်စီးပေါ်က လူငါးယောက် အဘ တိုက်ပုံရင်ကွဲကြီး အပြေးတက်သွားတဲ့ ရှင်မွေ့နွန်း တောင်ပေါ်လှေကားများကို နင်းပြီး တောင်ပေါ်ကို ကြိုးစားတက်ခဲ့ကြတယ်။ မွေ့နွန်းတောင်ပေါ်ရောက်တော့ မောနေကြပြီ။ ဒါနဲ့ အဘကို လှည့်ပြီး ရှာကြတယ်။ လုံးဝမတွေ့ရဘူး။ ဘုရားရင်ပြင်ပေါ်မှာ လူလေးငါးခြောက်ဦးနဲ့ ရဟန်းနှစ်ပါးပဲ ရှိနေတယ်။

ဒါနဲ့ လူအုပ်စုကို ကျွန်တော်က မေးမြန်းစုံစမ်းကြည့်တာပေ့ါ။

"ဒီ. . . ဒီမှာခင်ဗျာ။ တစ်ဆိတ် စောစောက ဒီရင်ပြင်ပေါ်မှာ ဆံပင်ရှည်ရှည် တိုက်ပုံရင်ကွဲ ရင်ဘတ်မှာအင်းစအကွက်ကြီးနဲ့ ယောဂီရောင် လွယ်အိတ်ကြီးလွယ်ထားတဲ့ အဘိုးအိုတစ်ဦးဗျာ တွေ့မိကြပါသလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မတွေ့ပါဘူး"

"ဟို. . . ညီမရော တွေ့မိလားဟင်"

"ကျွန်မတို့ ဒီပေါ်မှာရောက်နေတာ ကြာပြီရှင့်။ အစ်ကိုကြီးပြောတဲ့ ပုံပန်းသဏ္ဌာန်နဲ့ အဘိုးအိုတစ်ယောက်မှ မတွေ့ပါဘူးရှင်"

"ဟင်. . . ခုလေးတင် တက်သွားတာခင်ဗျ"

"ဟုတ်လား။ မတွေ့မိတာတော့ အမှန်ပါပဲရှင်"

ဒါနဲ့ မကျေနပ်နိုင်သေးဘူး။ ရှင်မွေ့နွန်းတောင်ဘက်မှာ အထွက် လမ်းတစ်လမ်း ရှိနေတယ်။ အဲဒါက ငမိုးရိပ်ရေကန်ကို သွားတဲ့လမ်းပဲ။ အဘိုးအိုသွားရင် ဒီလမ်းပဲရှိတယ်။ ကျန်တာက အုတ်ရိုးတံတိုင်းခတ်ထားတဲ့ ချောက်အနက်ကြီးတွေ။ ဆင်းသွားစရာလမ်း လုံးဝမရှိဘူး"

အဲဒီမှာ ရဟန်းအိုတစ်ပါး တံမြက်လှည်းနေတာကို တွေ့ရရော။

"ဘုန်းဘုန်းဘုရား"

"ဝေ. . . ဘာကိစ္စများလဲကွယ့်"

"ဘုန်းဘုန်း ဒီနေရာမှာ တံမြက်လှည်းနေတာ ကြာပြီလားဟင်"

"အိမ်း. . . ကြာပြီကွယ့်၊ ဘာဖြစ်လို့လဲ"

"ဒါ. . . ဒါဆို တိုက်ပုံအင်္ကျီ ရင်ဘတ်ဟာပြဲ ရင်ဘတ်မှာ စမကွက် အင်းကြီးနဲ့ ဆံပင်ရှည်ရှည် လွယ်အိတ်အညိုလွယ်ထားတဲ့ ဘကြီး တစ်ယောက် ဒီလမ်းက ထွက်သွားတာ မြင်လိုက်ရပါလား ဘုရား"

"မမြင်ဘူးကွယ့်။ ဘုန်းဘုန်းက တံမြက်လှည်းနေတာ ကြာပြီ။ ဒီနေရာက ဘယ်သူမှ ဖြတ်မသွားသေးပါဘူး"

"ဟင်. . ."

"အို. . ."

"ဘုရားရေ. . ."

"ဆန်းလှချည်လားကွယ် ဟင်လို့"

စိတ်ကူးသစ်စာပေ



ဒါနဲ့ ကျွန်တော်တို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး စဉ်းစားမရ အံ့သြနေရာက ဘုန်းတော်ကြီးကို ဦးကုန်းချပြီး သစ်ပင်များအောက်၊ ပန်းရုံများအောက်၊ ဒေသစာရီ ဘုရားရုပ်တုများ ဝန်းကျင် သိမ်လိုအဆောက်အအုံများအတွင်းသာမက ရှင်မွေ့နွန်းစေတီ ကိုပါ လှည့်စုံ၍ ပိုက်စိပ်တိုက် ပတ်ရှာခဲ့ပါသော်လည်း ထိုထူးဆန်းအံ့ဖွယ် ကောင်းလှသော အဘတိုက်ပုံရင်ကွဲ အဘိုးအိုအား လုံးဝရှာလို့မတွေ့ခဲ့။ အားလုံးအံ့သြလို့မဆုံး။

အစ်မကြီးပြောသလို ဂမ္ဘီရဝိဇ္ဇာ၊ မြေလျှောက်ဝိဇ္ဇာဆိုတာ ဟုတ်များ ဟုတ်နေလေရော့သလား။ ဒါမျိုး လူ့လောကမှာ တကယ်ရော ရှိနေရော့ သလား။

ဒီမှာပဲ ကျွန်တော်တို့အားလုံး စေတီတော်ကို လက်အုပ်ချီ၍ ဆု တောင်းလိုက်ကြတယ်။

"အဘ. . . ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပါစေ၊ နောက်တစ် ကြိမ် ပြန်တွေ့ချင်ပါဘိ အဘရယ်၊ သားရဲ့ မိုက်ပြစ်ရိုင်းပြစ်ကို ခွင့်လွှတ် ပါနော် အဘ"

www.burmeseclassic.com

www.burmeseclassic.com




# အနီရောင်ပရိတ်ကြိုးလက်ဖွဲ့

(၁)

၂၀၀၆ခုနှစ်၊ ဩဂုတ်လဆန်း ညဦးပိုင်းအချိန်၌ ကျွန်တော့်အိမ်ရှေ့သို့ တန့်ဖိုးကြီးလှသော ကိုယ်ပိုင်ကားတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ အသက် (၈၀)ကျော်အရွယ် အမေအိုတစ်ဦးနှင့် အသက် (၂၅)နှစ်ခန့်ရှိသော လူရွယ်နှစ်ဦး ဆင်းလာကာ ကျွန်တော့်အမည်ကိုမေး၍ ရောက်လာခဲ့ကြသည်။

ကျွန်တော်သည် ဖြူဝင်းသော အသားအရေနှင့် မြန်မာပီသလွန်းလှသော အမေအိုအား ခေါင်းရင်းဘက်မှာ နေရာပေး၍ လာရင်းကိစ္စကို မေးမြန်းလိုက်၏။

''အမေ့နာမည်က ဒေါ်မေမေစီလို့ ခေါ်ပါတယ် သားရယ်။ အမေက သား စာရေးဆရာရဲ့ စာဖတ်ပရိတ်သတ်တစ်ဦးပါ။ သားပင်တိုင်ရေးနေတဲ့ သူရဿမဂ္ဂဇင်း လစဉ်ဖတ်ပါတယ်။ အထူးသဖြင့် သား စာရေးဆရာရေးတဲ့ ဂမ္ဘီရဝတ္ထုများကို ဂရုတစိုက် ဖတ်လေ့ရှိပါတယ်။ အမေတို့နေ[illegible] (–) မြို့နယ်၊ (–)ဈေးအနီး၊ (၇)လွှာတိုက် အပေါ်ဆုံးထပ်မှာ[illegible] သား



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဆီကို လာရခြင်းရဲ့ အဓိကအကြောင်းရင်းက အမေ လူမမည် အရွယ် အသက် ဆယ်နှစ်ဝန်းကျင်မှာ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတဲ့ အဖြစ်ဆန်းတစ်ခုကို ပြောပြချင်လို့ပါ သားရယ်။ လောကမှာ ထူးဆန်း အံ့ဖွယ် လောကီပညာ အဆန်းအကြယ်တွေရှိတာကို အံ့သြဘနန်း ကြုံ ခဲ့ရလို့ပါ။ ဒါနဲ့အတူ သရဏဂုံရဲ့ တန်ခိုးကြီးပုံကိုလည်း သား စာရေး ဆရာရဲ့ စာပေအတတ်ပညာနဲ့ ကျယ်ကျယ်ပြန့်ပြန့် အများကျင့်ကြံ လိုက်နာ ယုံကြည်ပွားများစေချင်လွန်းလို့ သားကတစ်ဆင့် ပြောချင်လို့ပါ။ သား နားထောင်ချင်ရဲ့လား"

"ပြောပါအမေ၊ ကျွန်တော် စိတ်ဝင်စားပါတယ် ခင်ဗျ"

"ဒီလို သားရယ်. . ."

သို့နှင့် အမေကြီး ဒေါ်မေမေစီသည် စိတ်ဝင်စားဖွယ်ကောင်းလှ သည့် ဂမ္ဘီရဆန်းကြယ် ကိုယ်တွေ့ဇာတ်လမ်းကို အသေးစိတ်ပြောပြခဲ့ရာ အမေကြီးပြောပြသည့်အပေါ် အခြေခံကာ ဖြည့်စွက်ချက် မွမ်းမံ၍ ဝတ္ထု သဖွယ် ရေးသားလိုက်ရပေသည်။

♛♛♛

(၂)

အဲဒီတုန်းက အမေက (၁၀) နှစ်သမီး အရွယ်လောက်ရှိပြီကွယ့်။ အမေတို့ ပြောင်းလာတဲ့အိမ်ရဲ့ခေါင်းရင်းမှာ ဦးဥက္ကါနဲ့ဒေါ်စိမ်းခင် သက်ကြီး လင်မယားနေတဲ့ အိမ်ကြီးရှိတယ်။ မကြာခင်မှာပဲ အမေတို့မိသားစုနဲ့ ဦးဥက္ကါ၊ ဒေါ်စိမ်းခင်တို့မိသားစုဟာ ခြံချင်းကပ်ရက်မို့ နှင်အိမ့်တစ်အိမ်လို ရင်းနှီးသွားပြီး ဝင်ကြထွက်ကြ ရှိလာကြတယ်။

ဒီမှာထူးခြားတာက ဦးဥက္ကါနဲ့ ဒေါ်စိမ်းခင်ဟာ အကြင်လင်မယားပင် ဖြစ်ပါသော်လည်း တစ်ယောက်နဲ့တစ်ယောက် ဟက်ဟက်ပက်ပက် ရယ် ရယ်မောမော အကြင်လင်မယားဟန်ပန် မရှိကြဘူးကွယ့်။ နှစ်ဦးစလုံးဟာ ခန့်ခန့်သန့်သန့်ကြီးတွေပဲ။ မသိရင် သူတစိမ်းတွေအတိုင်းပဲ။ နေတာ၊ စားတာ တစ်ကွဲတစ်ပြားပဲ သိလား။

ဘကြီးဦးဥက္ကါကို ကြည့်လိုက်ရင် စိပ်ပုတီးတကိုင်ကိုင်နဲ့ ဘုရားစင် ရှေ့မှာ ရွတ်ဖတ်သရဇ္ဈာယ် ပွားများပြီး တရားထိုင်၊ ပုတီးစိပ်၊ အဓိဋ္ဌာန် ဝင်နေတာမျိုး မကြာခဏ တွေ့မြင်ရပေမဲ့ ကြီးတော်ကြီး ဒေါ်စိမ်းခင်ကတော့ အစဉ်အမြဲ တစ်စုံတစ်ရာကို တွေးတောစဉ်းစားပြီး တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ကြစည်နေသလိုမျိုး ဟန်ပန်ရှိနေတာကို တွေ့ရတယ်။

နှစ်ဦးစလုံးဟာ အထူးသဖြင့် အမေ့ကို သိပ်ချစ်ကြတယ်။ အဲဒီတုန်းက အမေက ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေး ချစ်စရာလေးလို့ အမေတို့ အမေများကလည်း ပြောကြပါတယ်။ အမေတို့တစ်အိမ်သားလုံးက ပြောရရင် ဗုဒ္ဓဘာသာစစ်စစ်လိုနေထိုင်ပြီး အမြဲတမ်း ဘုရား၊ တရား အလုပ်ကို လူကြီးတွေရော ကလေးတွေပါ လုပ်ကိုင်ကြပါတယ်။

အမေဆိုရင် အလကားနေရင်း အချိန်အားရင် သရဏဂုံကို ရွတ်နေတာပဲ။ ဘုရားရှိခိုး အမျိုးမျိုးနဲ့ ပရိတ်ကြီးထဲက ရွတ်သင့်ရသင့်တာကို အမေကရော အဖေကပါ သင်ပေးနေလို့ ရသမျှ ရွတ်နေတာပဲ။

ဘုရားစာ အမြဲတမ်း ရွတ်နေလေ့ရှိတဲ့ အမေ့ကို ဘကြီးဦးဥက္ကါက လေးလေးစားစား ချစ်သလောက် ဘကြီးဦးဥက္ကါရဲ့ဇနီး ကြီးတော် ဒေါ်စိမ်းခင်ကတော့ အဲဒီဘုရားစာများကို အလကားနေရင်း မရွတ်ဖို့ မကြာခဏ တားမြစ်လေ့ရှိတယ်။

ကြီးတော်ဒေါ်စိမ်းခင်ဟာ အမေ့ကို အတော်ချစ်ရှာပါတယ် သားရယ်။ သူ့အိမ်သွားလည်ရင် စားကောင်းသောက်ဖွယ်တွေ ချကျွေးလေ့ရှိတယ်။ ပါးစပ်ကလည်း ငါ့သမီးလေး၊ ငါ့သမီးလေးနဲ့ ပြောလို့မဆုံးဘူး။ ဖက်ဖက်နမ်းလိုက်ရတာလည်း ပါးတွေတောင် ပိန်ချိုင့်ကုန်မလား မှတ်ရရဲ့။ စားကောင်းသောက်ဖွယ် အဆန်းများ ချက်ပြုတ်ရရှိရင် အိမ်ဘက်ကို ကူးလာပြီး လာလာပေးရဲ့။ အမေတို့မိဘများနဲ့ စကားဝိုင်းဖွဲ့လားဖွဲ့ရဲ့။ ကြီးတော် ဒေါ်စိမ်းခင်ဟာ စကားပြောလည်း စကားပြောကောင်းကွယ့်။

❦❦❦

(၃)

ဒီလိုနဲ့ နေလာလိုက်ကြတာ ရက်ကာလ အတန်ကြာခဲ့ပေါ့ သားရယ်။

တစ်နေ့လည်းကျရော ကြီးတော်ဒေါ်စိမ်းခင်ဟာ စားစရာ ဟင်းတစ်ပန်းကန် လာပို့ရင်း အမေတို့၊ အဖေတို့နဲ့ စကားဝိုင်းဖွဲ့နေကြရော။ အဲဒီအချိန်မှာ အမေက သူတို့ မလှမ်းမကမ်းမှာထိုင်ပြီး အလကားနေ အလကား အချိန်မဖြုန်းဘဲ သရဏဂုံကို ရွတ်နေမိတယ်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ"

"ခဏလောက် တိတ်တိတ်နေပါလား သမီး မစီ"

"ရှင်. . ."

"ကြီးကြီးတို့ စကားပြောနေလို့ ခဏရပ်ထားပါဦး သမီးရဲ့"

ကြီးတော်ဒေါ်စိမ်းခင်ဟာ အမေ့ရဲ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး ဘုရားစာရွတ်နေတာကို အတင်းရပ်ခိုင်းနေတယ်။ အမေကလည်း



www.burmeseclassic.com

www.burmeseclassic.com



မရပ်ဘူး။ အကျင့်ပါနေတော့ ဆက်ရွတ်နေလိုက်တယ်။ အဲဒါ ကြီးတော်ဒေါ်စိမ်းခင်က မနှစ်မြို့သလို၊ သူ့စကား နားမထောင်လို့ စိတ်ဆိုးချင်သလို လုပ်နေတာနဲ့ အမေက –

''သမီး တိုးတိုးရွတ်''

ဒါနဲ့ ပါးစပ်က တိုးတိုးလေးရွတ်ပြီး အမေတို့၊ ကြီးတော် ဒေါ်စိမ်းခင်တို့ စကားဝိုင်းကို မသိမသာ အကဲခတ်နေလိုက်တယ်။ အချိန် ဆယ်မိနစ်လောက်လည်းကြာရော–

''ဟဲ့. . . မစီ၊ သမီးနောက်မှာ ကျား. . . ကျားကြီးဟဲ့''

ကြီးတော်ဒေါ်စိမ်းခင်က စကားပြောရင်း တန်းလန်းကနေ အမေ့ရှိရာလှမ်းကြည့်ပြီး လက်ညှိုးထိုးလို့ အလန့်တကြား အော်လိုက်ပါရောဟော့။

ဒါပေမဲ့ အမေကတော့ လုံးဝမလန့်ဘူး။ အမေတို့၊ အဖေတို့ကလည်း ကြီးတော်ဒေါ်စိမ်းခင် အမေ့ကို နောက်ပြောတာလို့ မှတ်ပြီး မလန့်ကြဘူး။

''မစီ၊ နောက်မှာ ကျား. . . ကျား''

ဒေါ်စိမ်းခင်ရဲ့ဟန်ပန်က တကယ့်ကျားကို တွေ့လိုက်သလိုမျိုး။ မျက်လုံးအဝိုင်းသား အံ့ဩထိတ်လန့်ဟန်ပန်နဲ့။

ဒါနဲ့ နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ ကြောင်အကျားလေးတစ်ကောင်ကို တွေ့လိုက်ရတယ်။ ဘယ်ကကြောင်လဲ မသိဘူး။ အိမ်မှာတော့ကြောင် လုံးဝမရှိတာ အမှန်ပဲ။

''ကျားမဟုတ်ပါဘူး ကြီးကြီးရဲ့၊ ကြောင်ပါ။ ကြောင်၊ ကြောင်၊ မီ. . . မီ. . . မီ''

''ညောင်. . . ညောင်. . . ညောင်''

အမေက ကြောင်ပါလို့ ပြောပြီးကြောင်ကို လှမ်းလည်း ခေါ်လိုက်ရော ကြီးတော်ဒေါ်စိမ်းခင်က ကြောင်ကို လှမ်းကြည့်ပြီး. . .





''ဟဲ့. . . ကျား။ သွား''

သို့ကလို့ ပါးစပ်က ပြောလိုက်ရာ အမေတို့ဆီ စိုက်ကြည့်နေတဲ့ကြောင်ဟာ နောက်ဖေးမီးဖိုဆောင်ဘက်ကို လွှားခနဲ ပြေးသွားပါရော။

''ဝုန်း. . .''

''အမလေး. . .''

ဒီအချိန်မှာပဲ နောက်ဖေးမီးဖိုဆောင်ထဲကနေ ပစ္စည်းအချို့ လွတ်ကျကွဲသံများ ကြားလိုက်ရပြီး အိမ်ဖော်မလေးမအဂျန်ရဲ့ အလန့်တကြား အော်သံ ကြားလိုက်ရရော။

''ဟဲ့. . . အဂျန်၊ ဘာဖြစ်လို့လဲ''

''အမလေး၊ လာ. . . လာကြပါဦး။ ကျား. . . ကျားကြီး၊ ကျားကြီး၊ အမေကြီးရင်၊ လာကြပါဦး''

အဂျန်ဟာ ကြောက်လန့်တကြား ငယ်သံပါအောင် အော်နေလို့ အမေရော အဖေရော မီးဖိုဆောင်ထဲ ပြေးဝင်သွားကြတယ်။

အမေလည်း နောက်ကနေ ပြေးဝင်လိုက်သွားလိုက်တယ်။ သမံတလင်းပေါ်မှာ ဟင်းပန်းကန်အချို့ ကျကွဲပြီးဟင်းတွေ လွင့်စင် ပြန့်ကျဲနေသလို အိမ်ဖော်ကုလားမလေး မအဂျန်လည်း မျက်နှာကို လက်ဝါးနဲ့ အုပ်ရင်း ပါးစပ်က ''ကျားကြီး ကျားကြီး၊ ကြောက်တယ် ကြောက်တယ်'' နဲ့ ထိန်းလို့မရအောင်ပြောပြီး အော်ဟစ်နေတယ်။

''ဘယ်မှာလဲဟဲ့ ကျား၊ အဂျန်ဘယ်မှာလဲ''

''ဟိုမှာ. . . ဟိုမှာ ဟော. . . ဟော ထွက်သွားပြီ၊ ထွက်သွားပြီ''

သူ ထိတ်လန့်တကြား လက်ညှိုးထိုးပြရာ ကြည့်လိုက်တော့ စောစောက အမေတို့ တွေ့ခဲ့တဲ့ ကြောင်အကျားလေးဟာ လူတွေကို စောင်ကြည့်ပြီး မီးဖိုဆောင်တံခါးဝက ပြေးထွက်သွားပါရော။

''ကျွန်မကြောက်တယ်၊ ကျွန်မကို ကိုက်တော့မယ်။ လာကြပါဦး၊ အား. . .''



www.burmeseclassic.com

www.burmeseclassic.com



အဂျွန်ဟာ ထူးထူးဆန်းဆန်းကြောက်လန့် ရှိန်းကန်အော်ဟစ်နေလို့ သူ့ကို မနည်းဝိုင်းချော့ထိန်းနေရတယ်။

''ကြောင်ပါဟဲ့ အဂျွန်ရဲ့၊ ထွက်သွားပါပြီ''

''မ. . . မဟုတ်ဘူး။ အဲ. . . အဲဒါ ကျား. . . ကျား၊ အမလေး. . . ကျွန်မကို ကိုက်တော့မယ်။ မ. . . မလုပ်ပါနဲ့၊ မလုပ်ပါနဲ့။ ကျွန်မ မ. . . မနေရဲဘူး၊ မနေရဲဘူး။ လာနေပြီ၊ လာနေပြီ။ ကိုက်. . . ကိုက်တော့မယ်။ အာ. . . အား. . . အ. . . အ''

အဂျွန်ဟာ ချုပ်ထားတဲ့ကြားက အတင်းရုန်းပြီး ပြေးထွက်မလို့ လုပ်နေလို့ ချော့မော့မရတဲ့အဆုံး ကြိုးနဲ့တုပ်ထားလိုက်ရတယ်။

အဂျွန်ကို အာရုံစိုက်နေတဲ့ အချိန်မှာပဲ ခေါင်းရင်းအိမ်က ဒေါ်စိမ်းခင်ဟာ သူ့အိမ်ကို ပြန်သွားပြီကွယ်။ ကြည့်ရတာ သူများကိစ္စ ဝင်မပါချင်၊ မစပ်စုချင်ဘူး တူပါရဲ့။

အလွန်ကြောက်လန့်တုန်လှုပ်နေပြီး စိတ်ဝေဒနာသည် တစ်ယောက်လို အဂျွန်ဟာ မကြာခဏ အော်ဟစ်နေတယ်။ အဂျွန်ရဲ့ ကိုယ်ပေါ်မှာ အဝတ်အစားတွေလည်း ဖရိုဖရဲဖြစ်လို့။ အဂျွန်ရဲ့အော်ဟစ်သံတွေကြောင့် အိမ်နီးနားချင်းတွေလည်း လာရောက် စုံစမ်းသတင်းမေးမြန်းကြတာပေါ့။ ဖြစ်စဉ်ကို ပြောပြတော့ အားလုံးက နားမလည်သလို ဖြစ်ကုန်ကြတယ်။ အဂျွန်ဟာ လာသတင်းမေးမြန်းသူတွေကို ပါးစပ်ကနေ ''ကျား ကျားကြီး၊ လာနေပြီ။ ကိုက်တော့မယ်'' အဲဒါတွေအော်ဟစ်ပြီး အကူအညီတောင်းသလို မျက်စိသငယ်နဲ့ အားကိုးတကြီး လိုက်ကြည့်နေတယ်။

ဒီလို အမေတို့အိမ်က တစ်နေ့လုံးတစ်ညလုံး ထိန်းမနိုင် သိမ်းမရ ဆူညံနေတာကို ခေါင်းရင်းခြံက ကြီးဒေါ် ဒေါ်စိမ်းခင်ရဲ့ယောက်ျား ဦးဥက္ကလည်း ကြားရော အိမ်ဘက်ကို ပေါက်ချလာပါရော။ ဘကြီးဦးဥက္ကဟာ မအဂျွန်ရဲ့ ထိတ်လန့်ကြောက်ရွံ့နေတဲ့ မြင်ကွင်းကိုလည်း မြင်သွားရော–





''ဘယ်လိုဖြစ်တာလဲ ဒေါ်ကြိုင်''

ဒီမှာ အမေတို့အမေ(ဒေါ်ကြိုင်)က ကြီးတော်ဒေါ်စိမ်းခင် ဟင်းလာပေးပုံကစပြီး အမေ့ကို ဒေါ်စိမ်းခင်က နောက်မှာကျားကြီးလို့ လှမ်းနောက်ပြောလိုက်ရာကနေ နောက်ဖေးမီးဖိုဆောင်မှာ ချက်ပြုတ်နေတဲ့ အိမ်ဖော်မလေး အဂျွန် ကျားကြီး ကျားကြီး အော်ပြီး တကယ်ထိတ်လန့်ရူးသွပ်သလို ဖြစ်သွားရတာကို ရှင်းပြလိုက်တော့ ဘကြီးဦးဥက္က မျက်နှာတစ်ချက်ပျက်သွားတယ်။

အဲဒီနောက် အဂျွန်ရဲ့အခြေအနေကို အတန်ကြာ စစ်ဆေးကြည့်ရှုပြီး သူ့အိမ်ဘက်ပြန်သွားတယ်။ မကြာဘူး၊ ချက်ချင်းဆိုသလို ပြန်ရောက်ချလာတယ်။ ဘကြီးဦးဥက္ကရဲ့လက်ထဲမှာ မိုင်းကိုင်စက္ကူ အင်းတစ်ချပ်ပါလာပြီး ဘကြီးက အဲဒီအင်းကို မီးဖိုထဲက မြင်သာတဲ့တိုင် တစ်တိုင်မှာ ကပ်ထားလိုက်တယ်။ ပြီးတော့ အဂျွန်ကို ရေမန်းရေစင်နဲ့ တောက်ဖျန်းပေးလိုက်ရော၊ ကြောက်နေတဲ့အဂျွန် ချက်ချင်းသက်သာသွားပြီး လူကောင်းတစ်ယောက်လို ပြန်ဖြစ်သွားခဲ့တယ်။

''သမီး အဂျွန်''

''ရှင် ဘဘကြီး''

အဂျွန်ဟာ လူမျိုးခြား ကုလားမလေးမို့ စကားသိပ်မပီရှာဘူး။

''သမီး သရဏဂုံရသလား''

''ဟင့်အင်း၊ မရဘူး''

''ဒါဆိုရင် ဘဘကြီး အခုကာပ်ပေးထားတဲ့ အစီအရင်ကို နေ့စဉ်အရိုအသေပြု၊ အာရုံပြုပြီးမှ အလုပ်လုပ်ပါ။ အိပ်ပါ။ နေကောင်းသွားလိမ့်မယ်။ နားလည်လား''

''ဟုတ်. . . ဟုတ်ကဲ့ ဘဘကြီး''

ပြောရရင် ဘကြီးဦးဥက္ကကောင်းမှုကြောင့် အဂျွန် မလန့်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မငိုတော့ဘူး။ မအော်တော့ဘူး။ ဘကြီးသွန်းကြားတဲ့အတိုင်း စူးစိုက်ကြည့်ပြီး အရှိအရောပြုတာ အချိန်ရသမျှပဲ။ အမေတို့အားလုံးလည်း ဝမ်းသာသွားကြတယ်။ ဒါနဲ့ အမေတို့မိဘများက အကျန်ဘာဖြစ်တာလဲလို့ မေးတော့ ဘကြီးဦးဥက္ကါ–

''ဘာမှမဟုတ်ပါဘူး။ ပယောဂဝင်ဖမ်းစားချင်လို့ပါ၊ ကောင်းသွားပါပြီ၊ မပူနဲ့'' လို့ ပြောပြီး–

''ဒီကိစ္စ ငါလုပ်ပေးလို့ကောင်းသွားတယ်ဆိုတာ ဘယ်သူ့မှ လျှောက်မပြောနဲ့'' လို့ မှာသွားခဲ့တယ်။

♛♛♛

(၄)

နှစ်ရက်မြောက်လည်းမြောက်ရော ခေါင်းရင်းအိမ်က ကြီးတော်ဒေါ်စိမ်းခင် အိမ်ကို ရောက်ချလာရော၊ အိမ်ထဲကို ဝေ့ပတ်လှည့်ကြည့်ပြီး–

''ဟဲ့. . . မကြိုင်၊ ဟိုတစ်နေ့က လန့်တဲ့ကောင်မလေးရော ဘယ်လိုနေသေးလဲဟဲ့''

''ကောင်းသွားပါပြီ''

''ညည်းတို့ ဘာတွေချက်ပြုတ်နေကြလဲ''

အဲဒီလိုပြောရင်းမေးရင်း မီးဖိုဆောင်ထဲကို ဝင်လာလိုက်ပြီး အိမ်ဖော် ကုလားမလေးအဂျန်ကို စူးစမ်းသလို လိုက်ကြည့်နေရာက တိုင်မှာ ကပ်ထားတဲ့အစီအရင်ကို သေသေချာချာ စူးစူးစိုက်စိုက် ကြည့်နေရင်း–

''ဒါဘယ်သူ လုပ်ထားတာလဲဟဲ့ အကြိုင်''

''ဘာဖြစ်လို့လဲ အစ်မ''

''မဟုတ်ကဟုတ်ကတွေ တိုင်မှာကပ်၊ အိမ်မှာ ထ[illegible]ရှိတယ်လို့ အေး။ ဒါကြောင့် ညည်းတို့အိမ်မှာ ဖြစ်ချင်တိုင်းဖြစ်[illegible]ကြတာ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆုတ်လှှင့်ပစ်လိုက်''

''ဟို. . . ဟို. . . အဲဒါ. . . ဟိုဒင်း. . .''

''ဟိုဒင်း. . . ဒီဒင်း လုပ်မနေနဲ့။ ကြာရင် တစ်အိမ်သားလုံး ဒုက္ခရောက်ကုန်မယ်။ နေ. . . နေ၊ ငါရှင်းလိုက်မယ်''

ဒေါ်စိမ်းခင်က ပါးစပ်ကလည်းပြော၊ လက်ကလည်း တိုင်မှာကပ်ထားတဲ့ အင်းကို ဆိုးဆိုးဆတ်ဆတ် လှမ်းဆွဲဖြဲပြီး မီးတောက်နေတဲ့ မီးဖိုထဲကို တဖွတ်တွတ်ရွတ်ဆိုပြီး ပစ်ထည့်လိုက်တယ်။ အင်းချပ်ဟာ မီးဖိုပေါ်မှာ ချက်ချင်းမီးကျွမ်းပြီး ထူးဆန်းစွာပဲ အရောင်စုံ ဖြာတောက်လို့ ငြိမ်းကျသွားတယ်။

ဒေါ်စိမ်းခင်ပြန်သွားပြီး ညနေလည်းရောက်ရော အဂျွန် ဖောက်လာပါလေရော။ ဟိုနေ့များက အတိုင်းပဲ။

''ကျားကြီး လာနေပြီ၊ ကျား. . . ကျား။ ကျွန်မကို ကိုက်တော့မယ်။ လုပ်ကြပါဦး၊ ကယ်ကြပါဦး'' နဲ့ ငယ်သံပါအောင် အော်ဟစ်ပြီး အိမ်ထဲမှာ ပြေးပါလေရောဟေ့။ ပြေးရင်းလွှားရင်း အိုးခွက်ပန်းကန်တွေတိုက်မိပြီး အကုန်ပြိုလဲကွဲကုန်ရော။ နောက်ဆုံးထိန်းလို့မရတဲ့အဆုံး တိုင်မှာ ထုံးစံအတိုင်း ကြိုးနဲ့ တုပ်ထားရတယ်။

ထမင်းကျွေးလို့လည်း မစားဘူး၊ ရေတိုက်လို့လည်း မသောက်ဘူး၊ ပါးစပ်က အမြှုပ်တွေထွက်ပြီး စိတ်ဝေဒနာသည် တစ်ယောက်လို ကြောက်လန့်တကြား အော်ဟစ်နေလို့ အနားမှာ လူစောင့်ထားနေရတယ်။

ဒီအချိန်မှာ အမေတို့အိမ်သားအားလုံး မျှော်လင့်နေတာက ကြီးကြီးမစိမ်းခင်ရဲ့ယောကျ်ား ဘကြီးဦးဥက္ကပဲပဲ။ အိမ်ဘက်ကို လှည့်ကြည့်တော့လည်း ဘကြီးကိုမတွေ့ရဘူး။ အဂျွန်ရဲ့မိဘများကလည်း ဟိုးအဝေးမြို့မှာ။

ဒါနဲ့ ဆေးရုံပို့ရကောင်းနိုးနိုး၊ ဆရာဝန်ခေါ်ပြရကောင်းနိုးနိုး တိုင်ပင်နေကြပြီး အများဆန္ဒအရ ဘကြီးဦးဥက္ကါကိုစောင့်ပြဖို့ ဆုံးဖြတ်လိုက်တယ်၊





နောက်နေ့မိုးလင်းတော့ ဘကြီးဦးဥက္ကါ ရောက်ချလာတယ်။ သူဘုရားတစ်ဆူမှာ အဓိဋ္ဌာန်ပုတီး သွားစိပ်နေလို့ မရှိတာပါတဲ့။ ဘကြီးဟာ အဂျွန်ရဲ့အဖြစ်ကိုမြင်တော့ အလွန်စိတ်မကောင်း ဖြစ်သွားခဲ့တယ်ကွယ့်။

အဂျွန်ဟာ ထဘီတောင်မနိုင်လို့ ခါးကြိုးစနဲ့ ချည်ထားနေရတာကိုမြင်နေတာကိုး။ ဒါနဲ့ ဘကြီးဦးဥက္ကါက ဘယ်လိုဖြစ်ရပြန်ပြီလဲလို့ မေးရော အမေတို့၊ အဖေတို့က မနေ့က ကြီးကြီးမစိမ်းခင် ရောက်လာ သတင်းမေးပြီး တိုင်မှာကပ်ထားတဲ့ အင်းချပ်လည်းတွေ့ရော တစ်အိမ်သားလုံး ဒုက္ခရောက် ကိုယ်ကျိုးနည်းကုန်ကြလိမ့်မယ်လို့ပြောပြီး အင်းချပ်ကို မီးဖိုထဲ ပစ်ထည့်သွားတဲ့အကြောင်း ပြောပြလိုက်ရော ဘကြီးဦးဥက္ကါဟာ မျက်နှာကြီး ချက်ချင်းနီရဲသွားပြီး တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်တယ်။

''ခဏလေး စောင့်နေကြပေ့ါ။ ငါ အိမ်ခဏပြန်လိုက်ဦးမယ်''

အဲဒီလိုပြောပြီး ဘကြီးဦးဥက္ကါ သူ့အိမ်ကို ပြန်သွားတယ်။ နာရီဝက်နီးပါးလောက် ကြာတော့ ရှူးရှူးရှဲရှဲနဲ့ ပြန်ရောက်လာတယ်။ ပြီးတော့ လက်ထဲက ပစ္စည်းတစ်ခုကိုင်ပြီး အမေတို့အိမ်က ဘုရားဆောင်ရှေ့မှာ ဘုရားဂုဏ်တော်တွေရော၊ ပရိတ်တွေရော ခပ်ကြာကြာရွတ်တယ်။ ပုဂ္ဂိုလ်တွေကိုလည်း စောင့်ရှောက်ကာကွယ်ဖို့ မေတ္တာရပ်တယ်။ အနှောင့်အယှက်တွေလည်း ရပ်တန်းကရပ်ဖို့ မေတ္တာရပ်တယ်။

အဲဒီနောက် အဂျွန့်ကို ဘုရားခန်းရှေ့ခေါ်ပြီး နဖူးပေါ် လက်ဝါးတင်လို့ ပါးစပ်က တတွတ်တွတ် မန္တန်လိုလို၊ ဂါထာလိုလို စာကိုရွတ်ပြီး ပြောလိုက်တာ အဂျွန် ငြိမ်ကျသွားတယ်။

''သတိရပြီလား ကလေးမ''

''ဟုတ်. . . ဟုတ်ကဲ့ရှင့်''

''ငါ့ကိုရော၊ သိရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"သိသိပါတယ်၊ အိမ်ခေါင်းရင်းက ဘဘကြီးပါ"

"ဟိုဟာ ဘယ်သူလဲ"

"အမေကြိုင်ပါ"

"ဟိုကလေးမရော"

"မစီပါ"

"ဟုတ်ပြီ၊ သမီးမျက်လုံးထဲမှာ အခုကျွားကို မြင်ရသေးလား"

"မမြင်ရတော့ပါဘူး"

"ကြောက်နေသေးသလား"

"နည်းနည်းကြောက်တယ်"

"သမီး အခု ဖြစ်နေတဲ့ရောဂါ အလျှင်းပျောက်ချင်သလား"

"ပျောက်ချင်ပါတယ် ဘဘ"

"ဒါဆို ဟောဟို ဗုဒ္ဓဘုရားကို အာရုံပြုလိုက်"

အကျွန်ဟာ ပျောက်ချင်လွန်းလို့ ဘုရားဆောင်ဘက်ကို ကြည့်ပြီး လက်နှစ်ဖက်ယှက် အာရုံပြုလိုက်တယ်။

"လိုက်ဆိုပါ သမီး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိပါဘုရား"

"သံဃံ သရဏံ ဂစ္ဆာမိပါဘုရား"

ဒီနောက် ဘကြီးဦးဥက္ကါက အကျွန်ရဲ့ ညာဘက် လက်ကောက်ဝတ် ပေါ်မှာ လက်ဖွဲ့ကြိုးအနီတစ်ခုကို ချည်နှောင်ပြီး လက်ဝါးချင်းရိုက်လို့ စကားတစ်ခွန်း ဆိုလိုက်တယ်။

"အဲဒီ လက်ဖွဲ့ပရိတ်ကြိုးဟာ ရဟန်းပုဂ္ဂိုလ်ထူးတစ်ပါး ချီးမြှင့်ခဲ့တဲ့





ပရိတ်ကြိုးလက်ဖွဲ့ပဲ။ အဲဒါကို သမီး ဒီအတိုင်းဆင်ထား။ လုံးဝ မဖြုတ်နဲ့။ ဖြုတ်ချိန်တန်ရင် အဘ လာဖြုတ်ပေးမယ်။ အဲဒီ ပရိတ်ကြိုးလက်ဖွဲ့ကို ဘယ်သူမှလဲ မဖြုတ်စေနဲ့။ ဖြုတ်ရင် ဖြုတ်တဲ့လူ အန္တရာယ်ရှိလိမ့်မယ်။ ဒီပရိတ်လက်ဖွဲ့ကြိုးကို သမီးကိုယ်နဲ့မကွာ ရှိနေသမျှ ဘယ်အစိမ်းသရဲ တစ္ဆေ စုန်းကဝေမှ နှောင့်ယှက်ဖမ်းစားလို့မရဘူး။ အဲဒါမှတ်ထား။ သမီး စောစောက ဘုရားစာသုံးကြောင်းကို အချိန်အားရင်ရသလို ရွတ်၊ ကြား လား"

"ဟုတ်. . . ဟုတ်ကဲ့ ဘဘကြီး"

ဒီမှာ အမေတို့ရဲ့ အမေက ဖြစ်နေပျက်နေတာ ဆန်းပြားလွန်းတော့ ဘာဖြစ်နေတယ်ဆိုတာ နားမလည်နိုင်ဘူး။ ဒါနဲ့ မေးလိုက်တယ်။

"မြန်မာ့လောကီပညာရပ်အနေနဲ့ ပြောရရင် အပြုစားခံထားရ တာ။ ဘူးသွင်းတယ်လို့ ခေါ်တယ်"

"ဘူးသွင်းတာ ဘယ်. . . ဘယ်လိုလဲ ဟင်. . . ဟင်"

"ပညာသည်ဟာ တစ်စုံတစ်ယောက်ကိုချစ်ရင် ဒါမှမဟုတ်လို့ မုန်းရင် ဘူးသွင်းပြုစားလိုက်ရော။ အဲဒီလို ဘူးသွင်းခံရရင် ကြောက်လန့် စရာတွေ မြင်မယ်။ အစာမစားတော့ဘူး။ အိပ်လို့မရတော့ဘူး။ နောက်ဆုံး ရူးသွပ်ပြီး အသက်ပါဆုံးရှုံးရော"

"အို. . . ဘုရား. . . ဘုရား။ ရက်စက်လှချေလား။ ကြောက်စရာ ကောင်းလှချေလား အစ်ကိုကြီးရယ်။ ဒါ. . . ဒါ ဘယ်သူပြုစားတာလဲဟင် ဟင်လို့"

"အဲဒါ မသိချင်နဲ့။ မင်းတို့သိထားဖို့က ဂမ္ဘီရလမ်းပေါ်မှာ အထက် လမ်း။ အောက်လမ်းဆိုတာ ရှိတယ်။ အထက်သမားက မြင့်မြတ်ဖြူစင် သောလမ်းစဉ်ကိုကျင့်ပြီး လူသတ္တဝါများရဲ့အကျိုးကို ရှေးရှုတယ်။ အောက် လမ်းတို့ ခုလတ်တို့က သူတို့ပညာ ဘယ်လောက်စွမ်းသလဲဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



အခုလို စမ်းလေ့ရှိတယ်။ သူတို့ချစ်ရင်လည်း လိပ်ပြာကို လှန့်ပြီး နုတ်တတ်သလို၊ သူတို့မုန်းရင်လည်း လိပ်ပြာလှန့်ပြီး ဒုက္ခပေးတတ်တယ်။ အခုကိစ္စက ဘူးစဥ်တယ်လို့ ခေါ်တယ်''

''ဘူးစဥ်တယ်''

''အင်း. . . လောကီပညာမှာ ဘူးသွင်းတယ်၊ ဘူးစဥ်တယ်၊ ဘူးပြန်တယ်လို့ အမျိုးမျိုးအဲပြားပြားရှိတယ်။ အခုကြည့်ရတဲ့ပုံက သူ့ကိုမုန်းလို့မဟုတ်ဘူး။ အခြားသူကို ဘူးသွင်းရာကနေ ရည်ရွယ်သူက ဘုရားတရားပြလို့မထိရောက်ဘဲ ကံနိမ့်သူကို သွားစဥ်မှန်. . . ထိသွားလို့ကွယ့်။ ကိစ္စမရှိဘူး၊ ဒီကလေး ဘာမှမဖြစ်စေရဘူး။ ကောင်းသွားပြီ။ ငါ သတိပေးတဲ့အတိုင်း လိုက်နာပါ။ ဒီကိစ္စ ငါကုပေးလို့ ပျောက်တာလို့လည်း အရပ်ထဲလျှောက်ပြောမနေနဲ့။ ငါ နာမည်မကြီးချင်ဘူး။ ငါ ဘုရားတရားနဲ့ အေးအေးနေချင်တယ်။ သွားမယ်''

♛♛♛

(၅)

ဦးဥက္ကါရဲ့ကောင်းမှုကြောင့် အိမ်ဖော်မလေး မအချန်ရဲ့ ဝေဒနာပျောက်ကင်းသွားတဲ့အတွက် အမေတို့ တစ်အိမ်သားလုံး ဝမ်းသာမဆုံးပေါ့ကွယ်။ အချန်ကလည်း အရင်ကလို သီချင်းလေးတအေးအေးနဲ့ ပျော်ပျော်ရွှင်ရွှင် အိမ်အလုပ်တွေလုပ်ပြီး အားလပ်ရင် အမေတို့နဲ့ လာစကားပြော၊ ပြီးတော့ သရက်ကိုရွတ်နဲ့ မချန် ပျော်ရွှင်လာခဲ့တယ်။

ဒီလိုနဲ့ (၁၄) ရက် အဖိတ်နေ့ ညဦးပိုင်းမှာ ခေါင်းရင်းအိမ်ကကြီးတော်ကြီးဒေါ်စိမ်းခင် ဟင်းတစ်ပန်းကန်နဲ့ ရောက်ချလာပြန်ရောကွယ်။

''ဟဲ့. . . မကြိုင်၊ ဟိုကုလားမလေး အရင်တစ်ခါလို ပြန်ဖြစ်ပြန်လို့ဆိုဟဲ့''

''ဟုတ်တယ် အစ်မစိမ်းခင်၊ အခု ကောင်းသွားပါပြီရှင်''

''ဘယ်သူ လာလုပ်ပေးလို့တုံး''

''ဒီလိုပါပဲ အစ်မရယ်၊ ပျောက်ချိန်တန်လို့တူပါရဲ့။ ပျောက်သွားတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



အမေက ဘကြီးဦးဥက္ကါ မှာထားတဲ့အတိုင်း အမည်မဖော်ဘဲ ကောင်းသလို ကြည့်ပြောလိုက်တယ်။

''ဟုတ်ရဲ့လားဟင်၊ ကြည့်လုပ်ကြနော်။ ငါ သင်းကလေးကို မသက်ာဘူး။ ခေါ်လိုက်စမ်းပါဦးဟဲ့ အကြိုင်ရဲ့''

''အဂျွန်ရေ့ ဟေး. . . အဂျွန်''

အမေက ရှိုးရှိုးသားသား မေးနေတယ်မှတ်ပြီး မီးဖိုဆောင်ထဲ အလုပ်လုပ်နေတဲ့ မအဂျွန်ကို လှမ်းခေါ်လိုက်တော့ အဂျွန်ဟာ အိုးမည်း ပေပေနဲ့ အိမ်ရှေ့ကို ထွက်လာလိုက်တယ်။

ဒေါ်စိမ်းခင်ဟာ အဂျွန်ရဲ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေရာက သူမရဲ့ညာလက်ပေါ်က ပရိတ်လက်ဖွဲ့ကြိုးအနီကို မြင်သွားရော။

''ကောင်းသွားပြီလား ကလေးမ''

''ဟုတ်. . . ဟုတ်ကဲ့''

''နေပါဦး။ ညည်းလက်ပေါ်က ဘာတုံး''

''ဟို. . . ဟို. . . ဟိုဒင်း''

''လက်ဖွဲ့ပရိတ်ကြိုးပါ မမစိမ်းခင်''

အဂျွန်မပြောတတ်လို့ အမေက ဝင်ဖြေလိုက်တော့ ဒေါ်စိမ်းခင်ဟာ မအဂျွန်ရဲ့ညာလက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်ပြီး–

''ဒါ. . . ဒါ ဘယ်သူလုပ်ပေးတာလဲ''

''ဟို. . . ဟို အသိတစ်ယောက်ပါ အစ်မစိမ်းခင်၊ ဘာဖြစ်လို့လဲ ဟင်''

''ငါ ညည်းတို့ကို ခင်လွန်းလို့ အတန်တန်သတိပေးတယ်။ ဟိုလူ လာပေး၊ ဒီလူလာပေး ပစ္စည်းတွေအိမ်မှာမထားနဲ့၊ တစ်အိမ်သားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်လို့ ပြောထားလျက်နဲ့။ ကြည့်စမ်း၊ အခုလည်း





ဘာကြိုးတွေမှန်းလဲ မသိဘူး။ လျှောက်ချည်ပေးထားပြန်ပြီ။ ဖြုတ်. . . ဖြုတ်ပေး''

''ဟင့်အင်း. . . ဟင့်အင်း''

''မလုပ်ပါနဲ့ အစ်မရယ်၊ နေပါစေ''

ဒေါ်စိမ်းခင်က မအဂျွန် ငြင်းဆန်တဲ့ကြား၊ အမေ တားမြစ်နေတဲ့ ကြားကနေ ငယ်နိုင် ဩဇာသက်ရောက်သူ လူကြီးသူမဟန်နဲ့ မရမက ဆွဲဖြုတ်ယူလိုက်တယ်။ ဒီမှာ မအဂျွန်ရော အမေပါ ကြောက်ရွံ့စိုးရိမ်ပြီး မျက်စိမျက်နှာ ပျက်နေကြရော။

''ဒီမှာ၊ ညည်းတို့ ဘာမှ ပူပန်စိုးရိမ်ဖြစ်မနေနဲ့။ ဒါ ဘာကြိုးမှန်း မသိဘဲ အရမ်းလျှောက်သုံးနေတယ်။ နောက်နေ့ကျရင် ဒီထက်ကောင်းတဲ့ ကိုယ်ခံအဆောင်ပစ္စည်း ငါယူလာပေးမယ်။ ကြားလား''

''ဟုတ်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့''

ဘယ်လိုမှလဲ မပြောသာတော့ ငြိမ်နေလိုက်ရတာပေါ့။ ဒီလိုနဲ့ပဲ အာလာပသလ္လာပစကား အတန်ကြာပြောပြီး ဒေါ်စိမ်းခင်ဟာ ဘုရားစာ ရွတ်နေတဲ့ အမေ့(ယခု ဇာတ်ကြောင်းပြော)ကို တစ်လှည့်၊ မအဂျွန်ကို တစ်လှည့် စိန်းစိန်းစူးစူး မကြာခဏ စိုက်ကြည့်ပြီး–

''မစီ''

''ရှင် ကြီးကြီး''

''အားရင် အိမ်ဘက်ကိုလာခဲ့ဦး သမီးလေး''

''ဟုတ်ကဲ့ ကြီးကြီး''

ဒီနောက် လက်ဖွဲ့ပရိတ်ကြိုးကို ဆုပ်ကိုင်ယူပြီး အိမ်ထဲကနေ ဆောင့်ဆောင့်နဲ့ မကျေနပ်သလို ဟန်ပြုပြီး ထွက်သွားတော့တာပဲ။

သူလည်း ထွက်သွားရော မအဂျွန်က အမေ့ကိုဖက်ပြီး ငိုရော။ အမေကလည်း–



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်။ စေတနာနဲ့ ပြောကြလုပ်ကြ ကူညီကြတာဥစ္စာ၊ စောင့်ကြည့်ကြသေးတာပေါ့။ နင့်ဘကြီး ပြောသလို သရဏဂုံကို အမြဲရွတ်နေဉ် အကျွန်" လို့ ပြောလိုက်တယ်။

♛♛♛

(၆)

အားလုံးဟာ တထိတ်ထိတ်နဲ့ပေါ့။ ညဘက် အိပ်သာအိပ်ရတယ်၊ အကျွန်ုပ်ထဖောက်ဦးမလား စိုးရိမ်နေကြပေမဲ့ မိုးလည်းလင်းရော အကျွန် ဘာမှမဖြစ်လို့ အားလုံးဝမ်းသာခဲ့ရတယ်။

ဒီအချိန်မှာပဲ ထူးဆန်းတဲ့ဖြစ်စဉ်တစ်ခုကို တို့များအားလုံး ကြားလိုက်ပါရောပေါ့။

အခြားမဟုတ်ဘူး။ ခေါင်းရင်းအိမ်က ဘဘကြီးဦးဥက္ကါရဲ့ဇနီး ကြီးတော် ဒေါ်စိမ်းခင် ဆုံးသွားပြီဆိုတဲ့ သတင်းပဲ။ ဒီသတင်း ကြားလိုက်ရတော့ အားလုံးအံ့သြသွားကြတယ်။ ညကလည်း တို့အိမ်ကပြန်သွားတာ အကောင်းကြီး။ ဘယ့်နှယ် ကောက်ကာငင်ကာ ဆုံးသွားပါလိမ့်။

ဒါနဲ့ လှာသတင်းမေးကြသူများနဲ့အတူ တို့မိသားစု ခေါင်းရင်းအိမ်ကို အပြေးအလွှား ရောက်သွားတော့ အိမ်ရှေ့က ဖျာပေါ်မှာ ကြီးတော် ဒေါ်စိမ်းခင်ရဲ့ အသက်မဲ့ခန္ဓာကိုယ်ကို တွေ့လိုက်ရတော့တာပဲ။

ဖျာပေါ်မှာလည်း အနံ့ထားပုံရတဲ့ သွေးကွက်တွေရော၊ စိမ်းစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ညိုညို ပြာပြာအနိဖတ်တွေရော ပြန့်ကျဲလို့။ အနံ့ကလည်း ပုပ်ဟောင်နေတာပဲ။

ဘကြီးဦးဥက္ကါကတော့ စိပ်ပုတီး လည်မှာဆွဲပြီး လိုအပ်တဲ့ကိစ္စများကို စိစဉ်ဖို့ ညွှန်ကြားနေတာပဲ။

''ဘယ်လိုဖြစ်တာလဲ အစ်ကိုကြီးရယ်၊ မနေ့က အကောင်းကြီး ဥစ္စာ။ ဘယ်အချိန် ဆုံးသွားတာလဲ''

''စောစောလေးကပဲ သွေးတွေအန်ပြီး ငါမှားပြီ. . . ငါမှားပြီ စကားတွေ ပြောပြီး အသက်ထွက်သွားတာပဲ''

ဒီအချိန်မှာပဲ လူကြီးအချို့က အလောင်းကို ရေချိုးသန့်စင်ဖို့ မွေ့ယူလိုက်ရော အိပ်ရာပေါ်မှာ ပစ္စည်းတစ်ခု။ ဘကြီးဦးဥက္ကါက ဒေါ်စိမ်းခင်ရဲ့ အိပ်ရာပေါ်က အနီရောင်ကြိုးကလေးကို ကောက်ယူလိုက်ပြီး အဝိပ္ပာယ်ပါတဲ့ မျက်လုံးအစုံနဲ့ တို့အမေရဲ့မျက်နှာကို လှမ်းကြည့်လိုက်ပါရော။

''မကြိုင်၊ ဒီ. . . ဒီလက်ဖွဲ့ကြိုးဟာ''

တို့အမေကလည်း ဘကြီးဦးဥက္ကါရဲ့ လက်ထဲက အနီရောင် ပရိတ်လက်ဖွဲ့ကြိုးကို ကြည့်ပြီး အသံတုန်တုန်နဲ့–

''အဲ. . . အဲဒါ အကျွန်ုပ်ညာလက်က လက်ဖွဲ့ပရိတ်ကြိုးပဲ အစ်ကို။ မနေ့ညက အစ်မ မစိမ်းခင် အိမ်ရောက်လာရင်းက တွေ့သွားပြီး အတင်းအဓမ္မဖြုတ်ယူသွားတာ''

''အင်း. . . သင်းဒဏ် သင်းခံရတာပဲလေ။ ဘူးပြန်တယ်ဆိုတာ အဲဒါကိုခေါ်တာပေါ့။ မစိမ်းခင်၊ မစိမ်းခင်. . . ငရဲမကျပါစေနဲ့လို့ ငါ ဆုတောင်းလိုက်ပါရဲ့ မစိမ်းခင်''

ဘကြီးဦးဥက္ကါဟာ အမေတို့မိသားစုကို ပြောသလိုလိုနဲ့ သူ့ဟာသူ ရေရွတ်သလိုလုပ်ရင်း ဦးခေါင်းကို ဝပ်းပန်းတနည်း ယမ်းခါပစ်လိုက်တယ်၊





ဒီအချိန်မှာ အမေ အမှတ်တရ ပြန်ကြားလိုက်မိတဲ့ စကားက ဘကြီးဦးဥက္ကါ အမေတို့အိမ်မှာ ပြောတဲ့စကားပဲ။

''ဒီလက်ဖွဲ့ပရိတ်ကြိုးကို ဖြုတ်ချိန်တန်ရင် အဘ လာဖြုတ်ပေးမယ်။ အဲဒီလက်ဖွဲ့ပရိတ်ကြိုးကို ဘယ်သူ့မှမဖြုတ်စေနဲ့။ ဖြုတ်ရင် ဖြုတ်တဲ့လူ အန္တရာယ်ရှိလိမ့်မယ်''

ပြီးတော့ နောက်ဆုံးစကား။

''အေး. . . လောကီပညာမှာ ဘူးသွင်းတယ်၊ ဘူးစဉ်တယ်၊ ဘူးပြန်တယ်လို့ အမျိုးမျိုးအပြားပြားရှိတယ်။ အခုကြည့်ရတဲ့ပုံက သူ့ကို မုန်းလို့ မဟုတ်ဘူး။ အခြားသူကို ဘူးသွင်းရာကနေ ရည်ရွယ်သူဟာ ဘုရားတရားမြဲနေလို့ မထိရောက်ဘဲ ကံနိမ့်သူကို သွားစဉ်ထိမှန် သွားပုံကွယ့်။ ကိစ္စမရှိဘူး။ ဒီကလေး ဘာမှမဖြစ်စေရဘူး။ ကောင်းသွားပြီ။ ငါ သတိပေးတဲ့အတိုင်းသာ လိုက်နာကြ'' တဲ့။

ဘုရား. . . ဘုရား။ ကြီးကြီးမစိမ်းခင် ကိုယ်တိုင်ကများ. . .။

အမေတို့မိသားစု ဆက်မတွေးရဲဘူး။ နားထဲမှာ ဘဘကြီး ဦးဥက္ကါရဲ့ ဆုတောင်းစကားကိုပဲ အထပ်ထပ်ပြန်ကြားပြီး ယနေ့တိုင် စဉ်းစားအံ့သြနေရဆဲပါပဲ။

(မှတ်ချက်–ပုဒ္ဓဘာသာဝင်တိုင်း သရဏဂုံမြဲကြပါစေ။ ဇာတ်ကြောင်းပြောသူ အမေကြီးနဲ့တွေ့ဆုံမေးမြန်းလိုပါက စာရေးသူမှ တစ်ဆင့် အချိန်မရွေး ဆက်သွယ်ပေးမြန်းနိုင်ပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com




# ကျေးဇူးရှင် အဘိုးရုက္ခစိုး

## (၁)

အခု ကျွန်မပြောပြမယ့်ဖြစ်ရပ်ဟာ မတော်တဆ တိုက်ဆိုင်မှုလား။ ထူးဆန်းသော ပရလောကရဲ့ ဖြစ်ရပ်ဆန်းကြယ် အဖြစ်ဇာတ်ပဲလား ဆိုတာတော့ ဆရာဦးညိုမှိုင်းကိုယ်တိုင်ပဲ စဉ်းစားဆုံးဖြတ်ပေါ့။ ဆရာက ဖြစ်ရပ်ဆန်းကြယ် စာရေးဆရာပီပီ မေးမြန်းလွန်းလို့သာ ပြောပြရတာ။ တော်ကြာ ကျွန်မပါ နှာမည်ကြီးပြီး အမေးအမြန်းတွေ ထူလာကြမှာတော့ အစိုးရိမ်သား ဆရာရဲ့။ ပြောရတာကလည်း တကယ့်ကိုယ်တွေ့မို့သာ ဖြစ်ရပ်အတိုင်း ပြန်ပြောရတာပါ။ ယုံတာ မယုံတာ၊ လက်ခံနိုင်တာ လက်မခံနိုင်တာတော့ ဆရာတို့ သဘောအတိုင်းပါပဲရှင်။ ဖြစ်ပုံက ဒီလိုပါ ဆရာ ဦးညိုမှိုင်းရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# (၂)

ကျွန်မတို့ အပျိုပေါက်အရွယ်တုန်းက အမေနဲ့ ဈေးကူပိုင်းရောင်းရတယ်ရှင့်။ ရောင်းကုန်က ချဉ်ပေါင်၊ ကန်စွန်း၊ မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီပန်း၊ ဆလတ်၊ နံ့ကြိုဥ၊ ဘူးသီး၊ ပဲသီး၊ ဟင်းသီးဟင်းရွက် အစုံပါပဲ။ အဲဒီကုန်ပစ္စည်းတွေကို ဟိုဗိုလ်ချုပ်ရွာ ဘုရားလေးချောင်းနားက တရုတ်ပေါက်ဖော်ကြီး ဦးဗိုက်ပူခြံက ဖောက်သည်ယူရတာ။ တောင်ယာကြီးကလည်း B.O.C (သန့်လျှင်ရေနံချက်စက်ရုံ)နဲ့ ကပ်လျက်ရှင့်။

နေ့ခင်း (၁)နာရီလောက်ကစပြီး ကျွန်မတို့ ညီအစ်မရယ်၊ အမေရယ်၊ အဖေရယ် အဲဒီတောင်ယာကို သွားကြရတာ။ တောင်ယာရောက်တော့ ဦးဗိုက်ပူရဲ့ သမီးမကျင်အေးတို့၊ မကျင်သန်းတို့နဲ့ အတူ ဟင်းသီးဟင်းရွက်တွေ ပိုင်းခူး၊ အမျိုးအစားအလိုက် ပုံစည်း၊ ဈေးဖြတ်ပြီးရင် ရေကန်ထဲမှာ ရေဆေး၊ ရေစစ်။ ညနေ (၅)နာရီ ထိုးတာနဲ့ မိသားစုတစ်စုလုံး ရွက်တဲ့ လူကရွက်၊ ထမ်းတဲ့လူက ထမ်း။ အိမ်ပြန်။

အိမ်ပြန်ရောက်ရင် ပိုထွက်အောင် ပြန်ပြုပြင်စည်း၊ နံနက် (၄)နာရီ ဘုန်းကြီးကျောင်းက တုံးခေါက်သံကြားတာနဲ့ အိပ်ရာထ၊ မျက်နှာသစ်





သနပ်ခါးလိမ်းပြီးတာနဲ့ အမေက တစ်ဝန်း၊ ကျွန်မတို့ညီအစ်မက တစ်ဝန်းစီ၊ အဖေက ဆိုင်းထမ်းနဲ့တစ်ထမ်း။ တောလမ်းကျဉ်းလေးအတိုင်းမှသည် မြို့ဈေးကို သွားရောင်းရတယ်။

ဒါက နေ့တိုင်းနီးပါး ပိတ်ရက်မရှိ၊ မိသားစု ဝမ်းစာအလုပ်ပဲ။

အဲဒီမှာ အမေနဲ့အဖေက ဘာအကျင့်ကလေးတစ်ခုရှိသလဲဆိုတော့ နံနက်စောစောဈေးသွားဖို့ ပြင်ပြီဆိုတာနဲ့ အမွှေးတိုင်အချို့ကို မီးထွန်းမီးညှိပြီး ယူသွားလေ့ရှိတယ်။ အဲဒီအမွှေးတိုင်များကို တောလမ်းလေးထိပ်က ညောင်ပင်အိုကြီးရဲ့နတ်စင်လေးက သဲအိုးမှာစိုက်ထိုးပြီး ပါးစပ်ကလည်း ''အဘိုး. . . သမီးများ၊ သားများ ရောင်းပန်းဝယ်ပန်းကောင်းအောင်၊ အန္တရာယ်ကင်းဘေးရှင်းရအောင် စောင့်ရှောက်ပါ အဘိုး''လို့ နေ့စဉ် နံနက်တိုင်း ပြောလေ့လုပ်လေ့ရှိတယ်။ အဲဒီကိစ္စပြီးမှ ဈေးရှိရာကို ဆက် သွားတာ။ နေ့တိုင်း အမွှေးတိုင်၊ ဒါမှမဟုတ် ဖယောင်းတိုင် ပူဇော်လေ့ ရှိတယ်။

ဈေးရောင်းပြီးလို့ ပြန်လာရင်လည်း ငှက်ပျောသီး၊ မာလကာသီး၊ ကောက်ညှင်းပေါင်း စသည်ပေါ့လေ။ ရရာသစ်သီး မုန့်ပဲသရေစာ စားဖွယ်တစ်ခုခုကို အဲဒီညောင်ပင်အို နတ်စင်လေးပေါ်မှာ တင်လှူခဲ့လေ့ရှိတယ်။

ကျွန်မတို့က အပျိုပေါက်တွေဆိုတော့ အမေတို့ အဖေတို့ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေမှန်း အစကနဦးကမသိဘူး။ ဒါနဲ့တစ်နေ့ မေးကြည့်တယ်။

''အမေ''

''ဘာလဲ. . . ငြိမ်းယဉ်''

''အမေတို့ တောလမ်းထိပ် ညောင်ပင်ကြီးမှာ ဘာလို့ အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းပြီး ဆုတောင်းရတာလဲဟင်။ အဲဒီမှာ ဘယ်သူရှိလို့လဲ''

''အဲဒီညောင်ပင်အိုကြီးမှာ အဘိုးရုက္ခစိုးဆိုတာရှိတယ် သမီးရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကို ကုသိုလ်ကောင်းမှုပြုပြီး အန္တရာယ်ကင်းဘေးရှင်းအောင်၊ ရောင်းပန်းဝယ်ပန်းကောင်းအောင် စောင့်ရှောက်မှိုင်းမပါလို့ ဆုတောင်းရတာပေါ့''

''ရုက္ခစိုး''

''အေး. . .''

''ရုက္ခစိုးဆိုတာ ဘာလဲဟင် အမေ။ တကယ်ရော ရှိလို့လား။ သမီးတော့ တစ်ခါမှလည်း မမြင်ဖူးပါဘူး အမေရယ်''

''ဟား. . . ဟား. . . ဟား. . . ဟား သမီးက ငယ်သေးလို့ပါအေ။ နောက်တော့ ကံကောင်း အကြောင်းသင့်ရင် ကြုံရသိရမှာပေါ့။ ရုက္ခစိုးဆိုတာ တကယ်ရှိတယ် သမီးရဲ့။ အမေတို့ ဥပုသ်သွားယူတဲ့ ဘုန်းကြီးကျောင်းက သက်တော်ရှည်ဆရာတော်ကြီး မိန့်ကြားတဲ့အတိုင်း ပြန်ပြောရရင် ရုက္ခစိုးဆိုတာ ဘုမ္မစိုးနတ်မျိုး အနွယ်ဝင်တဲ့ သမီးရဲ့။ သစ်ပင်ကို အမှီပြုနေလို့ ရုက္ခစိုးသစ်ပင်စောင့်နတ်လို့ခေါ်တာ။ သစ်ပင်ကြီးငယ်တိုင်းမှာ ရှိတယ်တဲ့။ ဒါပေမဲ့ အချို့ရုက္ခစိုးက တန်ခိုးကြီးပြီး အချို့က တန်ခိုးမကြီးကြဘူးတဲ့ကွယ်''

''ဆရာတော်ဘုရားကြီး ပြောပြချက်အရ သမီးတို့နားလည်အောင် ပြောရရင် ဘုမ္မစိုးရုက္ခစိုးဆိုတာ စတုမဟာရာဇ်အပါအဝင် အောက်နတ်မျိုးတဲ့။ ပြီးတော့ ရုက္ခစိုးများဟာ သက်တမ်းအလွန်ရှည်သတဲ့။ အချို့ရုက္ခစိုးနတ်ကြီးများဟာ အထက်နတ်များထက်တောင် အသက်ရှည်နေထိုင်နိုင်သတဲ့။ သူတို့ဟာ ရဟန်းသံဃာ အရှင်သူမြတ်ကြီးများရဲ့ တရားထူးကို လာရောက်နာကြားနိုင်တယ် အားထုတ်နိုင်တယ်။ အဲဒီလို ဘဝမြတ်နဲ့ အရယာတွင်ဖိုလ်ရောက်လာပြီး ရဟန္တာဖြစ်သည့်တိုင် သက်တမ်းကုန်အောင်နေသွားနိုင်တဲ့ တန်ခိုးထူးရှိဆိုပဲကွယ် သမီးရဲ့။

''နောက်ဆုံး ဆရာတော်ကြီးက ဘာပြောပြောမှတ်လဲ သိလား။





အချို့သော ဆရာတော်ကြီးများသည်ပင်လျှင် ဤလူ့ဘဝမှကွယ်လွန်လျှင် ဘုမ္မစိုးနတ်ဖြစ်ရပါလို၏ လို့တောင် ဆုတောင်းခဲ့ကြသတဲ့''

''ဒါဆို ရုက္ခစိုးနတ်က တန်ခိုး အလွန်ကြီးတာပဲပေါ့နော် အမေ''

''အေးပေါ့။ ဒါ့ကြောင့် ညောင်ပင်အိုကြီးငယ်အောက် ရောက်ရင် အပေါ့အလေးမသွားရဘူး။ ညစ်ညစ်ညမ်းညမ်း စကားမပြောရဘူး။ မနေရဘူး။ အပင်အကိုင်းများကို မညှင်းဆဲရဘူး။ ရိုရိုသေသေ လေးလေးစားစားကောင်းသော စကားပြောပြီး လှူဒါန်းနိုင်ရင် လှူဒါန်း။ မေတ္တာပို့လုပ်ပေးရတယ်။ ဒါ့ကြောင့် အမေတို့ကလည်း တတ်နိုင်သမျှ အမွှေးတိုင်၊ ဆီးမီးတိုင်၊ သစ်သီး။ ရေချမ်းပန်းလှူဒါန်းရတာပေါ့။ ကိုယ်လည်း ကုသိုလ်ရတယ်၊ ရုက္ခစိုးနတ်များကလည်း စောင့်ရှောက်တာပေါ့ သမီးရယ်''

တဲ့။

www.burmeseclassic.com

www.burmeseclassic.com

## (၃)

တစ်ညမှာ အမေက သူတို့ကိုယ်တွေ့ကို ကျွန်မတို့ညီအစ်မ ပြန်ပြောပြတယ်။ ဒီတုန်းက ကျွန်မတို့က မူလတန်းကျောင်းသူအရွယ်ပါ။ အမေနဲ့ ဈေးရောင်းဖော်အဖြစ် မလိုက်ရသေးဘူး။ အိမ်မှာပဲ အဘိုးနဲ့ နေရစ်ခဲ့ရတယ်။ အမေက နံနက်ဈေးအတွက် အမေ့ကို ထမ်းပိုးလိုက်ပို့ရတယ်။

အမေတို့က ပုံမှန် (၄) နာရီ ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံကြားတာနဲ့နိုးပြီး ဈေးသွားဖို့ အားလုံးအသင့်ဖြစ်နေပြီ။

တစ်နံနက် လင်မယားနှစ်ယောက် ဈေးပန်းကိုယ်စီ ရွက်ထမ်းပြီး တောလမ်းလေးအတိုင်း ဈေးရှိရာဦးတည်လို့ စကားတပြောပြောနဲ့ လာနေစဉ်မှာပဲ အကြီးအကျယ် သရဲခြောက်တာ ခံလိုက်ရပါရော။

သရဲ အရပ်အရှည်ကြီးပဲတဲ့။ မရှိဘူးဆိုရင် အရပ်ဆယ်ပေကျော်မယ်တဲ့။ ကိုယ်ရုံအင်္ကျီအနက်ကြီးနဲ့ မျက်ခွက်ကလည်း လူသေကောင်အရိုးခေါင်း မျက်နှာမျိုးကြီးနဲ့ အရပ်ရှည်သရဲကြီးဟာ ပါးစပ်က တဟီးဟီး အော်ပြီး အသံပြုပြီး ခြေလှမ်းကျဲကြီး လှမ်းလို့ အမေနဲ့ အဖေရှိရာကို





လာနေတာလဲ မြင်ရရော အဖေနဲ့ အမေဆိုတာ ဈေးဗန်းတွေ ပစ်ချပြီး ငယ်သံပါအောင် အော်လို့ အိမ်ပြန်ပြေးခဲ့ရပါလေရော။

ဒါနဲ့ အိမ်နီးချင်းများလည်း သိသွားပြီး ဝိုင်းလိုက်လာ ကြည့်လိုက်တော့ အရပ်ရှည်သရဲကြီး မရှိတော့ဘူး။ ဝါးရုံပင်တွေသာ လေတိုက်လို့ တရှဲရှဲနဲ့ လှုပ်ယမ်းနေတာ တွေ့ရတယ်။ ဒါနဲ့ ကစင့်ကလျား ပြန့်ကျဲနေတဲ့ ဟင်းသီးဟင်းရွက်များကို ပြန်စုကောက်ပြီး ရေဆေးပြီးမှ အိမ်နီးချင်းများ အကူအညီနဲ့ ဈေးကို သွားခဲ့ရတယ်။

အဲဒီလို အရပ်ရှည်သရဲ နှစ်ကြိမ်မြောက် အခြောက်လည်း ခံရပြီးရော သတ္တိကောင်းတဲ့ အဖေရယ် လန့်ပြီး ဖျားပါလေရော။ အိပ်ရာထဲ ကယောင်ကတမ်းတွေပြော၊ အော်၊ လန့်၊ ပြေး။ ဒါနဲ့ သက်တော်ရှည်ဆရာတော်ကြီးပင့်ပြီး ရေမန်းတိုက်၊ ပရိတ်ကြိုးချွဲပေးတော့မှ အဖေ ပြန်ကောင်းသွားတယ်။ ဒီမှာပဲ သက်တော်ရှည်ဆရာတော်ကြီးက "ရတနာသုံးပါးလည်း မမေ့ကြ မပေါ့ကြနဲ့။ ဟိုလမ်းထိပ်က ညောင်ပင်မှာ သက်တော်ရှည် ရက္ခစိုးကြီးဖိုးမေတ္တာဆိုတာရှိတယ်။ ရက္ခစိုးကြီးကို ပန်း၊ ရေချမ်း၊ ဆီမီးလေးလှူဒါန်းပြီး စောင့်ရှောက်ဖို့ အကူအညီတောင်းကြကွယ့်"လို့ နည်းလမ်းလေး ပြောပြသွားခဲ့တယ်။

ဒါနဲ့ နံနက်စောစော ဈေးသွားတိုင်း ဖယောင်းတိုင်လေးအစ၊ အမွှေးတိုင်လေးအစ၊ ပန်း, ရေချမ်း, သစ်သီးလေးများကို ညောင်ပင်အိုကြီးက ရက္ခစိုးကွန်းစင်လေးမှာ တင်လှူဒါန်းပြီး မကောင်းသော ဘေးအန္တရာယ်များမှ စောင့်ရှောက်ပါအဘိုးလို့ ဆုတောင်းခဲ့လိုက်တာ တစ်နေ့ ဆုတောင်းပြည့်ပါရော ဦးညိုမှိုင်းရေ။

တစ်ည အိပ်မက်ထဲမှာ ပိတ်ဖြူဝတ်အဘိုးအိုတစ်ဦးတဲ့၊ မုတ်ဆိတ်ရှည် ဖားလျားကြီးနဲ့ သျှောင်တစောင်း ခေါင်းပေါင်းနဲ့ ရောက်လာပြီး "ဟဲ့သမီး၊ ဒီတစ်ခါ သရဲခြောက်ရင် မပြေးနဲ့လို့" ပြောပြီး ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရောတဲ့။ အမေက အံ့သြနေတာပေါ့။

ထုံးစံအတိုင်း နံနက် (၄) နာရီ အုန်းမောင်းခေါက်သံကြားပြီးရော၊ ဈေးဗန်းကိုယ်စီရွက်ပြီး ဈေးကိုအသွား၊ ကြောက်စရာ အသည်းထိတ်စရာ ကောင်းတဲ့ ခွေးအူသံများဟာ ဟိုးဝါးရုံတောလမ်းဘက်က ပေါ်လာပါရော။ အသံတွေကြားတော့ အဖေက ကြောက်နေတယ်။

''မြရီ ခွေးအူသံတွေ ကြားရတယ်ဟ''

''ကြားတော့ ဘာဖြစ်လဲ၊ ရှင်က ယောက်ျား မဟုတ်တဲ့အတိုင်းပဲ''

''ဟို. . . ဟို. . . တော်ကြာ အရပ်ရှည်သရဲ. . . သ. . . ရဲ''

''အိုတော် ဂရုစိုက်မနေနဲ့။ အိပ်မက်ထဲမှာ အဘိုးက ဒီတစ်ခါ သရဲခြောက်ရင် မပြေးနဲ့တဲ့။ ကျုပ်မပြေးဘူး။ ရှင်ကြောက်ရင်သာ ပြေး''

ဒီအချိန်မှာပဲ ဆွဲဆွဲငင်ငင် ခွေးအူသံများနဲ့အတူ ရက်အတန်ကြာ ငြိမ်ချက်သား ကောင်းနေတဲ့ အရပ်ရှည်သရဲကြီး ဝါးရုံပင်တွေကြားကနေ ထွက်လာပါလေရော။ အင်္ကျီမည်းမည်းကြီးကလည်း လေတိုက်တိုင်း နောက်ကို ဖားလျားလွင့်လို့။ သရဲကြီးဟာ ပါးစပ်က တဟီးဟီးအော်ပြီး ခြေလှမ်းအကျဲကြီးနဲ့ အမေတို့ရှိရာကို လာနေတာ။ အဖေက ကြောက်လွန်းလို့ ဆိုင်းထမ်းကြီးထမ်းပြီး ဒူးတုန်နေတယ်။ အမေက ဗုဒ္ဓသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိကို မပြတ်တမ်း ရွတ်ပြီး သရဲကို ကြည့်နေလိုက်တယ်။

အရပ်ရှည်ရှည်သရဲနဲ့ အမေတို့က ကြသောင်းဝါး တစ်ပြန်လောက် ပဲဝေးတော့တယ်။ သရဲကို ထင်ထင်ရှားရှားမြင်နေရပြီ၊ အမေက ကြောက်ပေမဲ့ မပြေးဘူး။ သရဏဂုံကိုပဲ ရွတ်နေတယ်။ ပြီးတော့ ''အဘိုးရက္ခစိုးကြီး။ သမီးတော်တို့ကို စောင့်ရှောက်တော်မူပါလို့'' အသံထွက် ပြောလိုက်တယ်။

ဒီအချိန်မှာပဲ သူ့ခါးစောင်းလောက်မြင့်ပြီး အလွန်ထွားကျိုင်းလှတဲ့





ခွေးပြောက်ကြီးတစ်ကောင်ရယ်၊ ကိုယ်လုံးအနက်ရောင်ပေါ်မှာ အဖြူပြောက် အဝါပြောက် အကွက်တွေနဲ့ ခွေးကြီး။ အဲဒီခွေးပြောက်ကြီးဟာ ညောင်ပင်ရှိရာဘက်ကနေ တရကြမ်း ဟောင်ဟိန်းပြေးလာပြီး အရပ်ရှည်သရဲရဲ့ နောက်ကျောရှိရာသို့ လွှားခနဲခုန်ပြီး ကိုက်ဆွဲလိုက်ပါလေရော။

''ဒေါင်း. . . ဝေါင်း. . . ဝေါင်း''

''ဂရီး. . .''

''အမယ်လေးဗျ. . .''

''ဝုန်း. . .''

''ဖြောင်း. . .''

''အာ. . . အခွေး. . . ခွေးကြီးဟ''

ခွေးပြောက်ကြီးဟာ အရပ်ရှည်သရဲရဲ့ နောက်ကျောကို ခုန်အုပ်ပြီး ကိုက်လိုက်တော့ အရပ်ရှည်သရဲကြီးမှောက်လျက် လွင့်စင်လဲကျသွားတယ်။ အမေတို့လည်း အရမ်းအံ့အားသင့်သွားတယ်။ ဒီအချိန်မှာလည်း လဲကျပြီး အမယ်လေးဗျလို့ အော်နေတဲ့သရဲရဲ့ပခုံးကို အစွယ်နဲ့ ကိုက်ခါပြီး လွှင့်ပစ်လိုက်တယ်။

''အမယ်လေးဗျ. . . အား. . . သေ. . . သေပါပြီဗျ။ မ. . . မလုပ်ပါ''

''ဝေါင်း. . . ဂရား. . . ဂရီး''

''သေပါပြီဗျ. . . လာကြပါဦး၊ အဖေရေ အဖေရေ အမယ်လေး ဟဲ့. . . ခွေး. . . ဟဲ့. . . ဟဲ့. . . အား. . . အား. . . အား''

သရဲကလည်း အသံကုန် အော်ဟစ်ရုန်းကန်နေတယ်။

''ကယ်. . . ကြ. . . ပါ. . . ဦး. . . ဗျ''

''လာကြပါဦး အရပ်ကတို့ သရဲကို ခွေးကိုက်နေပြီတော့'' အမေကော လည်း အသည်းအူတုန် ထိတ်လန့်စရာကောင်းတဲ့ မြင်ကွင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်ပြီးအော်၊ ရွာသားတွေကလည်း မီးခွက်တွေနဲ့ ပြေးထွက်လာကြရော။ လူသံသူသံ အော်ဟစ်ဖေးပြန်းသံတွေ နီးလည်း နီးလာရော၊ ခွေးပြောက်ကြီးက လူးလွန့်လိပ်နေတဲ့ သရဲကိုတစ်ချက်၊ အမေ့ကိုတစ်ချက် လှမ်းကြည့်ပြီး ညောင်ပင်ကြီးရှိရာဘက်သို့ ပြင်းပြေးသလို လွှားခနဲ လွှားခနဲ ခုန်ထွက် ပြေးထွက်သွားခဲ့တယ်တဲ့။

အိပ်နီးနားချင်းတွေလည်း တုတ်တားလက်နက်တွေနဲ့ ရောက်လာပြီး အမေကလည်း သူတို့ကို ခြောက်ခြောက်နေတဲ့ သရဲ အခု ခွေးပြောက်ကြီးတစ်ကောင် ရုတ်တရက်ဝင်ကိုက်လို့ ဟိုမှာ လူးလွန့်နေတဲ့အကြောင်း ပြောလိုက်ရာ လူလေးငါးဆယ်ယောက်က လက်နက်ကိုယ်စီပြင်ပြီး မီးခွက် မီးရောင်များဖြင့် လူးလွန့်ညည်းညူနေတဲ့ သရဲရှိရာကို ချဉ်းကပ်ကြည့်လိုက်ကြတယ်။

''ဟာ. . .''

''ဟယ်. . .''

''ဟာ. . .မြင်မကောင်း။ ရှုမကောင်းပါလားကွ ဟေ''

''ဟေ့. . .ဟေ့. . .နေဦး။ ဒါ. . .ဒါ ဘေုန်းမဟုတ်ဘူးလား ကြည့်စမ်း။ သေသေချာချာ ကြည့်စမ်းပါဟ''

''အ ် . အီး. . .အီး. . .အမလေး သေ. . .သေပါပြီဗျ အား''

''ဟေ့ကောင်၊ မင်း. . .မင်း ဦးလှကြီးသား ဘေုန်း မဟုတ်လား ဟင်'' စုတ်ပြတ်ပြဲရဲ သွေးသံရဲရဲနဲ့ လူးလွန့်နေတဲ့ သရဲက. . .

''ဟုတ်. . .ဟုတ်ပါတယ်ဗျာ၊ ကျုပ်. . .ကျုပ် ဘေုန်းပါ၊ ကယ်ကြပါဗျာ''

''ဟ. . .ဒီကောင်ကိုယ်ပေါ်မှာလည်း အင်္ကျီအနက် အရှည်ကြီးနဲ့၊ အလို. . .ဟိုဟာ စက္ကူမျက်နှာဖုံးကြီး မဟုတ်လားဟေ့''

နောက်ဆုံးကျတော့ ဇာတ်ရည်လည်သွားကြရော ဦးညိုမှိုင်းရေ၊





အဖြစ်ကဒီလို။ အရက်သမားဦးလှကြီးသား ဘေုန်းဆိုတဲ့သူရယ်၊ သင်းက လူရှုတ်လူပြောင်၊ လူပေလူတေ၊ ကြမ်းပိုးကောင်ရယ်၊ ကြည့်စမ်းပါဦးရှင်။ ဆန်ထည့်တဲ့ ဂုံနီအိတ်တွေကိုဆက်ချုပ်ပြီး အနက်ရောင်ဆိုးဝတ်လို့ သရဲခေါင်း ဖောင်းကြွမျက်နှာဖုံးကြီးစွပ်ပြီး ကုလားမခြေထောက်ခေါ် ဝါးလုံးခြေထောက်ရှည်ကြီးနင်းပြီး ကျွန်မတို့အမေနဲ့အဖေကို မနက်စောစော သရဲလုပ်ခြောက်လှန့် နောက်ပြောင်ခဲ့တာကိုး။ အရင်ကလည်း သူပဲတဲ့။

အခုကုလားမခြေထောက်ရော၊ သရဲဝတ်စုံရော၊ အရိုးခေါင်းမျက်နှာဖုံးရော သက်သေသက်ကန်နဲ့ မိနေပြီ၊ သူ့တစ်ကိုယ်လုံးလည်း ခွေးပြောက်ကြီးကိုက်ကုတ်ဆွဲလို့ ဒဏ်ရာတွေမှ မနည်းဘူး။ နောက်ဆုံး သရဲအတု ဘေုန်းကို ဆေးရုံအမြန်ပို့လိုက်ရတယ်။

သူ့မကောင်းမှု အကုသိုလ်ဒုစရိုက်က တန့်ပြန်တာပဲ။ သူ့ကို မြို့ဆေးရုံမှာ (၁၀)ရက်လောက် အတော် ဖိဖိစီးစီး ကုယူလိုက်ရတယ်။

အဲဒီအချိန်ကစပြီး အမေတို့ရော၊ အရပ်ကရော၊ တစ်ခါမှ မမြင်ဖူး မကြုံဖူးကြတဲ့ ရုတ်ခြည်းလာရောက် ကူညီသွားတဲ့ ခွေးပြောက်ကြီးကို စိတ်ဝင်စားသွားကြတယ်။ အဲဒီခွေးကြီးကို လိုက်ရှာတော့လည်း ခွေးပြောက်နဲ့တူတာ နမူနာတောင် မတွေ့ရဘူး။ ခွေးပြောက်ကြီး ညောင်ပင်အောက်ဘက်ကို ပြေးဝင်သွားတာပဲလို့ ပြောတော့၊ မဟုတ်မှလွဲရော အဘိုးရကွစိုးကြီး ကူညီစောင့်ရှောက် ဖြေရှင်းတာနေမှာပဲလို့ အားလုံးက ယုံစားမှတ်ယူလိုက်ကြတယ် ဦးညိုမှိုင်းရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

အခု အဖေမရှိတော့ဘူး။ အမေပဲ ရှိတော့တယ်။ ကျန်းမာရေး မကောင်းတော့လို့ ဈေးမရောင်းနိုင်တော့ဘူး။ အိမ်မှာပဲ ဘုရားတရား အလုပ်လုပ်၊ ရဟန်းသံဃာများ ဆွမ်းလောင်း အချိန်ကလေးရရင် ရုက္ခစိုး နတ်စင်ရှိရာ ညောင်ပင်ကို သွား။ ပန်းရေချမ်းလဲလှူပြီး သားသမီးများ သွားလေရာမှာ အန္တရာယ်ကင်း၊ ဘေးရှင်းအောင်စောင့်ရှောက်ပါ အဘိုးလို့ ဆုတောင်းနေဆဲပဲ။

ဒီအချိန်မှာ ကျွန်မက ရန်ကုန်ကပွဲရုံတစ်ခုမှာ အလုပ်တစ်ခု ရခဲ့တယ်။

အဲဒီအချိန်အခါက သန်လျင် ရန်ကုန် ပဲခူးမြစ်ကို မီးသင်္ဘောများနဲ့ ကူးရတဲ့ ကာလ။ ည (၉) နာရီ (၄၅) အခေါက်နဲ့ ပြန်ရတဲ့အချိန်ဆို လမ်းထဲကို ည (၁၁)နာရီ ဝန်းကျင်လောက်မှ ပြန်ရောက်တယ်။

အလုပ်အရေးကြီးလို့ နောက်ကျပြီး ပြန်ရောက်မလာသေးရင် အမေက အိမ်ဝကနေ မီးခွက်ကြီးထွန်းပြီး စိုးရိမ်ပူပန်စွာနဲ့ စောင့်မျှော်





နေရရော။ အစ်မကလည်း အိမ်ထောင်ကျလို့ အိမ်ခွဲပြီး အခြားရပ်ကွက် ရောက်နေပြီ။

ကျွန်မ အလုပ်က ပွဲရုံလုပ်ငန်းဆိုတော့ စီးပွားရေးကောင်းပါတယ်။ လူလည်း ရွှေနဲ့ငွေနဲ့ နေရပါတယ်။ အမေက အိမ်ထောင်ပြုဖို့ တိုက်တွန်း ပေမဲ့ မစဉ်းစားနိုင်သေးဘူး။ ဒါနဲ့ ညည်းသွားရလာရတာ သိပ်နောက်ကျ တယ်၊ သွားရင်ပြန်ရင် အဘိုးရုက္ခစိုးကို မေတ္တာပို့တိုင်တည်ပြီး သွားပါ အေ၊ နီးနီးကပ်ကပ်အားကိုးစရာ အဘိုးပဲရှိတယ်လို့ ပြောတယ်။

ဒါ့ကြောင့် နံနက်အလုပ်ဆင်းသွားရင် အမေ့လိုပဲ အမွှေးတိုင်လေး ရုက္ခစိုးနတ်ကွန်းမှာ ထိုးလှူပြီး အဘိုးရုက္ခစိုးကြီးကို မမြင်ဖူးပေမဲ့ လှူဒါန်း လို့ မေတ္တာပို့သတယ်။ ညဘက် အပြန်နောက်ကျရင်လည်း ရန်ကုန်က ပါလာတဲ့ သစ်သီးအချို့ကို လှူဒါန်းခဲ့တယ်။

တစ်ညပေါ့ရှင်။

အပြန်နောက်ကျပါလေရော။

ကျွန်မတို့အဝင်လမ်းက မှောင်တယ်။ ညဘက် လူပြတ်တယ်။ အဝေးပြေးကတ္တရာလမ်း တာတိုင်နဲ့လည်း ဝေးတယ်၊ ညောင်ပင်ကွယ် နေတော့ တစ်ဖက်လင်း တစ်ဖက်မှောင်ပေါ့။

ပါလာတဲ့ လိမ္မော်သီးလေး ရုက္ခစိုးကွန်းစင်ပေါ်တင်ပြီး အဘိုးရုက္ခစိုး ကို မေတ္တာပို့နေတုန်း နောက်ကနေ လူသံလိုလိုကြားလို့ လှည့်ကြည့်လိုက် တော့ အဘိုးအိုတစ်ဦးရယ်ရှင့်၊ ပိတ်ဖြူအင်္ကျီလက်တိုနဲ့၊ သျှောင်တစောင်း နဲ့ မုတ်ဆိတ်ရှည်ဖားလျားနဲ့ တောင်ဝှေးထောက်လို့ ကျွန်မကို ပြုံးပြုံးကြီး စိုက်ကြည့်လို့။

ပထမတော့ ဖြုန်းခနဲ မြင်လိုက်ရလို့ လန့်သလို ဖြစ်သွားပေမဲ့ အဘိုးအိုရဲ့ နှစ်လိုဖွယ်မေတ္တာအတိ အပြုံးကြောင့် ရင်ထဲမှာ ငြိမ်းပြီး အေးချမ်းသွားခဲ့တယ်။ လူသူမမြင်ရတဲ့အချိန် အဘိုးအိုတစ်ဦးကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဝမ်းသာအားရှိသွားတာပေါ့။

''အဘိုး ဘယ်သွားမလို့လဲ''

အဘိုးအိုက ပြုံးရင်းမှ ဦးခေါင်းကို ယမ်းပြတယ်။ ဘယ်မှ မဟုတ်ဘူးပေါ့။

''အဘိုးက ဘယ်အရပ်ကလဲဟင်''

ဘာမှပြန်မပြောဘူး။ ခေါင်းပဲ တညိတ်ညိတ်လုပ်နေတယ်၊ နားပဲ မကြားလို့လား။ စကားပဲ မပြောနိုင်လို့လား။ မသိဘူး။ ဒါနဲ့ လက်ထဲမှာ ကျန်နေတဲ့ သစ်သီးကို အဘိုးစားစေချင်တာနဲ့။

''အဘိုး ဒီသစ်သီးလေးစားပါလားဟင် အဘိုး''

အဘိုးအိုက ပြုံးရင်းက လက်နဲ့ကာလိုက်ပြီး သမီးပဲ ယူပါ၊ စားပါ ဆိုသည့် သဘောနဲ့ မေးထိုးပြပြီးနောက် ပြန်တော့လို့ လက်ဟန်ပန်နဲ့ ပြောနေတယ်။ ဒါနဲ့ ကျွန်မကလည်း အဘိုးအိုကို လက်အုပ်ကလေးချီ အရိုအသေပြုပြီး ပြန်လာခဲ့လိုက်တယ်။ ဒီအကြောင်း အမေ့ကို ပြန်ပြောလိုက်တော့ အမေဟာ စဉ်းစားရင်းက ''ငါ့ အိပ်မက်ထဲက အဘိုးအိုနဲ့ သဏ္ဌာန်တူလိုက်တာအေ''တဲ့။

♛♛♛

(၇)

ဒီနေ့ညကတော့ ကျွန်မဘဝမှာ သည်းထိတ်ရင်ဖို ရင်တုန်ပန်းတုန် ညပါပဲ ဆရာဦးညိုပိုင်းရေ။ ဒီနေ့ကျမှ အလုပ်က နောက်ကျရပါလေရော။ နယ်ကလာတဲ့ကုန်က အချိန်လင့်မှ ရောက်လာလို့လေ။ နောက်ဆုံး ညကိုးနာရီလေးဆယ့်ငါးအခေါက် သံဘော်ပါမှီတော့တယ်၊ မြို့ကို ရောက်တော့ ကောင်းကင်မှာ မိုးက ညို့အုံမည်းလို့ လေကလည်း တဟူးဟူးနဲ့ တိုက်နေသေးတယ်။ ကားဆိုက်လို့ဆင်းတော့ အပြန်လမ်းမှာ ကျွန်မ တစ်ယောက်တည်းပဲ ရှိနေတယ်။ ဝန်းကျင်မှာ လူသူကင်းလို့။

လေကတိုက်လေ၊ သစ်ပင်တွေက ယိမ်းထိုးလှုပ်ရှားလေ၊ ကြောက်လာလေပဲ။

အဝင်လမ်းကမှောင်တော့ ပိုဆိုးတာပေါ့။ အဖေသာ ရှိနေသေးရင် လာကြိုမှာ ကျိန်းသေရယ်၊ အမေကလည်း ဘယ်ဘဝမှာ ရောက်နေသည် မသိ။ ဒါနဲ့ ဘုရားစာတွေရွတ်ပြီး တစီးစီး တဟူးဟူး လေပြင်းသံအောက်မှာ ထီးကို ဆုပ်ကိုင်ပြီး လျှောက်လာလိုက်တယ်၊ ပါလာတဲ့ သစ်သီး[illegible]လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း အဘိုးရက္ခစိုးနတ်စင်လေးမှာ ဒါတိုင်းလိုပဲ တင်လှူလိုက်တယ်၊ ပြီးနောက်. . .

''အဘိုး လေတွေမိုးတွေကျမလို ဖြစ်နေလို့ သမီးကို ဒီည လိုက်ပို့စောင့်ရှောက်ပါ အဘိုးရယ်။ သမီး ကြောက်လို့ပါ'' လို့လည်း ပါးစပ်က ပြောလိုက်တယ်။ သို့ကလိုပြောပြီး လမ်းချိုးလေးထဲအဝင်မှာ မမျှော်လင့်ဘဲ လူနှစ်ယောက်ရဲ့သဏ္ဍာန်ကို မှောင်ရိပ်ထဲမှာ ဝိုးတဝါး တွေ့လိုက်ရပါလေရောရှင်။ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားတာပဲ။ လူနှစ်ဦးက ဗလကောင်းကောင်း သဏ္ဍာန်တွေ။ မျက်နှာတော့ မမြင်ဖူးဘူး။ သူတို့နှစ်ဦးက ကျွန်မကို စိုက်ကြည့်နေတော့ကလား။

ဒါနဲ့ ကျွန်မလည်း မရဲသော်လည်း ပြေးခဲစေဟန်နဲ့ ထီးကို တင်းတင်းဆုပ်ကိုင်ပြီး လမ်းထဲလည်း ဝင်လိုက်ရော၊ နောက်ကနေ သူတို့နှစ်ဦးကလည်း လိုက်ပါလာပါလေရော။ ကျွန်မက ခြေလှမ်းကို မြှင့်လိုက်ရင် သူတို့ကလည်း ခြေလှမ်းကျဲတွေနဲ့ လိုက်ရော၊ မကြာဘူး။

''ဟေ့. . . ဟေ့ ခဏနေဦး''

နောက်ကနေ တစ်ယောက်က အသံခပ်အုပ်အုပ်နဲ့ လှမ်းခေါ်နေတယ်။ ကျွန်မက သူတို့ကို တစ်ခါမှ မမြင်ဖူးဘူး။ မသိဘူး။ ဒီတော့ မပြေးရုံတမည် လှမ်းလိုက်ရော။

''ဟေ့. . . ကောင်မလေး ရပ်လိုက်လေ''

''ဟေ့. . . ရပ်ဆိုတာ နားမလည်ဘူးလား။ သေချင်လို့လား''

''လိုက်ကွာ၊ ပြောနေကြာတယ်''

ကျွန်မပြေးမလို့ ဟန်ပြင်မှန်းသိရော အတင်းပြေးချလာပြီး ရှေ့နောက် ညှပ်ထားလိုက်ကြတယ်။

''ဖယ်. . . ဖယ် ရှင်တို့ဖယ်နော်၊ ကျွန်မကိုမထိနဲ့ ဖယ်''





''အော်ချင်လို့လား အော်ချင်လည်းအော်၊ လေကတိုက်နေတယ် အော်''

ဒီမှာ တစ်ယောက်က ကျွန်မလည်ပင်းပေါ်က ဆွဲကြိုးကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်တာ ကျွန်မ ရှေ့ကို ထိုးလဲကျလု ဖြစ်သွားရော။

''အမေ့''

''ပေးစမ်း နင့်လက်စွပ်၊ ချွတ်နော်၊ မချွတ်ရင် လည်ပင်းညှစ်သတ်လိုက်မယ်''

''မချွတ်ဘူး၊ မပေးဘူး၊ ဟောဒီမှာ အူးဝူးဝူး. . . အား. . . အ''

အော်မယ်လဲလုပ်ရော တစ်ယောက်က ပါးစပ်ကို ပိတ်လိုက်ပြီး လူကို နောက်ပြန်ချုပ်လိုက်တယ်။ တစ်ယောက်က လက်စွပ်ကို ချွတ်ယူပြီး လူကို မတော်မတရားလုပ်ဖို့ လှုပ်ရှားနေလို့ ကျွန်မက ကန်ကျောက်ရုန်းကန်ရင်း. . .

''ဘုရား ကယ်တော်မူပါ၊ အဘိုး. . . အဘိုး. . . သမီးကို ကယ်ပါ အဘိုး။ အမေရေ့ အမေ. . . အ. . . အ''

''ဖောင်း. . .''

''အား. . . အ. . . အ''

ကျွန်မနားရင်းကို လူဆိုးတစ်ယောက်က လက်ဝါးကြမ်းကြီးနဲ့ အားကုန်ရိုက်ချလိုက်တယ်၊ ကျွန်မလည်ထွက်ပြီး မြေကြီးပေါ်မှာ မှောက်လျက်လဲကျသွားစဉ်မှာပဲ တစ်ယောက်က ကျွန်မကိုယ်ပေါ်ကို ခွစီးပြီး အင်္ကျီကြယ်သီးများကို ဖြုတ်ဖို့ကြိုးစားနေစဉ်. . .

''ဝေါင်း. . .''

''ဝုန်း. . .''

''ဟာ. . . ဟ. . . ဘာ. . . ဘာကြီးလဲဟ''

''ဟ. . . ခွေးကြီး. . . ခွေးကျားကြီးဟ''



www.burmeseclassic.com

www.burmeseclassic.com



''ဝေါင်း. . . ဂရား. . . ဂရား ဒွိုး ' ဂရိုး''

''ဝီး. . .''

''အ. . . မယ်. . . လေး. . . ဗျ''

''ဝေါင်း. . . ဝေါင်း''

''ဝုန်း. . .''

''အား. . . သေပါပြီဗျို့ ဟဲ့ခွေး. . . ဟဲ့. . . အား. . . အား''

ကျွန်မအားယူပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်ချိန်မှာ အလွန်ကြီးမားတဲ့ ခွေးပြောက်ကြီးတစ်ကောင်ရယ်၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး။ အနီးကပ်မို့ သူ့ကိုယ်အနက်ပေါ်မှာ အဝါပြောက်၊ အဖြူပြောက်၊ အကွက်တွေပါ မြင်နေရတယ်။ အမွေးရှည်ရှည်၊ မျက်လုံးရဲရဲ၊ ချွန်ထက်တဲ့ အစွယ်များနဲ့ ခွေးကြီးဟာ ဒေါသကြီးစွာပဲ ကျားတစ်ကောင်လို မာန်ဖီဟိန်းဟောက်ပြီး လူဆိုးနှစ်ကောင်ရဲ့ နောက်ကျော၊ ပခုံး၊ ပေါင် စသည်များကို ကိုက်ဆွဲခါပစ်လိုက်တာ နှစ်ယောက်သား ငယ်သံပါအောင်အော်ပြီး မြေကြီးမှာ လူးလိမ့်နေကြပါရော။

ဒေါသကြီးလှတဲ့ ခွေးပြောက်ကြီးဟာ လူဆိုးနှစ်ယောက်ရဲ့ မျက်နှာ၊ ရင်ဘတ်၊ တင်ပါး၊ လက် စသည်များကို အသားကုန်ကိုက်ခဲပြီး ခြေနဲ့နင်းထားလိုက်တော့ သူတို့နှစ်ဦးရဲ့ အသံကုန်ဟစ်အော်သံများဟာ ကမ္ဘာပျက်နေသလိုပဲ ဆူညံနေတယ်။ ဒီမှာ ကျွန်မကလည်း ''လာကြပါဦး ကယ်ကြပါဦး''လို့ အော်လိုက်ရော လူအချို့ မီးရောင်တွေထိုးပြီး လက်နက်တွေနဲ့ ရောက်လာကြပါရော''

လက်နှိပ်မီးရောင်အချို့က ကျွန်မတို့အားလုံးရဲ့ကိုယ်ပေါ် အသီးသီးဖြာကျနေတယ်၊ ဒီမှာပဲ ရောမခွေးပြောက်ကြီးဟာ စူးရှတဲ့ မျက်လုံးနီနီရဲရဲကြီးအစုံနဲ့ မီးရောင်ရှိရာကိုလှမ်းကြည့်ပြီး လေဓါးလျှင်မြန်ခြင်း၊ မြင်းရိုင်းတစ်ကောင်ရဲ့ လျှင်မြန်ခြင်းမျိုးနဲ့ ဟိုးညောင်ပင်ကြီးရှိရာ ပြေးသွားတာကို





အားလုံး မီးရောင်နဲ့ လှမ်းမြင်လိုက်ကြတယ်''

ညောင်ပင်အကွယ်ရောက်မှ ခွေးက ပျောက်သွားတယ်။

လမ်းထဲက ဘကြီးဖိုးမြတို့ ကာလသားခေါင်း ကိုမြဟန်တို့ ကိုခင်ငြိမ်းတို့က သွေးသံရဲရဲ အစုတ်စုတ်အပြဲပြဲ အသားတစ်လန် အော်ဟစ်ညည်းညူနေတဲ့ လူနှစ်ယောက်ကိုကြည့်ပြီး ကြက်သီးမွေးညင်းတောင်ထကုန်ကြတယ်တဲ့။ ဒီမှာ ကျွန်မက ဖြစ်ရပ်အမှန်ကို ပြောကြလိုက်ရော၊ ဒေါသတွေထွက်ပြီး အချို့က အသေသတ်မယ် လုပ်ကြပါရော။

ဘကြီးဖိုးမြက မလုပ်နဲ့၊ ရဲစခန်းအပ်ရမယ်လို့ပြောလို့ တန့်သွားကြတာ။ လူဆိုးနှစ်ဦးရဲ့အနီးက ဆွဲကြိုးရော လက်စွပ်ရော ပြန်တွေ့ရတယ်။ ခွေးစွယ်ရာ ဒဏ်ချက်များကြောင့် မြင်မကောင်းရှုမကောင်း ဖြစ်နေသလို မြေကြီးသယ်တဲ့ ဂုံနီအိတ်ကပ်နဲ့ ဆေးရုံကိုတန်းပြီး ပို့ရတယ်။ မကြာဘူး၊ ဆေးရုံကို ရဲအမှုထမ်းများ ရောက်လာတယ်။ ဒုရဲအုပ်က ဒီနှစ်ယောက်က ထောင်ထွက် လူဆိုးတွေတဲ့၊ တစ်ယောက်က ဖေဖော်တဲ့၊ တစ်ယောက်က ညောတ်ကျော်တဲ့။ ဖြစ်စဉ်ပြောပြတော့ ရဲအုပ်ရော၊ ရဲသားတွေရော အံ့သြကုန်ရော။

ဟူး. . . ခွေးပြောက်ကြီး ရုတ်ခြည်းဝင်လာပေလို့။ နို့မို့ရင်လားရှင်. . .။

www.burmeseclassic.com

www.burmeseclassic.com

## (၆)

အဲဒီညလင်းပိုင်းမှာ ကျွန်မ အိပ်မက်ဆန်းတစ်ခုကို ထူးခြားစွာ မက်ခဲ့ရတယ် ဦးညိုမှိုင်းရဲ့။ အိပ်မက်ထဲမှာ ကျွန်မတစ်ခါ ညဘက်အပြန် တွေ့ခဲ့ရတဲ့ သျှောင်တစောင်း တောင်ဝှေးနဲ့ အဘိုးအိုရယ်။

''သမီး''

''အဘိုး. . . အဘိုးနော်''

''အဘိုးကို မှတ်မိရဲ့လား''

''မှတ်မိပါတယ် အဘိုး၊ သမီး အဘိုးကို သိပါတယ်''

''အိမ်း. . . အဘိုး သမီးတို့ကို တတ်နိုင်သမျှ စောင့်ရှောက်ခဲ့ပါတယ်။ ရတနာသုံးပါး မမေ့နဲ့ကြားလား''

''ဟုတ်ကဲ့ရှင့်''

''အဘိုး သွားမယ်''

''အဘိုး. . . အဘိုး၊ နေ. . . ပါဦး အဘိုး''

လှမ်းတားတယ်။ ခေါ်တယ်။ အော်ကိုခေါ်တာ မရဘူး။ ပြန်လိုက်တာ မျက်စိရှေ့တွင် ပျောက်သွားရော။ ကျွန်မ အိပ်မက်ကလန့်နိုးခဲ့တယ်။





သည်နောက် အဘိုးရှိရာ ညောင်ပင်အရပ်ကို လက်အုပ်ချီပြီး ဂါရဝပြု လိုက်တယ်။

''အခုရော အဲဒီညောင်ပင်ကြီးနဲ့ နတ်စင်လေး ရှိသေးလား မငြိမ်း ယဉ်''

''မရှိတော့ဘူး ဦးညိုမှိုင်းရဲ့၊ အဖြစ်က ဒီလိုရှင့်. . .''

၁၉၆၃ ခုနှစ် မြေယာပြုပြင်ရေးနဲ့ တိုးချဲ့ကွက်သစ်များ ဂိုက်တော့ ဘူဒိုဇာတွေနဲ့ လမ်းသစ်တွေ ဖောက်ကြတယ်။ ဒီမှာလမ်းဒေါ်ယာနဲ့ မလွတ် လို့ ညောင်ပင်ကြီးကို ခုတ်လှဲကြရတယ်။

အဲဒီမှာ ထူးခြားတာကို အားလုံးမြင်ရပါရောလား။ အလုပ်သမား အချို့က ညောင်ကိုင်းကြီးများကို ဓားပုဆိန်တွေနဲ့ ခုတ်ကြတာ။ လုံးဝ ခုတ်လို့မရဘူး။ အရာတောင်မထင်ဘူးရှင်။ သံတုံးကျောက်ခဲ ခုတ်ရသလို ရှိပြီး ဓားသွား၊ ပုဆိန်သွားတွေ လိပ်ကုန်ပါရောလား။

ခုတ်တဲ့အလုပ်သမားတွေလည်း အိမ်ရောက်တော့ ဝမ်းလျှောလို့ ဆေးရုံပို့ကြရရောရှင်။

ဒီမှာ သက်တော်ရှည်ဆရာတော်ကြီးကြွလာပြီး ဒကာတို့ ဒီညောင် ပင်ကြီးကို ခုတ်ချင်လှဲချင်ရင် ဒကာတို့ထဲကအကြီးအကဲလုပ်သူ ကန်တော့ ပွဲနဲ့ မေတ္တာရပ်ခံပြီး ပြောင်းရွှေ့ပေးဖို့ ပြောပြီးမှ ခုတ်ကြပါ။ အဲဒီမှာ ရုက္ခစိုးနတ်ကြီးရှိတယ်လို့ ပြောတော့မှ. . .

အုပ်ချုပ်ရေးမှူးလုပ်သူကကန်တော့ပွဲတစ်ပွဲပေး၊ အကျိုးအကြောင်း ပြော၊ မေတ္တာစကားဆိုပြီး အပိုင်အဆိုင်များ. မိုဒိုသူများ ယခုအချိန်မှစ၍ အခြားအလိုရှိရာ သင့်ရာအရပ်သို့ ပြောင်းရွှေ့ပေးကြပါလို့ အမွှေးတိုင် များ၊ ဆီမီးများနဲ့ ပူဇော်ကန်တော့ပြီး ပြောပြီးနောက်ပိုင်းကျမှ သစ်ကိုင်းများ ကို အလွယ်တကူ ခုတ်လို့ရတော့တယ်။

နောက် ပင်စည်ကို ဘူဒိုဇာနဲ့ ထိုးလှဲချပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မငြိမ်းယဉ်တို့ကိုရော နောက်ပိုင်း အိပ်မက်တွေ ဘာတွေ ပေးခဲ့သေးလား"

"ကျွန်မတို့သားအပိ အပါအဝင် လမ်းထဲကလူတွေကပါ စိတ်မကောင်းကြဘူး။ သစ်ပင်ကြီးလဲတော့ မျက်ရည်ကျခဲ့ရတယ်၊ သားဆုသမီးဆုလည်း အဲဒီအဘိုးရုက္ခစိုးထံမှာ သွားဆုပန်ရင် ရကြတာကိုး။ ဒီအရပ်မှာ အဘိုးရုက္ခစိုး မရှိတော့မှန်းရိပ်မိပေမဲ့ မေတ္တာပို့မပျက်ပါဘူး။ တစ်ညအိပ်မက်ထဲမှာ အဘိုးကိုတွေ့ရတယ်။ အဘိုး ဟိုးအဝေးကို ပြောင်းသွားရပါပြီတဲ့၊ ရတနာသုံးပါး မမေ့ပါနဲ့၊ သက်တော်ရှည် ဆရာတော်ကြီးကိုပြုစုစောင့်ရှောက်ပါ အဘိုးကို အမျှပေးဝေပါ၊ အဘိုး အဝေးက စောင့်ရှောက်ပါမယ်လို့ နောက်ဆုံးပြောသွားခဲ့ပါတယ်"

အခု ကျွန်မ အသက် (၅၀) ကျော်ပါပြီ။ လူဆိုးလူသွမ်း၊ မြွေဆိုးကင်းဆိုး သရဲတစ္ဆေများရဲ့ ဘေးရန်က လုံးဝကင်းနေသဲပါပဲ။ ဒါ ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ အဘိုးရဲ့ မေတ္တာဂုဏ်ကျေးဇူးလည်း ပါဝင်လိမ့်မယ်လို့ လုံးဝ ယုံကြည်နေသဲပါပဲ ဦးညိုမှိုင်းရယ်။

မှတ်ချက်။ ။ ဤဇာတ်လမ်းကို ပြောပြသည့် ဒေါ်ရွှေငြိမ်းယဉ်အား ကျေးဇူးတင်ရှိပါသည်။

❀❀❀❀❀



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ခုံပေါ်က တစ္ဆေ

မူလက ငါးညကရန် စာချုပ်ချုပ်ထားပါသော်လည်း ပြုန်းစားကြီး ဖြစ်ပေါ်လာသည့် အရေးပေါ် အခြေအနေတစ်ရပ်ကြောင့် ကျွန်တော်တို့ ဇာတ်ကို သုံးညနှင့်နားပြီး ဖြစ်လာသည့်ကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ရတော့သည်။

ဖြစ်ပုံက သည်လို. . . ။

ကျွန်တော်တို့ဇာတ်အဖွဲ့အမည်က 'စိန်ချစ်ပြိုင်ကတဲ့ ဇာတ်ပွဲ' ဖြစ်သည်။ တည်ရာဌာနက ရန်ကုန်က။ ယခု(. . .)မြို့၊ ကျိုက်ဒေပနီ ဘုရားပွဲမှာ ငါးညစာချုပ်၍ သုံးညပြောက်ကနေစဉ် ဖြစ်သည်။

ရှေ့ပိုင်းအော်ပရာလည်း အေးအေးဆေးဆေးဖြစ်ခဲ့သည်။ အော်ပရာမှာ စိန်ချစ်ပြိုင်ရဲ့ညီဖြစ်သူ 'ကျွန်တော်'က တာဝန်ယူ၍ ကခဲ့သည်၊ ပြဇာတ်အပိုင်းကိုတော့ နိုင်ငံကျော် ပြဇာတ်မင်းသား 'တို့ခင်မွေး'က တာဝန်ယူပြီး ပြဇာတ်မင်းသမီး ရွှေမြိုင်ခင်စန်းရီနှင့် တင်ဆက်သွားရာ လက်ခုပ်သံပမစဲ။

ပြဇာတ်အမည်က 'သိပ်ပိုက်တဲ့ကောင် လက်ညှိုးထောင်'တဲ့။

နံနက်ပိုင်း ဇာတ်ကြော်ငြာလည်းအပြီး၊ နေ့ခင်းမှာ ရောင်းလိုက်ရ





သည့်ဖျာနယ် (၁၀) တိုင်ကုန်သလောက် ဖြစ်သွား၏။ ဇာတ်မန်နေဂျာကလည်း စီးကရက်ခဲပြီး တပြုံးပြုံး။ ဇာတ်ကန်ထရိုက်ကလည်း သုံးညပြောက်အထိရုံပြည့်ရုံလျှံဖြစ်သွား၍ နောက်ထုံးညရောက်လျှင် ဇာတ်ဆရာအစ်ကိုကြီး စိန်ချစ်ပြိုင်ကိုရော၊ ပြဇာတ်မင်းသားတို့ခင်မွေးကိုရော၊ ရွှေတစ်ကျပ်သားစီ ဒေါ်လာပြား ဂုဏ်ပြုချီးမြှင့်မည်ဟု ကြားနေရသည်။

အင်း. . . ဇာတ်အပြိုင်သုံးပွဲ၊ သုံးဇာတ်ကရာမှာ ကျွန်တော်တို့ကသည့်ဇာတ်ပွဲက ညတိုင်း ရုံပြည့်ရုံလျှံ ဖျာကုန်၊ ကုလားထိုင်ကုန် ဖြစ်ခဲ့ရသည်ကိုး။

နှစ်ပါးသွားနှင့် နောက်ပိုင်းဇာတ်မှာလည်း ဇာတ်ဆရာအစ်ကိုကြီး စိန်ချစ်ပြိုင်က ပိုင်သည်။ အထူးသဖြင့် ရှေးမူမပျက် နှစ်ပါးသွားအကကို ပွဲကြည့်ပရိသတ်က ပိုကြိုက်ကြသည်။ အစ်ကိုကြီးစိန်ချစ်ပြိုင်သည် ယောက်ျားချင်းပင် ငေးယူရအောင်လှသည့် ချောသည့်မင်းသားဖြစ်၏။ အသားလည်း ဖြူ၏။ အသံလည်း ဆွဲတိုင်း။ အော်တိုင်း ပါ၏။ တိုင်းချစ်သန်းစိန်တို့၊ ဖလက်ကျော်စွာ ရွှေမန်းဦးတင်မောင်တို့လို ပန်တျာကြည်လင်တို့လို အသံရသည့်သူ ဖြစ်သည်။ ကိုယ်နေကိုယ်ဟန်ကလည်း နွဲ့နှောင်း၏၊ အကဆိုလျှင်လည်း သေတ္တာကရော၊ ရုပ်သေးကရော စွယ်စုံရ၏။ လွှမ်းခန်းများရောက်လျှင် ပွဲကြည့်သူ မျက်ရည်သုတ်နေရအောင် အလွမ်းရော၊ အပြောရော နိုင်နင်းသူဖြစ်သည်။

ရုပ်ချော၊ အပြောကောင်း၊ အသံကောင်း၊ စကားကြွယ်သည့် မင်းသားအစ်ကိုကြီးအပြင် စွယ်စုံရနောက်ပိုင်းမင်းသမီး 'ခုနစ်ထွေမြစမ်းကြည်'ကလည်း ညက်နေအောင် ကနိုင်သလို၊ မှုန်နေအောင်ချောသည့် မင်းသမီးဖြစ်သည်။ သူ့လှပုံကလည်း အမျိုးသားများ ငေးယူရ၏။ အစ်ကိုကြီးသည် မမြစမ်းကြည်ကို သံယောဇဉ်ကြီးရှာ၏။

အစ်ကိုကြီးနှင့် မမြစမ်းကြည်တို့ နှစ်ပါးဝင်သည် ရုံ[illegible]ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကို အသက်မရှုနိုင်အောင် ထိန်းထားနိုင်သကဲ့သို့ လူရွှင်တော်ကြီးများဖြစ်သော ကိုပြောက်အိုး၊ စိမ်းညွက်၊ လှတောသားနှင့် ကိုရွှေဘလေးတို့ကလည်း ပရိသတ်ကို(. . .)ထွက်အောင်၊ ပါးစပ်မပိတ်ရအောင် ပွဲကျပြက်လုံးများဖြင့် ထိန်းနိုင်ကြ၏။

သို့ဖြစ်၍ ပွဲဦးညတစ်ချို့ ကပြီးသည်နှင့် နောက်နေ့မိုးအလင်း မြို့ထဲမှာ နာမည်ကျော်သွားခဲ့သည်။

''မင်းသားစိန်ချစ်မြိုင် ပါးလေးက နမ်းချင်စရာလေးဟယ် . . .''

ဟု ဆိုကြသူမရှား။

''မင်းသမီး မြစမ်းကြည်များရခဲ့ရင် နောက်မယားငယ် လုံးဝမစဉ်းစားတော့ပါဘူး''

ဟု ဆိုသူလည်း ရှိကြ၏။ ဇာတ်ပွဲကြိုက် သက်ကြီးများကား နောက်ပိုင်းနှင့် နှစ်ပါးသွားကို ရှေးရိုးရာဟန်မပျက် ကြည့်ခွင့်ရ၍ . . .

''မြန်မာ့ဇာတ်သဘင် မတိမ်းကောသေးဘူးဟေ့''

ဆိုကာ ဂုဏ်ယူအားပေးကြသည်။

သို့ကလို အားရဝမ်းသာပျော်ပျော်ရွှင်ရွှင်နှင့်ရှိနေစဉ်မှာပင် လောကဓံအတိုက်တစ်ခုက ဝင်ချလာခဲ့သည်။ တတိယမြောက်ည နှစ်ပါးသွားကနေသည့်အချိန် . . .။

အချို့သောဇာတ်များမှာ ပြဇာတ်ပြီးလျှင် လူတစ်ဝက်လောက် ထပြန်လေ့ရှိ၏။ အစ်ကိုကြီးစိန်ချစ်မြိုင် ကသည့်ဇာတ်ပွဲကား နှစ်ပါးသွားရောက်လေ၊ လူဝယ်များလေဖြစ်၏။ ဖြစ်ချင်တော့လည်း ကြည့် . . .

အစ်ကိုကြီးစိန်ချစ်မြိုင်နှင့် မင်းသမီးခုနစ်ထွေမြစမ်းကြည်တို့ နှစ်ပါးခွင် ကနေစဉ်မှာပင် အစ်ကိုကြီးစိန်ချစ်မြိုင်သည် က,ရင်းတန်းလန်းဦးခေါင်းကိုလက်နှင့်ဖိကာ မီးရောင်အောက် ဇာတ်ခုံပေါ်သို့ ပြုတ်ကျသွားခဲ့တော့သည်။





လူရွှင်တော်များက ခါတိုင်းကဲ့သို့ မင်းသားစိန်ချစ်မြိုင်က အမူအရာပို၍ မင်းသမီးအချော့ခံချင်လို့ ပလီပိုး၊ အမူပိုလုပ်ပြနေသည်ဟု ထင်ခဲ့ကြ၏။ မင်းသမီးမြစမ်းကြည်ကလည်း မင်းသားအား ချော့ခန်းလုပ်ချင်လို့ဟု ထင်မှတ်၍ ''အစ်ကိုရဲ့၊ မောင်ရဲ့ . . . ထပါဦး''၊ ''မြကို မချစ်လို့လား။ ဒါဆို မြက စိတ်ကောက်ပစ်လိုက်မှာပဲ'' ဘာပဲ၊ ညာပဲနှင့် အပလီလုံးလေးများ အားမြိုင်ထည့်၍ ပြောကောင်းနေ၏။

သို့သော် အောက်ကမင်းသားက မလှုပ်။

သို့နှင့် မင်းသမီးက ကိုင်လှုပ်သည်။ သို့ကလို ကိုင်လှုပ်လိုက်တော့မှ မင်းသားမျက်ဖြူလန်နေမှန်း မြင်သွားကာ တကယ်ကိုယ်ဖိရင်ဖိ ကိုင်လှုပ်ပါသော်လည်း မင်းသားချောစိန်ချစ်မြိုင်သည် ဇာတ်ခုံပေါ် မီးရောင်အောက်မှာပင် စီစိန်ချုပ်ငြိမ်းသွားခဲ့ပါပြီ။ သို့နှင့် လူရွှင်တော်များရော၊ နောက်ထိုင်မင်းသမီးများရော ပြေးလာခဲ့ကြပြီး ဗျာဗျာသလဲ ဖြစ်ကုန်ကြသည်။ ပွဲကြည့်ပရိသတ်များလည်း အံ့သြကုန်ကြပြီး ရုတ်ရုတ်သဲသဲဖြစ်ကာ ဇာတ်ခုံအနီးသို့ တိုးဝှေ့၍ ရောက်လာကြည့်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုရလျှင် (. . .)မြို့မှာ ငါးရက်ကာရန်ဖြစ်သော်လည်း သုံးရက်နှင့် စခန်းသိမ်းလိုက်ပြီး နာမည်ကျော် ပြည်သူချစ်သောဇာတ်မင်းသားချော စိန်ချစ်မြိုင်၏အသုဘကို ထိုမြို့(. . .)သင်္ချိုင်းမှာ သဂြိုဟ်လိုက်ရလေသည်။

မြို့ချစ်သော မင်းသားမို့လားမသိ၊ အသုဘက ကြိတ်ကြိတ်တိုးစည်ကားလှသည်။ မြို့နယ်မှ လူကြီးမြို့မိမြို့ဖများ၊ ပွဲကြည့်ပရိသတ်များ၊ မြို့ခံအနုပညာရှင်များအားလုံး လိုက်ပို့ကြရာ ကားတန်းကြီးက သင်္ချိုင်းအရောက် ရှည်လျားများပြားလှ၏။

ကြားကြသမျှ. . . ဟိုဇာတ်အဖွဲ့၊ ဒီဇာတ်ပဒေသာကပွဲများကလည်း ဝိုင်းကူကြသောကြောင့် စိန်ချစ်မြိုင်ရှာပနရက်လည်မှာ သံဃာတော် သက်စေ့ ဆွမ်းသင်္ကန်းအစုံလှူ၍ အမျှပေးဝေနိုင်ခဲ့သည်။

သို့သော်. . .

♛♛♛

ကြိုတင်ပွဲချိ စာချုပ်များကို (. . .)မြို့မှ ကိစ္စအဝဝပြီးသွားခဲ့တော့ (. . .)မြို့ဘုရားပွဲခွင်သို့ ပြောင်းရွှေ့ရန် စီစဉ်ရပြန်သည်။ ပွဲကူးအကြားမှာ နားရက် (၅)ရက်ခန့်ရ၍ ကွယ်လွန်သူ မင်းသားစိန်ချစ်မြိုင်နေရာမှာ ညီလုပ်သူ လက်ထောက်မင်းသား ကျွန်တော်(အောင်ကျော်ချစ်)က အစားဝင်ကရတော့သည်။

ဆိုရလျှင် အစ်ကိုကြီးနေရာ အစားဝင်ရသည်မှာ မလွယ်လှ။ ကျွန်တော်သည် အစ်ကိုကြီး၏ ကကြိုးကကွက်၊ ခြေလက်အလှကို မီအောင် မလိုက်နိုင်ပါ။ အစ်ကိုက ရုပ်သေးလိုလည်း ကနိုင်သည်။ အရုပ်မင်းသား၊ ဇာတ်မင်းသားလိုလည်း ကနိုင်သည်။ အထူးသဖြင့်အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးတို့ကဲ့သို့ ရှေးခေတ်ဇာတ်သမားကြီးများဟန် ထပ်တူနီးပါးတူအောင် ပုံဖော်ကပြနိုင်သူမို့ ကျွန်တော် အစ်ကိုကြီး၏ အနုပညာစံကို မီအောင် မလိုက်နိုင်ပါ။

တစ်ခါ မမြစမ်းကြည်နှင့် အပြိုင်ကရမည်ဆိုသောကြောင့် ခုနစ်သံချီ ပြိုင်ကသလိုမျိုးကျလျှင် ဒုက္ခနှင့်တွေ့ရတော့သည်။ မမြစမ်းကြည်က အစ်ကိုကြီးနှင့် အပြိုင်ကနိုင်အောင် ပညာရည်ပြည့်၏။ ခုနစ်သံချီအပြိုင်ပတ်စ၌ အစ်ကိုကြီးနှင့် သူတစ်လှည့်၊ ကိုယ်တစ်လှည့် အပြိုင်ဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



သံများကြားမြင်ရလျှင် ပွဲကြည့်ပရိသတ် ငေးကြည့်ရသလို ရွာစားကြီး စိန်ဆည်းဆာပင် ဆိုင်းကိုမနှည်း အပိလိုက်တီးယူရသည်။

အခု အစ်ကိုကြီး၏နေရာမှာ ကျွန်တော် ဝင်ကရသောအခါ အစ်ကိုကြီး၏ ကကြိုး ကကွက်ထဲမှ ထက်ဝက်မျှကိုပဲ ကျွန်တော်လိုက်နိုင်ခဲ့သည်။ အစ်ကိုကြီးကို အဲဒီလောက်ကြီး ဘဝနေဝင်မြန်လိမ့်မည်ဟု ပည်သူမျှ မထင်ခဲ့ကြ။ စန်းထအားကောင်းနေသည့် အချိန်မှ ပီးငြိမ်းရလေခြင်း အစ်ကို. . . ။

ဇာတ်အဖွဲ့သားများ အားလုံးစိတ်တတ်ကျကုန်လေသည်။ ကံတစ်ခုကောင်းသည်ကား ကျွန်တော် (အောင်ကျော်ချစ်)သည် အစ်ကိုကြီးစိန်ချစ်မြိုင်နှင့် အမြွှာညီအစ်ကိုလား ထင်ရအောင် ရုပ်ချင်းဆင်နေခြင်းပဲ ဖြစ်သည်။

အစ်ကိုကြီးအသံနှင့် အကာမရသော်လည်း တော်ရုံတန်ရုံဇာတ်မင်းသားလောက်တော့ ကျွန်တော်က ယှဉ်ရဲပါသည်။ ယှဉ်နိုင်ပါသည်။ ဇာတ်အဖွဲ့သားအားလုံးကလည်း ရုပ်ရည်လည်းဆင်တူရှိ၊ အစ်ကိုကြီး၏ မျိုးဆက်သစ်လည်းဖြစ်သည့် ကျွန်တော့်ကို အလေးအနက်ပြုကြသည်။ အစ်ကိုကြီး ဇာတ်ဆရာမရှိသော်လည်း အားလုံးက စည်းလုံးညီညွတ်စွာ ရှိနေကြ၍ ဇာတ်ခေါင်းမခွဲကြ။

ပြဇာတ်မင်းသားတို့ခင်မွှေးနှင့် ရွှေမန်းသူခင်စန်းရီကလည်း အစ်ကိုကြီး မြတ်နိုးယုံကြည်ဦးဆောင်ခဲ့သည့် မြန်မာဇာတ်သဘင်စစ်စစ်ကို ဦးကိုူ၊ ငွေယ်ငတ်မခံဘဲ ရှေ့ဆက်ဘွန်းပေါက်ရပ်တည်နိုင်အောင် စုပေါင်းကြိုးစားကြမည်ဟု အကြံပြုကာ ရှေ့ခရီးရဲရဲဆက်ဖို့ ကင်ပြုကြသည်။

နောက်တစ်ခုကံကောင်းသည်ကား ကျွန်တော်သည် အစ်ကိုကြီးကပြခဲ့သည့် နောက်ပိုင်းဇာတ်များ၏ ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ဝင်သီချင်း၊ အလွမ်း၊ ငိုချင်းအတော်များများကို အလွတ်နီးပါးရခဲ့၏။ အစ်ကိုကြီးရှိစဉ်က နောက်ပိုင်းဇာတ်များမှာ ကျွန်တော်က ဒုတိယအဆင့်နေရာမှ ဝင်ကခဲ့ရ၏။





ခုတော့ ခေါင်းဆောင်နေရာမှာ ကရပြီ။ ကျွန်တော့်နေရာမှာ တက်လမ်းရှိသည့် မင်းသားဖိုးချစ်သွယ်ကို တင်ပေးရသည်။ ဒါကို လူကြမ်းမင်းသား စိန်ဇော်ဖေတို့ကလည်း ဝမ်းမြောက်ဝမ်းသာထောက်ခံကြသည်။

နောက်ပိုင်းဇာတ် တာရေးဆရာကြီး အဘမဂ်လာဦးအောင်ချိန်ကလည်း ''အားမလျှော့နှင့်၊ ဘဘရှိနေသေးသည်။ အားလုံး စိန်ချစ်မြိုင်ရှိစဉ်ကအတိုင်း အောင်မြင်ရမည်''ဟု တွန်းအားပေးပြီး ကျွန်တော့်ကို အနီးကပ်လက်ထပ်ကာ မမပြစမ်းကြည်နှင့် တွဲအပ်၍ သင်ကြားပေးခဲ့သည်။

သည့်နောက် ဘဘမဂ်လာဦးအောင်ချိန်၏ အကြံပြုချက်၊ အားလုံးသော ဇာတ်သူဇာတ်သား အဖွဲ့သားများ၏ အကြံပြုချက်အရ ကျွန်တော့်၏ အမည် (အောင်ကျော်ချစ်)အစား အစ်ကိုကြီးနာမည်နှင့် မတိမ်းမယိမ်းဖြစ်ရအောင် စိန်ချစ်မြိုင်ရဲ့ညီ 'စိန်ချစ်ကြိုင်'ဟု အမည်ပြောင်းလိုက်လေသည်။

ကျွန်တော်လည်း တကာယ့်ယုံကြည်ချက်နှင့် ကြိုးစားခဲ့သည်။ မမပြစမ်းကြည်ကလည်း ထိန်း၍ တွဲ၍ခေါ်သည်။ လေ့ကျင့်နေသည့်ရက်များအတွင်း မမပြစမ်းကြည်သည် နှစ်ပါးခွင်မှာ ကျွန်တော့်ကို ကျိုးသွားအောင် ကနိုင်ပါသော်လည်း အစ်ကိုကြီးရှိစဉ်က အပြိုင်က ပညာတွေကိုပြတန်တာပြ၊ လျှော့တန်တာလျှော့ပြီး တန်းတူတွဲခေါ်သွားသည်။

ဇာတ်တိုက်ရက် ငါးရက်အတွင်း ကျွန်တော်တို့ဇာတ်အဖွဲ့သားများ အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ခဲ့ကြရာ မကြာခင် စာချုပ်ပါ (. . .) မြို့သို့ ကြော်ငြာအသစ်များ ကြိုဖြန့်ခဲ့ပြီး ချီတက်ခဲ့ကြလေသည်။

တနယ်ဇင်းများကလည်း စိန်ချစ်မြိုင်မရှိသော်လည်း သူ့ညီစိန်ချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုင်က သဘင်ရိုးရာအမွေအနှစ်ကို အပွန်းအပဲ့မခံဘဲ မှတ်ကျောက်တင် ခံနိုင်အောင်ကြိုးစားကြမည့် မင်းသားတစ်လက်ဖြစ်ကြောင်း၊ မင်းသား ချော စိန့်ချစ်ကြိုင်သဘင် အမွေပိုး ရှာသွန်းပြုံးဖို့ အထက်အောက်မြန်မာ ပြည်တစ်နံတစ်လျား လာပါပြီဝင်ဖျာဟု ဝိုင်းဝန်းမြှောက်စား ပို့ပေးခဲ့ကြရာ အားရစရာကောင်းလှ၏။

❀ ❀ ❀

(. . .)မြို့ပွဲချစ်ပရိသတ်သည် ပွဲဦးညမှာကတည်းက ကြိတ်ကြိတ် တိုးနေ၏။ ရုံရှေ့နှီးဂိတ်မှာ ကွယ်လွန်သူ ကျေးဇူးရှင်အစ်ကိုကြီးစိန့်ချစ် မြိုင်ကနေသည့် ပန်းချီကားကြီးများနှင့် ကျွန်တော်(စိန့်ချစ်ကြိုင်)၊ မမြ စမ်းကြည်၊ ပြဇာတ်မင်းသားတို့ခင်မွေး၊ ရွှေမန်းသူခင်စန်းရီနှင့် လူရွှင် တော်ကြီးများ၏ ကိုယ်လုံးပေါ်ပန်းချီကားများက ဟည်းဟည်းထနေ၏။

လက်ရာကောင်းလွန်းလှသည့် ပန်းချီကားကြီးများကိုကြည့်၍ ပရိ သတ်က အားရနေ၏။ ကျွန်တော်တို့က နှစ်ပါးခွင်ကကွက် အမျိုးမျိုး၊ နောက်ပိုင်းဇာတ်တော်၊ ဇာတ်ဝင်ခန်းအချို့ကို ဓာတ်ပုံပြပွဲလို လက်မှတ် ရောင်းသည့် ရုံဝအတွင်းမျက်နှာစာမှာ မီးဆလိုက်များထိုး၍ ခင်းကျင်း ပြထားသည်။ ၎င်းဓာတ်ပုံများကို ပွဲကြိုက်သူများက အလွန်စိတ်ဝင်စား ကြသည်။

ညည့်ခံဆိုင်းတီးသည့် ရွာစားကျော် ကိန့်သည်းဆာ၏ တီးလုံးလက်သံ များကလည်း ဆိုင်းကြိုက်ပရိသတ်များကို ရုံခါသည့်တိုင်မထွက်ချင်အောင် ဖမ်းစားနိုင်သည်။

သို့နှင့် ပွဲဦးညသို့ ရောက်လာခဲ့ရသည်။ အော်ပရာကို စာရေးဆရာ ကိုမှိုင်းညို ရေးသားစီစဉ်သည့် 'ပထမပြားတစ်စင်း' အမည်ရှိ အော်ပရာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖွင့်သည်။ ဒီအော်ပရာက အသစ်။ မြန်မာ့ဇာတ်သဘင်မှာ မကာဖူး သေးသည့် 'မှဆိုးစေဋ္ဌိ'၏ ဘဝသရုပ်ဖော်။

ပြဇာတ်မှာလည်း ဆရာပိုင်းရဲ့ 'တောက်မခတ်နဲ့ နောက်ထပ်နာမယ်' ပြဇာတ်နှင့် ခပ်ဆူဆူလေးဖွင့်လိုက်ရာ ပရိသတ်ကြီး ဆူလှုံသွားခဲ့ပြီး ကျေနပ်မှုများ ကြားခဲ့ရသည်။

ဟော၊ အားလပ်ချိန်ပေးပြီးနောက် ကိုယ့်တာဝန်ပိုင်း ရောက်ခဲ့ပြီ။ အလှည့်ကျရင် မခွဲကြကြေး။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း အောင်သိဒ္ဓိတင်ထားသည်။ ငါသည် ကွယ်လွန်သူ အစ်ကိုကြီး စိန်ချစ်မြိုင်၏ ညီအရင်း။ မြန်မာ့ဇာတ်အနုသဘင်ကို အညီအဟောက် အနောက်တိုင်း အက၊ ဂီတနှင့်မဖျက်ဆီး။ ခေတ်ဆိုတိုင်း အလိုမလိုက်။ ဇာတ်၏ ခေါင်းဆောင်ကောင်းတစ်ဦး ပီသအောင်လုပ်ပြမည်ဟု ရဲဆေးတင်ထားခဲ့သည်။

သို့နှင့် နှစ်ပါးခွင်အပိုင်းသို့ ရောက်လာခဲ့တော့သည်။

အစ်ကိုကြီး စိန်ချစ်မြိုင်အကြောင်း စာနယ်ဇင်းများမှ ဖတ်သိထားသည့် ပရိသတ်က ကရုဏာပိုကာ ငံ့လင့်နေကြသည်။ ဦးစွာ အစ်ကိုကြီး စိန်ချစ်မြိုင်ကန်တော့ခန်းကို ဆိုင်းကြီး၊ နဲကြီးနှင့် လွမ်းစရာကောင်းလောက်အောင် ကန်တော့ခန်း သီးသန့်ဖွင့်လိုက်ရာ ပရိသတ် ငြိမ်ကျသွားသလို၊ ကျွန်တော်တို့ ဇာတ်အဖွဲ့သားများလည်း မျက်ရည်စို့လာခဲ့ကြသည်။

ကန့်တော့ခန်းကို သီဆိုကန်တော့ရင်း မျက်လုံးထဲမှာ အစ်ကိုကြီးကို ဇာတ်မင်းသားအဝတ်အစားနှင့် ဖျတ်ခနဲ ဖျတ်ခနဲ မြင်လာသလိုရှိနေ၏။ အစ်ကိုကြီးများ တကယ်ရောက်လာလေရော့ သလား။ ထိုညနောက် အလွမ်းကိုခဝါချ၍ လူရွှင်တော်ကြီးများ၏ ရိုးရာမိတ်ဆက်ပြက်လုံးများနှင့် ပရိသတ်ကို ဟာဒယရွှင်ဆေး တိုက်ကျွေးကြရာ တဝါးဝါး၊ တဟားဟားနှင့် တစ်ရုံလုံးပျော်နေကြသည်ကို တွေ့ရသည်။ အစ်ကိုကြီး၏လက်ရာ၊ ဟန်ပန်အတိုင်း ခုနစ်သံချိုမြိုင်အကကို မမမြစပ်းကြည်နှင့်တွဲဆို၍ အစ်ကို





ကြီး က,ကြိုး က,ဟန်အတိုင်း က,လိုက်ရာ ပရိသတ်များ သဘောကျသွားပြီး ဩဘာပေးကြတော့သည်။ ဝမ်းသာလိုက်ရသည့် ဖြစ်ခြင်းရယ်၊ ကြက်သီးမွေးညင်းများပင် ထခဲ့ရ၏။

သည်မှာ မမမြစပ်းကြည်က အနားကပ်၍ တိုးတိုးလေးပြောလိုက်သည်။

''အောင်မြင်ပြီ မောင်လေးရေ ကြိုးစားတော့ဟဲ့''

''စိတ်သာချ. . . မမ''

ကျွန်တော်တို့နှစ်ဦး နားချိန်ရောက်မှ နောက်ထိုင်မင်းသမီးများက ကိုယ်ရည်သွေးသီချင်းများဖြင့် အလှည့်ကျ ဆိုက,ကြသည်။ သည်အချိန်မှာ ကျွန်တော်တို့က အဝတ်အစားများကို အမြန်လဲလှယ်ကြသည်။

အစ်ကိုကြီးသည်လည်း အဝတ်အစားကို ညစဉ်မထပ်အောင် ဝတ်၍ က,သည်။ အခု အစ်ကိုကြီး၏ တောင်ရှည်အရောင်အသွေးမျိုးစုံကို ကိုယ်တိုင်ဝတ်၍ အစ်ကိုကြီးဝိညာဉ်ကို ဦးခိုက်လမိုင်းသွင်းကာ အစ်ကိုကြီး ခြေသွက်ခဲ့သည့် ဟောဒီဇာတ်ခုံကြမ်းပြင် မီးရောင်အောက်မှာ ကျွန်တော် က,ခဲ့ပါပြီ။

''ကိုပြောက်အိုးရေ. . .''

''ရှိပါ့. . . ကိုစိမ်းညွှက်ခင်ဗျား''

''ပြည်သူ့အချစ်တော်လေး စိန်ချစ်ကြိုင် က,တာ ဘယ့်နှယ်လဲ ကိုစိမ်းညွှက်ရဲ့''

''မင်းသားချောလေး စိန်ချစ်ကြိုင် က,တာမြင်ရတော့ သွားလေသူ မင်းသားကြီး စိန်ချစ်မြိုင်လို့ပဲ ထင်နေသဗျာ. . .၊ ကိုပြောက်အိုးရာ''

''ကွယ်လွန်သူ မြန်မာ့ရိုးရာ သဘင်မြတ်နိုးသူကြီး စိန်ချစ်မြိုင်နဲ့ သူ့ညီအရင်း စိန်ချစ်ကြိုင် က,နေတာ ကြည့်စမ်းပါဦး ကိုပြောက်အိုးရာ၊ ဟော. . . ညီလုပ်သူရဲ့မျက်နှာဟာ သူ့အစ်ကိုရဲ့မျက်နှာနဲ့ မတူဘူးလား



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျ၊ ဟင်. . .''

''အို. . . ချွတ်စွပ်ပါပဲ ခင်ဗျ''

''ဘာချွတ်စွပ်ရမှာလဲ. . . ကိုပြောက်အိုးရ၊ ခင်ဗျားဟာက တထေရာတည်း လုပ်စမ်းပါ''

''ခင်ဗျ၊ ခင်ဗျားပြောသလိုပဲ. . . ချွတ်စွပ်တထေရာတည်း''

''ကိုင်း. . .''

''ဂွမ်း. . .''

'အမလေးဗျ. . .''

''ဝါး. . . ဟား. . . ဟား. . . ဟား. . . ဟား''

လူရွှင်တော်ကြီးကိုစိမ်းညွှက်က လင်ပန်းနှင့် နက်လိုက်ရာ ကိုပြောက်အိုး ဇာတ်ခုံပေါ်ထိုင်ကျပြီး ဖုန်များထသွားသည်ကို ကြည့်၍ ပရိသတ်များက ပွဲကျသွားကြသည်။ ကိုလှတောသားနှင့် လူရွှင်တော်ကိုရွှေဘလေးတို့က ဇာတ်ခုံရှေ့သို့ ပြေးလာခဲ့ပြီး. . .

''ဟော့. . . ဝဒ္ဓိမင်းသား စိန်ချစ်ကြိုင်က သူ့အစ်ကို စိန်ချစ်မြိုင်နဲ့ မတူဘူးလား''

''တူတယ်''

''မချောဘူးလား''

''ချော်တယ်''

''ချော်. . .၊ အဲ. . . အဲ၊ ချောတယ် လုပ်ပါဗျ''

''အေး. . . ချောတယ်''

''အသံရော မကောင်းဘူးလား''

''ငါ့လောက် မကောင်းဘူး''

''ဂွမ်း. . .''

''အောင်မလေး. . . ဒေဝဒတ် ကယ်တော်မူပါ''





''ဂွမ်း. . .''

''မြတ်စွာဘုရား ကယ်တော်မူပါ၊ လုပ်ပါဟ. . . မှတ်ထား''

''ဂွမ်း. . . ဂွမ်း. . . ဂွမ်း''

လူရွှင်တော်လှတောသားနှင့် ကိုရွှေဘလေးတို့၏ ဟာသကလည်း ရိုးရိုးကလေးနှင့် ရယ်ရသည်။ ကျွန်တော်တို့လည်း အဝတ်အစားလဲပြီး နောက် ထွက်လာလိုက်သည်။

''ဦးရွှေမျိုင်းလား ခင်ဗျာ''

''အမိန့်ရှိပါ စိန်ချစ်ကြိုင်ရေ''

''ဦးစိမ်းညွှက်''

''အသင့်ပါ. . . ညီလေးရေ''

''ကိုရွှေဘလေး''

''ကောင်မလေးတွေနား ကပ်လျက်ပါပဲ မင်းသားခင်ဗျာ''

''နာတော့မယ်. . . နာတော့မယ် ဒီမှာတွေ့လား''

ဦးရွှေမျိုင်းက လင်ပန်းကို ထောင်ပြလိုက်ရာ ကိုရွှေဘလေး ဇက်ပုသွားခဲ့၏။

''ဦးလှတောသားလား ခင်ဗျာ''

''လှတောသားကတော့ ဝ,ပြောသွားပြီး 'ညရောဝါးလျက်ပါ' စိန်ချစ်ကြိုင်ရေ''

''နာတော့မယ်. . . နာတော့မယ်၊ 'ညရော ဝါးတယ်' ဆိုတော့ ဘာဝါးတာလဲ''

''သူ့မိန်းမသားရေပြား ဝါးသလားမှ မသိဘဲကွ''

''မဟုတ်ဘူးဟေ့ ထဘီအနား''

''ကိုင်းဟ. . .''

''ဂွမ်း. . .''



www.burmeseclassic.com

www.burmeseclassic.com



''အောင်မလေး. . . မပု''

''ဝါး. . . ဟား. . . ဟား. . . ဟား. . . ဟား''

''ကွယ်လွန်သူ ကျေးဇူးရှင်အစ်ကိုကြီးကို ခုလိုအချိန်မှာ လွမ်းလှသဗျာ အစ်ကိုတို့ရာ. . .''

''ဒီလိုပါပဲ မင်းသားရယ်. . .၊ ကျုပ်တို့မှာ မင်းသားက,နေတာကို ကြည့်ပြီး စိန်ချစ်ကြိုင်လို့ မမြင်နိုင်ဘဲ စိန်ချစ်မြိုင် က,နေတယ်လို့တောင် ထင်ရလျက်ပါပဲ ခင်ဗျာ''

''ဟုတ်ကဲ့ ခင်ဗျာ၊ အစ်ကိုကြီး မရှိတော့ပေမဲ့ အစ်ကိုကြီး မြတ်နိုးယုံကြည်ခဲ့တဲ့ မြန်မာ့ရိုးရာဇာတ်သဘင်ကို ကျွန်တော် စိန်ချစ်ကြိုင်ဇာတ်အဖွဲ့သားအားလုံးက ထိန်းသိမ်းစောင့်ရှောက်သွားမှာပါလို့ ပရိသတ်ကြီးကိုလည်း ကတိပြုပါတယ် ခင်ဗျာ။ ကဲ. . . အခု ကျေးဇူးရှင် အစ်ကိုကြီး သက်ရှိထင်ရှားရှိစဉ်က သူလည်းကြိုက်၊ ပရိသတ်လည်းကြိုက်တဲ့ စံတော်ချိန်တီးလုံး အငြိုင်က,ကို အစ်ကိုကြီးရဲ့လက်တွဲဖက်၊ က,ဖက်၊ အစ်ကိုကြီးရဲ့ အသည်းကျော် ကျွန်တော်တို့ရဲ့အစ်မကြီး ခုနစ်ထွေမမြစမ်းကြည်နဲ့ ကျွန်တော် အလွမ်းပြေ ပြန်လည်က,ပြပါ့မယ်၊ ရှုစားကြပါဦးလား ခင်ဗျာ''

အစ်ကိုကြီးနှင့် မမြစမ်းကြည်တို့ စံတော်ချိန်အကကို အငြိုင်က,စဉ်က ကျွန်တော်တို့အားလုံး ရင်သပ်ရှုမောငေးကြည့်ခဲ့ရသည်။ အမှန်က ဒီစံတော်ချိန်တီးလုံးသည် မင်းသားတစ်ယောက်တည်း က,သည့် အကမျိုးဖြစ်သည်။ အဲဒါကို အစ်ကိုကြီးက အကကောင်းသည့် မမြစမ်းကြည်နှင့် နှစ်ပါးအငြိုင် က၍,ဆန်းသစ်ခဲ့၏။ အဲဒီမှာ စည်း[illegible]တွေက ငြိုင်သည်။ တီးကွက်တွေက ဆန်းသည်။

နှစ်ယောက်တွဲ မေးချင်းရိုက်၊ လက်ဝါးချင်းရိုက်၊ ရင်ချင်းအပ်၊ တင်ချင်းကပ်၊ ပခုံးချင်းတိုက်၍ အငြိုင် မြူးမြူးကြွကြွလှလှပပ နှင်လား၊ ငါလား က,ပုံများသည် ချွေးဒီးဒီးကျ ပင်ပန်း၏။ လူရွှင်တော်များက





သူ့လူ၊ ငါ့လူခွဲ၍ ပြောက်ပင့်အားပေးတော့ မင်းသားနှင့်မင်းသမီးကလည်း အားထည့်၍ အငြိုင်က,ရရာ မောလို့မောမှန်းမသိ။ ပညာခန်းမှ တကယ့်ကို ပညာခန်းအစစ်။

စ,ပါပြီ. . .။

ရှုစားကြီး စိန်ဆည်းဆာက တီးလုံးစလိုက်သည်နှင့် ကျွန်တော်နှင့် မမြစမ်းကြည်တို့ တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်ပြီး အားထည့်လိုက်ကြသည်။ ဖြူဖွေးနုညက် ဝင်းမို[illegible]နေသော မမြစမ်းကြည်၏ မျက်နှာပေါ်က ပျားရည်မြစ်များစီးဆင်းသွားသည်။ ချိုမြိန်လှပလိုက်သည့် အပြုံး။

သည်အပြုံးရှင်၏ ခေါ်ရာနောက်မှ ကျွန်တော်ကလိုက်ခဲ့ရင်း အထာမြူ မီးရောင်အောက်မှာ ကျွန်တော်တို့နှစ်ဦး ကြွနေသည့်တီးကွက်နှင့် အကငြိုင်၊ အလှငြိုင်၊ အပြုံးဆိုင် ကကြိုးများသည် ပြုံးပြက်လက်နေ၏။ အားလုံးမြူးခုန်နေကြ၏။ မမက ကျွန်တော့ကို ထိန်းခေါ်၍ က,နေ၏။

ထိုသို့ ကနေစဉ်မှာပင်. . .။

ကျွန်တော့်ကို ထိန်းခေါ်ကဖို့ ကြိုပြောထားသည့်ကြားမှ မမြစမ်းကြည်ကာစ၍ စည်းဖောက်တော့သည်။ အမှန်က သူမနှင့်ကျွန်တော်သည် အစ်ကိုကြီး က,စဉ်တုန်းကအတိုင်း မျက်နှာချင်းဆိုင် မေးထိုး၊ ပခုံးတိုက်၊ ဒူးတိုက်၊ တင်တိုက်၊ ငုံ့အနမ်းဟန်၊ ဒီလိမ့်အလှည့်များကိုကပ်၍ ပူး၍ ကသည့်အကွက်များ ကြိုတင်တိုက်ပြီးသား။

ခုတော့ က,လို့လည်းကောင်းရော မမြစမ်းကြည်က မျက်နှာချင်းဆိုင် က,ရာကနေ ဘုမသိ၊ ဘမသိ ကျွန်တော်နှင့်ခွဲထွက်သွားပြီး တစ်ဖက်မှာ က,နေတော့သည်။

က,ပုံက ရိုးရိုးမဟုတ်။ တစ်ယောက်တည်း တစ်ပင်တိုင်၊ တစ်ကိုယ်တော် အစွမ်းပြသလို က,နေသည်။ သို့နှင့် ကျွန်တော်က သူ့နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ မျက်နှာချင်းဆိုင်လိုက်လျှင် သူမကပြုံးခနဲ ကျောပေးလိုက်ပြီး အခြားဘက်လှည့်လို့ ပြူးကာ,ရယ်ကာ အရွှင်ရွှင်နှင့်အားရပါးရ က,တော့သည်။

သူမလုပ်ပုံကိုကြည့်ရင်း ကျွန်တော်စိတ်ထဲမှာ နည်းနည်းမျက်လာခဲ့ရသည်။ သို့နှင့် သူမနှင့်အကြိမ်ကြိမ် မျက်နှာချင်းဆိုင်ခဲ့ပါသော်လည်း ဆိုင်လိုက်တိုင်း သူမက ကျောပေး၍ချည်းတစ်ယောက်တည်း ကြတော့သည်။

လူရွှင်တော်များကလည်း မမြစမ်းကြည်လုပ်ပုံကိုကြည့်ပြီး အံ့ဩကုန်ကြသည်။ နောက်ထိုင်မင်းသမီးများကလည် မမြစမ်းကြည် က,နေပုံကိုကြည့်၍ မျက်စိမျက်နှာပျက်ပြီး တီးတိုးတီးတိုး လုပ်ကုန်ကြသည်။ ဆိုင်းဆရာများဆို မျက်လုံးမော့ကြည့်ပြီး 'ဘယ့်နှယ်ဟာလဲ' ဟု မေးငေါ့ကြတော့၏။

ပရိသတ်က ကြာတော့ တစ်မျိုးမြင်ကုန်ကြသည်။ မင်းသမီးမြစမ်းကြည်သည် မင်းသားသစ်လေး စိန်ချစ်ကြိုင်ကိုစင်ပေါ်မှာ ဦးကျိုးအောင်ချိုးပြီဟု ထင်ကုန်သလို ရှိလာကြသည်။ သို့နှင့် ကျွန်တော်ရှက်လွန်း၊ ခံပြင်းလွန်း၍ လုံးဝမက,တော့ဘဲ သူမတစ်ယောက်တည်း လွှတ်ပေးထားလိုက်တော့သည်။

လူရွှင်တော်များကား သူတို့ခွင်မဟုတ်၍ တစ်လုံးမျှဝင်မပြောရဲ၊ ဒီဇာတ်မှာ မမြစမ်းကြည်၏ ဩဇာက မသေး။ အရေးပါအရာရောက်သည့်အဆင့်မှာ ရှိနေသည်။ မင်းသားမက,၍ ပရိသတ်က စကားပြောလာကြတော့သည်။

အချို့ "မင်းသားက,ပါဦး"ဟု အော်လာကြသည်။ အချို့က "ဘာလဲကွ၊ မင်းသားက မကတတ်ဘူးလား။ စိန်ချစ်ပြိုင်ညီဆိုကွ. . .၊ အလကားခိုနေတာ၊ ဘာပညာမှ မရှိပါဘူး"ဟု အော်ဟစ်လာကြသည်။



မည်သို့ဆိုစေ. . .။

မြစမ်းကြည်ကား ပီဘိတစ်ပင်တိုင်၊ တစ်ကိုယ်တော်က,နေသလို က,တာတော့မဟုတ်။ တကယ့်ကို တစ်စုံတစ်ဦးနှင့် တိုက်၍၊ ပွတ်၍၊ ထိ၍၊ တို့၍၊ ငုံ့၍၊ ရှောင်၍၊ ခုန်၍၊ ပြူး၍ က,နေသည့်ပုံစံ၊ မျက်နှာပြင်ပေါ်မှ အပြုံးများကလည်း ရွှန်းရွှန်းဝေနေသည်။

အမျိုးသမီးပရိသတ်က နှစ်ခြိုက်သဘောကျ၍ "မြစမ်းကြည်ဟေ့"ဟု အော်ဟစ်အားပေးကြ၏။ ကျွန်တော် ဒေါပွပြီးအသားတွေ တုန်ခါနေသည်။ ဖြစ်နိုင်လျှင် မမြစမ်းကြည်ကို သစ္စာမဲ့လွန်းလှသမို့ တွန်းလှဲရိုက်နှက်ပစ်လိုက်ချင်သည်။ ဒါ အစ်ကိုကြီးအပေါ် သစ္စာဖောက်တာ၊ မိမိကို လူပုံပရိသတ်အကြား သုံးမရအောင် ချိုးနေတာ။

ကျွန်တော် တိုင်ဖုံးအကြားမှာ ဒေါပွနေရင်း ကကြိုးတီးကွက်အပြီးကို စောင့်နေလိုက်သည်။

သူမက လုံးဝမလျှော့။ တီးလုံးကို ပြန်ကျော့ခိုင်းနေသလို လုပ်နေသည်။ အချိန်တွေ မည်မျှကြာနေသည်မသိ။ ကြာကာတော့ ကြာနေပြီ။ ထူးဆန်းနေသည်ကား. . . ကကြိုးကကွက် အသစ်အဆန်းတွေ ပါလာသည်ကို တွေ့ရသည်။ အံ့မှယ်ပါကလား။ ဆန်းသစ်သော ကကြိုးကကွက်များက လျှပ်စီးလက်သလို လျင်မြန်သွက်လက်နေ၍ စောစောက ဆူညံနေသူများ ချက်ချင်းငြိမ်ကျသွားကြသည်။

အမျိုးသားများပင် ဒေါပွဝေဖန်ချင်မှုများပျောက်သွားပြီး လက်ခုပ်ဩဘာများပေးကြသည်။ လက်ခေါက်မှုတ်သံ၊ ပန်းပွင့်များနှင့် ပစ်သံ၊ ပန်းတွေ ပစ်ကြသံများ မြင်ကြားနေရသည်။ "ဒါကြောင့် မြစမ်းကြည်စေါ်တာကွ"ဟု အော်၍ ချီးမွမ်းသည့်အသံများ ကြားနေရသည်။

မြစမ်းကြည်တစ်ကိုယ်လုံး ချွေးများဖြင့် နစ်နေသည်။ မောဟိုက်လာခဲ့ပြီ၊ ခြေလက်တွေ ကျချင်လာပြီ၊ များမကြာခင် မြစမ်းကြည် ခြေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်လက်ပန်းကျ၍ ဇာတ်ခုံမီးရောင်အောက်မှာ ပျော့ခွေဒူးညွှတ်လဲကျသွားခဲ့သည်။ ကွန်တော်က ဒေါသစိတ်ကြောင့် လုံးဝပြေးမပွေ့။

မင်းသမီးငယ်များက ပြေးပွေ့ကြသည်။

သို့သော် မြစမ်းကြည် မထနိုင်တော့။

ဒီလိုနှင့် ပြည်ဖုံးကားကို ချက်ချင်းချလိုက်ရလေသည်။

❦❦❦

မင်းသမီးမြစမ်းကြည် မထနိုင်သေး။ သူမရင်သည် ဖားဗိုက်လို လှုပ်နေသည်။ သတိလည်း လစ်ချင်နေသည်။ သို့နှင့် သူမကို လူရွှင်တော်များက ပွေ့ယူကာ ဇာတ်ရုံနောက် သူမ ခုတင်ရှိရာသို့ သယ်သွားကြသည်။

"မြစမ်းကြည် . . . မြစမ်းကြည်"

"မမကြည် . . . မမကြည်"

လှုပ်၍ ခေါ်ကြသည်။ သို့သော် သတိမရသေး။ ဒွေးများ ရှဲနုစ်စနှ၍ အမျိုးသားများ အပြင်ခဏထွက်စေပြီး မင်းသမီးများက အဝတ်အစားများကို ချွတ်၍လဲပေးရသည်။ ဝိုင်းလှုပ်မေးကြ၊ ယပ်ခပ်ကြ၊ နှာမှုတ်ကြနှင့်။

ဇာတ်စာရေးဆရာကြီး အဘမင်္ဂလာဦးအောင်ချိန်သည် မှိန်းနေရာမှ ရုတ်သံဆူညံများကြောင့် ဝင်ချလာလိုက်သည်။ သူသည် အခြေအနေကို အကဲခတ်မိသွား၏။ သည့်နောက် သတိလစ်နေသည့် မင်းသမီးမြစမ်းကြည်၏ ဆံပင်များကို ညာလက်နှင့်စုကိုင်ကာ မန္တန်တစ်ပုဒ်ကို တောက်လျှောက်၊ ဖနောင့်ပေါက်၍ ရွတ်လိုက်သည်။

သည့်နောက် သောက်ရေတစ်ခွက်ကို ဘုရားစာများ ရွတ်ဖတ်မန်း



www.burmeseclassic.com

www.burmeseclassic.com



မှုတ်ပြီး မြစမ်းကြည်၏ မျက်နှာပေါ်သို့ ရေစက်များနှင့် တောက်လိုက်သည်။ မြစမ်းကြည် လူးလွန့်၍လာ၏။

''အစ်ကိုကြီး. . . အစ်ကိုကြီး''

''သမီးမြစမ်းကြည်. . . သတိရပြီလား''

''အစ်ကိုကြီး. . . အစ်ကိုကြီးရေ့ အစ်ကိုကြီး ဘယ်. . . ဘယ်ရောက်သွားလဲ. . . ဟင်. . . ဟင်''

''ဟဲ့. . . သမီး ဘယ်ကအစ်ကိုကြီးလဲ၊ သတိရရင် ထစမ်း''

''အစ်ကိုကြီးရေ့ အစ်ကိုကြီး ချစ်မြိုင်၊ အစ်ကိုကြီးနဲ့ ကျွန်မက. . . ကနေတာ''

မြစမ်းကြည် သတိရသည်နှင့် တောင်မြောက်ဝဲယာ မျက်စိကစားလိုက်ပြီး ကယောင်ကတမ်း ပြောဆိုတော့သည်။ တစ်စုံတစ်ဦးကို မျက်ကလူးဆန်ပျာရယ်၍ လိုက်ရှာနေသည်။ သူမနှုတ်မှ ရုတ်တရက် ထွက်လာသည့်စကားကြောင့် အားလုံး အံ့ဩနေကြ၏။

''သမီး''

''ရှင်. . . ရှင်''

''သတိပြန်ရပြီလား''

''ရ. . . ရပါပြီ. . . ဟို. . . ဟို အစ်ကိုကြီးစိန်ချစ်မြိုင်ရော''

ဘဘမင်္ဂလာဦးအောင်ချိန်က လက်ထဲမှရေမန်းကို ပါးစပ်ထဲဝင်အောင်တိုက်လိုက်သည်။ ဘုရားစာများလည်း ရွတ်လိုက်သည်။ ရေမန်းနှစ်ငုံခန့်သောက်ပြီးသောအခါ ခုတင်ပေါ် ဝုန်းခနဲထိုင်ချလိုက်ပြီး ဘဘ၏ ခါးကိုဖက်၍ ရှိုက်ငိုလိုက်တော့သည်။

သည်မှာ ကျွန်တော့်အလှည့်ရောက်ပြီမို့ လူအုပ်ကို လက်နှင့်တွန်းဖယ်ပြီး သူမရှေ့မှာ ခါးထောက်၍ရပ်လိုက်သည်။

''မမ''





သူမက ကျွန်တော့်ခေါ်သံကြောင့် အားနည်းသော မျက်လုံးအစုံဖြင့် မော့ကြည့်သည်။

''မမ မြစမ်းကြည်''

ကျွန်တော်က တုန်ခါဒေါသထိုင်းအသံနှင့် ဒုတိယအကြိမ် ခေါ်လိုက်တော့ ငေးကြည့်နေသည်။

''ခင်ဗျား. . . ခင်ဗျား. . . ဘယ်လိုလုပ်လိုက်တာလဲဗျာ. . . ဟင်''

''ဘာ. . . ဘယ်. . . ဘယ်လို. . . မောင်လေး''

''ခင်ဗျား. . . ခုမှ မသိယောင်ဆောင်မနေနဲ့။ ခင်ဗျား ဇာတ်ခုံပေါ်မှာ ကျုပ်. . . ကျုပ်ကို အရှက်ခွဲ ချိုးပစ်လိုက်တာ မမှတ်မိတော့ဘူးလားဗျ. . . ဟင်''

''မမ. . . မင်းကို အရှက်ခွဲတယ်၊ ချိုးတယ်၊ အို. . . မဟုတ်ဘူး။ မဟုတ်ဘူး''

''ဒီမှာ မမမြစမ်းကြည်၊ မယုံရင် ခင်ဗျား ဟောဒီဇာတ်ခုံပေါ်က ဇာတ်အဖွဲ့သားအားလုံးကို မေးကြည့်. . . မေးကြည့်ဗျ။ ဒါမှ မကျေနပ်သေးရင် ဟောဟိုဇာတ်စင်အောက်က ပရိသတ်အားလုံးကို အခု ခင်ဗျား သွားမေးကြည့်၊ အခုမေးကြည့်၊ ထဗျာ၊ မေးကြည့်လိုက်စမ်းပါ. . . ဟင်း''

ကျွန်တော် ရက်စိတ်ဖြင့် အရမ်းပေါက်ကွဲနေပြီ။ သူမသည် အသားများ ဆတ်ဆတ်တုန်နေသည့် ကျွန်တော့်ခန္ဓာကိုယ်နှင့် မျက်နှာကို တစ်လှည့်၊ အနားမှာ အာရုံစိုက်ကြည့်နေကြသည့် ဇာတ်အဖွဲ့သားများကို တစ်လှည့် စုံစေ့နှီးပါး လိုက်ကြည့်ပြီး သူမဘာသာသူမ အံ့ဩနေသည်။

''မောင်လေး. . .၊ ဘဘ''

''ပြောပါ သမီး။ သမီး ဘာကြောင့် ခုလို ဇာတ်ခုံပေါ်မှာ စည်းဖောက်ရတာလဲ''

ဘဘမင်္ဂလာဦးအောင်ချိန်က သံမှန်နှင့် မေးလိုက်သည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကို အလျှင်စလို ခါလိုက်ရင်း–

''ဟင့်အင်း. . . သ. . . သမီး စည်း. . . စည်းမဖောက်ဘူး။ မဖောက်ဘူး။ ဟို. . . ဟို''

''ခင်ဗျား စည်းဖောက်တယ်၊ ဖောက်တယ်. . . ခင်ဗျားအမှားကိုဝန်ခံပါ''

ကျွန်တော် ကျုံး၍အော်ပစ်လိုက်သည်။

''မဟုတ်ဘူး. . . မဟုတ်ဘူး။ ဒီ. . . ဒီလိုပါ ဘဘရယ်။ ဒီ. . . ဒီလိုပါ''

''ပြော သမီး၊ အမှန်အတိုင်း ဘဘကိုပြောပါ''

''သ. . . သမီး အရမ်းကို အံ့ဩနေတယ် ဘဘရယ်။ သမီးအားလုံးကို မှတ်မိပါပြီ။ သမီးနဲ့ စိန့်ချစ်ကြိုင် စံတော်ချိန် တီးလုံးနှစ်ပါးသွားကို ကနဦးအက,လေ့ကျင့်တဲ့အတိုင်း က,နေတာ သမီးမှတ်မိပါတယ်။ အဲဒီလို. . . မောင်ချစ်ကြိုင်နဲ့ က,နေတုန်းမှာပဲ ဇာတ်ခုံပေါ်ကို သူ. . . သူဝင်လာခဲ့တယ်''

''သူ. . . သူဆိုတာ ဘယ်သူလဲ''

''ဟို. . . ဟို၊ အစ်ကိုကြီး. . . ကိုချစ်မြိုင်''

''ဟင်. . .''

''ဟာ. . .''

''ဟယ်. . .''

''ဘုရားရေ. . .''

''ဟုတ်ပါ့မလား၊ မဖြစ်နိုင်တာ''

''ကိုချစ်မြိုင်က သေပြီဥစ္စာပဲ သမီးရဲ့''

အားလုံး သူမစကားကြောင့် အံ့ဩကုန်ကြသည်လည်း ရှိ၏။ တုန်လှုပ်သွားတာလည်း ရှိ၏။ မယုံတာလည်း ရှိကြ၏။





''ဘုရားစူး. . . စူးရစေရဲ့၊ ကျွန်မ အမှန်အတိုင်းပြောတာပါ ဘဘရယ်။ ကျွန်မပြောတာမယုံရင် လက်မခံချင်ရင်လည်း ကျွန်မကို ကြိုက်သလို စီရင်ကြပါတော့။ ဟီး. . . ဟီး. . . ဟီး. . . ဟီး ကျွန်မတို့ က,နေချိန်မှာ အစ်ကိုကြီးကိုချစ်မြိုင်ဟာ မင်းသားဝတ်၊ မင်းသားစားနဲ့ ဇာတ်ခွင်ထဲ ဖြုန်းခနဲဝင်လာပြီး ကျွန်မကို လက်ယပ်လှမ်းခေါ်နေတယ်။ ဒီမှာ ကျွန်မ အရမ်းအံ့ဩသွားခဲ့ရသလို သိပ်ကိုလည်း ဝမ်းသာသွားခဲ့တယ်။ ကျွန်မ စိန့်ချစ်ကြိုင်နဲ့ ထိန်းဖေးခေါ်ပြီး က,နေရာက အစ်ကိုကြီးကိုချစ်မြိုင်ကိုလည်း မမျှော်လင့်ဘဲ ဇာတ်ခုံပေါ်မှာမြင်လိုက်ရရော ကျွန်မစိတ်တွေဘယ်လိုဖြစ်သွားမှန်းလည်း မသိရတော့ဘူး။ ဝမ်းသာသလိုလည်းရှိရဲ့၊ မှလသူ့(ဇာတ်ဆရာ)ရဲ့ အမိန့်ကို နာခံချင်သလို ဖြစ်လာခဲ့ပြီး မျက်လုံးထဲမှာ မောင်လေးစိန့်ချစ်ကြိုင်ကို လုံးဝမမြင်တော့ဘဲ ဇာတ်ဆရာအစ်ကိုကြီးစိန့်ချစ်မြိုင်ကိုပဲမြင်ပြီး သူဦးဆောင်တဲ့အတိုင်း သူနဲ့ကျွန်မ အားရပါးရအပြိုင်က,နေမိတယ်။ ဒီမှာ. . . သူကလည်း အရှုံးမပေးစတမ်း က,ရမယ်ဆိုလို့ ကျွန်မလည်း ကြောက်ကြောက်နဲ့ အပြိုင်က,ပစ်လိုက်တယ်။ နောက်ဆုံး ဇာတ်စင်ပေါ်မှာ သတိလစ်သွားတဲ့အထိပါပဲ။ ဒါ. . . ဒါအမှန်ပါ ဘဘရယ်။ အခု. . . သူ. . . သူ''

အားလုံး ထူးခြားဆန်းကြယ်သောဖြစ်ရပ်ကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အံ့ဩသထက် အံ့ဩကုန်ကြတော့သည်။ မင်းသမီးငယ်လေးများက ကြောက်လွန်း၍ ဘုရားတ,ကြသည်။ လူရွှင်တော်ကြီးများက ခေါင်းညိတ်၍ မျက်ရည်သုတ်ကြသည်။

ကျွန်တော်လည်း မကြားစဖူး မကြုံစဖူး ကြားလိုက်ရ၍ အံ့ဩပြီး မယမြစမ်းကြည်ကို ငေးကြည့်နေမိသည်။ မမသည် မျက်ရည်များကိုသုတ်လိုက်ပြီး ရှိုက်နေလိုက်သည်။

ဒီမှာ ဘဝအတွေ့အကြုံရင့်လှသည့် ဘဘဦးအောင်နိုင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မောင်ချစ်မြိုင်၊ မောင်ချစ်မြိုင်၊ အစွဲအလမ်းကြီးရှာပေသကိုး။ လူကလေးရယ်. . . မောင်ချစ်မြိုင်ရေ. . . လူကလေးရဲ့၊ မင်းနဲ့ ဘဘတို့ ဘဝခြားသွားပြီဥစ္စာ၊ ဘာလို့ ခုလိုလုပ်ရသတုံး. . . သားရဲ့။ ဟီး. . . ဟီး. . . ဟီး. . . ဟီး"

ထိုညက နောက်ပိုင်းဓာတ်ကြီး မကာ့ခင် ကျွန်တော်တို့အားလုံး တစ်ယောက်ကိုတစ်ယောက် ဖက်၍ငိုကြသည်။ ဘဘက ငို၍ဝတော့ ကွယ်လွန်သူ အစ်ကိုကြီးကို အမျှပေးဝေပြီး နှောင်ဒီလိုမလုပ်ဖို့ မေတ္တာရပ်ခံသည်။

ဩော်. . . အစ်ကိုကြီး။ အစ်ကိုကြီး။ သူနှင့် ထာဝစဉ် တွဲကာ့ခဲ့သည့် မမြစမ်းကြည်နှင့် ဓာတ်အဖွဲ့ကို သံယောဇဉ်အစွဲကြီး စွဲခဲ့ပါကလား။

နောက်နေ့ မိုးလင်းသောအခါ လက်ရှိ ပွဲခင်းကာ့နေသည့် မြို့မဈေးသို့သွား၍ ဘုန်းကြီးဆွမ်းအတွက် ဈေးသွားဝယ်ကြပြီး ဓာတ်သမများက ချက်ပြုတ်ကြသည်။ ဘဘနှင့် ကျွန်တော်က မြို့ပေါ်မှ အကျင့်သီလ အရာမှာ ကြည်ညိုနှစ်မြို့က်ဖွယ်ရှိသည်ဟု ဂုဏ်သတင်းကျော်စောသည့် သံဃာတော်ကြီးငါးပါးကိုပင့်ခဲ့၍ ဓာတ်ခုံပေါ်တွင် ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဓာတ်အဖွဲ့သားများ စုပေါင်းကောင်းမှု အစ်ကိုအတွက် ရည်စူးပြီး သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်နှင့် လှူဖွယ်ဝတ္ထုငွေများ လှူဒါန်းကြသည်။

ဓာတ်သဘင် အစွဲအလမ်းစိတ်နှင့် မကျွတ်မလွတ်နိုင်ရှာဘဲ တကောက်ကောက်လိုက်ကာ သူ့ကိုယ်သူ ဓာတ်သမားဘဝပုံစံနှင့် ကိုယ်ထင်ပြ၊ ပူးကပ်လိုက်ပါ ကာ့နေချင်သော ကွယ်လွန်သူ ဓာတ်ဆရာ အစ်ကိုကြီး စိန်ချစ်မြိုင်ကို ရည်စူးဖိတ်ခေါ်၍ ပရိတ်တရားနာကာ အမျှဝေကြသည်။

အမျှဝေသံအဆုံးမှာ အားလုံးမျက်ရည်မဆည်နိုင်ကြ။ ဒီမှာ ဘဘ





က ရှိုက်သံကြီးနှင့်. . .

"စိန်ချစ်မြိုင်ရေ. . . လူကလေး။ ကောင်းရာသုဂတိဘုံကို ငါ့သား တပည့်ကြီး သွားပါတော့။ ဘဘတို့နဲ့ မလိုက်ခဲ့ပါနဲ့ သားကြီးရဲ့။ ဟီး. . . ဟီး. . . ဟီး"

သို့ကလို ဘဘပြောရင်း ငိုချလိုက်စဉ် မမျှော်လင့်သော အသံတစ်ခုကို ဓာတ်အဖွဲ့သားအားလုံး စင်ပေါ်မှ နားနှင့်ဆတ်ဆတ်ကြားလိုက်ရသည်။ ကြားလိုက်ရသည့်အသံကား ပတ်စာခွာထားသည့် ဆိုင်းပတ်ဝိုင်းကို ဗုံအကြီးမှသည် အသေး၊ အသေးမှသည် အကြီး ပတ်ချာမွှေ၍ တီးလိုက်သည့်အသံပဲ ဖြစ်သည်။

တရားနာပြီးကြသူများသည် ဓာတ်ခုံပေါ်မှနေ၍ ဘယ်သူတီးသလဲ သိလိုစိတ်ဖြင့် လှမ်းကြည့်လိုက်သောအခါ ဆိုင်းဝိုင်းထဲမှာ ဘယ်သူမှ မရှိ။ ရွာစားကြီးလည်း ဒီမှာ တရားနာနေသည်။

တီးသူမရှိဘဲ ဆိုင်းပတ်ဝိုင်းသည် ရုတ်ခြည်းတီးလုံးများ မြည်လာသည်ကို အားလုံးကြားလိုက်ရသောအခါ. . . ။

www.burmeseclassic.com

www.burmeseclassic.com




# ချစ်ဖွယ်ကတော့ ချစ်နေဆဲပါ

## (၁)

ရက်ရက်စက်စက် ထိုးသွင်းလိုက်တဲ့ ဓားချက်များ. . .

"စွပ်. . ."

"အင်. . ."

"အား. . . အ. . . အ. . . အ. . ."

ကျုပ် လုံးဝ မျှော်လင့်မထားခဲ့ဘူး။

ကြည့်စမ်း၊ ဓားချက်တစ်ချက်က ကျုပ်ရင်ထဲကို တစ်ဆုံးနီးပါး ဝင်သွားခဲ့သလို နောက်တစ်ချက်က ကျုပ်ရဲ့ဝမ်းပိုက်တည့်တည့်ကို တစ်ဆုံး နစ်သွားခဲ့တယ်။ ကျုပ် သူ့ရဲ့မျက်နှာကို ထိတ်လန့်အံ့ဩစွာ ငေးကြည့်ရင်း မြေကြီးပေါ်ကို လဲကျသွားခဲ့တယ်။ ဒီအချိန်မှာ ကျုပ်ရဲ့ဝိညာဉ်ဟာ အံ့ဩ ဝိုးရွံ့မှုများနဲ့ ရက်စက်ကြမ်းကြုတ်လွန်းလှတဲ့ သူ့လုပ်ရပ်များကို တွန်းထိုး ဖယ်ရှားပစ်နေပေမဲ့ သူက ဘာမှမသိဘူး။ မြေကြီးပေါ် သွေးသံရဲရဲနဲ့ လဲကျနေတဲ့ ကျုပ်ရဲ့ကိုယ်ခန္ဓာကို အသက်ရှိမရှိ စစ်ဆေးပြီး ကိစ္စတုံး အောင် စီရင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



''ဟော့လူ၊ မလုပ်နဲ့. . . မလုပ်ပါနဲ့. . .''

''ကျုပ်. . . ကျုပ်မှာဘာအပြစ်ရှိလို့လဲ. . . မသတ်ပါနဲ့ဗျာ''

''ဟော့လူ. . . တော်ပါတော့ဗျာ၊ အား. . . မလုပ်ပါနဲ့. . . မလုပ်ပါနဲ့. . .'' ကျုပ် လူသတ်သမားကို တွန်းထိုးအော်ဟစ်ပြောနေပေမဲ့ သူက လုံးဝဂရုမစိုက်ဘူး။ ကြားပုံလည်း မရဘူး။ သည့်နောက် လှုပ်ရှားလို့မရဖြစ်နေတဲ့ ကျုပ်ရဲ့ခန္ဓာကိုယ် အင်္ကျီအိတ်ထဲက ငွေစက္ကူတွေကို နှိုက်ယူလိုက်တယ်။ ရွှေလက်စွပ်ကို အမြန်ချွတ်ယူလိုက်တယ်။ လည်ပင်းက ဆွဲကြိုးကို သူ ဖြုတ်ယူလိုက်တယ်။ ကျုပ်ရဲ့ မှတ်ပုံတင်ကို ချုံတစ်ခုထဲ လွှင့်ပစ်လိုက်တယ်။ ပြီးနောက် သူ့လက်ပေါ်က သွေးတွေကို ဆိုင်ကယ်ကြားက အဝတ်စုတ်နဲ့သုတ်လိုက်ပြီး လဲကျနေတဲ့ ကျုပ်ရဲ့ဆိုင်ကယ်ကို စက်နှိုးပြီး အတင်းမောင်းနှင် စီးနင်းပြေးထွက်သွားပါရော။

''ဟော့လူ. . . ကိုကျောက်ရိုင်း. . . ကိုကျောက်ရိုင်း။ အဲဒါ ကျုပ်ဆိုင်ကယ်၊ ထားခဲ့. . . ထားခဲ့''

ကျုပ် ဘယ်လိုအော်အော် သူဟာ လုံးဝ လှည့်မကြည့်ဘဲ ကျုပ်ဆိုင်ကယ်ကို တရကြမ်းစီးနင်းပြီး ဟိုအဝေးကို ထွက်သွားပါရော။ ကျုပ်အပြေးလိုက်ခဲ့လိုက်သေးတယ်။ ဒါပေမဲ့ ဆိုင်ကယ်ရဲ့အလျင်ကို ကျုပ်လောလောဆယ် လိုက်လို့မမီဘူး။ ဒါနဲ့ သွေးသံရဲရဲနဲ့ မလှုပ်မယှက်ဖြစ်နေတဲ့ ကျုပ်ရဲ့ မြေကြီးပေါ်ကကိုယ်ခန္ဓာကို ကျုပ် ပြန်နှိုးနေမိတယ်။

''ချစ်ဖွယ်. . . ချစ်ဖွယ် ထလေ။ ဟော့. . . ချစ်ဖွယ်၊ မြန်မြန်ထပါကွ''

''ချစ်ဖွယ်. . . ထစမ်းပါ. . .''

ကျုပ်. . . ကျုပ် မူလကိုယ်ခန္ဓာချစ်ဖွယ်ကို အတင်းလှုပ်နှိုးနေတယ်။ ကျုပ်ကိုယ်ခန္ဓာ လုံးဝမလှုပ်ဘူး။ ကျုပ်လည်း လေထဲမှာ လွင့်မျောသလို





ဖြစ်လို့။ ဒါနဲ့ ကျုပ် မူလကိုယ်ခန္ဓာထဲကို ကျုပ်ရဲ့ ဖြူလွလွ၊ လွင့်တင့်တင့်ခန္ဓာအသစ်အား ပြန်သွင်းကြည့်တယ်။ အလို. . . ကျုပ်ရဲ့ မူလကိုယ်ခန္ဓာအစစ်ထဲကို ကျုပ် ပြန်ဝင်လို့ မရတော့ပါကလား။

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ဒီလိုနဲ့ ကျုပ်ခန္ဓာကိုယ် လွင့်မျောအသစ်နဲ့ ဟိုနားဒီနား လျှောက်သွားနေချိန်မှာ၊ အလို ကျုပ်လိုပဲ လေထဲလွင့်မျောနေကြတဲ့ ခန္ဓာအသစ်တွေ ကျုပ်ပတ်ဝန်းကျင်မှာ မနည်းကြပါလားဗျာ။ ဟင်. . . ကြည့်စမ်း။ သစ်ပင်ခွကြားမှာ။ သစ်ပင်အမြစ်ဆုံပေါ်မှာ။ အကိုင်းအဖျားတွေမှာ။ ကုန်းကမူနံဘေးမှာ။ မီးလောင်သစ်ငုတ်တို နံဘေးမှာ။ အရွယ်စုံ၊ သဏ္ဌာန်စုံပါပဲလား။

အချို့လေလွင့်ခန္ဓာကိုယ်သစ်နဲ့ လူတွေက သစ်လွင်တောက်ပလို့။ အချို့က မွဲတေညစ်ပတ်နံစော်လို့။ အချို့က ငိုလို့။ အချို့က ရယ်လို့။ အချို့က မှိုင်လို့။

ဒီမှာ အဘိုးအိုလို ခန္ဓာလွင့်ပုဂ္ဂိုလ်အချို့ ကျုပ်အနီးကို ရောက်ရှိလာတယ်။ ခန္ဓာလွင့် အဘွားအိုကြီးတွေလည်း ပါရဲ့။ ခန္ဓာလွင့်ကလေး၊ ကလေးမအချို့က ကျုပ်ရဲ့ ခန္ဓာလွင့်အသစ်ကို ဝိုင်းအုံကြည့်နေကြလို့။

ဒီမှာပဲ ခန္ဓာလွင့် အဘွားအိုတစ်ဦးက ကြင်နာတဲ့ လေသံနဲ့. . .

''မင်း ငါတို့နဲ့လာနေပါလား။ လူကလေး''





''ဟင့်အင်း. . . ဟင့်အင်း. . . မနေဘူး။ ကျုပ်မှာ အိမ်ရှိတယ်၊ ဇနီးရှိတယ်၊ သမီးရှိတယ် ခင်ဗျ''

''ဟား. . . ဟား. . . ဟား. . . ဟင်း. . . ဟင်း. . . ဟင်း''

''ဟီး. . . ဟီး. . . ဟီး. . . ဟီး''

''အို. . . ခင်ဗျားတို့က ဘာလို့ရယ်နေကြတာလဲ''

''မင်းမှာ အိမ်မရှိ၊ ရာမရှိတော့ပါဘူးကွာ။ ငါတို့နဲ့သာ လာနေပါ''

''အို. . . မနေဘူး။ လုံးဝမနေဘူး။ ခင်ဗျားတို့က ဘာမှန်းမသိဘူး။ မယ်. . . ကျုပ်ပြန်သွားမယ်''

ဒါနဲ့ ကျုပ်အိမ်ရှိရာကို ပြန်လာခဲ့လိုက်တယ်။ အလို. . . ကျုပ်မိန်းမ ရှိုက်ကြီးတငင် ငိုနေပါလား။ ကျုပ်သိပ်ချစ်ရတဲ့ သမီးလေး၊ မြတွေးရှင်လေးကလည်း မအေလုပ်သူ ကျုပ်မိန်းမ မိသက်ကိုဖက်ပြီးငိုလို့။ အနားမှာ အိမ်နီးချင်းတွေ။ သူတို့အားလုံးရဲ့ မျက်နှာမှာလည်း မျက်ရည်တွေနဲ့။

ကျုပ် အိမ်ထဲကိုပြေးဝင်ပြီး ဇနီးသည်ကို ကိုင်လှုပ်ပြီး မေးလိုက်တယ်။

''မိသက်. . . မိ. . . သက်. . . ဘာလို့ငိုနေတာလဲ မိသက်ရယ်။ မိသက် ဘာဖြစ်လို့လဲ၊ ဒီမှာအစ်ကိုလေ၊ မိသက်. . . မိသက်. . .''

ကျုပ်က သူ့ကို ဘယ်လိုပဲကိုင်လှုပ်လှုပ် မိသက်မကြားဘူး။ မသိဘူး။ ရဲအမှုထမ်းအချို့ရဲ့ အမေးကိုလည်း မျက်ရည်ပေါက်ကြီးငယ် ကျလျှက်က ဖြေနေတယ်။

''သမီး. . . သမီးလေး၊ မြ. . . တွေး. . . ရှင်၊ မငိုနဲ့. . . သမီးမငိုနဲ့။ အဖေ ဒီမှာ။ အဖေ သမီးအနားမှာ ရှိတယ်လေ။ သမီး. . . သမီးလေး''

မအေလုပ်သူကို ပြောလို့မရတော့၊ ကျုပ်သမီးကို ကိုင်လှုပ်ပြီး ပြောလိုက်ပြန်တယ်။ သမီးဟာ တွန့်ခနဲဖြစ်သွားပြီး မိခင်ရဲ့ ထဘီစကို ဘင်းကျုပ်စွာ ကိုင်လို့ ငိုပြန်ပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ အိမ်နံဘေးက ခွေးသုံးကောင်က ကျုပ်ကို တွေ့သွားပြီး ဆွဲဆွဲငင်ငင်အသံကြီးနဲ့ အူကြရော။ ခွေးအူသံတွေ ကြားရော ငိုနေ ကြသူအားလုံး နံဘေးနံဘီကို လှမ်းကြည့်ပြီး ပိုလို့ငိုကြပါရောဗျာ။

ဒါနဲ့ ရဲတပ်ဖွဲ့ကကားနဲ့ မိသက်ရော၊ အိမ်နီးချင်းတွေရော လိုက်ပါသွားခဲ့ကြတယ်။ ကျုပ်လည်း အဲဒီရဲကားပေါ် တွယ်ကပ်လိုက်ပါပြီး ဇနီးနဲ့ သမီးအနားမှာ ကပ်ထိုင်လိုက်ပါလာခဲ့တယ်။

မကြာခင် သွေးသံရဲရဲလဲကျနေတဲ့ ကျုပ် မှုလခန္ဓာကိုယ်အနီးကို ကားထိုးဆိုက်ပြီးနောက် ကျုပ်ရဲ့ လှုပ်မရတဲ့ခန္ဓာကိုယ်ကို စိုက်ကြည့်ပြီး ဇနီးနဲ့ သမီးဟာ သတိလစ်သွားတဲ့အထိ ငိုလိုက်တာ။ ပါလာတဲ့ အဖော်တွေက မနည်းဝိုင်းဝန်းပြုစုမှ ပြန်သတိရလာခဲ့ကြတယ်။

''မခင်သက်၊ ခင်ဗျားယောကျ်ားကို သတ်တဲ့လူ ရိပ်မိသလား''

ဟင်. . . ကျုပ်ကို သတ်လိုက်တာ။ ဒါ. . . ဒါဆို ကျုပ်. . . ကျုပ် သေသွားခဲ့ပြီပေါ့။ ဟို. . . ဒီ. . . ဒီမှာ၊ ရဲမှူးကြီးခင်ဗျာ၊ ကျွန်တော် ဒီမှာပါ။ ကျွန်တော်ချစ်ဖွယ် ဒီမှာပါခင်ဗျာ။

ဘယ်သူကမှ ကျုပ်ရဲ့ လွင့်မျောခန္ဓာကိုယ်ကို အရေးမစိုက်ကြတော့ဘူးဗျာ။ အသံကို မကြားရဘူး။

''မခင်သက် သိလား''

''ဟင့်အင်း. . . မသိပါဘူးရှင်။ ဟီး. . . ဟင့်. . . ဟီး. . . ''

''အစ်ကိုရေ. . . အစ်ကိုရဲ့''

''ဖေဖေကြီး. . . ဟီး. . . ဟီး. . . ဟီး. . . ဖေဖေကြီး. . . ''

''မိသက်. . . ငါ့ကို ဓားနဲ့ထိုးသတ်တာ ကျော်ကျော်ရှိုင်းဟ. . . ကျော်ရှိုင်း။ သူ ငါ့ပစ္စည်းအားလုံးကို ယူပြီးပြေးပြီ မိသက်ရ၊ ပြောလိုက် မြန်မြန်ပြောလိုက်ပါ။ ကျော်ကျော်ရှိုင်းလို့ ပြောလေ''

လိုအပ်သလို စစ်ဆေးမေးမြန်းပြီးနောက် ကျုပ်ရဲ့ အသက်မဲ့ခန္ဓာ





ကိုယ် ရုပ်အလောင်းကို ကားပေါ်တင်ပြီး ဆေးရုံယူသွားကြတယ်။

ကျုပ်. . . ကျုပ် သေပြီဆိုပါလား။ ဒါ. . . ဒါဖြင့် အခုရှိနေတဲ့ လွင့်မျောခန္ဓာကိုယ်အသစ်က. . . ။ ဟင်. . . ငါ ဝိညာဉ်၊ ပရဝိညာဉ် ဖြစ်နေပြီ။ အစိမ်းသေသတစ္ဆေ ဖြစ်ပြီပေါ့၊ ဖြစ်နေပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com

(၃)

ရဲတပ်ဖွဲ့က မသင်္ကာသူများနောက်ကို လိုက်လံစုံစမ်းနေကြတယ်။ ဆိုင်ကယ်အရောင်းသမားများ၊ ပွဲစားများ၊ လောင်းကစားသမားများ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များမှ အပ္ပတပြင်း စုံစမ်းနေကြတယ်။ အမှန် ကျုပ်ကိုသတ်တာ လူကြီးအောင်လည်း မဟုတ်ဘူး။ လူဆိုးထောင်ထွက် ကံမြင့်လည်း မဟုတ်ဘူး။ ကျော်ကျော်ရှိင်း၊ ကျော်ကျော်ရှိင်း။ ကျုပ်နဲ့ ကျောင်းနေဖက်ဖြစ်ခဲ့ဖူးတဲ့ ကျော်ကျော်ရှိင်း။

ဒီကောင်နဲ့ ကျုပ် ကွဲကွာသွားတာ နှစ်ပေါင်းမနည်းဘူး။ မသေခင် ၃ ရက်ကမှ ပိတောက်မြိုင် ဘီယာစတေရှင်မှာ ပြန်ဆုံကြတာ။ သူက ဆိုင်ကယ်ပွဲစားလုပ်နေတာတဲ့။ မိုးကုတ်က ကျောက်တစ်လုံးအောင်လာတာကို အရင်းပြုပြီး ဒီ(. . .)မြို့မှာ အခြေချနေတာတဲ့။

ကျုပ်ရဲ့ဆိုင်ကယ်အင်ဂျင် သိပ်မကောင်းဘူး။ ကြာရင် ဈေးရမှာ မဟုတ်ဘူး။ ဒါကိုကြည့်ပြီး ရောင်းပြီးအသစ်ဝယ်တဲ့။ လိုတဲ့ငွေ သူ ခဏချေးမတဲ့။ ကြည့်စမ်း၊ ကွဲကွာနေတဲ့ ကျောင်းနေဖက်သူငယ်ချင်းထဲမှာ ဒီကောင် လူမှုရေးအသိတတ်ဆုံးပဲဗျာ။ အဲဒါ သူချိန်းတဲ့နေရာကို သူနဲ့





လိုက်သွားရင်း သစ်တောစပ်မှာ ကျုပ်ကို သူ ရက်ရက်စက်စက် ဓားနဲ့ ထိုးသတ်လို့. . .။

ကျုပ် ရုပ်အလောင်းကို သင်္ဂြိုဟ်တဲ့အထိ လူသတ်တရားခံရဲ့ သဲလွန်စကို မဖော်ထုတ်နိုင်သေးလို့ အမှုလိုက်ရဲအရာရှိခမျာ အတော်ကို ခံပြင်းနေရှာတယ်။ ဩော်. . . ကျုပ် လူ့ဘဝမှာ မရှိတော့ဘူးကိုး။ ကျုပ် ချစ်မြတ်နိုးသူ ဇနီး၊ သမီး၊ မိတ်ဆွေသင်္ဂဟ၊ ဆွေမျိုးဉာတိများနဲ့ အပြီးတိုင် ခွဲခဲ့ရပြီကိုး။ သင်္ချိုင်းမှာ ပို့ဆောင်သူတွေ ဖွေးဖွေးလှုပ်လို့။ ကျုပ်ဇနီးကလည်း ခေါင်းဖုံးဖွင့် ကျုပ်မျက်နှာကိုကြည့်ပြီး 'အစ်ကိုရဲ့'အော်လို့ လဲကျသွား။ သူမကို မိတ်ဆွေများက အလျှင်စလို ကားပေါ်မွေ့တင်ကြ။

ဒီအချိန်မှာ အမှုလိုက်ရဲအုပ်က ဝိညာဉ်မဲ့ ကျုပ်ရဲ့မျက်နှာကို တစ်ချက် စိုက်ကြည့်ပြီး သစ်သားခေါင်းကို ကိုင်လျက်က ခပ်တိုးတိုး ပြောချလိုက်တယ်။

"ကိုချစ်ဖွယ်၊ ခင်ဗျားကို လုပ်ကြံသတ်ဖြတ်တဲ့တရားခံကို ကျုပ်တို့ နှံ့မှုပေါင်းပြီး လက်ရဖမ်းမိအောင် ကူညီပါဦး ကိုချစ်ဖွယ်၊ ခင်ဗျားကိုယ်တိုင် ဖမ်းမိအောင် ဖော်ထုတ်ပါဗျာနော်. . . ကိုချစ်ဖွယ်၊ ဒီကိစ္စ ခင်ဗျား အသိဆုံးပါ။ ကျုပ် မေတ္တာရပ်ခံတယ်ဗျာ။ မိအောင်ကူညီပါ"

ကျုပ်ရဲ့ဝိညာဉ်က သူ့အနီးမှာ ရှိနေတာ သူ မသိရှာဘူး။

"စိတ်ချပါ ရဲအုပ်ကြီးရယ်။ အဲဒီလူသတ်တရားခံ သစ္စာမရှိတဲ့ ကောင်ကို ကျုပ်ကိုယ်တိုင် ရှာဖွေပြီး ရဲလက် အရောက်ပို့ပေးပါမယ်။ စိတ်သာချဗျာ ရဲအုပ်ကြီးရေ"

ကျုပ်ရဲ့ အသက်မဲ့ခန္ဓာကိုယ် ရှိရာခေါင်းပေါ်ကို မြေကြီးမြေစတွေ တဝုန်းဝုန်း ပစ်ချနေကြတယ်။ အဲဒါမတိုင်ခင် အလောင်းကို စတီမီးရှို့ ခဲ့ကြသေးတယ်။ မြေကြီးမို့မောက်တက်လာပြီးနောက် စခန်းသိမ်းပြီး သွားတဲ့ သူငယ်ချင်းတွေလည်း သင်္ချိုင်းကနေ ပြန်ထွက်သွားခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းကိုချစ်ရောက. . .

"သူငယ်ချင်း ချစ်မွှယ်၊ မင်းကိုသတ်တဲ့တရားခံ ရက်ပိုင်းအတွင်း မိအောင် မင်းကိုယ်တိုင် ဖော်ထုတ်စမ်းပါ သူငယ်ချင်းရာ" တဲ့။

(၄)

အင်း. . . အတော့်ကို ပိရိသေသပ်တဲ့ကောင်ဗျာ။ ကျုပ်ကိုသတ်ပြီး ရွှေငွေနဲ့ ဆိုင်ကယ်ကိုယူသွားရာမှာ သဲလွန်စမကျန်အောင် ဒီကောင် ကျောက်ရိုင်း လုပ်သွားခဲ့တာကိုး။ ဒါကြောင့် အမှုလိုက်ကျွမ်းကျင်တဲ့ ဒုရဲအုပ်ခမျာလည်း စဉ်းစားရကျပ်နေရှာတာပေါ့။

ဒီလိုနဲ့ လေးရက်မြောက်နေ့မှာ ကျုပ်ရဲ့ လွင့်မျောဝိညာဉ်ရှိရာကို သျှောင်တစောင်း၊ အသားမည်းမည်း၊ ခန့်ခန့်ညားညား လူကြီးသုံးယောက် လာတွေ့ကြတယ်။ သူတို့လည်း လွင့်မျောတွေပဲ။

"ဟေ့သူငယ် (၇) ရက်ပြည့်ရင် အဘတို့နဲ့ လာနေနော်"

"ဗျာ. . . ဘာဖြစ်လို့ လာနေရမှာလဲဟင် အဘ"

"လူကလေးအဖြစ်ကို သနားလို့ပါ။ လူလေးက စိတ်ကောင်း နှလုံးကောင်း ရှိသူလေးမို့ပါ။ (၇) ရက်ပြည့်ရင် မင်းဖနီးက အမျှပေးဝေလိမ့်မယ်။ သေသေချာချာ သာဓုခေါ်ပါ လူကလေး။ အဲဒါတော့မမေ့နဲ့။ နို့မို့ ငါတို့ ပရဝိညာဉ်လောကထဲက အဆိုးဝါးဆုံး ပရဝိညာဉ်သားတွေနဲ့ ဒုက္ခဆင်းရဲခံပြီး နေနေရမယ် ကြားလား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟင်. . . အဲဒီလို. . . အဘတို့နဲ့နေရရင်ရော. . .''

''မင်းလို ကုသိုလ်ကောင်းမှုနဲ့ စိတ်ကောင်းရှိတဲ့လူကို နေရာချပေးဖို့ အဘတို့မှာ တာဝန်ရှိတယ်။ မမေ့နဲ့နော် လူကလေး''

''အဘ. . . ဟို. . . ဟို. . . ကျွန်တော့်ဇနီးနဲ့ သမီးတို့နဲ့ အတူနေလို့ မရဘူးလားဟင်''

''ဘယ်ရမလဲ လူကလေးရယ်။ သူတို့နဲ့ လူကလေး ဘဝခြားသွားပြီ၊ ဘယ်တော့မှ ပြန်ဆုံဖို့ မလွယ်တော့ဘူး။ အဘတို့ ဟောဟို ရွှေစေတီနံဘေးက ညောင်ပိန္နဲပင်ကြီးမှာ ရှိတယ်။ လာခဲ့''

သူတို့ ကျုပ်ရှေ့ကနေ လွင့်ပါးပျောက်ကွယ်သွားမှ ကျုပ်ကိုယ်ကျုပ် ပြန်သုံးသပ်မိခဲ့တယ်။

ဩော်. . . လောလောဆယ် ငါ အယူတိမ်းနေပါလား။ ငါ ပရ ဝိညာဉ် ဖြစ်နေပါကလား။ အင်း. . . တစ်ခုတော့ ပိုထူးခြားလာတယ်။ အဲဒါထူးခြားသော ကမ္ဘာဇိဒ္ဓိပဲလား မသိဘူး။ ပြောခွင့်ဆိုခွင့် လှုပ်ရှားနိုင်ခွင့်တွေ ဟိုနေ့များကထက် ပိုရှိလာတယ်။

အဲဒီအချိန်မှာပဲ ကျုပ်နံဘေးကနေ ဆိုင်ကယ်တစ်စီးဖြတ်သွားရော။ လှမ်းကြည့်လိုက်တော့ အဇလို ကျောက်ရိုင်း၊ ကျောက်ရိုင်းပါလား။

ဟင်. . . ဒီကောင် ဒီမြို့ကို ပြန်ရောက်နေတာကိုး။ ဒါနဲ့ ကျောက်ရိုင်းရဲ့နောက်ကို လျင်မြန်တဲ့အဟုန်နဲ့ ပြေးလိုက်လိုက်တယ်။ ကျောက်ရိုင်း အရမ်းကို သားနားနေပါလား။ ကြည့်စမ်း၊ သူ တည်းခိုခန်း အခန်းတစ်ခုထဲကို ဝင်သွားတယ်။ ကျုပ်ကလည်း သူ့နောက်က ကပ်လိုက်ခဲ့လိုက်တယ်။ သူ အပေါ်ဆုံးထပ်က အခန်းတစ်ခုရဲ့ တံခါးကိုခေါက်လိုက်တယ်။

ဒီမှာ တံခါးတစ်ချပ်ပွင့်လာပြီး အလွန်ကို ဆူဖြိုးတောင့်တင်းလှပတဲ့ မိန်းမရွယ်တစ်ယောက် ကျောက်ရိုင်းကို အပြုံးနဲ့ဆီးကြိုနေတယ်။ မိန်းမရဲ့မျက်လုံးအစုံက ညို့အားတယ်ပြင်းထန်သကိုး။ ကျောက်ရိုင်းက





အဲဒီမိန်းမကို ပွေ့ဖက်ပြီး တရှိုက်မက်မက် နမ်းလိုက်တယ်၊ သည့်နောက် သူတို့နှစ်ဦး ပွေ့ရာပေါ်ကို လဲကျသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

ကျောက်ရိုင်း စီးကရက်သောက်ပြီး တွေးနေချိန် ကျုပ် သူ့နောက်ကနေ သူ့နောက်ကျောကို လက်နဲ့ လှမ်းပုတ်လိုက်တယ်။ ခပ်ပြင်းပြင်း လေဟာပ်သလို ခံစားလိုက်ရလို့ သူက နောက်ပြန်လှည့်ကြည့်လိုက်တယ်။ သူ ကျုပ်ကို မမြင်ဘူး။ ဒီဘက်ကို လှည့်နေတုန်း ဟိုဘက်ကနေ သူ့ခေါင်းက ဆံပင်ကို လှမ်းကိုင်လိုက်ရော။ ငနဲ လန့်သွားတယ်။ ဘယ်သူလုပ်တာလဲဆိုပြီး တောင်မြောက်ဝဲယာ လှမ်းကြည့်လို့ သွေးလန့်နေတယ်။

ဒီမှာ ကျုပ်က သဘောကျပြီး ရယ်သံပေးလိုက်ရော၊ တစ်ယောက်တည်းရှိတဲ့ အခန်းထဲမှာ သူ ချောက်ချားဇ ပြုနေပါရော။ ဒါနဲ့ သူက စီးကရက်မီးကိုသတ်ပြီး ထအရပ်မှာ ကျုပ်က ခေါင်းအုံးတစ်လုံးနဲ့ သူ့နောက်ကျောကို ပ်ပေါက်လိုက်ရော။ ငနဲ အခန်းထဲက အလန့်တကြား ထွက်ပြေးပါရော။ အဟတ်. . . အဟတ် ဟား. . . ဟား. . . ဟား သတ္တိကောင်းလိုက်တဲ့ ကောင်ဗျာ။

မကြာဘူး။ သူ့ရည်းစားလား ဘာလားမသိပါဘူး။ ဟိုမိန်းမ ရေချိုး ခန်းက ပြန်ထွက်လာတယ်။ ကျကျနနအလှပြင်တယ်။ ပြီးတော့ မောင်မင်





ကြီးသားကို တရှိုက်မက်မက် မွှေးမွှေးပေးပြီး ပိုက်ဆံအိတ်ကောက်ကိုင်လို့ ပြန်ထွက်သွားရော။ ငနဲက ကောင်တာကို သွားပြီး အခန်းပြောင်းပေးဖို့ သွားပြောတာနဲ့ အခန်းနံပါတ် (၁၃) ရှိရာကို ရောက်သွားခဲ့တယ်။

အဲဒီအခန်းရောက်တော့မှ ဘရန်ဒီအရက် ပုလင်းပြားကို ထုတ်မော့ပြီး အိပ်ရာပေါ် ပစ်လှဲအိပ်ချလိုက်တယ်။

ဟင်း. . . မူးမူးနဲ့ အိပ်ပျော်သွားပြီဗျ။ ငနဲက တခူးခူးနဲ့ဟောက်လို့၊ ဟောက်လို့ကောင်းနေချိန်ကျမှ ကျုပ် သူ့မနောဝိညာဉ်ကမ္ဘာထဲကို ပူးကပ်ဝင်လိုက်တယ်။

ဒီမှာ ကျုပ်က သူ့ကို လှုပ်နှိုးလိုက်တာပေါ့။

"ဘယ်သူလဲကွ. . . ဘယ်သူလဲ. . ."

"ငါပါ. . ."

"ဘယ်က ငါလဲ. . ."

"မသိတော့ဘူးလား သူငယ်ချင်းရ။ ငါ ချစ်မွှယ်ပါ"

"ဟင်. . . ချစ်မွှယ်. . . ချစ်. . . မွှယ်. . . မင်း. . . မင်း သေပြီဥစ္စာ။ မင်း. . . မင်း သေပြီ"

"ဟား. . . ဟား. . . ဟား. . . မသေလို့ပြန်ဆုံကြတာပေါ့ ကျောက်ရိုင်းရာ။ ပော့ကောင် လူယုတ်မာ၊ သစ္စာမရှိတဲ့ကောင်။ မင်း ငါ့ကို ရက်ရက်စက်စက် သတ်ဖြတ်ပြီး ငါ့ပစ္စည်းတွေကို ယူသွားတယ်။ အခု ငါ. . . ငါ. . . ငါ့သမီး ငါ့ဇနီးနဲ့ သေကွဲ့ကွဲခဲ့ရပြီ၊ အဲဒါ မင်းကြောင့် မင်းကြောင့်။ လာ. . . မင်း အခု ရဲစခန်းကိုလိုက်ခဲ့. . . ထ. . ."

"အို. . . မလိုက်ဘူး။ မဟုတ်ဘူး။ မင်း. . . မင်း. . . သေပြီ. . . သေပြီ၊ သွား. . . သွား။ ငါ့ကို မနှောက်ယှက်နဲ့။ မင်း. . . မင်း. . . ထွက်သွား. . . ထွက်သွား. . ."

သူက အော်ပြောရင်းက ကျုပ်ရင်ဘတ်ကို ညာလက်နဲ့တွန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကုန်းထလိုက်တယ်။

''အေး. . . ရဲစခန်းကို မင်းခန္ဓာကိုယ်မလိုက်ရင် မင်းဝိညာဉ် လိုက်ကို လိုက်ရမယ်၊ ကိုင်း. . .''

ဒီမှာ ကျုပ်က သူ ကျုပ်ရင်ဝကို ထိုးခဲ့တဲ့ ကျွဲချိုရိုးတပ် ဓားမြှောင်ကို ကျုပ်ခါးကြားကနေ ဆတ်ခနဲဆွဲထုတ်ပြီး ချိန်ထားလိုက်တယ်။

''ဟင်. . . ဒါ. . . ဒါ. . . ငါ့ဓား။ မင်း. . . မင်း . . . ဒီဓားနဲ့ သေခဲ့တာ. . . သေခဲ့တာ''

''အေး. . . အခု မင်းပြန်ပြီး ဒီဓားနဲ့ ငါ သေခဲ့သလို သေရမယ်။ ကိုင်း. . . ကိုင်း''

''ရွပ်. . .''

''အား. . .''

''ရွပ်. . .''

''အမလေးဗျ၊ လာကြပါဦး. . . အ. . . အ''

ကျုပ်ကို သူထိုးသတ်ခဲ့သလို သူ့ရင်ဝနဲ့ ဝမ်းဗိုက်တည့်တည့် နှစ်ချက်ဆင့်ပြီး သူ့ဓားနဲ့ ပြန်ထိုးခဲ့လိုက်ရော၊ သူငယ်သံပါအောင် အလန့်တကြားခုတင်မွေ့ရာပေါ်မှာ လူးလိမ့်နေတယ်။

''အား. . . အမလေး. . . ချစ်. . . ဖွယ်. . . ချစ်ဖွယ်၊ မ. . . မလုပ်ပါနဲ့''

''အား. . . အင်း. . . လာကြပါဦး။ ချစ်ဖွယ် ကျုပ်ကို သတ်နေလို့''

''ဂုန်း. . . ဂုန်း''

''ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်''

''ချစ်. . . ဖွယ်. . . မ. . . မ. . . လုပ်ပါနဲ့။ မထိုးပါနဲ့. . . ချစ်ဖွယ်''

''ဒုံး. . . ဒုံး. . . ဒုံး. . . ဒုံး. . .''

''ဂုန်း. . .''





''အား. . .''

သူ ခုတင်ပေါ်ကနေပြုတ်ကျပြီး ဝမ်းဗိုက်ကိုလက်နဲ့အုပ်ရင်း ကုန်းရုန်းထလိုက်တယ်။ ဘေးဘီကိုကြည့်ပြီး တစ်ကိုယ်လုံး တုန်ယင်နေတယ်၊ သူ့နဖူးနဲ့ တစ်ကိုယ်လုံးမှာ ချွေးတွေသီးနင့်လို့။ သူ အိပ်မက်မက်နေမှန်း၊ အိပ်မက်မက်ရင်း ခုတင်ပေါ်က ပြုတ်ကျမှန်း သိသွားတော့ သူ အရမ်းဝမ်းသာသွားခဲ့ဟယ်။

ဒီအချိန်မှာ အခန်းတံခါးကို တဝုန်းဝုန်းထုနေလို့ ကပျာကယာအခန်းတံခါးကို ဖွင့်ပေးလိုက်တော့ အခန်းဝမှာ တည်းခိုခန်း မန်နေဂျာနဲ့ ညဉ့်ကြိုလူနှစ်ယောက်။

''ခင်ဗျား ဘာဖြစ်တာလဲ ဦးကျောက်ရိုင်း''

မန်နေဂျာလုပ်သူက သူ့ကို မသင်္ကာသလိုကြည့်ပြီး မေးလိုက်တယ်။

''ဗျာ. . . ဟို. . . ဟို. . . ဘာဖြစ်လို့လဲဗျာ. . . ဟင်. . .''

''ချစ်ဖွယ်. . . ချစ်ဖွယ်. . . ငါ့ကို မသတ်ပါနဲ့လို့ တအားကျုံးအော်နေလို့ဗျ''

''ဟင်. . . ဟို. . . ဟို. . . အဲ. . . အဲ. . . ဟိုဒင်းဗျာ၊ အိပ်မက်အိပ်မက်,မက်နေတာပါဗျာ။ အခု နိုး. . . နိုးပါပြီ။ ဘာမှ မဖြစ်တော့ပါဘူး။ အဟဲ. . . ဟဲ. . . ဟဲ. . .''

''ပြဿနာမရှာပါနဲ့ဗျာ။ ကောင်းကောင်းနေပါ''

''ဟုတ်. . . ဟုတ်ကဲ့ ခင်ဗျာ''

မန်နေဂျာနဲ့ ညဉ့်ကြိုနှစ်ဦးဟာ သူ့ကို အတန်ကြာ စိန်းစိန်းစိုက်ကြည့်ပြီး ပြန်လှည့်ထွက်သွားရော။ ကျောက်ရိုင်း ပစ္စည်းပစ္စယများကိုအလျင်အမြန် ထုပ်ပိုးသိမ်းဆည်းလို့ တည်းခိုခန်းခ ချက်ချင်းချေ၊ သော့အပ်ပြီး ဆိုင်ကယ်ပေါ် တက်လိုက်တယ်။

ကျုပ်ရဲ့ ဝိညာဉ်တစ္ဆေကလည်း သူ့ကို အလွတ်မပေးတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်နောက်ကနေ တက်ထိုင်လိုက်ပြီး သူနဲ့မခွဲတမ်း တွယ်ကပ်နေရာယူထားလိုက်တယ်။

အဲဒီအချိန်မှာ တည်းခိုခန်းမန်နေဂျာက တယ်လီဖုန်းဂဏန်းအချို့ကို လှည့်ပြီး တစ်နေရာကို လှမ်းစကားပြော ဆက်သွယ်လိုက်တယ်။

♛♛♛

## (၆)

ကျောက်ရှိုင်းဟာ မသင်္ကာစရာဖြစ်ရပ်များ ဖြစ်ခဲ့ရပြီမို့ ဒီနေရာကအမြန်ဆုံးစွန့်ခွာပြီး ဆိုင်ကယ်ကို မြို့ပြင်ဘက်စီးနှင်းလိုက်ခဲ့တယ်။ သူ့မြို့ကို ပြန်လာခဲ့တာ မှားပြီနဲ့တူပါရဲ့။ ကြည့်စမ်း၊ သူ လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ ချစ်ဖွယ် ဗိညာဉ်တစ္ဆေက သူ့ကို ချောက်လှန့်၊ အိပ်မက်ပေးပြီး နိမိတ်မကောင်းသော စကားများကို ဆိုခဲ့ပြီ။

"ရဲစခန်းကို လိုက်ခဲ့တဲ့၊ ဘုရား. . . ဘုရား"

ကျောက်ရှိုင်း စိတ်ဂနာမငြိမ် ဖြစ်နေတယ်ဗျာသိလား။ သူ့အကုသိုလ်က သူ့ကိုပြန်ချောက်လှန့်နေပြီ။ သူမသင်္ကာတဲ့ မျက်လုံးအစုံနဲ့ နောက်ပြန်လှည့်ကြည့် လှည့်ကြည့်လုပ်ပြီး ဆိုင်ကယ်ကို ကတုန်ကယင် စီးနှင်းနေရှာတယ်။

ဒီမှာပဲ ဆိုင်ကယ်နောက်က ကပ်လိုက်လာတဲ့ ကျူပ်က သူ့နောက်ကျောကို လက်ဝါးနဲ့ ပုတ်လိုက်ရော. . .

"အား. . ."

သူ ဆိုင်ကယ်ထိုးရပ်ပြီး နောက်ပြန်မလှုံမလဲ လှည့်ကြည့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူရိုက်တာလဲပေါ့။ ကျုပ်က ပြောချင်လိုက်တာ။ ငါ ရိုက်တာကွ၊ ချစ်ဖွယ် ဗိညာဥ်တစ္ဆေက ရိုက်တာလို့။ ဒီမှာ သူ စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိဖွာနေချိန်မှာ ကျုပ်က သူ့နှာခေါင်းနားကပ်ပြီး ဆိုးဝါးတဲ့ သွေးညှီနံ့နဲ့ အပုပ်နံ့ကို ဖန်တီးပေးလိုက်ရော၊ ငနဲ အော့အန်ပြီး ကြက်သီး ဖြန်းဖြန်းထလို့ ဟိုကြည့်သည်ကြည့် လုပ်ပြန်ပါရော။

ဒါနဲ့ ရယ်သံပြုလိုက်တယ်။ ဒီမှာ ငနဲ အကြီးအကျယ် လန့်သွားတာ ပဲ။ သူ့နံဘေးမှာ လူနဲ့တူလို့ ခွေးတောင်မရှိဘဲကိုး။ အဲဒီလိုအခြေအနေမှာ သူ့နားနား ဝန်းကျင်ကပ်ပြီး ရယ်သံလည်းကြားရော ဆိုင်ကယ်စက်ကို ချက်ချင်းနိုးလိုက်ပါလေရော။

မင်း နေဝင်ချိန်နီးပြီ ကျော်ကျော်ရိုင်း။

သူ့ဆိုင်ကယ်ကို တရကြမ်း လီဗာမြှင့်ပြီး ဒီမြို့က အမြန်ပြေးဖို့ ကြိုးစားနေတယ်။ သူ့ဆိုင်ကယ်ဟာ သန်လျင်–သုံးခွ ကတ္တရာလမ်းပေါ် မှာ မြားတစ်စင်းလို ပြေးနေတယ်။ ဒီမှာလည်း ကျုပ်က သူ့ရဲ့ ဟနေတဲ့ နံကြားကို လက်နဲ့ရိုက်လိုက်ရော၊ သူ့ လန့်ယောင်ပြီး ကွေ့ချလိုက်တာ ချိုင့်ခွက်တစ်ခုကို နင်းမိပြီး ဆိုင်ကယ်ကျွမ်းပြန်လဲကျသွားလို့ မျက်နှာနဲ့ ကတ္တရာလမ်းရှပ်တိုက်ပွတ်ပြီး လူတခြား၊ ဆိုင်ကယ်တခြား ဖြစ်သွားတော့ တာပဲ။

သူ့မျက်နှာ သွေးချင်းချင်းရဲသွားတယ်။ ဦးထုပ်လည်း လွင့်စဉ်သွား ပြီး တံတောင်ဆစ်နဲ့ ဒူးခေါင်းက သွေးတွေ မနည်းဘူးထွက်လို့။ သူ ထလို့မရသေးဘူး။ ညာခြေကျိုးသွားပြီ။

အဲဒီအချိန်မှာ လူတစ်ယောက်ပြေးဝင်လာပြီး သူ့ကို ကိုင်လိုက် တယ်။ ဒီမှာ သူ သွေးရူးသွေးတန်းနဲ့. . .

''ခင်. . . ခင်ဗျား၊ ဘယ်. . . ဘယ်သူလဲ. . . ဘယ်သူလဲ''

ဒီမှာ လူစိမ်းက သူ့ကို ကရုဏာသက်သလို စိုက်ကြည့်ရင်းက. . .





''ကျွန်တော့်နာမည် ချစ်ဖွယ်ပါ နောင်ကြီး''

''ဟင်. . . ချစ်. . . ဖွယ်. . . ချစ်. . . ဖွယ်. . . သွား. . . သွား. . . မင်း. . . သွား. . .''

''နောင်ကြီး. . . နောင်ကြီး. . . ဆိုင်ကယ်မှောက်နေလို့''

''သွား. . . မင်း. . . ထွက်သွား. . . မင်း. . . တစ္ဆေ. . . ချစ်ဖွယ်၊ တစ္ဆေ. . . သွား. . . သွား. . . သွား. . .''

ဒီလို ကယောင်ချောက်ချား သွေးရူးသွေးတန်း အော်ဟစ်နေချိန် ညည်းညူနေချိန်မှာပဲ ဂျစ်ကားတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်ကနေ ဒုရဲအုပ်တစ်ဦးနဲ့အတူ ရဲအဖွဲ့ဝင်များ။ (. . .)တည်းခိုခန်းမှ မန်နေဂျာနဲ့ ညွှန်ကြားနှစ်ဦးအပါအဝင် လူအချို့ ဆင်းလာတာလည်း မြင်ရော ကျော်ကျော် ရိုင်းက ပြေးမလို့ လုပ်တော့တာပဲဗျာ။

ဒါပေမဲ့ ပြေးလို့မရတော့ပါဘူး။

သူ့ခြေထောက်တစ်ချောင်းက ဘယ်လိုမှ လှုပ်လို့မရတော့ဘူးလေ။

''ဒီလူပါပဲ၊ ရဲအုပ်ကြီးခင်ဗျာ။ ချစ်ဖွယ်သေပြီ. . . သေပြီနဲ့ မသက်ာ စရာကောင်းအောင် အော်ရာကနေ ချက်ချင်းသော့အပ်၊ အခန်းအပ်ပြီး ပြေးသွားတာပါ''

''မင်းနာမည် ကျော်ကျော်ရိုင်းလား''

ဒုရဲအုပ်က မေးလိုက်တယ်။

''ဟုတ်. . . ဟုတ်ပါတယ်''

''မင်း. . . ပဲခူး မြန်နန္ဒာဆိုင်မှာ ဆိုင်ကယ်တစ်စီး ရောင်းသွားတာ မင်းမဟုတ်လား''

''ဗျာ. . .''

''မင်း. . . မငြင်းချင်၊ ဘူးမကွယ်ချင်နဲ့ ကျော်ကျော်ရိုင်း။ မင်းရောင်း သွားတာကို မြန်နန္ဒာဦးကျော်မဲက သေသေချာချာ ထွက်ဆိုပြီးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆိုင်ကယ်က လွှန့်ခဲ့တဲ့ ၆ ရက်က ဓားနဲ့ထိုးသတ်ခံရတဲ့ ချစ်ဖွယ်ရဲ့ ဆိုင်ကယ်ပဲ။ ပြစမ်း။ မင်းလက်က လက်စွပ်''

အကင်းပါး မျက်စိလျင်လှတဲ့ ဒုရဲအုပ်က ကျောက်ရိုင်းရဲ့ လက်သူကြွယ်က လက်စွပ်ကို လှမ်းယူကြည့်လိုက်တော့ လက်စွပ်အောက်ကွင်းမှာ အရစ်သုံးရစ်ကို ချက်ချင်းသွားတွေ့လိုက်ရော။

''ဒါ သေသူချစ်ဖွယ်ရဲ့လက်စွပ်ပဲ။ အောက်ကွင်းအလယ်မှာ အရစ်အစင်း သုံးတန်းနဲ့၊ မင်း ဘာပြင်းချင်သေးလဲ''

ကျောက်ရိုင်းခြေထောက်ကိုဖိရင်း နာကျင်စွာအော်လို့ ခေါင်းငိုက်စိုက်ကျသွားပါရော။

''မင်းငြင်းချင်ရင် မြန်နန္ဒာဦးကျောက်ပဲကို ခေါ်တွေ့ပေးမယ် ကျောက်ရိုင်း''

''မ. . . မ. . . ငြင်းချင်တော့ပါဘူးဗျာ။ ကျွန်. . . ကျွန်တော့်သူငယ်ချင်း ချစ်ဖွယ်ကို သတ်. . . သတ်မိပါတယ်. . . ခင်ဗျာ။ အ. . . အ. . . အား. . . အ. . .''

(၇)

ရက်လည်တဲ့နေ့ပေါ့ဗျာ။ ကျုပ်အိမ်မှာ တရားနာရေစက်ချ လုပ်နေတယ်။ ကြည့်ညိုဖွယ်ရာကောင်းလွန်းလှတဲ့ သံဃာတော်ကြီးငါးပါးအနက် တစ်ပါးက ကွယ်လွန်သူအတွက် ရည်စူး၍ပြုလုပ်ရသော ပေတကောင်းမှုကုသိုလ်ဒါန အလှူအတန်းအကြောင်း ဟောပြောနေတယ်။

''ဒကာမကြီး. . . ကွယ်လွန်သူကို ရည်စူးပြီး သီလစင်ကြယ်သော သီလဝန္တရဟန်းသံဃာအရှင်မြတ်များကို ပစ္စည်းလေးပါးဖြင့် လှူဒါန်းရသော အကျိုးကိုရည်၍ ရေစက်ချ အမျှပေးဝေတဲ့အခါမျိုးမှာ ကွယ်လွန်သူ သာဓုခေါ်နိုင်ပါလိမ့်မယ်။ မကျွတ်မလွတ်သေးတဲ့ဘဝ၊ ကွယ်လွန်ခါနီး အစွဲအလမ်းကြောင့် ပြိတ္တာ၊ တစ္ဆေဘဝရောက်ရှိနေရင် သာဓုခေါ်နိုင်ခွင့် အချို့ရကြပါတယ်။ သာဓုခေါ်နိုင်ရရင် ကောင်းသောဘုံဘဝကို ရောက်ရှိသွားပါလိမ့်မယ်။ ကိုင်း. . . ရေစက်ချအမျှဝေကြပါစို့''

သည့်နောက် ဆရာတော်ကြီးက ရေစက်ချကို ရှေ့ကတိုင်ပေးတယ်၊ နီးသည်အပါအဝင် ကြွလာကြသူ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက် ဆွေမျိုးများက လိုက်ဆိုကြတယ်။ ပြီးလည်းပြီးရော. . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုချစ်ဖွယ်ရေ အစ်ကို့အတွက်ရည်ရွယ်ပြီး ပြုသမျှကောင်းမှုကို အစ်ကိုအပါအဝင် ၃၁ ဘုံသားတို့အား အမျှပေးဝေပါတယ်။ အမျှ. . . အမျှ. . . အမျှ. . . အစ်ကိုရေ. . . အမျှ. . . အမျှ. . . အမျှ"

အို. . . ကျုပ်ရဲ့ချစ်ဇနီးက ကျုပ်ကို အမျှပေးဝေနေပါကလား။ ကျုပ် ကြည်နူးလိုက်တာ။ ဝမ်းသာလိုက်ရတာ။ အို. . . ကြည့်စမ်း၊ မိသက်ရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်ဥတွေ တွဲလွဲခိုစီးကျလို့၊ သမီးလေးကလည်း ငိုလို့။

မငိုပါနဲ့ သက်ရယ်. . .

သမီး. . . သမီးလေး. . . မငိုပါနဲ့နော်. . . သက်ရယ်. . . မငိုပါနဲ့၊

အဖေ. . . သာဓုခေါ်လိုက်မယ်. . . သမီးရယ်. . . ။

"သက်ရေ. . . သမီးလေးရေ. . . မင်းတို့ရဲ့ကောင်းမှု. . . သာဓုသာဓု. . . သာဓု. . ."

ကျုပ်ရဲ့နှုတ်မှားက သာဓုခေါ်သံလည်းဆုံးရော၊ ကျုပ်ကိုယ်ပေါ်က သွေးညိုနံ့တွေ လွင့်ပျောက်ကုန်ပြီး သေဆုံးစဉ်က အဝတ်အစားများ ချက်ချင်းလွင့်ပျောက်လို့ တောက်ပသစ်လွင်တဲ့ အဝတ်အစားတွေ ကျုပ်ကိုယ်ပေါ် ရောက်လာပါရောလား။

အို. . . ကျုပ်ကိုယ်က သင်းပျံ့တဲ့ အမွှေးရနံ့ ကျုပ် ပြန်ရလို့ပါကလား။

"မောင်ချစ်ဖွယ်. . . လူကလေး"

ကျုပ် ဒီလိုဝမ်းသာ အံ့သြဖြစ်နေတုန်းမှာပဲ နောက်ကနေ ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ သျှောင်တစောင်းနဲ့ အသားမည်းမည်း လူခန့်ခန့်ကြီးသုံးဦး အဝတ်အစားအဖြူအရောင်များ ဝတ်ဆင်လို့. . .

"အဘတို့ပါလား"

"လူကလေး သာဓုခေါ်နိုင်ခဲ့ပြီ။ မင်းက ဘဝဟောင်းက လူသူတော်





ကောင်းလေးပါကွယ်။ လာ. . . လူငဲလေး. . . အဘတို့ ရွှေဥဩင်ပင်ကို သွားကြစို့။ ဟိုနေရာကလည်း ပျော်ရွှင်ကြည်နူး ချမ်းမြေ့စရာကောင်းပါတယ် လူကလေးရယ်. . . လာ. . . ။

❀❀❀❀❀

www.burmeseclassic.com




# အရှက်တရားဆိုသည်

(၁)

ဟောဒီသတ္တလောကဟာ သက်ရှိထင်ရှားမြင်ရသည့် လူသတ္တဝါတွေနဲ့ သက်ရှိထင်ရှား မမြင်ရတဲ့ နာမ်လောကသား၊ ပရဝိညာဉ်လောကသားတွေ ရောယှက်နေတဲ့ လောကဆန်းတစ်ခုဆိုတာ အခန့်သင့်လို့ ကြုံကြိုက်ရင် နားလည်သွားနိုင်ကြတာပဲ၊ အများအားဖြင့် အဲဒီလို ထူးခြားဆန်းကြယ်ဖြစ်ရပ်များကို မုဆိုးတွေ အများဆုံးကြုံရလေ့ရှိသလို သာမန်ခရီးသွား၊ အရေးပေါ်ခရီးသွား၊ ရည်မှန်းချက်ရှိ ခရီးသွားများလည်း သွားရင်းလာရင်းကြုံခဲ့ကြဖူးပါတယ်။ အချို့ကိစ္စရပ်တွေက သိပ္ပံနည်းပညာနဲ့ ဆေးပညာက လိုက်လို့မမီသေးတာမျိုး ရှိနေပါတယ်။ စိတ်ပညာရှင်များကတော့ ဖြစ်နိုင်ခြေ သီအိုရီများနှင့် အနီးစပ်ဆုံးအဖြေကို ကောက်ချက်ချပေးနေဆဲပါ။

ကျွန်တော်လည်း ဒီလိုကိစ္စတွေကို စွဲစွဲလမ်းလမ်း စူးရှုးနစ်နစ် ယုံကြည်တယ်လို့တော့ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်နှိုက်က စာရေးဆရာမို့ ဆိုတော့ တစ်ခါတစ်ခါ အဖြစ်ဆန်းတွေ ကြုံတွေ့ရရင် ရေးချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ရေးတာပါ။ ကိုယ့်ဉာဏ်နဲ့ မပီသေးတော့ လောကဖြစ်စဉ် ဆန်းကြယ်တာကို ဆန်းကြယ်တယ်လို့ပဲ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောချင်တာပါ။

အဲဒီလိုနဲ့ ဖြစ်ရပ်ဆန်းကြယ်အချို့နဲ့ ကျွန်တော်တို့ ရင်ဆိုင်ပက်ပင်း ကြုံရတာပါပဲ။

♛♛♛

## ၂

တစ်နေ့ ကျွန်တော်တို့သင်္ဘောကျင်းကို သူငယ်ချင်းတစ်ယောက် ရောက်လာတယ်။ သူကလည်း သင်္ဘောသားပဲ။ နာမည်က ကောင်းညွန့်စိန်တဲ့။ ကျွန်တော်တို့သင်္ဘောကျင်းက သန်လျင်ရေနံ ချက်တီဆိပ်ကမ်းမှာ။ ဒီသင်္ဘောဆိပ်ကမ်းမှာ ဓနိတော(ရေနံ)နဲ့ ဆက်သွယ်နေတဲ့ ကုန်သွယ်မှု လုပ်ငန်းရော၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းပါ ပူးတွဲလုပ်ကိုင်နေရတာ။

မကြာခဏဆိုသလို နိုင်ငံခြား ရေနံကုမ္ပဏီက ရေနံစိမ်းတင်သင်္ဘောကြီးများ၊ မီးသွေးသယ်သင်္ဘောကြီးများလည်း ဆိုက်ကပ်တဲ့ ဆိပ်ကမ်းပါ။

သူငယ်ချင်း ကောင်းညွန့်စိန်က ချောက်ရေနံချောင်းဘက်က။ လူကလည်း လူပေလူတေခင်ဗျ။ အရက်နဲ့ အပျော်အပါးများ ကြိုက်သလား မမေးနဲ့။ ရည်းစားနဲ့ အရက်ပုလင်းတွေ့ရင် ဘယ်သူ့ကို အလျင်ဖက်နမ်းမလဲလို့ ကောင်းညွန့်စိန်ကိုမေးရင် အရက်ပုလင်းကို အဦးဆုံး ဖက်နမ်းပြီး အချစ်ကလေးရယ်၊ အို–အချစ်ကလေးရယ်လို့ သီချင်းဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကမယ့်သူဟာ ကောင်းညွန့်စိန်ပဲ။

တစ်နေ့ မြို့ထဲကိုသွားကြတယ်။ အပိုင်းခေါက်ဆွဲဆိုင်မှာ အရက်အတူသောက်ကြတယ်။ ရမ်တစ်ပုလင်းနီးပါး ကုန်ခါနီးတော့ ဆိုက်ကားငှားပြီး မိုးရိမ်းလမ်းဆုံကို လာခဲ့ကြတယ်။ မိုးရိမ်းလမ်းဆုံရောက်တော့ ဆိုက်ကားပြန်လွှတ်ပြီး သဘော်ဆိပ်အရောက် ကုန်းကြောင်းလျှောက်ဖို့ ပြင်ကြတယ်။

အထဲလမ်းကို ပြင်ပယာဉ် ဝင်ခွင့်မရှိဘူးလေ။

ဒါနဲ့ နှစ်ယောက်သား မူးယိုင်မူးယိုင်နဲ့ လျှောက်လာခဲ့ကြရာက ညောင်ပိန္နဲပင်ကြီးအောက်ကိုလည်းရောက်ရော ကောင်းညွန့်စိန်က ဆီးသွားချင်တယ်ဆိုပြီး လုပ်ရော။

ဒီမှာ ကျွန်တော်က ဝင်တားရတယ်။

''ကောင်းညွန့်စိန်၊ ဒီဝန်းကျင်မှာ ဆီးမသွားနဲ့။ အခြားနေရာရောက်မှသွား''

''ဘာ. . . ဘာဖြစ်လို့လဲ၊ တားမြစ်နယ်မြေလား''

''မဟုတ်ဘူး။ အကြောင်းရှိလို့ပါ။ လာပါ၊ ဟိုဘက်ကျမှပေါက်ပါ''

''မလိုဘူး။ မသွားဘူး။ ဆီးမသွားရ ကန့်သတ်နယ်မြေမဟုတ်ရင် ဟောဒီလို သွားတယ်ကွာ။ ဘာဖြစ်လဲ. . . ကဲ''

လူကလည်း လူရွှတ်မှ တကယ့်လူရွှတ်ပါဗျာ။ ပြောရင်းတန်းလန်းကနေ မူးနေတော့ ပုဆိုးကို စလွယ်ကွင်းသိုင်းလိုက်ရော။ အချိန်က မှောင်ရီမြိုးမြိုး။ ဒီဝန်းကျင်လမ်းမမှာ ပြင်ပခရီးသွား လုံးဝမရှိဘူး။ ကတ္တရာလမ်းရဲ့ ညာဘက်မှာ ရေနံချက်စက်ရုံဝင်းကြီးရှိပြီး လမ်းရဲ့ဘယ်ဘက်မှာ လယ်ကွင်းပြန့်ပြောကြီးနဲ့။ ကုလားတဲ၊ မြန်မာတဲ လေးငါးလုံး ဟိုတစ်စု ဒီတစ်စု၊ ဒါပဲရှိတယ်။

''ဟ. . . ဟ. . . ကောင်းညွန့်စိန်၊ ဒီဝန်းကျင်မှာ အဲဒီလို မတော်တရော် မလုပ်ရဘူးဟ''





''လူမရှိတဲ့လမ်းမမှာ ပုဆိုးကွင်းသိုင်းတာ ဘာဖြစ်လဲ ဝင်းမောင်ရ။ ဘာဖြစ်လဲ၊ ဘာဖြစ်လဲကွာ။ ပြော. . . ထို''

''ဟေ့ကောင်၊ ဟို. . . ဟိုသင်းမကြိုက်ဘူးဟ။ မလုပ်ပါနဲ့ကွာ''

''ဘယ်သူမကြိုက်တာလဲ၊ စက်ရုံမှူးလား၊ ရုံပိုင်လား''

ခက်တော့ခက်နေပါပြီ။ ဒီလို လူရွှတ်လူပေကို နားလည်အောင်ပြောဖို့က စကားလုံးရှာလို့မရ။

''ကောင်းညွန့်စိန်''

''အေ့. . . ဘာ. . . ဘာလဲ၊ သောက်တော်ဘူးရယ်နဲ့ အို–မကွာ တူမကွာ''

သူဟာ အရက်ပုလင်းကိုကိုင်၊ ပုဆိုးကွင်းသိုင်းနဲ့ ဆီးကော့ပန်းမလို့လုပ်နေတာနဲ့ သူ့လက်ကိုဆွဲပြီး အတင်းခေါ်ပေမဲ့ သူက ရုန်းကန်တွန်းထုတ်နေလို့ ခင်ဗျ။

''ဟေ့ကောင်. . . ကောင်းညွန့်စိန်၊ ဒီဝန်းကျင်က အပိုင်အဆိုင်တွေက ဒါမျိုးမကြိုက်ဘူး။ မင်း ဒုက္ခရောက်မှာစိုးလို့ပြောတာ။ ဟိုရှေ့နားရောက်မှ ပေါက်ပါကွာ။ လာပါ''

''နိုးနိုး. . . ဗဲရီးဆောရီး တောကြီးမြိုင်လယ်၊ မရတော့ဘူး။ မင်းရဲ့ဘာအပိုင် ညာအဆိုင်တွေလည်း ငါ လုံးဝဂရုမစိုက်ဘူး။ ကောင်းညွန့်စိန်ကွ. . . ရောဝတီမြစ်ရိုးတစ်လျှောက် ကြမ်းတဲ့နေရာတွေမှာတောင် ဒီထက်ကြမ်းခဲ့တဲ့ကောင်၊ သွားလေရော. . . ဟေး. . . ဟေး. . . ဟေး''

ဘယ်လိုမှ ပြောလို့မရဘူးဗျာ။ သူဟာ ညောင်ပိန္နဲပင်ကြီးရဲ့ အရိပ်ကျဝန်းကျင်မှာ မတ်တတ်ရပ်၊ ပုဆိုးကွင်းသိုင်းနဲ့ တဟားဟားရယ်လို့။

ကျွန်တော်ကတော့ ဒီလယ်တောဝန်းကျင်က (. . .) မောင်း စီညာဉ်သားများ။ ကွင်းပိုင်တောပိုင်များကို ခွင့်လွှတ်ဖို့ ပါးစပ်ကတောင်းပန်ရတာပေါ့။ သို့ကလို ကျွန်တော်တောင်းပန်လေ၊ သူက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ရယ်လေ။

အကြောင်းရှိလို့ပါ။

ဒီကိစ္စက ကောင်းညွှန့်စိန်လို အထက်သားက မသိဘူးလေ။ ကျွန်တော်တို့ကတော့ ဒီဒေသဝန်းကျင်မှာ အနှစ် (၄၀) နီးပါး နေလာခဲ့တော့ ဒီဒေသဝန်းကျင်ရဲ့ သဘာဝအထာများကို သိနေတာပေါ့။

ဒီဝန်းကျင်ဟာ အင်္ဂလိပ်ခေတ်တုန်းက ရေမတောနက်ကြီး။ တောနက်ကြီး နံဘေးမှာ ပင်လယ်ဝ မြစ်သုံးဆိုင်ရှိနေတယ်။ အင်္ဂလိပ်အစိုးရ အောက်မြန်မာပြည်သိမ်းပြီးနောက်ပိုင်း ဒီတောနက်ကြီးကို ရှင်းလင်းလို့ ဘီအိုစီရေနံချက်ရုံကို စတည်ခဲ့တယ်။

ဒီရေရောက်သစ်တောမို့ ကမ်းနားဝန်းကျင်မှာ လူတိုးမပေါက်။ လူမသွားရဲတဲ့ သင်ပေါင်းတောနဲ့ ဓနိတောကြီးကလည်း ဆယ်မိုင်ဝန်းကျင်မကာ ထူထပ်သိပ်သည်းစွာ ရှိနေတဲ့နေရာ။ ပြောရရင် ဒီဘက်ခေတ်ရောက်သည့်တိုင် အဲဒီတောကြီးကရှိတုန်း။

(ယခု စက်ရုံသစ်များတည်ဆောက်ခြင်း၊ ပန်းလှိုင်ဂေါက်ကွင်းနှင့် ဆက်စပ်ခြင်း၊ ရှေးဟောင်းသဘော်ပျက်များ ရှာဖွေခြင်း၊ လုပ်ငန်းသစ်များကြောင့် အထင်ကရ ဒီရေရောက်သစ်တော၊ သင်ပေါင်းတော၊ ဓနိတောကြီး ပြောင်တလင်းခါသွားခဲ့ပြီ ဖြစ်သည်။ စကားချပ်)

အဲဒီတောနက်ထဲမှာ ကျွဲရိုင်းတွေရှိတယ်။

(၁၉၈၀ ဝန်းကျင်အထိ ကျွဲရိုင်းများ ရှိနေခဲ့ဖူးသည်။ စကားချပ်)

တစ်မျှော်တစ်ခေါ် တောကြီးမို့ အခြားသားငှက်များလည်းရှိပြီး ကွင်းပိုင်တောပိုင် အမည်အမျိုးမျိုးနဲ့ နာမည်ကြီးသည့် နေရာကြမ်းကြီးခင်ဗျ။

အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက ချက်တီသဘော်ဆိပ်ကမ်းက ရှိနေတာလို့ သိရတယ်။ အခု ၁၉၆၂ ဝန်းကျင်ကစပြီး မြန်မာနိုင်ငံ





သားပိုင်ဘဝနဲ့ လုပ်ငန်းတွင်ကျယ်နေတာပေါ့။ တောက ဘယ်လောက်နာမည်ကြီးသလဲဆို အထဲ၌ သစ်ပင်ဝါးပင်၊ သင်ပေါင်းပင်များရှိတော့ မိုလ်ချုပ်ကျေးရွာ၊ ကုလားကုန်း၊ ဒါရိကာ၊ ဆိပ်ကြီး စသည့်ရွာများ၊ ရပ်ကွက်များက ထင်းခုတ်၊ ဝါးခုတ်၊ သင်ပေါင်းသားခုတ်၊ သင်ပေါင်းပိုးရှာ ကြိုက်သလိုလုပ်လို့ရတဲ့ တောပေါ့။ အခကြေးငွေ ပေးစရာလည်းမလိုဘူး။ ခုတ်နိုင်လို့က တစ်ရွာလုံးကြိုက်သလိုခုတ် မကုန်ဘူး။ မိကျောင်းလည်း ဝင်တဲ့တော။

အဲဒီဝန်းကျင်က လယ်သမားတွေဆိုရင် စပါးရိတ်သိမ်းပြီးတာနဲ့ အဲဒီတောနက်ထဲကို ကျွဲတွေ မောင်းအပ်လိုက်တာပဲ။ အပ်ပုံက ဒီလိုဗျ။ ကန်တော့ပွဲတစ်ပွဲပေးပြီး တောစောင့် (. . .) မောင်နှမကို–

''နောင်တော်ကြီးနဲ့ အစ်မတော်ကြီး၊ ကျွန်ုပ်တို့ကျွဲများကို မိုးမကျမီ တောထဲမှာ အပ်ပါတယ်။ မပျောက်မရှအောင် စောင့်ရှောက်ပါ'' လို့ ပြောပြီးအပ်။ ပြီးရင် တောထဲကို ကိုယ့်ကျွဲအုပ် ခလောက်အမှတ်အသား လုပ်ပြီး လွှတ်လိုက်ရုံပဲ။ အဲဒါ ကျွဲအကောင်ပေါင်း ရာနဲ့ချီပြီး တောထဲ ဝင်သွားကြတာ။ ကွင်းထဲမှာက နွေဆို အစာမြက်ရော ရေပါရှားတာကိုး။ တောထဲမှာ ရေအိုင်၊ ရေကန်ကြီးတွေရော သစ်ရိပ်ဝါးရိပ်နဲ့။ ဟိုအတွင်းထဲမှာ မြက်စားကျက်ကွင်းရှိတယ် မဟုတ်လား။

အဲဒါ ကျွဲတွေက အဲဒီတောထဲ ရှာစားကြရော။

မိုးကျခါနီးရောက်ရင် လက်ဖက်ပွဲ၊ ကန်တော့ပွဲ၊ ကြက်ဥပြုတ်၊ အမွှေးနံ့သာနဲ့ လျှုဒါန်းပင့်မြှောက်ပြီး –

''(. . .) မောင်နှမတို့ခင်ဗျာ၊ မိုးဦးလည်းကျပါပြီ၊ လယ်လုပ်ချိန်လည်း နီးပြီဖြစ်သည်မို့ ကျွန်ုပ်တို့အပ်နှံထားသည့် ကျွဲများအား တောပြင်ထုတ်၍ အိမ်အရောက်ပို့ပေးပါ ခင်ဗျား'' လို့ ပြောလိုက်ရင် ... ရှင်းတုံ့ပြစရာကောင်းတာပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွဲအုပ်ကြီး တောထဲကထွက်လာရော။ အို. . . ခလောက်သံကို ညံနေတာ။ နားမှုတ်သံ၊ ကျွဲအော်သံကို ညံနေတာ။ ကျွဲတွေဟာ တစ်စုံတစ်ဦးက မောင်းထုတ်လိုက်သလို အားလုံးထွက်လာကြတာ။ ဒီမှာ ကျွဲပိုင်ရှင်လယ်သမားက ကိုယ့်ကျွဲ၊ ကိုယ့်အမှတ်အသားနဲ့ ကိုယ်ရှာရုံပဲ။ အများအားဖြင့် ကျွဲများဟာ ထူးဆန်းစွာ ကိုယ့်တဲကိုယ် ပြန်ဝင်လာကြတာပဲ ခင်ဗျ။

တောထဲမှာ ဘယ်သူမှ ကျွဲနိုးမသတ်ရဲဘူး။ ကျွဲများ နိုးဖို့၊ သတ်ဖို့၊ ပေါ်ဖို့ကြိုးစားရင် အဲဒီတောထဲမှာတင် ကျွဲရိုင်းခတ်လို့ဖြစ်စေ၊ မြွေကိုက်လို့ဖြစ်စေ၊ မိကျောင်းကိုက်လို့ပဲဖြစ်စေ အသေဆိုးနဲ့ သေကြရတာ။ ကဲဒါဘယ်သူမှ မလုပ်ရဲကြဘူး။ အရမ်းကို ထူးဆန်းတယ်။

အဲဒီတောထဲကို သစ်ခုတ်၊ ဝါးခုတ်ဝင်ရင် (. . .) မောင်နှမကို စားဦးစားဖျားလေးစွန့်ပြီး ဝင်ရတယ်။ ကြက်ဥပြုတ်လေး တောအဝင်ကွန်းစင်မှာတင်ပြီး ဝင်ကြရတယ်။ အဲဒါ ဘေးရန်ကင်းရှင်းတယ်လို့ယူဆကြတာ။ တောထဲမှာ ကျွဲရိုင်းတွေလည်းရှိတယ်။ ဒါပေမဲ့ ကျွဲရိုင်းများဟာ ဟိုးအဝေးကြီးတောထဲ မြက်ခင်းမှာပဲနေကြတော့ ထင်းခုတ်သူများကို လုံးဝအနှောင့်အယှက် မပေးခဲ့ကြဘူး။

တစ်ခုတော့ရှိတယ်။

အဲဒီတောက အထဲကိုရောက်ရင် သီချင်းဆိုတာမကြိုက်ဘူး။ အဝင်မှာ လေချွန်တာမကြိုက်ဘူး။ ခါးတောင်းကျိုက်ဝင်တာမကြိုက်ဘူး။ ဓားသိုင်းကာဝင်တာမကြိုက်ဘူး။ သမီးရည်းစား ချစ်တင်းနှောတာမကြိုက်ဘူး။ အရက်သေစာ သောက်စားတာမကြိုက်ဘူး။ ဒူးပေါ်ပေါင်ပေါ်နေတာ ဝင်တာ လုံးဝမကြိုက်ဘူး။ ဘယ်သူမကြိုက်တာလဲ ဟုတ်လား။ (. . .) တောစောင့်မောင်နှမပဲပေါ့။

အဲဒီလို သူတို့မကြိုက်တာမျိုး တစ်ခုခုသွားလုပ်မိရင်လား။ တောထဲ





မှာ မျက်စိလည်ရင်လည်း၊ ဒါမှမဟုတ်ရင် မြွေဆိုးနဲ့ကြုံရင်ကြုံ၊ သို့မှမဟုတ်ရင်တော့ ကျွဲရိုင်းအလိုက်ခံရရော။

အထဲမှာပေါ့ဗျာ။

မယုံတဲ့ ကိုသောကြာတို့ထင်းခုတ်အဖွဲ့ အရက်သောက်ပြီး ညစ်ညစ်ညမ်းညမ်း ဆဲရေးတိုင်းထွာကြပါရောလား။

ဘာကြာလဲ၊ ကျွဲရိုင်းနှစ်ကောင် ဘယ်ကနေဘယ်လိုရောက်လာမှန်းမသိဘူး။ ဝင်ခတ်လိုက်တာ ကိုသောကြာ၊ ပန်းလှိုင်နဲ့ ဝေဝင်း ပွဲချင်းပြီးသေရော။

ဒါကြောင့် ဒီကွင်း။ ဒီတောဝန်းကျင်မှာ ဘယ်သူမှ ပမာမခန့်မတော်တရော် မလုပ်ရဲကြဘူး။ မလုပ်ကြဘူး။

(. . .) မောင်နှမဆိုတာ ဒီလိုနောက်ခံသမိုင်းနဲ့ဗျ။

မောင်နှမနှစ်ယောက်က အသားညိုညိုနဲ့ ချောကြတယ်။ အသက်ကလည်း (၂၀) နှစ်ဝန်းကျင်တွေ၊ ဒီတောမှာ ထင်းခုတ်ကြတာ။ မောင်နှမနှစ်ယောက် တယ်ချစ်ကြဆိုပဲ။ မိဘများကလည်း မရှိကြဘူး။ မောင်ညိုနဲ့ မယ်ညိုလို့ အများကခေါ်ကြတယ်။ ညိုလွန်းလို့ ကုလားမောင်နှမလို့တောင် အရပ်ကစကြတယ်။ မောင်ကြီး (အစ်ကို)လုပ်သူကလည်း မိန်းမမယူဘူး၊ နှမလေးလုပ်သူ မယ်ညိုကလည်း အိမ်ထောင်မပြုဘူး။ အိမ်ထောင်ပြုရမှာ ရှက်တယ်ဆိုကိုး ခင်ဗျာ။

အဲဒီလို အရှက်အကြောက်ကြီးတာ။

အဲဒီလိုနဲ့ တောထဲ သင်ပေါင်းသားအခုတ်သွားရင်း အစ်ကိုလုပ်သူနဲ့ နှမလုပ်သူတို့ဟာ သူတို့ကြည့်ဖူးတဲ့ ဇာတ်တစ်ဇာတ်ထဲက နှစ်ပါးသွားအချစ်သီချင်းကို ပျင်းပျင်းနဲ့ အဲဒီတောထဲမှာ ဆိုမိကြရော။ မောင်ကြီးတစ်လှည့်၊ နှမတစ်လှည့်ဆိုကြတာ အချစ်သီချင်းတဲ့။ ဆိုလို့လည်းပြီး မိုးမှောင်ကြီးကျ၊ လေပြင်းများကျပြီး တောခြောက်သံ၊ တောလိုက်သံများ



www.burmeseclassic.com

www.burmeseclassic.com



ကြားရလို့ ပြေးလိုက်ကြတာ။ အဲဒီမှာ ကျွဲရိုင်းအုပ်နဲ့တိုးပြီး အခတ်ခံရလို့ အသက်ဆုံးရှုံးသွားခဲ့ရတယ်။

ရွာသားတွေ လူစုလိုက်ရှာတော့ အရိုးအသား ခေါင်းတစ်စစီဖြစ်လို့၊ အဲဒီတုန်းက အဝေးကနေကြားကြ မြင်ကြသူများက သူတို့မောင်နှမရဲ့ သီချင်းဆိုသံကြားပြီး မကြာခင် အဲဒီလိုအဖြစ်ဆိုးနဲ့ ကြုံသွားရတာလို့ ပြောတယ်။

အချို့ကလည်း လူသံ(သီချင်းသံကြောင့်) အစာရှာထွက်တဲ့ ကျွဲရိုင်းအုပ်နဲ့ ပက်ပင်းတိုးပြီး ကျွဲရိုင်းခတ်လို့ သေတာလို့ ပြောကြရဲ့။

နောက်ဆုံး တစ်စစီဖြစ်နေတဲ့ အသားအရိုးများကိုကောက်ပြီး အဲဒီတောထဲက ညောင်ပင်အောက်မှာ မြှုပ်ခဲ့ကြသတဲ့၊ နှစ်ပေါင်းက ကြာလှပြီဖြစ်တဲ့ နောက်ခံသမိုင်းပါ။

အချို့ပြောတော့ မှုကွဲတစ်ခုမှာ ပိုးထိလို့ ဆုံးသွားကြတာတဲ့။

နောင်ကာလကြာတော့ ဒီတောနဲ့ဝန်းကျင်ကို သူတို့(. . .) မောင်နှမ စောင့်ရှောက်နေတယ်ဆိုပြီး တောဝင်သူတိုင်း၊ လယ်လုပ်သူတိုင်း စားပွဲနဲ့ စောင့်ရှောက်ဖို့ နေရာပေးခဲ့ကြတယ်။ လိုအပ်သလို စောင့်ရှောက်လာတယ်။

စောစောကပြောခဲ့တဲ့ သူတို့မကြိုက်တဲ့ အရက်အကြောက်မဲ့တာမျိုး မလုပ်ခဲ့ရင်ပေါ့။ လုပ်ရင်တော့ လုံးဝသည်းမခံဘူး။

ဒီအကြောင်း ကျွန်တော်တို့က အဆက်အဆက် ကြားဖူးကြုံဖူး၊ ပြောခဲ့ဖူးလို့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒီနယ်မြေဝန်းကျင်မှာ မသင့်လျော်ရာ ရုန့်ရင်းကြမ်းကြုတ်တဲ့ အပြုအမူများကို မလုပ်ကြဘူး။ ရှောင်လေ့ရှိတယ်။

♛♛♛

(၃)

အခု သူငယ်ချင်းသင်္ဘောသား ကောင်းညွန့်စိန်က မှဆိုးကွင်းသိုင်း၊ အရက်ပုလင်းကိုင်မော့ပြီး ကော့ပန်းနေတော့ သူ့အတွက် ကြမ်း စိုးရိမ်သွားခဲ့ရတာပေါ့များ။

ဆီးသွားလို့ပြီးရော ဒယီးဒယိုင် သူ့ကိုတွဲပြီး နာရီဝက်လောက်လျှောက်ရဦးမယ့် သင်္ဘောဆိပ်ရှိရာကို အရောက်လာခဲ့ရတယ်။

ညက မှောင်မည်းနေတာပဲ၊ အဲဒီလို သူ့ကိုတွဲခေါ်သွားနေချိန်မှာ နောက်ကနေ လူအပြေးလိုက်လာတဲ့ ခြေသံမျိုးကြားရလို့ လှည့်ကြည့်လိုက်တော့ ဘယ်သူမှမရှိဘူး။

တစ်ခါ ရှေ့ဆက်သွားပြန်ရော၊ တောက်ခေါက်လိုက်တဲ့ အသံမျိုးကို မမျှော်လင့်ဘဲ ကြားရပြန်ပါရော။ ဒါနဲ့ မေးရရော။

''ကောင်းညွန့်စိန်. . . မင်း တောက်ခတ်လိုက်သလား''

''ဟင့်အင်း. . .''

ဘုရား. . . ဘုရား။ ဘယ်သူများပါလိမ့်၊ နောက်မှာလည်း လူမတွေ့ရ၊ ဘေးဘီမှာလည်း လူမတွေ့ရ။ ဒီည ထူးခြားလှချေလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ပြေးလိုက်လာတဲ့ ခြေသံမျိုးကြားလိုက်၊ တောက်ခတ်သံကြားလိုက်၊ ''ဖွီ''ခနဲ ''ထွီ''ခနဲ တံတွေးထွေးသံမျိုး ကြားလိုက်နဲ့ လာလိုက်တာ (၉) ဂိတ်ကိုရောက်တော့မှ ကားကြုံရတာနဲ့ ကားကြုံနဲ့ သဘော်ဆိပ်ကို ရောက်လာခဲ့ရတယ်။

သဘော်ပေါ်ရောက်ရော အဲဒီမှာ ပြဿနာနဲ့ ကြုံရတော့တာပဲ။

ကောင်းညွှန့်စိန် ပေါင်ကြားကအောင့်လို့တဲ့။ သူဟာ ပုခက်စင်ပေါ်မှာ လူးလိမ့်နေတယ်။

ဘာကြောလဲဗျာ၊ မရှိမသေစကား။

ကြည့်နေရင်းမှာပဲ။

သူ့မွေးရာပါ ရောင်ကိုင်းကြီးထွားလာလိုက်တာ ပေါင်နှစ်ချောင်း စေ့လို့မရတော့ဘူး။ ပေါင်နှစ်ချောင်းကို ကားထားရတယ်။ ကပ္ပယ်အိတ်နဲ့ ရွှေပန်းလိုင်တံဟာ အကြီးကြီးဖြစ်ပြီး တင်းဖောင်းနေတယ်။

သဘော်ဆလင်အုပ်ကြီး ဦးဝင်းအောင်နဲ့ ကြိုးချုပ်တက်ကိုင် ဆီထိုးလုပ်သားများလည်း မကြုံစဖူး မမြင်စဖူးမို့ ကြောက်လန့်တုန်ရိမ်သွားကြတာပေါ့။ ကောင်းညွှန့်စိန်ဟာ ကိုက်တယ်၊ နာတယ်၊ ဆီးသွားလို့ မရဘူးနဲ့ ကွဲလိုက်နွားလို အော်နေရပြီ။

နောက်ဆုံး ဆေးခန်းကို ကားနဲ့ အမြန်ပို့လိုက်ရတယ်။

ဆေးခန်းက ဖြစ်ကြောင်းကုန်စင်မေးတော့ ကျွန်တော်က လမ်းခရီးညောင်ပင်အောက်ဝန်းကျင်မှာ ဆီးကော့ပန်းတဲ့အကြောင်း၊ ပြောပေမဲ့ ဆရာဝန်က အဆိပ်ရှိသောပိုးမွှား (သို့) ယားယံစေသောပစ္စည်းနဲ့ ထိမိလို့လို့ ကောက်ချက်ချပြီး စားဆေး၊ ထိုးဆေးများနဲ့ ကုသပေးလိုက်တယ်။ ကောင်းညွှန့်စိန်ရဲ့ရောဂါက ထူးခြားမလာခဲ့ဘူး။ အရောင်လည်းမကျဘူး။ ကျွန်တော့်အိမ်မှာ အရေးပေါ်ခေါ်ထားရပြီး ဆေးခန်းမှာ နေ့စဉ် ဆေးထိုးနေသည့်တိုင် ရောဂါအခြေအနေက ပိုဆိုးလာတယ်။ ဆီးတစ်စက်ကျဖို့





အရေး မျက်ရည်ပေါက်ပေါက်ကျအောင် အော်ငိုနေရတယ်။

ဒီအကြောင်း ကျွန်တော့်အသိ ဂိတ်မှူးကြီး ဆရာစိုးကြားသွားပြီး တစ်နေ့နံနက် အိမ်ကိုရောက်လာခဲ့တယ်။ သူ့ကို အကြောင်းစုံပြောပြလိုက်တော့ သူက လူနာကောင်းညွှန့်စိန်ကို ကြည့်တယ်။ နောက် သူပြန်သွားတယ်။

နာရီဝက်လောက်ကြာတော့ ဂိတ်မှူးကြီး ဆရာစိုးနဲ့အတူ အသက် (၇၀) ခန့် သျှောင်တစောင်းနဲ့ အဘိုးအိုတစ်ဦး ပါလာတယ်။

''ဒီသူငယ်ပါပဲ ဆရာကြီး၊ ကျေးဇူးပြုပြီး စစ်ဆေးပေးပါခင်ဗျား''

အဘိုးကြီး၏နာမည်က အဘဦးရွှေမာဒင်တဲ့၊ စိန်မာဒင် မဟုတ်ဘူးနော်။ ဗေဒင်ဆရာ၊ ပယောဂဆရာကြီးတဲ့။ နာမည်ကြီးလို့ပြောတယ်။

အဘဦးရွှေမာဒင်ဟာ သူငယ်ချင်း ကောင်းညွှန့်စိန်ကို သေသေချာချာမေးမြန်းစစ်ဆေးပြီး ကျောက်သင်ပုန်းတစ်ချပ်ပေါ်မှာ နေ့နံဇာတာကို စစ်ဆေးတယ်။ ပြီးတော့ သူ့နည်းပညာနဲ့ ဘုရားရှေ့မှာ အာရုံခံပြီး ခေါင်းတညိတ်ညိတ်၊ ခေါင်းတခါခါ ချော့ပြောလိုက်၊ တောက်ခတ်လိုက် လုပ်နေတယ်။

အတန်ကြာတော့ ''သာဓု. . . သာဓု. . . သာဓု'' လို့ ပါးစပ်က ပြောဆိုပြီး-

''မောင်ဝင်းမောင်''

''ခင်ဗျာ. . . အဘ''

''မင်းသူငယ်ချင်းက မကြိုက်တာ သွားလုပ်ခဲ့တာကိုးကွယ့်''

''အမိန့်ရှိပါ အဘခင်ဗျာ''

''အဲဒီဝန်းကျင်က (. . .)မောင်နှမကွင်းဆိုတာ မင်းတို့မသိဘူးလား''

''သိပါတယ်. . . အဘ''



www.burmeseclassic.com

www.burmeseclassic.com



''သိရဲ့သားနဲ့ ဘာလို့ သူတို့မကြိုက်တဲ့ကိစ္စ သွားလုပ်ရတာတုံး''

''ဒီ. . . ဒီကောင်က အယုံအကြည်မရှိဘူးအဘ။ ကျွန်တော် တသးမြစ် သတိပေးပေမဲ့ သူက လုံးဝလက်မခံဘူး''

''ဒီလိုလား။ ဟော့. . . သူငယ်၊ နာမည်. . . ဘယ်သူ''

''ကောင်းညွန့်စိန်ပါ. . . အဘ''

''မောင်ကောင်းညွန့်စိန်''

''ဗျာ. . . ဗျာ. . . အား. . . ကျွတ်. . . ကျွတ်. . . သေပါပြီဗျ၊ အား. . .''

''မင်းက မယုံကြည်ဘူးဆိုကွယ့်''

''အား. . . အမလေးဗျ၊ အား. . . အား. . . အမေ. . . အမေရဲ့ အား. . .''

''ဒီမှာသူငယ်၊ မင်းရောဂါဝေဒနာကို ခေတ်ပေါ်ဆေးနဲ့ ဆက်ကုသွားမှာလား။ တို့နည်း၊ မြန်မာ့နည်းနဲ့ ကုပေးရမလား။ မင်းက ကာယကံရှင်၊ ပြော. . .''

''ကြိုက်. . . ကြိုက်သလို. . . လုပ်ပေးပါ. . . အဘ. . . ဆ. . . ဆရာကြီး ခင်ဗျာ. . . ဟာ. . . အမယ်လေးဗျ. . . ဆီးသွားချင်တယ်ဗျ အား. . .''

ကောင်းညွန့်စိန် ထလို့မရဘူး။ ပေါင်နှစ်ချောင်းကို ကားထားရတယ်။ ဆရာဝန် (မိတ်ဆွေ)က အိမ်တိုင်ရာရောက် လာကြည့်ပေးပေမဲ့ ဘယ်လိုမှ ဆေးမတိုးလို့ ဆေးရုံတင်သင့်ကြောင်း ပြောပြတယ်၊ ကောင်းညွန့်စိန်က ဆေးရုံလည်းမတက်ချင်ဘူး။ ဆေးရုံရောက်ရင် ဆရာမတွေနဲ့ တွေ့ပြီး မျက်နှာပြရခက်နေလို့။ ခုတောင် အိမ်နီးနားချင်းများကြားပြီး အုံခြကြလို့ လာလာသတင်းမေးနေတာ သူ အတော်ဒုက္ခရောက်ပြီး သေသာသေချင်ပါပြီကွာလို့ ညည်းနေတယ်၊





''မောင်ဝင်းမောင်''

''ခင်ဗျာ. . . အဘ''

''အဘ၊ (. . .)မောင်နှမကို မေတ္တာရပ်ခံထားတယ်။ သူစိမ်းနယ်စိမ်းကမို့ပါ။ မသိနားမလည်လို့ မဆင်မခြင် ပြုလုပ်မိတာပါ။ သားတို့ သမီးတို့ တစ်ကြိမ်တစ်ခါမသိလို့ လုပ်မိသူကို ခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံထားတယ်။ ခုချက်ချင်း လက်ဖက်တစ်ပွဲ၊ ကြက်ဥပြုတ်နှစ်လုံး၊ အမွှေးတိုင်များနဲ့ သူ မတော်တရော်လုပ်ခဲ့တဲ့ နေရာဝန်းကျင်မှာ ပြောဆိုတောင်းပန်ရမယ်''

''သူပါလိုက်ရမလား အဘ''

''သူကိုယ်တိုင်. . . တောင်းပန်ရမှာပေါ့''

''ဟုတ်ကဲ့. . . ခင်ဗျ''

ဒါနဲ့ အမေ့ကို လိုအပ်တဲ့ပစ္စည်းများ အရေးပေါ်စီစဉ်နိုင်းပြီး ပစ္စည်းလည်း၊ စုံရော ဆွဲခြင်းထဲထည့်၊ မြင်းလှည်းတစ်စီးပေါ် လူမမာကြီးကို စောင်နဲ့ပွေ့တင်ပြီး အဘဆရာကြီးပါခေါ်လို့ ထွက်လာခဲ့ကြတယ်။

ဂိတ်ဝရောက်တော့ ဂိတ်မှူးဆရာစိုး ပြောလိုက်လို့ မြင်းလှည်းကို ညောင်ပိန်နဲ့ပင်ဝန်းကျင်အရောက် မောင်းချလာပြီး လူမမာဝေဒနာသည်ကို မွေ့တွဲထူကာ ချပေးလိုက်တယ်၊ သည့်နောက် အဘဆရာကြီးဦးရွှေမာဒင်က လက်ဖက်၊ ဘဲဥ၊ အလင်းတိုင်နဲ့ အမွှေးတိုင်များထွန်းညှိပြီး မေတ္တာရပ်ခံလိုက်တယ်။

''ကောင်းညွန့်စိန်''

''ခင်ဗျာ. . . အဘ''

''ငါတိုင်ပေးတဲ့အတိုင်း လိုက်ဆို''

''ဟုတ်. . . ဟုတ်ကဲ့ ခင်ဗျ. . . အား''

''(. . .) မောင်နှမတို့ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''(. . .) မောင်နှမတို့ခင်ဗျာ''

''ကျွန်တော် နောင်တော်တို့ မောင်နှမစောင့်ရှောက်သည့် နေရာဝန်းကျင်မှာ''

''---xxx---''

''မသင့်မလျော်သော အပြုအမူများကို မှုးရှူး၍ ပြုမိပါတယ်''

''---xxx---''

''တစ်ကြိမ်တစ်ခါ အမှားမို့ သည်းခံခွင့်လွှတ်ပါလို့ တားမွယ်များနဲ့ တောင်းပန်ပါတယ် ခင်ဗျာ''

''---xxx---''

''ကိုင်း. . . သားတို့ သမီးတို့၊ စောင့်ရှောက်လက်စနဲ့ ဆက်လက်စောင့်ရှောက်ကြပါဗျာ''

သို့ကလို ပြောဆိုတောင်းပန်ပြီး အိမ်ပြန်လာခဲ့ကြတယ်။ အိမ်ရောက်တော့ အဘဆရာကြီး ဦးရွှေမာဒင်က ရေတစ်ခွက်ကို မန်းမှုတ်လို့ ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးတော်လို့ပြောပြီး ဖြစ်နေတဲ့အနာပေါ် ရေမန်းနဲ့တောက်ချပေးပြီး ရေမန်းကို တိုက်လိုက်တယ်။ မကြာခင် ကောင်းညွန့်စိန် အိပ်မောကျသွားခဲ့တယ်။

♛♛♛

(၄)

''ဝင်းမောင်. . . ဝင်းမောင်. . . သူငယ်ချင်း''

''ဟဲ့. . . ဝင်းမောင် လူလေး၊ နင့်သူငယ်ချင်း နိုးလာပြီ၊ ခေါ်နေတယ်''

''လာပြီ. . . လာပြီ. . . ကောင်းညွန့်စိန်၊ မင်းနိုးပြီလား။ ဘာလုပ်ချင်လို့လဲ''

''ငါ. . . ဆီးသွားချင်လို့''

''ဟေ. . . ဆီးသွားချင်လို့၊ ခဏလေး. . . ခဏလေး''

''မြန်မြန်လုပ်ပါကွ''

ဒါနဲ့ သူ့ကိုပွေ့ထူပြီး ဆီးခွက်လည်း ထိုးခံပေးလိုက်ရော သွားလိုက်တဲ့ ဆီးတွေဗျာ။ ဒလဟောပဲ၊ ခွက်ကို ပြည့်လျှံသွားတာပဲ၊ ဒီမှာ ထူးဆန်းစရာကောင်းတာကဗျာ ငါးမိနစ်ခြား သုံးခါလည်း ဆီးတွေသွားပြီးရောရောမ ကြီးထွားရောင်ကိုင်းနေတဲ့ ကပ္ပယ်အိတ်ကြီးနဲ့ လိင်တံဟာ တဖြည်းဖြည်း ရှုံ့ရှုံ့ပိန်ကျသွားလိုက်တာ။ မကြာခင် နဂိုမွေးရာပါအတိုင်း ပြန်ပြီး သွားပြီး ကျုပ်တို့ကောင် ငုတ်တုတ်ထထိုင်နိုင်ပါလေရော။ ထူးဆန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်ကိုကြည့်ပြီး ကျွန်တော်ရော၊ သူရော၊ အမေရော ဝမ်းသာလွန်းလို့ပျာ။

မကြာခင် အိပ်နီးနားချင်းများရော ရောက်လာပြီး. . .

''သက်သာသွားပြီဆိုဗျ''

''အဟီး. . . သက်သာသွားပြီဗျ''

''ဟား. . . ဟား. . . ဟား. . . ဟား သဘောပေါက်ပေ့ါ ဆရာရယ်၊ အချို့နေရာဒေသတွေက ထူးခြားဆန်းကြယ်ဖြစ်စဉ် ဖြစ်ရပ်တွေ ရှိတယ်ဗျ။ ယုံပြီလား''

''အေးဗျာ. . . တကယ့်ကို အံ့သြစရာပါပဲဗျာ''

ခုမှပဲ ငနဲသားက ရယ်နိုင်မောနိုင် ပြောနိုင်ဖြစ်လာတယ်။ ခမျာ ဝမ်းသာလွန်းလို့။

''ဝင်းမောင်''

''ဘာလဲ. . . ကောင်းညွန့်စိန်''

''ငါအိပ်ပျော်နေချိန်မှာ အိပ်မက်ဆန်းတစ်ခု မက်တယ် သူငယ်ချင်း''

''အိပ်မက်ဆန်း ဟုတ်လား။ ဘာအိပ်မက်ဆန်းလဲ ကောင်းညွန့်စိန်ရ ဟင်လို့''

''အိပ်မက်ထဲမှာ အသားညိုညိုယောကျ်ား သျှောင်တစောင်းနဲ့ အသားညိုညို မိန်းမချောချောတို့ကို တွေ့ရတယ်။ အရွယ်ကောင်း လူချောတွေပဲ။ အလွန်ကိုယဉ်ကျေးပြီး ရှေးကျလှတဲ့ အရပ်အဝတ်အစားသဏ္ဌာန်နဲ့ကွ။ သူတို့က မောင်နှမတဲ့။ ငါ့ကို သူတို့မောင်နှမက ဘာပြောသွားလဲ ဆိုတော့. . .''

''လူဟာ ယဉ်ကျေးရတယ်၊ အသိပညာ ရှိရတယ်တဲ့၊ လူဟာ တိရစ္ဆာန်တွေ မဟုတ်ဘူး။ နောက်ဆုံးတစ်ခွန်း ဘာပြောသွားလဲ သိလား''





''ပြောပါ သူငယ်ချင်း''

''အဲဒီတစ်ခွန်းက အရမ်းကို အတိနာစေတဲ့ စကားကွာ''

''ဘယ်လိုပြောသွားလို့လဲ ကောင်းညွန့်စိန်ရာ''

ကျွန်တော်အပါအဝင် အိမ်နီးနားချင်းများအားလုံး ကောင်းညွန့်စိန်ရဲ့ အိပ်မက်က နောက်ဆုံးစကားလုံးကို ငံ့လင့်နေကြစဉ်မှာပဲ–

''ခင်ဗျားက လူစင်စစ်ဗျာ၊ အရှက်တရားရှိစမ်းပါတဲ့''

''ဟင်. . .''

''အို. . . အဲဒီလို ပြောသတဲ့လား''

''ဟုတ်ပဗျာ''

''သူငယ်ချင်း သဘောပေါက်ပေ့ါကွာ။ တို့သတ္တလောကဝန်းကျင်မှာ လူရယ်၊ သတ္တဝါရယ်၊ အလင်းရယ်၊ သဘာဝအလှတရားရယ်တင် ရှိတာမဟုတ်ဘူး. ကောင်းညွန့်စိန်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့သလို (၃၁) ဘုံသားတွေ ရောပြွမ်းနေထိုင်ကြတာ။ အဲဒီမှာ မမြင်ရသော ပုဂ္ဂိုလ်များနဲ့အတူ ပရဝိညာဉ်သားတွေ ရှိနေကြတယ်၊ အဲဒီထဲမှာ အချို့သော ပရဝိညာဉ်သားတွေက အရှက်တရားနဲ့ သူတို့လောကဘုံဘဝကို စောင့်ရှောက်ထိန်းသိမ်းနေကြဆဲပဲ။ မင်းတို့ငါတို့က လူပါ။ လူဆိုတာ ပညာအသိနဲ့ ရပ်တည်နေတဲ့ သက်ရှိပါ။ မင်းတို့ ငါတို့ဟာ သူတို့ထက် ''အရှက်တရား''ကို ပိုမိုထိန်းသိမ်းစောင့်ရှောက်သွားရမယ် ဆိုတာ ဒီနေ့ကစပြီး နားလည်ပါတော့ သူငယ်ချင်းရာ. . .''

(မှတ်ချက်။ ။ သန့်လျင် ရေနံသဘော်သား ဦးဝင်းမောင် (ငြိမ်း) ပြောပြသည့် ဖြစ်ရပ်မှန်ကို ပြန်လည်ရေးဖွဲ့ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com




## ဆီးကြိုပါ့ နှမများရယ်၊
## ဆီးကြိုပါ့ ညီတော်များရယ်

ခုမှ မင်းကို ပြစ်ကြောင်းကုန်စင် ပြန်ပြောရတာ မောင်မှိုင်းရေ၊ မှန်ရာပြောရရင် ငါက လူပျို့လူရွယ်ဘဝတုန်းက ခါးပိုက်နှိုက်၊ အလစ်သုတ်သမားကွ။ ငါနဲ့ အစဉ်တွဲဖက် လုပ်ဖော်ကိုင်ဖက်က ကျိုးကန်းဆိုတဲ့ကောင်။ ငါ့နာမည်က သိန်းကြီး။ သေသိန်းကြီးလို့လည်း ခေါ်တယ်။ (ခါး) သေသိန်းလို့လည်းပဲ ခေါ်တယ်၊ တို့လောကသား အများစုကတော့ သိမ်းငှက်ကြီးပဲ ခေါ်ကြတာများတယ်။

ငါနဲ့ ကျိုးကန်းက အလစ်သုတ်ရာမှာ၊ ခါးပိုက်နှိုက်ရာမှာ ကျိုးကန်းလိုလျှင်ပြီး သိမ်းငှက်လိုမြန်တယ်၊ အတွဲအဖက်လည်း ညီတယ်။ ကျိုးကန်းက အကင်းပါတယ်။ နပ်တယ်၊ လျှင်တယ်၊ ချက်ဆို နားခွက်က မီးတောက်ပြီးသားပဲ။

ငါတို့ရဲ့စားကျက်နယ်မြေက ရန်ကုန်ဆို အဲဒီအချိန်က ပုဇွန်တောင် (၁၂)ကားလိုင်းမှာ။ ငါတို့မြို့ပေါ်မှာဆိုရင်တော့ မြဟံသာရုပ်ရှင်ရုံ၊ မ[illegible]ရုပ်ရှင်ရုံ၊ ဘောလုံးကွင်းဈေး (ယခု မြို့မဈေးကြီး)နဲ့ သီတာ[illegible]ဆိပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ရယ်ပဲ။ ပထမနှိုက်လို့ကောင်းတဲ့နေရာက သီတာသဘော်ဆိပ်ကွ။ ဆိပ်ကမ်းကို သင်္ဘောများကပ်ပြီဆိုရင် ခရီးသည်တွေ အလုအယက် ပြေးဆင်းပြေးတက်လုပ်ကြတာကိုး။ အဲဒီလို ခရီးသည်ဇောကပ်နေချိန်ဆို အသာယှဉ်တိုးလိုက်သွားပြီး ကပ်နှိုက်၊ ဒါမှမဟုတ် နောက်ကနေ နှိုက်တယ်။ အလုပ်ဖြစ်ပဲပေါ့။

ဒုတိယနေရာက ဘောလုံးကွင်းဈေးကြီးပဲ၊ နံနက် (၇)နာရီကနေ (၉)နာရီအချိန်အထိက များပန်းခပ် လူစည်ချိန်ပဲ။ ကုန်ဈေးတန်းတိုင်း ဈေးဝယ် ဈေးသည်ကို ကျပ်နေတာပဲ။ ငါးစိမ်းတန်းလို ညှီစော်နံတဲ့ နေရာမှာလည်း တိုးမပေါက်ဘဲ ဈေးဝယ်က ဝယ်ရမည့်ပစ္စည်းပေါ်မှာ အာရုံစူးနစ်ဝင်နေတော့ နှိုက်ရတာအရမ်း လွယ်တယ်မောင်ပိုင်းရဲ့။ ဆွဲခြင်းထဲက ပိုက်ဆံအိတ်ကိုပဲ နှိုက်နှိုက်၊ ချိုင်းကြားက ပိုက်ဆံအိတ်ကိုပဲ အလစ်သုတ်သုတ် နှိုက်ပြီးလစ်ပြီး ကျိုးကန်းနဲ့ လက်ပြောင်းလက်လွှဲ လုပ်လိုက်ပြီးရင် အိုကေပဲ။

ကားပေါ်မှာလား။ ဟင့်အင်း ကားပေါ်မှာနှိုက်ခဲတယ်။ အန္တရာယ်က တကယ်များကွ ငါ့ညီရ၊ အရင်က ကားပေါ်မှာ နှိုက်ခဲ့ဖူးပါတယ်၊ အနှိုက် ကောင်းလို့ လက်ထိတ်တန်းလန်းနဲ့ ထောင်ခြောက်လစီ ကျခဲ့ရပြီးပါကော လား။ ရှိုးစမိုးဂိုက်ပေးကောင်းကောင်းနဲ့ အဘိုးကြီးတစ်ဦးရဲ့ တိုက်ပုံ အင်္ကျီအိတ်ထဲ နှိုက်နေတုန်း ကားပေါ်မှာတင် လက်ထိတ်ခတ်ခံလိုက်ရ တာ။ အရှက်ပါ တစ်ခါတည်းကွဲရော. . . ဖွီ။

အဘိုးကြီးနဲ့ မျက်နှာချင်းဆိုင်ထိုင်နေတာ အရပ်ဝတ်ရဲကိုးကွ။ အစကနဦးတော့ ရဲမှန်းမသိပါဘူး။ သူလိုက်ကိုယ်လို ခရီးသည်ပဲ မှတ်နေတာ၊ နှိုက်နေတုန်း လက်ကို ချောက်ကနဲ လက်ထိတ်ခပ်လိုက်တော့မှ ရဲမှန်း သိလိုက်ရတာ။ ရဲမှ ရိုးရိုးရဲမဟုတ်ဘူး။ ဒုရဲအုပ်တဲ့၊ ပိုဆိုးချင်တော့ကွာ၊ သူက ငါတို့နှိုက်နေတဲ့ အဘိုးကြီးရဲ့သမက်တဲ့။ ကိုယ်ကျိုးကို နည်းပါ လေရော။





ထောင်က ထွက်လာပြီးကတည်းက ကားပေါ်နှိုက်တာခွဲတာ သိပ် မလုပ်ကြတော့ဘူး။ ခွဲ၊ နှိုက်က သိပ်စွန့်စားရတာကွ မောင်ပိုင်းရ။ နံဘေးနံဘီက မမြင်ရင် တော်သေးတယ်။ မြင်လို့မိလို့များကတော့ကွာ ဝိုင်းအုပ်ခံရလို့ စိစိညက်ညက်ကိုကျေရောသာ မှတ်လိုက် ကိုယ့်လူရေ၊

ခွဲနည်းသင်တဲ့ ငါတို့ဆရာအမည်က ရွှေသိန်းမောင်တဲ့။

သူကလည်း မူလက တစ်ကိုယ်တော်သူခိုးကွ၊ ဖောက်ထွင်းသမား။ အဲဒါထောင်ကျသွားရာကနေ ထောင်ထဲကခါးပိုက်နှိုက်ဆရာကြီး ငယ်ရွှယ် လတ်တွေနဲ့တွေ့ပြီး ပညာအသစ်ရလာတာ။ နောက်ပိုင်း သူခိုးအလုပ် မလုပ်ဘဲ ခါးပိုက်နှိုက်အလုပ်ကိုပဲ ဇောက်ချလုပ်စားခဲ့တယ်။ တပည့်လည်း မွေးတယ်။ သူ့တပည့်များထဲမှာ ငါနဲ့ကျိုးကန်းဟာ ဆရာကြီး ရွှေသိန်း မောင်ရဲ့ လက်ကသုံးတောင်ဝှေးပဲ။

ခွဲတာ လက်အစိက မောင်ပိုင်းရ၊ လက်ငြိမ်အောင် အလျင်ကျင့်ရ တယ်။ ရေအပြည့်ထည့်ထားတဲ့ ဖလားထဲက ပိုက်ဆံမတ်စေ့၊ ဆယ်ပြားစေ့ ကို လက်ညှိုး၊ လက်မနဲ့ ရေမဖိတ်အောင် ကောက်ယူလေ့ကျင့်ရတယ်။ ဖဲသမားလိုပဲ လက်ချောအောင် လုပ်ရတာပဲ။ ပြီးတော့ ဓားကိုင်တာ ခွဲတာ။ ဓားမှာ ခွဲဓားကိုပြောတာ။ ဆယ်ပြားစေ့ကို ကျောက်စက်နဲ့စား။ မကျောက်သားနဲ့သွေးပြီး ပြည့်နေအောင် သထားရတယ်၊ အဲဒီ ဓားဆယ် ပြားစေ့ကို လက်ညှိုးနဲ့ လက်မအကြားမှာကိုင်နည်း။ ဝှက်နည်း၊ ဖျောက် နည်း ကျင်လည်အောင် လေ့ကျင့်ရတယ်။

နည်းမျိုးစုံပဲ ကိုယ့်လူရဲ့။ ဓားခွဲမှာတောင် ထောင်လိုက်ခွဲနည်း။ အလျားလိုက်ခွဲနည်း၊ ထောင့်မှန်(L)ပုံသဏ္ဌာန်ခွဲနည်းဆိုပြီး နည်းပညာ ရှိသေးတယ်။ ထောင်လိုက်ခွဲက ခွဲပြီးရင် ချိုင်းကြားကနေ လက်ညှိုးနဲ့ ဟ,ပြီး အိတ်ထဲက ငွေ၊ ပစ္စည်းကို ဆွဲထုတ်ယူရတာ။ ခွဲချက်ညီမှ ရတယ်၊ အလျားလိုက်ခွဲနည်းက ခွဲပြီးရင် လက်ကလျင်ဖို့အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မတော် ပစ္စည်းက လေးနေရင် လျှော့ကျပြီး သိသွားတတ်တယ်။ အဲဒီကျရင် နာပြီသာမှတ်ကရော့။

(၄)ပုံစံ ထောင့်မှန့်ခွဲနည်းက ပညာအဆင့်မြင့်သူတွေ သုံးတာ။ နှစ်ချက်ခွဲရတယ်။ ပစ္စည်းဆွဲထုတ်ရတာ လက်သိပ်မဝင်ဘူး လျှော့ခနဲပဲ။ ဒါပေမဲ့ စောစောကပြောသလို အသက်နဲ့ရင်းရတာပဲ။ ရဲနဲ့ လိုက်တမ်းပြေးတမ်းကစားနေရတာ။ ရင်ဆိုင်နေရတာ မချောင်ဘူး။ စိပ်ချက်ဆိုတဲ့ အသံကြားရင် သားပစ်မယားပစ်ပြေးရရော။ နှိမ့်-ဂန့်ရော ကိုယ့်လူရေ၊

နှစ်ကြိမ် အမိခံရဖူးတယ်။ သုံးခါလူအုပ်ရဲ့ အရိုက်ခံရဖူးတယ်။ ဆေးရုံမှာ တစ်ပတ်လောက်ကြာခဲ့တယ်။ ဒါကြောင့် ကားပေါ်မှာ မနှိုက်တော့ဘူး။ အလစ်ပဲသုတ်တော့တယ်။ အလစ်သုတ်ရတာကလည်း လွယ်တယ်မမှတ်နဲ့။ ကာနှိုက်၊ ကွယ်နှိုက်၊ လျှိုနှိုက်၊ တစ်ယောက်ကျော်နှိုက်၊ လမ်းသွားရင်း သတင်းစာနဲ့ ကွယ်နှိုက်၊ နောက်လူကို လက်ဆင့်ကမ်း ဒါပဲ။

ကျုကျုနန နှိုးကောင်းကောင်းဝတ်စားထားရင် ခါးပိုက်နှိုက်၊ အလစ်သမား၊ အချောင်သမားကို (ခါး၊ နှိုက်၊ လစ်သုတ်၊ ဖြုတ်၊ ဖြတ်)လို့ မထင်ရဘူး။ အရာရှိလိုလို၊ အင်ဂျင်နီယာလိုလို၊ ရုပ်ရှင်မင်းသားလိုလို သူဌေးသားလိုလို ထင်ရမယ်။ အရေးကြီးတာက အနှိုက်သမား၊ အလစ်သမားဟာ မှင်ကောင်းဖို့ ရှုံးစပိုးကောင်းဖို့ အရေးကြီးတယ်။ မြင်လိုက်ရင် လူအထင်ကြီးလောက်တဲ့ အဟန့်ရှိနေရတယ်။

❀❀❀

အဲဒီနေ့က ဘောလုံးကွင်းဈေးကြီးထဲမှာ လှည့်အလစ်သုတ်နှိုက်လိုက်တာ ပိန်းမကိုင်ပိုက်ဆံအိတ် အညိုရောင်တစ်လုံးရယ်၊ ယောက်ျားကိုင် သားရေအိတ်အသေးအဖြူရောင်လေးတစ်ခုရယ်၊ ပတ်ကား ဖောင်တိန်တစ်ချောင်းရယ် ရခဲ့တယ်။

အညိုရောင်အိတ်ထဲက ငွေသုံးရာ၊ အဖြူရောင်အိတ်ထဲက ငွေနှစ်ရာကျပ် စုစုပေါင်းငါးရာကျပ်။ အဲဒီခေတ်က ငွေငါးရာကျပ်ဟာ ခုခေတ်ငွေ တစ်သောင်းလောက်နဲ့ ညီတယ်ကွ။ ပတ်ကားဖောင်တိန်ကတောင် ပြန်ရောင်းရင် သူခိုးဈေးမှာ ရာကျော်ရနိုင်တယ်။ ပတ်ကားရဲ့ နှစ်ကပလက်တီနမ်ရွှေဖြူနဲ့ အထူးပြုလုပ်ထားတာ။ ပညာတတ် ပိုက်ဆံရှိသူ လူတန်းစားမျိုးမှ ဒီဖောင်တိန်မျိုးကို ကိုင်နိုင်တာ။

ငါတို့ နှိုက်ပြီးလစ်ပြီး လူအုပ်ထဲ ရောနှော ကိုယ်ယောင်ဖျောက်လာချိန်မှာပဲ ဈေးထဲမှာ လူထူးလူဆန်းကြီးတစ်ဦးကို တွေ့ရပါရောပေါ့။ လူကြီးက အသက် (၆၀)ကျော်လောက် ရှိလိမ့်မယ်ကွ။ လိပ်ကောက်နေတဲ့ ဆံပင်ရှည်တွေက ပခုံးပေါ် ဖားလျားပြန့်ကျဲလို့ မျက်ခုံးမွေးဖြူဖြူ ပါးသိုင်းမွေးကျဲကျဲ၊ နှုတ်ခမ်းမွေးဖြူဖြူတွေက ပါးစပ်ထဲကုပ်ကွေးဝင်လို့ ကွမ်းတွေကလည်း ပါးရင်းတန်းလန်း၊ ကွမ်းတံတွေးအချို့က ပါးစောင်ကနေ ရင်ဘတ်ပေါ် စီးကျလို့ပ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပုံအင်္ကျီအဖြူ၊ ရင်ဘတ်ဟာပြဲနဲ့၊ ရင်ဘတ်မွေးများအောက်မှာလည်း တစ်ထွာလောက်ရှိတဲ့ အင်းစမကြွက်ကြီးနဲ့ ပုဆိုးအနက်ကွက်အပေါက်ကြီးကို ခပ်တိုတိုဝတ်လို့။ ခြေသလုံးကြီးကြီး၊ ခြေဖဝါးကြီးကြီး၊ အသံအောင်အောင်ကြီး။ အညိုရောင် လွယ်အိတ်ဖောင်းဖောင်းကြီးကို စလွယ်သိုင်းလွယ်ထားလိုက်သေးရဲ့ခင်ဗျ။

သူ့လက်ထဲမှာတော့ ဘယ်ဘုရား၊ ဘယ်ဘုန်းကြီးကျောင်းက ပြသပိတ်ကို အလစ်သုတ်လာလည်း မသိဘူး။ အဲဒီ ပြသပိတ်ကြီးမှောက်ပြီး ဈေးထဲမှာ သီချင်းတကြော်ကြော်နဲ့အော်ပြီး အလှူခံနေတယ်။ သူ့နံဘေးအနီးမှာလည်း ဈေးထဲ အပဲသားဆိုင်၊ ဝက်သားဆိုင်၊ ငါးဆိုင်များက ငွေးတစ်အုပ်နဲ့ ပုစုခရု ကလေးတစ်အုပ်က ဝိုင်းလို့။ ကလေးတွေက နှပ်ချေးထူ၊ ဝဲထူ၊ ခြောက်စောင်း၊ ခြေလိမ်၊ ချေးလက်လေးသစ်၊ သျှောင်ပေရှူး၊ ဦးစွန်းပုတ်၊ ခေါင်းတုံး၊ ကျာရစ်၊ ဆံရစ်ဝိုင်း စုံလို့ကွ။ တဝေးဝေးတဟေးဟေး တအီအီနဲ့ ညံနေတာပဲ၊

ဒီမြင်ကွင်းကို ငါတို့က ထူးတာနဲ့ အကဲခတ်ကြည့်နေလိုက်မိတယ်၊ လူကြီးပုံစံက စိတ်မနှံ့သူလိုလို ဘာညာလိုလို ပုံစံပဲ။ ပါးစပ်ကလည်း သီချင်းတစ်ပုဒ်ကို အသံဝါကြီးနဲ့ အော်ကြီးဟစ်ကျယ်ဆိုလို့။

''ရွှေဖျဉ်းညီနောင်၊ ဖောင်တော်စီးပါလို့၊ ရေလှိုင်းတွေက တဖွေးဖွေး။ ရေလှိုင်းတွေက တဖွေးဖွေး၊ နတ်နန်းရယ် သာလှတယ်၊ ရွှေနန်းရယ်သာလှတယ်၊ နတ်နန်းရယ် သာလှတယ်၊ ရွှေနန်းကြီးရယ် သာလှတယ်၊ ဆီးကြိုပါ့နှမများရယ်၊ ဆီးကြိုပါ့ ညီတော်များရယ်။ ယီးလေ့လေ့ယီးလေ့လေ့ယို''

အဲဒီသီချင်းကို ဆိုပြီး ရွှေဖျဉ်းညီနောင် နတ်ဝင်ရင် လှမ်းတဲ့ခြေလှမ်းမျိုးဟန်ပန်နဲ့ ပြသပိတ်ကြီးကို ဘယ်လက်ကကိုင်၊ ညာလက်ကပြောက်ကာလှည့်ကာ၊ ကိုယ်ကိုယိမ်းနွဲ့ကာ အကဟန်နဲ့ ဈေးထဲမှာ လိုက်အလှူခံနေတာကိုး။





အံမာ – သူ့အလုပ်က ကိုယ့်ထက်တောင် ဟန်သေးသကွာ မောင်မှိုင်းရဲ့၊ ကလို့လည်းပြီးရော –

'ဟဲ့. . . သားတို့၊ သမီးတို့၊ ညီဘွားတို့၊ နှမတော်ကြီးတို့ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား။ ကျန်တဲ့ငါး ဘုရားမ.မတဲ့။ အချိန်ရှိသေးတုန်း လှူကြကွယ့်။ အဘတို့ ကိုးတောင်ပြည့်စေတီ တည်မယ်။ ပုပ္ပားအဓိဋ္ဌာန်တော်နဲ့ အလုပ်တရား နိဗ္ဗာန်မျှော်ပြီး အဘ နိဗ္ဗာန်မျှော်ပြီး အဘ နိဗ္ဗာန်ဆော်လာပြီဟေ့။ လိမ္မာကြ၊ လှူတဲ့နေ့ကစ၍ ငါ့သားများ၊ ငါ့သမီးများ၊ ညီဘွားနှမများ ကောင်းကျိုးချမ်းသာနဲ့ ကုံလုံပြည့်ဝပြီး အန္တရာယ်ကင်း ဘေးရှင်းလိမ့်မကွယ့်၊ အနှင့်နှောအနှန့် ငါးပါးမမေ့ကြနဲ့၊ အဲဒီသုံးပါးမေ့ရင် အရှုံးတရားတွေ့ပြီး လုံးပါးပါးလိမ့်မဟေ့။ မေ့မှုဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းပြီကွ။ အရှေ့အရပ်မှာ ဘာသာသာသနာ နေလိုလလို ထွန်းပြီကွ။ မြန်မာ့ခေတ်ရောက်ပြီ သားတို့၊ သမီးတို့။ အချင်းချင်း ချစ်ခင် ရိုင်းပင်းကူညီကြ၊ ပေးကမ်းစွန့်ကြကြ၊ ဘာသာရေး၊ သာသနာရေး ဦးစားပေးကြဟေ့။

ရွှေဖျဉ်းညီနောင် ဖောင်တော်စီးပါလို့၊ ရေလှိုင်းတွေက တဖွေးဖွေး၊ ရေလှိုင်းတွေက တဖွေးဖွေး. . .''

ကြည့်စမ်း။ စိတ်မနှံ့သူလိုလို လူကြီးရဲ့ပါးစပ်က ကရားရေလွှတ်တတွတ်တွတ်လည်း ပြောလို့ပြီးရော နတ်ချင်းကို နောက်တစ်ကျော့ပြန်ဆိုပြီး ဆီးကြိုပါနှမများရယ် ဘာညာလည်း နွဲ့လိုက်ရော ကုန်စိမ်းသည်တွေရော၊ ကုန်ခြောက်သည်တွေရော၊ စုံစီနဖာသည်တွေရော၊ ဈေးဝယ်ဈေးသည်များဟာ အဲဒီအဘိုးကြီးရဲ့ပြသပိတ်ထဲကို ကျပ်တန်၊ ငါးကျပ်တန်၊ ဆယ်တန်တွေ သဒ္ဓါရက်ရောစွာ လှူလိုက်ကြတာ အလုအယက်ပဲကွာ ရှားရော။

''အဘ၊ အကြွေတစ်စေ့ ပြန်ပေးပါ''



www.burmeseclassic.com

www.burmeseclassic.com



''ဘိုးဘိုးကြီး မုန့်ဝေပါဦး''

''ဘိုးဘိုး၊ သကြားလုံး အလျှင်ဝေပါ''

''အဖေကြီးသမီးကို အကြွေတစ်စေ့ပေးပါဦး။ သမီး မရသေးဘူး''

''အေးပါဟ. . . အေးပါဟ၊ အကုန်ရရပါစေ့မယ် နေကြပါဦးဟ သမီးတို့ မြေးတို့ရဲ့၊ အဟတ်. . . အဟတ်. . . ဟား. . . ဟား. . . ဟား''

ပိုက်ဆံ အလှူငွေ ထည့်ပြီးသူတိုင်းဟာ အလှူပြီးတာနဲ့ လက်ဝါးလေးတွေကိုယ်စီဖြန့်ပြီး အဘိုးအိုဆီက အကြွေတစ်စေ့ ပြန်တောင်းနေကြတာကွ။ ဒီမှာပဲ အဘိုးကြီးက လွယ်အိတ်အညိုထဲ လက်နှိုက်ပြီး ငါးပြားစေ့၊ ဆယ်ပြားစေ့၊ မတ်စေ့၊ ရရာအကြွေစေ့များကို တစ်ဦးစီ ပြန်ပေးနေသကွ။ ပိုက်ဆံ အကြွေတစ်စေ့ပြန်ရသူတိုင်းရဲ့ မျက်နှာဟာ ရွှေထုပ်ကိုကောက်ရသလို ဝမ်းမြောက်ဝမ်းသာဖြစ်ကြလို့ဗျာ။ အနီးက မိန်းမ တစ်ယောက်ကို မေးကြည့်တော့ အဘိုးအိုဆီက အကြွေစေ့ကိုဆောင်ထားရင် ရောင်းပန်းဝယ်ပန်းကောင်းပြီး လာဘ်ပွင့်သတဲ့လို့ပြောတယ်။ စိတ်ပန်းတဲ့သူ့ဆီက ပိုက်ဆံများကွာ။ နော်. . . အဟတ်။

အဲဒီလို ဈေးသည်ဈေးဝယ် အလှူရှင်များကို အကြွေစေ့တွေ ပေးဝေပေးပြီးရော သူ့မြသပိတ်ထဲမှာ ငွေစက္ကူပိုက်ဆံတွေဆိုတာ ဖွေးဖွေးလှုပ် မို့မောက်နေတာပဲ၊ အချို့ပိုက်ဆံတွေက လေနဲ့လွင့်ကုန်လို့ ကလေးတွေက လိုက်ကောက်ပြန်ပေးရတယ်။

ပြီးတော့ ကလေးတွေကို သကြားလုံးတစ်လုံးစီ လိုက်ဝေပေးပြန်တယ်။ ကလေးအုပ်ဟာ သကြားလုံးစက္ကူပတ်ဖြေပြီး ဝါးစားရင်းက ကခုန်ပြီး ပျော်ကြလို့ဗျာ။

''အဘ၊ အိမ်က သမီးအတွက်တစ်လုံး ချီးမြှင့်ပါဦး အဘရဲ့''

''အေး. . . ရော. . . ရော့''

''အဖေကြီး ကျောင်းသွားနေတဲ့ ကလေးပြန်လာရင် ကျွေးချင်လို့''





''ရော့ဗျာ. . . ရော့ဗျာ၊ စားကြဝါးကြ။ သကြားလုံး မဟုတ်ဘူး။ သိကြားလုံး၊ သိကြားလုံး။ ဘိုးတော်သိကြားမင်း ကိုယ်တိုင် စီရင်ပေးတာလို့ မှတ်။ သိကြားရမဟော့။ အားလုံး ကျန်းမာချမ်းသာပြီး (၉၆) ဖြာ အနာရောဂါ ဘေးဥပါဒ်အန္တရာယ်များ ကင်းရှင်းကြစေဗျား။ ငါ့သား၊ ငါ့သမီးများ ရောင်းပန်းဝယ်ပန်း ကောင်းကြပါစေ၊ ဆံတောက်ထမ်းပိုးတို့၌ လျှနိုင်တန်းနိုင်ကြပါစေဗျား။ ကပ်ကြီးသုံးပါးကျော်နင်းပြီး တာဝတိံသာ နတ်ပြည်ခြောက်ထပ် နိဗ္ဗာန်နယ်အစပ်ထိ ရောက်ကြပါစေ၊ လှမ်းဝင်နိုင်ကြစေဗျာ။ သာဓု. . . သာဓု. . . သာဓု''

ပါးစပ်က သို့ကလို ဆုမွန်ကောင်းတွေ ပေးပြီးတော့ ဘိန်းမုန့်ဆိုင် တစ်ဆိုင်က ဘိန်းမုန့်တွေဝယ်ပြီး ခွေးတစ်အုပ်ကို ကျွေးပြန်ပါရောကွ။ ခွေးတွေကလည်း သူ့ကို မကိုက်ဘူး။ ကလေးတွေကိုလည်း မကိုက်ဘူးဗျာ။ တအီအီနဲ့ အဘိုးကြီးနောက် လျှောက်လိုက်ပြီး အစာတောင်းနေတာကိုး။ ကျွေးနေကျ သခင်ကိုမြင်ပြီး အစာတောင်းနေတာမို့။ (ယခုအခါ ငှင်းဈေးအတွင်း ခွေးလုံးဝ မရှိတော့ပါခင်ဗျား။ စကားချပ်)

ခွေးတွေကလည်း ဘိန်းမုန့်များကို အားရပါးရစားလို့ အချို့သော ခွေးမကြီးများက ဘိန်းမုန့်ကိုကိုက်ချီပြီး သူတို့ သားသမီးများရှိရာကို ပြေးသွားကြလို့ ကလေးအချို့ ဈေးသည်အချို့က အဘိုးကြီးကို လက်အုပ်ချီ ကန်တော့ပြီး ကျန်းမာချမ်းသာပါစေလို့ ပြန်ဆုတောင်းလို့ဗျာ။ အသန်းသားကွ. . . နော်။

ပြီးလည်းပြီးရော ပိုက်ဆံတွေမို့မောက်နေတဲ့ မြသပိတ်ကြီးကို ပိုက်ပြီးဈေးထဲကနေ ထွက်သွားပါရော။ အဲဒီမှာ ငါတို့နှစ်ယောက် အထာနဲ့ လှမ်းကြည့်ရာ နောက်ကနေ မယောင်မလည်လိုက်သွားခဲ့ကြရော။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အဘိုးကြီးဟာ ဇရပ်တစ်ခုလည်းရောက်ရော မြသပိတ်ကို ဇရပ်ကြမ်းပြင်ပေါ်ချပြီး နဖူးပေါ်က ချွေးသီးတွေကို တိုက်ပုံအင်္ကျီလက်နဲ့ အားရပါးရ သုတ်ပစ်လိုက်တယ်။ ပြီး ကွမ်းတစ်ယာဝါးတယ်။ ဒီနောက် သပိတ်ထဲက ငွေစက္ကူတွေကို တစ်ရွက်ချင်းရေတွက်ပြီး ကျပ်တန် ကျပ်တန် သပ်သပ်၊ ငါးကျပ်တန် ငါးကျပ်တန်သပ်သပ်၊ ဆယ်တန် ဆယ်တန်သပ်သပ်ကို သားရေကွင်းနဲ့စည်းပြီး မြသပိတ်ထဲပြန်ထည့် အဖုံးအုပ်။ သည့်နောက် ရင်ခွင်ထဲမှာ သားငယ်နဲ့တိုက်သလိုပိုက်ပြီး ကြမ်းပြင်ပေါ် လှဲချလိုက်တယ်။

ငါးမိနစ်လောက်လည်းကြာရော အဘိုးကြီးထံက တခူးခူးတခေါ်ခေါ် ဟောက်သံကြားရပါလေရောဟေ့။ ဟန်ကျလိုက်လေကွာ။ အဟေ့ဟေ့။

"ကျိုးကန်း၊ အဘိုးကြီး အိပ်ပျော်သွားပြီကွ"

"ဟုတ်တယ်၊ လုပ်ငန်းစကြစို့"

နံဘေးနံဘီကို ကြည့်လိုက်တော့ ဇရပ်ပေါ်မှာ ဘယ်သူမှမရှိကြဘူး။ ဒီမှာ ငါတို့နှစ်ဦး ဇရပ်ခါးပန်းကိုကွယ်ပြီး အိပ်ပျော်နေတဲ့ အဘိုးကြီးနားကို ခြေဖော့လို့တိုးကပ်သွားလိုက်တယ်။ သူ လုံးဝကိုမနိုးဘူးကွ။ ဟောက်သံကတော့ ကျားဟိန်းနေလား မှတ်ရရဲ့ဗျာ။ ကြည့်ရတာ အိပ်မက်ထဲမှာ





ငယ်ပေါင်းအမယ်ကြီးနဲ့ ပြန်တွေ့ပြီး နှစ်ပါးသွားမြိုင်ထမျှား ထွက်နေလားမသိဘူး။ အဟီ. . . အဟေ့. . . ဟေ့. . . ဟေ့. . . အဟာတ်။

ဒီမှာ ကျိုးကန်းက သပိတ်အဖုံးကို အသာဖွင့်လိုက်ပြီး အထဲက ပိုက်ဆံထုပ်အားလုံးကိုနှိုက်ပြီး အင်္ကျီရင်ဘတ်အတွင်း အကုန်ထည့်လို့ အသာပြန်လှည့် ခြေကုန်သုတ်ပြီး လစ်ပြန်လာခဲ့လိုက်ကြတယ်။ ဒီနောက် အခြားဇရပ်တစ်ခုမှာ ဝင်နားပြီး ငွေစက္ကူတွေကို အလျှင်အမြန် ရေတွက်လိုက်တော့ စုစုပေါင်း ငါးရာကျပ်ကျော်ကြီးများတောင်ဗျာ။ စောစောက ရထားတဲ့ငါးရာနဲ့ပေါင်းရင် ငွေတစ်ထောင်ပဲ။ ပတ်ကားဖောင်တိန် ပြန်ရောင်းရင် သူ့နိုးဈေးမှာ ရာကျော်ပြေးမလွတ်ဘူးကွ။

ပိုက်ဆံအိတ်ထဲက ငွေစက္ကူကို အသာထားလိုက်ပြီး ခုရလာတဲ့ ငွေစက္ကူတွေကို ငါတို့နှစ်ဦး အညီအမျှခွဲဝေလိုက်ကြတယ်။ ဘယ်သူမှ မမြင်အောင် ရင်ဘတ်ကြားထည့်ပြီး ကြယ်သီးအသေအချာတပ်လိုက်ကြတယ်။ ပြီးတော့ ချစ်တီးတို့ အရက်ဆိုင်မှာ အရက်ငါးပက်စီ ဆိတ်သားကင်နဲ့ စားသောက်ပြီး ငပွေးတို့အိမ်ဘက်လှည့်လို့ အဟဲဟဲဟဲ အပန်းဖြေလိုက်ကြတယ်။

ကိစ္စပြီးမှ စောစောက ငါတို့ရဲ့ ဘူမိနက်သန်ဇရပ်ကို ပြန်လာခဲ့လိုက်ပြီး ကိုယ့်လက်မောင်း ကိုယ်ခေါင်းအုံးလို့ အိပ်ပစ်လိုက်ကြတယ်။ အိပ်ရာကနိုးရင် ပတ်ကားဖောင်တိန်ကို သွားရောင်းမယ်။ ပြီးရင် တစ်ညလုံး အရက်သောက်မယ်၊ ပျော်ပါးမယ်လို့ စဉ်းစားရင်း အိပ်ပစ်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

သောက်ကျိုးနည်းကွာ၊ အိပ်မက်ထဲမှာ ငါ့ရည်းစား မိသောင်းနဲ့ ငါဟာ ကောက်ရိုးပုံဘေးမှာ ချိန်းတွေ့နေတုန်း -

"ဒုန်း. . ."

"အမလေး. . ."

BURMESE CLASSIC .com

အိပ်မက်ရဲ့ အကောင်းဆုံးဇာတ်သိမ်းခန်းရောက်ခါနီးကျမှ ဖရုံသွပ်အမိုးပေါ် အုန်းသီးခြောက်တစ်လုံး ပြုတ်ကျလို့ နှစ်ယောက်သား လန့်နိုးလာခဲ့ကြပါရောဟ။ အဲဒီမှာပဲ ငါတို့ အကြီးအကျယ်ခံလိုက်မှန်း သိလိုက်ရပါရော မောင်မှိုင်းရေ။

"ဘာဖြစ်လို့လဲ ကိုသိန်းကြီးရ"

"ဖွီ. . . ဘာဖြစ်ရမှာလဲကွ။ ငါတို့နှစ်ဦးရဲ့ အင်္ကျီရင်ဘတ်ကြားထဲက ပိုက်ဆံတွေရော၊ သားရေအိတ်နှစ်လုံးရော၊ ပတ်ကားဖောင်တိန်ရော ဘာမှမရှိတော့ဘူးကွ. . . တောက်"

"ဘယ်ရောက်သွားလို့လဲဗျ ကိုသိန်းကြီးရာ"

"အဲဒါ မသိတာပေါ့။ တောက်. . . အရမ်းခံပြင်းလိုက်တာကွာ. . . ဖွီ။ အင်္ကျီရင်ဘတ်ကြယ်သီးတွေလည်း ပွင့်လို့။ ဒါနဲ့ ငါက ကျိုးကန်းကို မေးရော မောင်မှိုင်းရ"





"ကျိုးကန်း"

"ဘာလဲ သိန်းကြီး"

"မင်း နိူက်ယူထားသလား"

"ဟာကွာ. . . သိန်းကြီးရာ၊ ငါ့ဝေစုလည်း တစ်ပြားမှမရှိတော့လို့ ဒေါပွနေရတဲ့ကြားထဲကွာ။ မင်းစကားကြည့်ပြော သိန်းကြီး"

"တောက်. . ."

"ထွီ. . ."

ဒါနဲ့ နှစ်ယောက်သား ဇရပ်ဝန်းကျင်အနှံ့လိုက်ရှာကြတယ်။ မှူးမှူးနဲ့ မှဆိုးပြင်ဝတ်ရင်းများ လျှောကျသွားခဲ့သလားပေါ့။ ဘယ်လိုပဲရှာရှာ ငါး ပြားစေ့တစ်စေ့တောင် မတွေ့ပါဘူး မောင်မှိုင်းရာ။ ဇရပ်ဝန်းကျင်မှာလည်း မသက်ာစရာသဲလွန်စ ဘာမှမတွေ့ရဘူး။ ဘယ်သူ့မှလဲ မရှိဘူး. . . ဟူး။

"ဘယ်လိုဖြစ်ရတာလဲကွ ကျိုးကန်းရ. . . ဟင်"

"ငါတို့အိပ်ပျော်နေကြတုန်း ကိုယ့်ထက်လျင်တဲ့လူ တစ်ယောက် ယောက် လာနိူက်သွားတာပဲ နေမှာပေါ့။ နေနှင့်ဦးပေါ့ကွာ"

"တောက်. . . ရာဇဝင်ရိုင်းလိုက်တာကွာ။ လာ. . . ထထ၊ မြို့ထဲ သွားစုံစမ်းမယ်။ သိရင်တော့လားကွာ။ ငသိန်းကွ၊ အမှုန့်ခြေပစ်မယ်ဟေ့"

"မင်းစဉ်းစားကြည့်ကွာ မောင်မှိုင်းရာ။ ဘာမှ အချိန်ကြာသေးတာ မဟုတ်ဘူးကွ။ နာရီဝက်သာသာလောက်ပဲ ရှိသေးဥစ္စာ။ ငါတို့နှစ်ဦးဟာ နာမည်ကြီး အလစ်သမားနှစ်ယောက်ပါကွာ။ ငါတို့ကို အချင်းချင်းထဲက ဘယ်သူမှ ကြောလို့ရတာမဟုတ်ဘူးကွ။ ရှက်စရာကောင်းလိုက်တာ။ ဟို အဘိုးကြီး သပိတ်ထဲကနိူက်ရတာမျိုး လွယ်တဲ့ခွင်က ကြုံရခဲတာရယ်၊ အချောင်ရ အချောင်သွားတာပဲ၊ ကြည့်စမ်းကွာ. . . ဖျံနှစ်ကောင်ရင်ဘတ် ကြားကငွေကိုမှ ကြယ်သီးဖြုတ်ပြီး နိူက်သွားရက်တယ်။

"အဲဒါ ကိုယ်တိုင်မသိလိုက်ရဘူးဆိုတော့ အရပ်ရပ်အနှံ့နယ်



www.burmeseclassic.com

www.burmeseclassic.com



ကြားလို့မှ တော်ပါဦးမလား မောင်မှိုင်းရာ. . . ဟင်''

ဒါနဲ့ ဟိုအရက်ဆိုင် ဘယ်ကောင်များ ပုံပျက်ဟန်ပျက်နေသလဲလို့ လိုက်ကြည့်။ ဘယ်ပြိုင်ဘက်မှ ပုံမပျက်ဘူး။ မထူးခြားဘူး။ အားလုံး ဘိုင်ကျကျကောင်ချည်းပဲ။ ဒါနဲ့ တားဘဦးကို ခပ်တိုးတိုးကပ်မေးကြည့်တော့ တားဘဦးကလည်း မသိဘူးတဲ့။ ကြားလည်းမကြားဘူးတဲ့။ ကတ်ကြေးလှုပြင့်ဦးကို မေးကြည့်တော့ ဘယ်ကောင်မှ ဒီဝန်းကျင်မှာ သုံးဖြုန်းနေတာ မရှိပါဘူး သိန်းကြီးရာတဲ့။

ဖဲဝိုင်း၊ အရက်ဝိုင်း၊ ကြက်ဝိုင်း၊ ဟိုနေရာမှာ လိုက်ကြည့် စုံစမ်းလည်း အချည်းနှီးပဲ၊ ခံပြင်းလိုက်ပါဘိကွာ။ ပိုက်ဆံက ခြေထောက်ပေါက်ပြီး ပူလနေရာတော့ ပြန်မသွားနိုင်ပါဘူးကွာနော။

ဒါနဲ့ နှစ်ယောက်သား ဘောလုံးကွင်းဈေးကြီးဘက် ပြန်ခြေဦးလှည့်လိုက်ကြတယ်။

မျက်လှည့်ဝိုင်းတစ်ခုမှာ လူတွေ ဝိုင်းအုံကြည့်နေတာနဲ့ ဝင်ကြည့်လိုက်တော့လား. . . လား. . . ဟိုဘိုးတော်ကြီးကို မြွေအလမ္ပာယ် မျက်လှည့်ဝိုင်းထဲမှာ တွေ့ရပြန်ပါရောဗျာ။

စိတ်မနှံ့သူလိုလို အလှူခံအဘိုးကြီးလေ။ ငါတို့ အလစ်သုတ်ခဲ့တဲ့ မြသပိတ်ပိုင်ရှင် အဘိုးကြီးပေါ့။ ကြည့်စမ်း. . . အဘိုးကြီးက မြသပိတ်ကို စည်းဝိုင်းအတွင်းက ထင်းရှူးသေတ္တာပုံးပေါ်တင်ပြီး အဲဒီဝိုင်းထဲမှာပဲ ခြေသလုံးသာသာလောက်ရှိတဲ့ ရောမမြွေဟောက်ကြီးနဲ့ အလမ္ပာယ်ကစား ပြနေတာကိုး။ အမ်လေး. . . အသည်းယားစရာကောင်းလိုက်တာကွာ။ သူမို့ မကြောက်မရွံ့နဲ့ တကယ့်အဘိုးကြီးပဲပေ့။

အနီးကလူတွေကို မေးကြည့်တော့ ဒီအဘိုးကြီးက ဧည့်သည်တော်တဲ့။ မြွေအလမ္ပာယ်ဆရာအစစ်က လက်မောင်းမှာ မြွေရုပ်တွေ၊ အင်းကွက်တွေနဲ့. ရှမ်းဘောင်းဘီအနက် ဝတ်ထားတဲ့လူတဲ့။





ဒီမှာ ဘာအံ့သြစရာကို သွားတွေ့ရလဲဆိုတော့ ထင်းရှူးသေတ္တာပုံးပေါ်က မြသပိတ်ပဲ ကိုယ့်လူရေ၊ အလို. . . မြသပိတ်ထဲမှာ ငွေစက္ကူအထပ် အစည်းလိုက်ပါကလား။ မှန်း. . . ဟာ. . . ငါတို့ခိုးယူသွားတဲ့ ပိုက်ဆံမှ ပိုက်ဆံအစစ်တွေ၊ သားရေကွင်းနဲ့ အသေအချာကို ပြန်စည်းထားလို့။ အားလုံးသုံးထုပ်။ ဘုရားရေ၊

ဟင်. . . မဟုတ်မှလွဲရော။ ဒါ. . . ဒါဆို ဒီ. . . ဒီအဘိုးကြီးများ။

ငါတို့နှစ်ဦး လက်ကုတ်လက်တို့ပြီး မြသပိတ်ကို သေသေချာချာ စိုက်ကြည့်လိုက်ရော မြတ်စွာဘုရား. . . မြသပိတ်အဖုံးပေါ်မှာ ငါတို့ဈေးထဲက ကနဦးနှိုက်လို့ရလာတဲ့ ပိုက်ဆံအိတ်အညိုရယ်၊ အဖြူရယ်၊ ပြီးတော့ ပတ်ကားဖောင်တိန်ရယ်ပါ တင်ထားလျက် တွေ့ရပါလား မောင်ရေ၊

ကြည့်စမ်း။ လက်စသတ်တော့ ငါတို့မူးပြီး အိပ်ပျော်နေတုန်း ဒီအဘိုးကြီး လာပြန်ချောင်း၊ နှိုက်ယူသွားခဲ့တာကိုး။ လျင်လိုက်လည်လိုက်တဲ့ အဘိုးကြီးကွာ၊ ရှားရောပေ့။ ဘယ်လိုများ ငါတို့ကို ခြေရာကောက်မိသွားသလဲ မသိဘူး။ ဒီမှာပဲ ငါတို့နှစ်ယောက် လက်ဟိုပြီး ငါတို့ပစ္စည်းတွေ ဟိုမှာဆိုပြီး တီးတိုးတီးတိုး လုပ်နေတုန်းမှာပဲ –

''အောင်မယ်လေးဗျ''

''အမေ. . . ကယ်တော်မူပါဦး၊ အမလေး''

''ဝါး. . . ဟား. . . ဟား. . . ဟား''

''ဝေး. . . ဟေး. . . ဟေး. . . ဟေး''

လှည့်ကြည့်လိုက်တော့ အဘိုးကြီးရဲ့လက်ထဲက မြွေဟောက်ကြီးက လျှာထုတ်၊ ပါးပျဉ်းသွယ်မိုးပြီး ငါ့ခေါင်းပေါ်ကနေ ငုံ့ကြည့်နေတာကို အနီးကပ်မြင်လိုက်ရရော ငါတို့နှစ်ဦးသား ငယ်သံပါအောင်အော်ရင်း မျက်နှာကို လက်ဝါးနဲ့အုပ်လို့ ထိုင်ချလိုက်ပါရော။

ပရိသတ်က ငါတို့နှစ်ဦးအဖြစ်ကိုကြည့်ပြီး အတော[illegible]တ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဟစ်ပြီးရယ်ကြလို့။ ဒါနဲ့ ကြောက်လန့်ပြီး နောက်ဘက်လှူအုပ်ထဲ တိုးဝင်လို့နေလိုက်ရတယ်။ ဘုရား. . . ဘုရား၊ မတော် ပေါက်များပေါက် လိုက်ရင် ပွဲချင်းပြီးပဲကွာ။ အတော့်ကို အကျိုးစားသန်တဲ့ အဘိုးကြီးပါပဲ။

မြွေဟောက်ကြီးကပဲ လိမ္မာလို့လား၊ ငါတို့နှစ်ဦးကပဲ ဘုန်းကံ ကြီးမားနေလို့လား မသိဘူး၊ မြွေကိုက်သေမယ့်ဘေးက ကံသီလေး လွတ် ခဲ့တယ်။ ငါတို့နှစ်ဦးရဲ့ အသည်းငယ် ကြောက်ရွံ့နေတဲ့အဖြစ်ကို ကြည့်ပြီး အဘိုးကြီးနဲ့ မြွေဆရာရော ဘင်တီးနေတဲ့ချာတီတ်ပါ သဘောတွေ လွှတ် ကျနေလို့ဗျာ။ တို့မှာတော့ နဖူးမှာ ချွေးသီး ဆီးကင်းခန့်သီးနေပြီ။

ဒီမှာ အဘိုးကြီးက မြွေဟောက်ကြီးရဲ့ဦးခေါင်းကို လက်နဲ့ ပွတ်သပ် ယုယနေတယ်၊ မြွေဟောက်ကြီးကလည်း မိခင်ဖခင်ရဲ့ အယုအယကို နှစ်ခြိုက်စွာ ခံစားနေရတဲ့ သားသမီးအလား ပါးပျဉ်းကြီးခွက်ပိုးပြီး ကျောက် ရုပ်လို ငြိမ်လို့။ အပယ်လေး. . . လေး၊ ဒါပေမဲ့ဗျာ၊ မြွေဟောက်ကြီးရဲ့ စူးရှတောက်ပနေတဲ့ မျက်လုံးရဲရဲကြီးနှစ်လုံးက ငါတို့နှစ်ဦးရဲ့ လှုပ်ရှားမှု ကို စူးစိုက်ကြည့်လို့။

ငါတို့နှစ်ဦးကလည်း ကြောက်လန့်စရာကောင်းသည့် အခြေအနေ ကြားက ငါတို့ပစ္စည်းတွေကို ဘယ်လိုအလစ်ပြန်သုတ်ရမလဲဘဲ စဉ်းစား နေကြတယ်။

ဒီမှာ အဘိုးကြီးက တဖြည်းဖြည်း များပြားလာတဲ့ ပရိသတ်ကို ဝေ့ကြည့်လိုက်ပြီး –

''မှန်တာဝန်ခံရရင် ကျုပ်က မြွေအလမ္ပာယ်ဆရာ မဟုတ်ပါဘူး ခင်ဗျ၊ ကျုပ်က အနယ်နယ်အရပ်ရပ်မှာ ကိုးတောင်ပြည့်စေတီ (၁၀၉) ဆူ တည်ဖို့ကြိုးစားနေသူပါ။ မြွေဆရာအစစ်က ဟိုရှမ်းဘောင်းဘီအနက် နဲ့ လူရွယ်ပါ။ ကျုပ်က ဝါသနာလေး နည်းနည်းပါလို့ သားတပည့်လေးကို ဝင်ကူညီတာပါ။ ပရိသတ်ကြီးကို အထူးမေတ္တာရပ်ခံချင်တာက မြွေဟာ





တန်ခိုးလည်းကြီးတယ်။ အံ့ဩစရာကောင်းအောင်လည်း ထူးဆန်းလွန်း လှတယ်။ မြွေဆိုတာ နားပင်းနားမကြားတဲ့ သတ္တဝါပါ။ ဒါပေမဲ့ အမြင် အာရုံနဲ့ အနံ့ခံအာရုံမှာ အလွန်ထူးခြားပါတယ်။ မြေကြီးပေါ်က တုန်ခါတဲ့ အသံကို ရင်ဘတ်နဲ့တုံ့ပြန်ခံစားပြီး အရပ်ဒေသ၊ ရန်သူမိတ်ဆွေ ခွဲခြား သိရှိတဲ့ သတ္တဝါပါ။ နားမကြားသော်လည်း လူတွေက ပို့သတဲ့မေတ္တာကို နားလည်ခံစားသိရှိတဲ့ မနောအာရုံထူးရှိ သတ္တဝါလည်း မည်ပါတယ်။

ဒါကြောင့် မြွေများကိုကြုံရင် မိမိကို အန္တရာယ်မပြုသ်မှု လုံးဝ ရန်မမူလိုက်ကြပါနဲ့။ အန္တရာယ်နဲ့ ကြုံနေရင်လည်း သူတို့ကို မေတ္တာပို့ပြီး ဝေးရာကို သွားကြပါလို့ပြောရင် နားလည်ကြပါတယ်။ မလွဲသာမှ ခြောက် လှန့်ပစ်ကြပါ။ မြွေဆိုတာ ပေဒင်စကားနဲ့ ပြောရရင် စနေနံပါ။ ငွေနံ၊ ထီနံပါ။ မြွေဘုရားဆောင်ပေါ်ကိုတက်ရင်၊ ရှေ့ရောက်ရင် လာဘ်ကောင်း သဘာကောင်း.ဝင်တတ်တယ်။ အိပ်မက်ပေးရင် ဂရုစိုက်ရမယ်။ မြွေကိုက် တယ်လို့ အိပ်မက်မက်ခဲ့ရင် အဲဒါ ကံညွှတ်တော့မှာကို ကြိုသတိပေးတာ။ အဲဒီကျရင် ရတနာသုံးပါး အနန္တောအနန္တငါးပါးကို မမေ့ကြနဲ့။ ကောင်းမှု ကုသိုလ်ပိုလုပ်ပေးကြ။ မေတ္တာကရုဏာ မုဒိတာပွားကြ။ အဲဒါကို ပြောပြ ချင်လို့ အဘာဝင်ကူညီရတာ။ နောက်ဆုံးပြောချင်တာ တစ်ချက်ပဲရှိပါတော့ တယ်။

ဒီမှာတင် အဘိုးကြီးက မြသပိတ်အဖုံးပေါ် တင်ထားတဲ့ ပိုက်ဆံ အိတ်နှစ်အိတ်နဲ့ ပတ်ကားဖောင်တိန်ကို ကောက်ကိုင်မြှောက်ပြရင်းက–

''ဟောဒီမှာ သားရေပိုက်ဆံအိတ်နှစ်အိတ်နဲ့ ပတ်ကားဖောင်တိန် တစ်ချောင်း ကျုပ်ဇရပ်တစ်ခုပေါ်က သွားရင်းလာရင်းနားရင်း တွေ့လို့ ကောက်ရထားတယ်''

အလို. . . ကောက်ရထားတယ်တဲ့။ ဟင်း. . . လူညာကြီး။

''ပိုက်ဆံအိတ်နှစ်ခုထဲမှာ ငွေစက္ကူအချို့လည်း တွေ့ရတာ [illegible] မှတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



တင်ကတ်လည်း ပါနေတယ်။ အဲဒါ ပိုင်ရှင်အစစ်အမှန်ရှိရင် အခုချက်ချင်း ပြန်ပေးချင်ပါတယ်။ ဟောဒါပါပဲ၊ လာယူကြပါ။ ကိုယ့်ပစ္စည်းမဟုတ်ဘဲ လာမယူကြပါနဲ့။ မှတ်ပုံတင်ပါနေတာ သတိပြုပါ။ လာညာခဲ့ရင်တော့ ရဲကို အကြောင်းကြားလိုက်ရမှာပါပဲ။ ပိုင်ရှင်အစစ်ကိုယ်တိုင်က လာယူပါနော်။ ပိုင်ရှင်မပေါ်ခဲ့ရင် ရဲစခန်းကို ကျုပ်သွားအပ်လိုက်မယ်။ ကဲ. . . ပိုင်ရှင်ရှိရင် လာခဲ့ကြ''

ဒီမှာ ငါက–

''ကျီးကန်း၊ မင်းမှတ်ပုံတင်ထဲက နာမည်မှတ်မိရင် သွားပြောလိုက်''

''မင်းရော မှတ်မိလား''

''ဟင့်အင်း''

''ငါလည်း မသိဘူး။ မသိဘဲနဲ့သွားယူရင် ဂန့်သွားမယ်။ နောက်ပြီး ငါတို့ သူ့သပိတ်ထဲက ပိုက်ဆံခိုးတာပါ ဝန်ခံလျှက်သား ဖြစ်သွားမယ်။ နေပါစေ အသာကြည့်နေဦး''

ဒီအချိန်မှာပဲ လူအုပ်ကြားကနေ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီး တစ်ဦး ထွက်လာတယ်။

''အညိုရောင်ပိုက်ဆံအိတ်က သမီးအိတ်ပါ အဘရယ်။ မနက်က ဘောလုံးကွင်းဈေးထဲမှာ ခါးပိုက်နှိုက်ခံရတာပါ''

''မှတ်ပုံတင်၊ အမည်ရော မှတ်မိလား''

''မှတ်မိပါတယ်။ မနီလာမြင့်ပါ။ ယောကျ်ားနာမည်က ကိုတောင်ကြီးပါ။ ကျွန်မ ၁၃၁၄ ခုဖွား နေရပ်က (––) ရပ်ကွက်ပါရှင့်''

''အိမ်း. . . အားလုံးမှန်တယ်။ ဓာတ်ပုံလည်း ညည်းဓာတ်ပုံပဲ။ ပိုက်ဆံကရော ဘယ်လောက်လဲ''

''ပိုက်ဆံက နှစ်ရာလောက်ပဲ ပါပါတယ်''





''မှန်တယ်၊ ရော့. . . ရော့''

''ကျေးဇူးတင်လိုက်တာ အဘရယ်။ သမီး အဘကို ကန်တော့ပါတယ်ရှင်''

''ဟိုသူငယ်ကရောကွယ့်''

''အဖြူရောင်က ကျွန်တော့်ပိုက်ဆံအိတ်ပါ အဘ''

''နာမည်က. . .''

''မောင်သိန်းနွယ်ဦးပါ။ ရန်ကုန်ကပါ။ ဘောလုံးကွင်းဈေး မရောက်ဘူးလို့ ဝင်ကြည့်တုန်း. . .''

''မှန်ပါတယ်ဗျာ။ မောင်သိန်းနွယ်ဦး၊ စာရေး၊ မြန်မာ ဗုဒ္ဓဘာသာ တဲ့၊ ရော့. . . ဗျာ''

''ဒီပတ်ကားဖောင်တိန်ပိုင်ရှင် ရှိသလား''

''ကျွန်မပါ အဘ။ ကျွန်မပါရှင်''

ကြည့်လိုက်တော့ သားသားနားနား ပညာတတ်ရုပ်ပုံမိန်းမ။ ဟုတ်ပကျုပ် အလစ်သုတ်လိုက်တဲ့ မိန်းမပဲ။

''သမီးပစ္စည်းရော ကျိန်းသေရဲ့လား''

''ကျိန်းသေပါတယ်အဘ။ သမီးက (––)ရုံးက အထက်တန်းစာရေးပါ။ ပတ်ကားဖောင်တိန်ရဲ့ အိုးကိုယ်ပေါ်မှာ K.S.M လို့ အင်္ဂလိပ်လို သံကညစ်နဲ့ ရေးထားပါတယ်။ သမီးနာမည် ခင်စန်းမြင့်ပါ''

''အေး. . . ဟုတ်တယ်။ ရော့. . . ရော့. . . ကိုင်း. . . အားလုံး ကိုယ့်ပစ္စည်းကိုယ် ပြန်ရကြပြီ ဟုတ်လား''

ဒီမှာပဲ ပစ္စည်းပိုင်ရှင်သုံးယောက်က ငွေစက္ကူအချို့ထုတ်ပြီး အဘဘုရားစေတီတည်ရာမှာ ကုသိုလ်ပါဝင်ပါရစေဆိုပြီး အလှူငွေများ ထည့်ဝင်ကြပါရော။

ပရိသတ်ကလည်း စုတ်ပြတ်ရွဲ့နေတဲ့ လူထူးဆန်းကြီး ဒေါ်စိန်နှည်း



www.burmeseclassic.com

www.burmeseclassic.com



အများကလည်း အဘိုးကြီးအကြောင်း သိနေကြတော့ ငါးမူးတစ်ကျပ် ဝိုင်းပြည့်လိုက်ကြတာ မြသပိတ်အဖုံးပေါ် အကြွေရော ကျပ်တန်၊ ငါးကျပ်တန်ပါ ပုံသွားပြန်ပါရော။

ငါတို့နှစ်ဦးကတော့ ရှေ့တိုးလှုလုံးမပြုသာဘဲ အံကြိတ်တောက်ခတ်လို့ပေါ့ကွာ။

''အေး. . . ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမ,လိမ့်မတဲ့။ သားတို့သမီးတို့ရဲ့ လိမ္မာကြ၊ သတိရှိကြ၊ ရတနာသုံးပါးမြဲမြဲကြ။ ကိုးတောင်ပြည့်စေတီတည်ရာမှာ ကုသိုလ်ပါဝင်ကြ၊ အမျိုးကောင်းသားများ ယနေ့မှစ၍ ကောင်းကျိုးချမ်းသာ သုခအဝဝနဲ့ ပြည့်ဝကြပါစေခင်ဗျာ။ ကိုင်း. . . ကိုင်း. . . ပွဲသိမ်းလိုက်ပါကွယ်။ အချိန်လည်း ချက်ချိန်ပြုတ်ချိန် ရောက်နေပါပြီ''

သို့ကလိုပြောလိုက်ရော ဘင်ဆရာလူငယ်လေးက ဘင်နဲ့လင်ကွင်းကို ပြောတီးသလိုတီးပြီး တီးလိုက်ရော ပရိသတ်ကလည်း အသီးသီးလူစုခွဲလို့ ပြန်ထွက်သွားကြပါလေရော။

အဲဒီမှာ ပြန်မသွားနိုင်တာက ငါနဲ့ကျိုးကန်းပဲ။ ငါတို့နှစ်ဦးဟာ ကျောက်ရုပ်လို တောင့်တောင့်ကြီးရပ်ပြီး အဘိုးအို၊ ဆရာတပည့်များတို့ ပစ္စည်းသိမ်းနေတာကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ စိုက်ကြည့်နေကြရော။

''ဟဲ့. . . ဟိုသူငယ်နှစ်ယောက်က ဘာအလိုရှိလို့လဲကွယ့်''

ဒီမှာ အဘိုးအိုက ငါတို့နှစ်ယောက်ရှေ့လာရပ်ပြီး မေးရော–

''အဘ. . .''

''ဘာတုံး. . .''

''ကျွန်. . . တော်. . . တို့. . . နှစ်ဦးစလုံး ခြေရော. . . လက်. . . ရော. . . လှုပ်လို့မရတော့လို့ ခင်ဗျ။ ဟီး. . . ဟီး. . ဟီး''





''ဟေ. . . ခြေရောလက်ရော လှုပ်လို့မရဘူး။ ဘာ. . . ဘာလဲ. . . လေဖြတ်သွားလို့လားဟင်''

''မ. . . မသိပါဘူး. . . ခင်ဗျာ။ ဟီး. . . ဟီး အဘကယ်ပါ ခင်ဗျ၊ ဟီး. . . ဟီး. . . အဘ''

''အဘ. . .''

''ပြောပါ၊ ဘာလဲ. . . ဘာလဲ. . . ပြော''

''ကျွန်တော်တို့ မှား. . . မှားပါပြီ အဘခင်ဗျာ။ အဘ ကယ်ပါခင်ဗျ. . . ဟီး. . . ဟီး''

ငါတို့နှစ်ဦးစလုံး ချုံးပွဲချ ငိုကြပါရော မောင်မှိုင်းရာ။ ဘယ်လိုဖြစ်မှန်းကို မသိပါဘူးကွာ။ သူများတွေ ကိုယ့်အိမ်အသီးသီးပြန်ကြလို့ လှမ်းသလို ငါတို့ခြေလှမ်းလို့ မရတော့ဘူး။ ခြေကြွလို့လည်း မရဘူး။ လက်လည်းလှုပ်လို့မရဘူး။ ခြေက မြေကြီးနဲ့ကပ်နေသလိုမျိုး ထူးထူးဆန်းဆန်းဖြစ်နေတယ်။

''နေပါဦး၊ မှားရအောင် မင်းတို့က ဘာအပြစ်များ ကျူးလွန်ကြလို့လဲ သားတို့ရဲ့. . . ဟင်''

''ခွင့်လွှတ်ပါ အဘရယ်။ ဟီး. . . ဟီး. . . ဟီး။ ကျွန်တော်တို့လူမိုက် လူယုတ်မာနှစ်ဦး အဘဘုရားတည်မယ့်ငွေတွေကို အဘ ဇရပ်ပေါ်အိပ်နေတုန်း ခိုးယူသွားမိပါတယ်ခင်ဗျ။ သားတို့ မှား. . . မှားပါပြီ အဘရယ်။ အခု ဘယ်လိုဖြစ်ပြီး ခြေရောလက်ပါ လှုပ်လို့မရမှန်း မသိဘူး ခင်ဗျ. . . ဟီး''

''အို. . . အဲဒါ မင်းတို့နှစ်ဦးလား။ အေး. . . အေး ခုလို ကိုယ်တိုင်အမှားကို ဝန်ခံကြပြီး အမှန်ကို သဘောပေါက်ကြတာ ကောင်းချိန်ရောက်တာကွယ့်။ အင်း. . . ငါသိတာ ကြာပါပြီ။ အမှန်က မင်းတို့ကို ခုနင်ရာ ဗိုင်ရာပုဂ္ဂိုလ်များက ပညာပေးလိုက်တာပဲ။ မင်းတို့ကလည်း ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဟာလဲဆိုတာ အဘသိတာပေါ့။ အဲဒီတုန်းက အဘက အိပ်ချင်ယောင် ဆောင်နေတာပါ''

''ဗျာ. . .''

''သားတို့ သိပ်မှားခဲ့ပါပြီ အဘရယ်။ ဒီလို ဒုစရိုက်မျိုး နောင် မလုပ်တော့ပါဘူး ခင်ဗျာ''

''အေး. . . အေး။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ပစ္စည်း မပြစ်မှားကောင်းဘူး သားတို့ရဲ့။ ရတနာသုံးပါးပစ္စည်းကို ပြစ်မှားရင် ဒုက္ခကိုယ်ကျိုးက လက်ရှိဘဝမှာရော သံသရာမှာပါ အကျိုးနည်းရော။ ပြီးတော့ သူတစ်ပါးပစ္စည်းကို မတော်လောဘနဲ့ ဝိသမစိတ်နဲ့ ပြစ်မှား ကျူးလွန်ရင်လည်း နတ်ရောလူပါ မကြိုက်ဘူးကွယ့်။ သေရင်လည်း အပါယ်ငရဲလားရတယ်။ ကိုင်း. . . ကိုင်း၊ အဘကလည်း အားလုံးကို မေတ္တာရပ်ခံပေးပါ့မယ်။ မင်းတို့ စိုးရိမ်စိတ်၊ တုန်လှုပ်စိတ်၊ ဒေါသစိတ်၊ မကျေနပ်စိတ်နဲ့ အာရုံကြောဆိုင်းသွားတာ ဖြစ်မှာပါ။ ကဲ. . . ကဲ စိတ်ရှင်း သွားအောင် အားလုံးကျေနပ်အောင် ပြောဆိုတောင်းပန်ပေးပါ့မယ်။

အဘတို့ ခင်ဗျာ၊ ဆိုင်ရာပုဂ္ဂိုလ်အပေါင်းတို့ခင်ဗျာ၊ မလိမ်မိုး မလိမ္မာ လူငယ်နှစ်ယောက်က ဆင်ခြင်တုံတရားကင်းမဲ့ပြီး မိုက်မှား ကျူးလွန်ခဲ့မိတာကို တစ်ကြိမ်တစ်ခါမို့ ခွင့်လွှတ်သည်းခံကြပါခင်ဗျာ။

သူတို့လည်း အမြင်မှန်ရကုန်ကြပါပြီ၊ ကိုင်း. . . ကိုင်း. . . ခြေရော လက်ပါ လှုပ်ရှားနိုင်ကြပါစေဗျား။

သို့ကလို လူထူးဆန်းအဘိုးကြီးက ပါးစပ်မှ ပြောဆိုရေရွတ်ပြီး ငါတို့နှစ်ဦးရဲ့ လက်ကြော၊ ခြေကြော၊ အာရုံကြောတွေကို ဖိနှိပ်နယ်ပေး လိုက်သလို ဦးခေါင်းက ဆံပင်ကိုလည်း သူ့လက်ဝါးနဲ့ သုံးကြိမ်သုံးခါ သပ်ချပေးလိုက်ရော သွေးကြောလေကြောတွေ ပြန်လှုပ်ရှား နိုးကြားလာ ပြီး မကြာခင် ခြေရောလက်ပါ နဂိုအတိုင်း ပြန်လှုပ်ရှားလာနိုင်ခဲ့တယ်ဗျာ။





အိုး. . . ငါတို့နှစ်ဦးဆိုတာ ပြောမပြနိုင်အောင် ဝမ်းသာလွန်းလို့ လူထူးဆန်း အဘ အဘိုးအိုကြီးရဲ့ ခြေအစုံကို ဖက်လိုက်၊ ဦးဒိုက်လိုက် ငိုလိုက်နဲ့။

အဘက ငါတို့နှစ်ဦးအဖြစ်ကို ပြုံးပြုံးကြီး စိုက်ကြည့်လို့။

''နောင်ကို ဒီလိုမကောင်းမှုတွေ လုပ်ကြဦးမှာလား သားတို့''

''မ. . . မလုပ်တော့ပါဘူး အဘခင်ဗျား။ နောင်တရပါပြီ ခင်ဗျာ''

''ဒါဖြင့်ရင် အဲဒီ ဒုစရိုက်အမှုများအားလုံး ဘုရားကို တိုင်တည် ပြီး လျှော့မှာလား''

''လျှော့နိုင်ပါပြီ အဘရယ်။ တကယ်လည်း လျှော့ဖို့ဆုံးဖြတ်လိုက်ပါပြီ ခင်ဗျာ''

''သာဓုဗျာ. . . သာဓု. . . သာဓု''

''အဘ၊ သားတို့ကို ပြန်ခွင့်ပြုပါနော် အဘ''

''အေး. . . အေး. . . ပြန်ကြဗျာ. . . ပြန်ကြ၊ နေဦး၊ ခဏလေး ရော့. . . ရော့၊ ဒါ မင်းတို့သုံးဖို့''

ကြည့်စမ်းကွာ သနားစရာကောင်းလိုက်တဲ့ အဘနှယ်။ မှန်ပြတ်လေးစားဖို့ ကောင်းတဲ့ အဘနှယ်။ တကယ့်ကို မဟာကရုဏာရှင် မေတ္တာရှင်ကြီးကွာ။ ငါတို့နှစ်ဦး သုံးဖို့စွဲဖို့ဆိုပြီး ငွေစက္ကူအချို့ လက်ထဲအတင်းကိုးထည့် ပေးနေတယ်။ ငါတို့နှစ်ဦးကလည်း မယူရဲ၊ မယူရက်လို့ အတင်းငြင်းပယ် ကြတယ်။ အဘကလည်း မရဘူး။

''ဒါ ငါ့သီးသန့်ပိုက်ဆံ၊ မင်းတို့ကို ငါစွန့်တာ''

ဆိုပြီး အတင်းထိုးထည့်ပေးတာနဲ့ ယူထားလိုက်ရတယ်။

''အဘ''

''ဟေ. . . လကွာ''

''အဘနာမည် ဘယ်လိုခေါ်ပါသလဲ အဘခင်ဗျား''



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လို့လား"

"သိချင်တာပေါ့ အဘရယ်"

"သူများတွေခေါ်သလို ခေါ်ကြပေါ့ကွာ"

"ဘယ်လိုခေါ်ရမှာလဲဟင်"

"ဘဝိုက်ပုံဦးရာကျော်လို့ပဲ ခေါ်ကြပေါ့ ခင်ဗျား. . . ."



www.burmeseclassic.com

www.burmeseclassic.com

# နတ်မြင်းခွာသံ

(၁)

တစ်နေ့သောအခါ. . . သူငယ်ချင်းရေးဖော် စာရေးဆရာ နိုင်ဝင်းကြည် ကျွန်တော့်အိမ်သို့ ရောက်ချလာသည်။ သူငှားသွားသည့် ကျွန်တော်ရေးသော ဂမ္ဘီရလုံးချင်းစာအုပ်များကို လာပြန်ပေးသည်။ သူသည် ပေါ်ဒန်စာရေးသူလည်းဖြစ်၏။ ဘဝသရုပ်ဖော်လည်းရေး၏၊ ဂမ္ဘီရတော့ လုံးဝမရေး။ ကျွန်တော်ရေးသည့် ဂမ္ဘီရဝတ္ထုများကို ဖတ်ကြည့်ချင်သည်ဆို၍ ငှားသွားပြန်ပေး လုပ်နေတာရယ်. . .။

''ကိုယ့်ဝတ္ထုတွေ ဘယ်လိုအခြေအနေရှိလဲ. . . ကိုနိုင်ဝင်းကြည်''

''အေး. . . သူငယ်ချင်းရဲ့ဂမ္ဘီရဝတ္ထုက လိုင်းသွားတစ်မျိုးပဲ။ ဒီလောက်ဆို ကိုယ်လက်ခံတယ်။ ဒီထက် အိုက်တာမဖြစ်စေနဲ့။ ကိုယ့်အိမ်သားတွေရော၊ ကိုယ့်အမျိုးတွေကရော ပေါင်ရင့်ရဲ့ ဂမ္ဘီရဝတ္ထုတွေကို တော်တော် အားပေးကြတယ်ကွ၊ ဒါနဲ့သူငယ်ချင်းကို ပြောစရာလည်းရှိလို့''

''ဘာများလဲ. . . ကိုနိုင်ဝင်းကြည်''

''ကိုယ်တို့ရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်းပါ။ သူငယ်ချင်း…





ဂမ္ဘီရဆန်းကြယ်လိုင်းရေးနေတော့ သင့်လို့ပါ။ အဖြစ်အပျက် အပေါ်လေးတော့ အံ့ဩစရာကောင်းတယ်. . . ကိုမှိုင်းရဲ့''

''ဒါဆိုပြောပျာ. . . ကိုနိုင်ဝင်းကြည်ရာ''

သို့နှင့် စာရေးဆရာ နိုင်ဝင်းကြည်က လွန်ခဲ့သည့် ကာလတစ်ခုက သူနှင့်သူငယ်ချင်းတို့ ကိုယ်တွေ့ကြုံခဲ့သည့် ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းတစ်ခုကို ပြန်ပြောပြရာ စာဖတ်သူများအတွက် အကျိုးတစ်စုံတစ်ရာဖြစ်နိုင်ဖွယ်ရှိသည်ဟု ယူဆပြီး ၎င်းဇာတ်လမ်းကို ကျွန်တော် ရေးသားလိုက်ရပေသည်။

***

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

ကိုယ့်မှာ အခင်ပင်ဆုံး သောက်ဖော်သောက်ဖက် သူငယ်ချင်း တစ်ဦးရှိတယ် ကိုမှိုင်းရ. . . သိလား။ သူ့နာမည်က ကိုသိန်းလွင့်တဲ့ကွ။ ဘွဲ့ရခေတ်ပညာတတ်တစ်ဦးပဲ သူငယ်ချင်းရေ၊ အဲဒီအချိန်က ကိုယ်က တပ်မတော်က အငြိမ်းစားယူပြီး ဝတ္ထုတိုလေး ဘာလေး ရေးနေစပြုချိန် ပေါ့ကွာ။ စနေ၊ တနင်္ဂနွေ ညနေပိုင်းဆို တို့နှစ်ဦးချိန်းပြီး မလွန်းမေ အရက်ဆိုင်မှာသောက်။ နေလုံးမပျောက် မြင်အားလေးရှိချိန်ပြန်ပေါ့ကွာ။

တစ်နေ့မလွန်းမေဆိုင်မှာ အရက်တစ်လုံးနှစ်ယောက် အတူသောက် ပြီး ဒယီးဒယိုင်နဲ့ ပြန်လာခဲ့ကြတယ်။ မြို့တော်ရှင် နတ်ကွန်းလည်းရောက် ရော သိန်းလွင်က ဖောက်ရောဟ။ ဘယ်လိုဖောက် မှတ်လို့တုံး။ မြို့တော် ရှင် နတ်ကွန်းမှာ ညောင်ပင်ကြီးတစ်ပင်ရှိတာ မောင်မှိုင်း။ ကိုရင်လည်း အသိပဲ၊ အဲဒီနတ်ကွန်းမှာ နတ်ရုပ်အကျိုးအပဲ့တွေ ဘုရားကား၊ နတ်ပုံ တော်အဟောင်းတွေ၊ နတ်စင်အကျိုးတွေ စုပုံချိတ်ထားသကိုး ကိုမှိုင်းရ၊

အဲဒီမှာကျားရုပ်၊ မင်းညီနောင်ပုံတော်၊ ကိုးမြို့ရှင်ပုံဟောင်း၊ မင်း မဟာဂီရိပုံတော်ဟောင်း စုံလို့ကွ။ အဲဒီထဲမှာမှ ငါ့ကောင်သိန်းလွင်က





မြင်းဖြူရုပ်ကလေးကို သဘောကျပြီး နတ်စင်ကနေ သွားဖြုတ်ပါရော။

''ဟ. . . သိန်းလွင်. . . ဘာလုပ်မလို့လဲ''

''လုလို့ပါ နိုင်ကြီးရာ။ ဒီ. . . ဒီမှာ. . . ကြည့်စမ်း. . . အလဲ့''

သိန်းလွင်ဟာ မူးကြောင်ကြောင်နဲ့ မြင်းဖြူသစ်သားရုပ်ကိုယူပြီး မြင်းကို ရုပ်သေးများကသလို ကြိုးဆွဲလှုပ်ရော၊ မြင်းရုပ်က ခြေရော လက်ရော လှုပ်လာရော။ အလဲ့. . . ကြည့်လို့တော့ အကောင်းသားကွ သိလား၊ ဒါနဲ့ ငါက 'မသင့်တော်လို့. . .

''သိန်းလွင်. . . ပြန်ထားလိုက်ပါကွာ''

''ဘာလို့. . . ထားရမှာလဲကွ။ ဒါ စွန့်ပစ်ပစ္စည်းဥစ္စာ၊ အိမ်မှာ ငါ့တူလေးတွေ ကစားရင်ရတယ်. . . ယူသွားမယ်''

အတန်တန်မယူဖို့ ပြောပေမဲ့ မရဘူး။ ဒါနဲ့ မင်းသဘောပဲဆိုပြီး မပြောဘဲ နှစ်ဦးသား ဒယီးဒယိုင်နဲ့ အိမ်ပြန်လမ်းကိုမှန်းပြီး ပြန်လာလိုက် တယ်။ လမ်းတစ်လျှောက်လုံး သိန်းလွင်က ရုပ်သေးကြိုးဆွဲ မြင်းဖြူရုပ် ကို ကြိုးဆွဲပြီး. . .

''စာမရီသို့ထူးမခြား×× ဟား. . . ဟား။ နတ်မြင်းပျံမို့ မျိုးကြွား ကြွားပေ×× နတ်မြင်းပျံကို စီးကာသွားမယ်လေ. . . တိန်ဖျောင်. . . ပူနောင်. . . ပူပေါင်. . . ပူပေါင်. . . ဖေဖေ. . . ဟီး. . . မြင်းလေးက တယ်လှ တယ်သွက်တဲ့ မြင်းပေပဲ၊ ဒါကြောင့် ငါကိုယ်တော်လမ်းမလျှောက် နိုင်တော့သမို့. . . မြင်းဖြူစီး အမြန်စိုင်းလိုက်မယ်. . . ရွာစားရေ. . . ဓာတ်ခင်းသံနဲ့ ခရီးဆုံးရောက်ရအောင် နတ်မြင်းပျံဆိုတဲ့ ဟီးလုံးနဲ့မို့''

''ဟေ့. . . မြန်ပြည်နယ်. . . ဓမ္မအောင် လျှံဝေခြယ်ယူဆောင် မြင်းခင်းလေ. . . မြင်းခင်းလေ''

''စာမရီမို့. . . နတ်မြင်းပျံသို့ မျိုးကြွားကြွား. . .''

သူဟာ မြင်းကြိုးကို လက်နှစ်ဖက်ကစားကြိုးဆွဲရင်း ချင်းကို



www.burmeseclassic.com

www.burmeseclassic.com



အသားကုန်ဟစ်နေတယ်။ လပ်းမှာ လူကလည်းရှင်းလို့။ လမ်းကြား တစ်ခုထဲရောက်လာပြီကိုး။ ဒီအချိန်မှာပဲ တို့နောက်ကနေ မမျှော်လင့်တဲ့ အသံအချို့ ကြားလိုက်ရပါရောဟေ့။

''ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်''

''ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်. . . ခွပ်''

အလို. . . မြင်းခွာသံပါကလား။ အသံက မြင်းတစ်ကောင် ဒုန်းစိုင်း ပြေးလာသည့်အသံမျိုးကွ။ အသံက ဝေးရာကနေ နီးလာတာနဲ့ ကိုယ်က သိန်းလွင်လက်ကိုကိုင်ပြီး လမ်းနံဘေးကို ကပ်ပေးဆွဲချ လုပ်လိုက်ရတယ်။ ဒီအချိန်မှာ တို့နှစ်ဦးအနီးကနေ ''ဗိုး''ခနဲ လေတိုးဖြတ်ပြေးသလိုမျိုး ခံစားလိုက်ရတယ်။ ဒါပေမဲ့ ဘာကောင် ဘာမြင်းမှ မတွေ့ရဘူး။

''ဘာကောင်လာလို့လဲကွ. . . နိုင်ကြီးရ''

''မြင်းပြေးလာတယ်မှတ်လို့. . . တိုက်မိမှာစိုးလို့ ဆွဲချရတာပါဟ''

''ဘယ်မှာလဲကွ. . . မင်းသောက်မြင်းက''

''အေးကွာ. . . မြင်းခွာသံကြားရပြီး မြင်းမမြင်ရဘူး ဖြစ်နေတယ်''

''မှူးကြောင်ရှူးကြောင်နဲ့ကွာ. . . နိုင်ကြီးရာ။ ဖိလင်ပျက်လိုက်တာ။ ဟဲ့သားကြီးရေ. . . နီးလာပြီကွယ့်။ သုတ်သုတ်လေးခွာစုံနဲ့ ဖေကြီးကို ပို့ပါဦး သားရဲ့။ စာမရှိပို့ ထူးမခြား. . . ဟာ. . . ဟာ. . . နိုင်ဝင်း. . . နိုင်ဝင်း. . . ရှောင်. . . ရှောင်. . . အား''

သိန်းလွင်ဟာ သီချင်းဆိုရင်းကနေ ရုတ်ခြည်း ကိုယ်ကို တွန်းပစ် လိုက်ရင်း သူပါလမ်းနံဘေးကို အမြန်ရှောင်လိုက်တာ လဲကျသွားရော။

''ဘာဖြစ်လို့လဲ. . . သိန်းလွင်''

''လူတစ်ယောက် မြင်းကြီးဒုန်းစိုင်းပြီး ငါတို့တည့်တည့် ဝင်လာလို့ ကွ. . . အား''

''ဟာ. . . ပေါက်ကရကွာ။ မင်းတော့ ''ပေါက်'' ''ကြောင်'' သွားပါ





ပြီ သိန်းလွင်ရာ. . . မြင်းဝေးလို့ ခွေးတောင်ဖြတ်မသွားပါဘူးကွာ။ မင်း မူးနေပြီ မြန်မြန်လျှောက်ကွာ''

''ဟာ. . . ဟာ. . . နိုင်ကြီးရ. . . ဟို. . . ဟိုမှာ ပြန်ပြီး ဒုန်းစိုင်း ချလာပြန်ဟ ရှောင်ရှောင်. . . အမယ်လေး''

သိန်းလွင်ဟာ တကယ့်ကို စိုးရိမ်ထိတ်လန့်ဟန်နဲ့ ကြိုးဆွဲပြင်းရုပ် ကလေးကို လက်တစ်ဖက်ကကိုင်ပြီး သစ်ပင်ရှိရာ လမ်းနံဘေးကို ခုန် ကပ်လိုက်ပြန်ရောဟေ့။ ကိုယ်လှမ်းကြည့်တော့လည်း လေတိုးသွားသလို အသံကလွဲလို့ ဘာမှမမြင်ရ။

''ဟေ့ကောင်. . . သိန်းလွင်. . . အရူး။ ကြောင်မနေနဲ့ မှောင် တော့မယ်။ မြန်မြန်လာ''

ကြာတော့ ငါက စိတ်တိုလာရော။ မူးကြောင်ရူးကြောင်နဲ့ မျက်နှာ ပြောင်နေတယ်မှတ်ပြီး ပေကပ်ကပ် မျက်လုံးကလယ်ကလယ်လုပ်နေတဲ့ သင်းပခုံးကို တွန်းလို့ခေါ်လာလိုက်မှ သင်းလိုက်ပါလာတယ်။ လေ့းငါး ဆယ်လှမ်းလည်း လှမ်းပြီးရော. . .

''အမယ်လေး. . . မြင်း. . . မြင်းအုပ်ကြီး လာ. . . လာနေပြီ. . . ပြေး. . . ပြေး''

''ဟေ့ကောင်. . . သိန်းလွင်''

''နိုင်ကြီး. . . ပြေး. . . လွတ်အောင်ပြေး၊ မြင်းအုပ်ကြီး ပြေးလာ နေပြီ''

သူဟာ ကြောက်လန့်တကြား မျက်လုံးပြူး မျက်ဆံပြူးအော်ဟစ် ရင်းက လက်ထဲက မြင်းဖြူရုပ်ကလေးကို လမ်းနံဘေးမြေသားမြောင်းထဲ လွှင့်ပစ်ပြီး တစ်ချိုးတည်းပြေးပါရော။ ပြေးရင်း ပါးစပ်ကလည်း မြင်းတွေ မြင်းတွေနဲ့အရူးလိုအော်ရင်း လှည့်မကြည့်ဘဲ ပြေးတာကိုယ့်လူ။ နောက်ဆုံး ကိုယ်လည်း ဒီအရူးငကြောင် ငမူးငပေါက်ကို ခေါ်လို့အော်ငို့ [illegible]တော့



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ပြေးချင်လည်းပြေးတော့ဆိုပြီး လွှတ်ထားလိုက်လို့။ တစ်ယောက်တည်း ကိုယ့်ဘာသာ ပုံမှန်လှမ်းပြီး ပြန်လာလိုက်တုန်းမှာပဲ ကိုယ့်နားထဲမှာ မြင်းတစ်ကောင်ဟီသံကို ကြားလိုက်ရပါရောဟေ့။

ဒါနဲ့ သိန်းလွင်ပြောတာများ မှန်နေမလားဆိုပြီး မြင်းဟီသံလာရာဘက် လှမ်းကြည့်လိုက်တော့ ဘာမြင်းမှမရှိ ရှိနေတာက လမ်းဘေးမြောင်းထဲက မြင်းမြူရုပ်တစ်ရုပ်သာရယ်။

♛♛♛

(၃)

အဲဒီမှာ အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်တာက သိန်းလွင်ပဲ မောင်မှိုင်းရေ။ မိုးလည်းလင်းရော သူ့အမေ ငါ့ကိုလာခေါ်ပါရော။ အရေးကြီးလို့ အိမ်ကိုလိုက်ခဲ့ပါတဲ့။ ဒါနဲ့ သူတို့အိမ်လိုက်သွားရော။ အဲဒီမှာ သိန်းလွင်ကို ကြိုးနဲ့ချိတုပ်ထားလျက်သား တွေ့လိုက်ရပါရောဗျာ။

''ဒေါ်ဒေါ်. . . သိန်းလွင်. . . သိန်း. . . လွင်. . . ဘာဖြစ်လို့လဲ''

''မြင်း. . . တွေ. . . မြင်း. . . တွေ. . . အား. . . ပြေး. . . ပြေးဟော့ကောင်. . . ပြေး''

''အားမလေး. . . ငါ့ကို. . . မြင်းတိုက်သွားပြီဗျ. . . အား. . . အား''

''လွှတ်ပါ. . . မြင်းနင်းတော့မယ်. . . အမေ. . . မြင်း. . . မြင်းလာနေပြီ. . . အား''

''ဒေါ်ဒေါ်. . . သိန်းလွင်. . . ဘယ်လိုဖြစ်နေတာလဲ. . . ဟင်''

သိန်းလွင်ရဲ့အခြေအနေက အရူးတစ်ယောက်လိုဖြစ်နေတယ်။ တိုင်မှာ ကြိုးနဲ့ချည်ထားသည့်ကြားက အသံကုန်အော်ဟစ်နေတယ်၊ အားမှာလည်း သူ့အဖေနဲ့ ညီကိုမောင်နှမများ ဆွေမျိုးသားချင်းများက



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တရွဲရွဲ. . . တငိုငို. . . ။

"ဖြစ်ပုံကတော့. . . မောင်နိုင်ဝင်းရယ်၊ မနေ့ညနေ နေဝင်ရီတရောမှာ မှုးပြီးအိမ်ပေါ်အပြေးတက်လာတယ်။ ထမင်းမစားဘဲ တန်းအိပ်တာပဲ။ တစ်ရေးလည်းနိုးရော မြင်းတွေ. . . မြင်းတွေလာနေပြီ။ သူ့ကို မြင်းတွေ နင်းတော့မယ်၊ နင်းသွားပြီနဲ့ ထ,အော်ပါရော။ အဒေါ်တို့က မှုးပြီးကယောင်ကတမ်း လျှောက်ပြောနေမှတ်တာ။ တစ်ညလုံး မိုးသာလင်းရော။ မြင်းတွေလာပြီကို တစ်ရေးနိုးတိုင်း ထ,အော်ပြီး အိပ်ခန်းထဲပြေးနေတာ။ မနည်းဖိုင်းချုပ် ထိန်းရတာ။ မိုးလင်းတော့ ထိန်းလို့မရတော့ဘူး။ ပုဆိုးကွင်းသိုင်းနဲ့ လမ်းမပေါ်ထွက်ပြေးတာနဲ့ ခု ငါတူမြင်တဲ့အတိုင်းတိုင်မှာကပ် ကြိုးနဲ့ချည်ထားရတယ်။ မင်းတို့ ဘာတွေဖြစ်လာ လုပ်လာကြသလဲဟင်"

ဖြစ်မှဖြစ်ရလေ သိန်းလွင်ရာ. . . ဒါနဲ့ ကိုယ်က သူ့ရှေ့ကိုတိုးသွားပြီး. . .

"သိန်းလွင်. . . သိန်းလွင်"

သူကိုယ်ကို အမြှုပ်စီနေတဲ့ပါးစပ်. . . မျက်လုံးပြူးကြောင်ကြောင်နဲ့ စိုက်ကြည့်နေတယ်။

"သိန်းလွင်. . . သူငယ်ချင်း. . . ငါ့ကိုသိလား. . . မှတ်မိလား"

"မြင်းတွေကွ. . . မြင်းတွေ ဟော. . . ဟော. . . ဟိုမှာ. . . ဟိုမှာမြင်းနဲ့လူကြီး ငါ့ဆီကို အပြေးစိုင်းချလာပြီ. . . လွှတ်ကြပါ. . . ကျုပ်ကိုတိုက်မိတော့မယ်။ မ. . . မလုပ်ပါနဲ့. . . မတိုက်ပါနဲ့ အား. . . အား"

ဒီအချိန်မှာပဲ ခြံဝင်းထဲကို အသက် (၆၀) ခန့် ပိတ်ဖြူအင်္ကျီဝတ်သျှောင်တစောင်းနဲ့ အဘိုးကြီးတစ်ဦးနဲ့ အမေထွားဆိုသူ နတ်ကတော်အဘွားကြီးတစ်ဦး ဝင်လာကြရော။

"ဟော. . . အဘကြွလာတယ်ဟေ့၊ နေရာ. . . နေရာလုပ်ပါဟဲ့၊





အမေထွားလည်း ပါလာတာကိုး။ အဘတို့. . . အမေထွားတို့ ကြွပါရှင် ခေါင်းရင်းကိုကြွကြပါ"

"မြင်းတွေလာနေပြီ. . . ဟော့လူ. . . မလုပ်ပါနဲ့. . . အား. . . မ. . . မလုပ်ပါနဲ့"

"ဟော့. . . သူငယ်. . . မင်းဘာဖြစ်နေတာလဲ"

ဒီမှာမရောက်မဆိုက်ဘဲ ပိတ်ဖြူဝတ်အဘဆိုသူ သျှောင်တစောင်းက သိန်းလွင်ရဲ့မျက်နှာကို လက်ညှိုးထိုးပြီး မေးလိုက်ရော. . .

"မြင်း. . . မြင်းနဲ့လူ. . . လူ. . . လာနေပြီ"

"ဘယ်မှာလဲ. . . ပြော"

"ဟို. . . ဟိုမှာ. . . ခြံ. . . ခြံဝမှာ. . . ခြံဝမှာ. . မြင်း. . . မြင်းကြီးနဲ့ဖူ. . . အမလေး"

သိန်းလွင်ရဲ့ မျက်ကလူးဆန်းပျာစကားအဆုံး အဘသျှောင်တစောင်းအဘိုးကြီးက ခြံဝကို လှမ်းမျှော်ကြည့်ရင်းက. . .

"ဟေ့. . . မြင်းနဲ့အကောင် မင်း. . . ဒီခြံထဲ မဝင်နဲ့. . . အဲဒီမှာရပ်နေ. . . လိုက်"

သူဟာ ခြံဝကို လက်ညှိုးထိုးပြီး အသံဟိန်းဟိန်းနဲ့ အမိန့်လှမ်းပေးလိုက်ရော။ သိန်းလွင် ခြံဝကိုကြည့်ရင်း နည်းနည်းငြိမ်သွားခဲ့တယ်။ ဒါပေမဲ့ သူ့အသားတွေ တုန်ယင်နေတယ်။ ဒါနဲ့ အဘဆိုသူက ဖြစ်ပျက်ပုံကို မေးတော့ သိန်းလွင်အမေ ဒေါ်ဒေါ်သိန်းမေက ကျွန်တော့်ဘက်ကိုလှည့်ပြီး. . .

"မင်းတို့နှစ်ဦး အရက်သောက်ပြီး ပြန်လာကြတယ်လို့ ချစ်မြတ်တို့လူစုက ပြောတယ်. . . မောင်နိုင်ဝင်းကြည်။ မင်းတို့ လမ်းမှာ ဘာတွေဘယ်လိုဖြစ်လာကြသေးလဲကွယ်။ ဒေါ်ဒေါ်တို့ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအံ့သြကြောက်လန့်စရာအဖြစ်မျိုး တစ်ခါမှမကြုံဖူးဘူးကွယ်။ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ဖြစ်ခဲ့တယ်ဆိုတာ အမှန်အတိုင်းပြောပြပါ. . . မောင်နိုင်ဝင်းကြည် ရယ်. . . နော်''

ကိုယ် ဘာကစပြောရမှန်းမသိဘူး။ အရက်ကလေးသောက်ပါတယ်။ ခုတော့ ကျော်မကောင်းကြားမကောင်း။ ဒီကောင်ကြောင့်ဖြစ်ရပြီ။ လူတွေက ကိုယ့်ဘာပြောမလဲဆိုတာကို ဝိုင်းမျှော်ငံ့လင့်နေကြလို့။ ဒီအချိန်မှာပဲ နတ်ကတော်ဒေါ်ထွားကြီး ဝုန်းခနဲထခုန်ပြီး. . .

''မြင်း. . . ဖြူ. . . ရှင်တဲ့ဟေ့''

''ဝုန်း. . . ဝုန်း. . . ဝုန်း. . . ဝုန်း''

''အမလေး. . .''

''ဟာ. . . ဟ. . . ဘယ်လိုဖြစ်ပြန်ပလဲဟ''

ခုကွပါပဲကွာ၊ နတ်ကတော်ဒေါ်ထွားကြီးဟာ သိန်းလွင်နဲ့ငါ့ကို စိုက်ကြည့်နေရာက ပါးစပ်ကနေ မြင်းဖြူရှင်တဲ့ဟေ့. . . လို့အော်ဟစ်ပြီး အိပ်ပေါ်မှာ မြင်းလိုပြေးပါရော။ ဒီမှာ သိန်းလွင်ကလည်း လန့်အော်။ အဲဒီမှာပဲ အဘသျှောင်တစောင်းကြီးက မြင်းလိုခုန်ပေါက်နေတဲ့ နတ်ကတော်ဒေါ်ထွားကြီးရဲ့ဦးခေါင်းကို သူ့ညာလက်ဝါးနဲ့ အုပ်လိုက်တာ ဒေါ်ထွားကြီး ချက်ချင်းငြိမ်ကျသွားပြီး နဂိုအတိုင်း ပြန်ထိုင်လျက် ရှိနေရော။

''လက်သည်ကို. . . ငါသိပြီကွ''

''ဘယ်. . . သူ. . . ပါလဲ. . . အဘရယ်. . . သရဲလား. . . ဖုတ်လားဟင်. . . ဟင်''

''ဟေ့. . . သူငယ်. . . မောင်ဘယ်သူ. . . ဟိုညှော်သည်''

''မောင်နိုင်ဝင်းကြည်ပါ ခင်ဗျာ''

''အေး. . . လူကလေး. . . မောင်နိုင်ဝင်းကြည်၊ မင်းသူငယ်ချင်းကို ဖမ်းစားနှောင့်ယှက်နေသည့် လက်သည် အဘ မြင်လည်းမြင်နေရပြီ။ ဒီက မယ်ထွားရော၊ မောင်သိန်းလွင်ကရော သက်သေခံနေပြီ။ တရားခံ





အစစ် ဘယ်သူဆိုတာ ငါ့သားကြီးသိရင် အမှန်အတိုင်းပြော။ ဘာမှ မကြောက်နဲ့. . . အဘရှိတယ်။ အားလုံးကို ပြေငြိမ်းအောင် စီစဉ်ပေးမယ် ပြော''

''ဒီ. . . ဒီလိုပါ အဘခင်ဗျာ၊ မနေ့ညနေက ကျွန်တော်နဲ့သိန်းလွင် ညနေပိုင်း အရက်အတူသောက်ပါတယ်။ သောက်ပြီးအပြန်မှာ သိန်းလွင်က မြို့တော်ရှင်နတ်ကွန်းညောင်ပင်က ကြိုးဆွဲမြင်းဖြူရုပ်ကို ယူလာပြီး လမ်းတစ်လျှောက်ဆော့ကစား သီချင်းဆိုလာခဲ့ပါတယ်။ မကြာဘူး မြင်းခွာသံရော မြင်းဟီသံရော နောက်က ဘေးကကြားရပြီး မြင်းကိုမမြင်ရပါဘူး။ ဒီမှာပဲ သိန်းလွင် သူ့ကို မြင်းလိုက်နင်းနေတယ်။ မြင်းအုပ်ကြီး လိုက်နေပြီနဲ့အော်ရင်း မြင်းဖြူအရုပ်ကို လွှင့်ပစ်လို့ ပြေးတော့တာပါပဲ ခင်ဗျာ။

''အေး. . . ဒီလိုပဲဖြစ်ရမယ်. . . ဟဲ့. . . သိန်းမေနဲ့ ဘမောင်''

''ခင်ဗျာ. . . အဘ. . . ကြိုင်''

''ရှင်. . . ရှင်. . . အဘ''

''အဆုံးမတော့ တရားခံလက်သည်အစစ်က ညည်းတို့သား မင်းတို့သား ဒီသူငယ်ပဲ။ သူက မြို့တော်ရှင်နတ်ကွန်းက သူတစ်ပါးစွန့်လှူထားတဲ့ မြင်းဖြူရှင်ရဲ့ စီးတော်မြင်းမြင်းဖြူရုပ်ကို မတောင်းမဆို ခွင့်မပန်ဘဲ စော်စော်ကားကား ယူလာလိုက်တဲ့ အပြစ်ပဲကွယ်။ ဒါ. . . ကိုယ့်ပစ္စည်းမဟုတ်ဘူး။ သူ့ပစ္စည်း။ ကိုယ်နဲ့မဆိုင်ဘူး။ သူနဲ့ဆိုင်တာ။ တစ်နည်းမရိုညာဉ်လောကသားနဲ့ ဆိုင်တာ။ ကိုယ်နဲ့မဆိုင်ဘဲ စော်ကားမော်ကား လုပ်ယူလာတော့ ဟိုက လိုက်ပြန်တောင်းတာ။ အကြောင်းသိအောင် ပြနေတာ။ ဟေ့သူငယ်. . . မောင်ဘယ်သူ''

''မောင်နိုင်ဝင်းကြည်ပါ အဘ''

''အေး. . . အဲဒီမြင်းဖြူအရုပ် စွန့်ခဲ့တဲ့နေရာကို လိုက်ပြလိုက်စမ်းမေထွား''



www.burmeseclassic.com

www.burmeseclassic.com



''ရှင်. . . ဆရာကြီး''

''ဒီကိစ္စ အမေထွားလုပ်တာတပ်ပါတယ်၊ သူ့ထုံးစံနဲ့အညီ သွားရောက်တောင်းပန်လိုက်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ သူတို့ကို အနိုင်မကျင့်ချင်ဘူး။ မဆုံးမချင်ဘူး။ ဒီကောင်တွေ လွန်နေတာ။ လောကမှာ လူ့စည်း ဘီလူးစည်းရှိတယ်။ မှားရင်လွန်ရင် အပြစ်ရှိရင် လွန်သူအပြစ်ရှိသူ ဝန်ခံတောင်းပန်ရစမြဲပဲ။ သွား. . . ခုချက်ချင်းလုပ်ပေးလိုက်၊ ငါ မေတ္တာရပ်ခံပေးထားမယ်''

သည်မှာပဲ နတ်ကတော်အမေထွားနဲ့ သိန်းလွင်အမေတို့ ချက်ချင်းတိုင်ပင်ပြီး မကြာခင် လက်ဖက်ပွဲ၊ အမွှေးနံ့သာ၊ ဖယောင်းတိုင်များဝယ်ပြီး ကိုယ့်ကိုခေါ်လို့ အိမ်က ထွက်ခဲ့ကြတယ်။ လမ်းကြားတစ်နေရာလည်းရောက်ရော မနေ့က သိန်းလွင်ကြောက်လန့်ပြီး လွှင့်ပစ်ခဲ့လိုက်တဲ့ တစ်တောင်ခန့် မြင်းဖြူကြိုးဆွဲအရုပ်ကလေးကို သွားပြန်တွေ့တော့တယ်။ အမေထွားက မြင်းဖြူကြိုးဆွဲအရုပ်ကလေးကို ကောက်ယူရေဆေးပြီး အမွှေးနံ့သာများ ဖျန်းပေးလိုက်ခဲ့ဖို့ ပြောဆိုလိုက်တယ်။

သည့်နောက် ကိုယ်တို့အားလုံး မြို့တော်ရှင်နတ်ကွန်းရှိရာကို ရောက်ရော၊ လက်ဖက် အမွှေးတိုင် ဆီမီးများထွန်းညှိပြီး ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များကို အမေထွားက တောင်းပန်လိုက်တယ်။

''မြို့တော်ကို ရှေးအစဉ်အလာအရ စောင့်ရှောက်နေတဲ့ မြို့တော်ရှင်ကြီးနဲ့တကွ. . . တို့ရှင်. . . သောကြာသား မောင်သိန်းလွင်သည် ငယ်ရွယ် မသိနားမလည်သူလည်းဖြစ်သည့်ပြင် သောက်စားမူးယစ်ပြီး မလုပ်အပ်သည်များကို လုပ်ခဲ့ပါသည့်အတွက် အပြစ်ရှိသည်မှန်ပါသော်လည်း၊ တစ်ကြိမ်တစ်ခါ အမိုက်အမဲကလေးမို့ သည်းခံခွင့်လွှတ်ပါ။ လူမှုဖွယ်တန်ဖွယ်များဖြင့် ကလေးကိုယ်စား သမီးတော်ကြီး တောင်းပန်ပါတယ် ကျေနပ်ကြပါ. . . ပုဂ္ဂိုလ်အပေါင်းတို့''





သို့ကလိုပြောပြီး ကြိုးဆွဲမြင်းဖြူအရုပ်ကလေးကို ညောင်ပင်နတ်ကွန်းမှာပြန်ချိတ်ပေးလိုက်လို့ နေရာအနံ့ကို သပြေပန်း နံ့သာများဖြင့် ပက်ဖျန်းလိုက်တယ်။ ကိစ္စဝိစ္စပြီးတော့ အိမ်ပြန်လာခဲ့ကြတယ်။

အိမ်လည်းရောက်ရော မောင်မင်းကြီးသား သူကောင်းသားကြီး မောင်သိန်းလွင်ကို လူကောင်းပကတိအတိုင်း တွေ့လိုက်ရရော အားလုံးဝမ်းသာအံ့သြကုန်ကြတာပေါ့ကွာ။

''မြင်ကြ သိကြပြီ မဟုတ်လားဟေ့''

''တကယ့်ကို အံ့သြစရာပါပဲ အဘရယ်''

''ကဲ. . . လူကလေး မောင်သိန်းလွင်၊ ညက ခံစားနေရပုံကို မှတ်မိသလောက် ပြန်ပြောပြလိုက်စမ်းဟေ့. . . အားလုံးသဘောပေါက်သွားအောင်လို့''

''အိပ်ပျော်မယ်ကြံလိုက်၊ နားထဲမှာ ဆူညံနေတဲ့ မြင်းခွာသံတွေကို အနီးကပ်ကြားနေရပါတယ်ခင်ဗျ။ မြင်းခွာသံမှ ဖြောင်းဖြောင်းကို မြည်နေတာပဲ။ အိပ်ပျော်လည်းသွားရော ကျွန်တော့်ရင်ဘတ်ပေါ်ကို လူကြီးတစ်ယောက် မြင်းဖြူကြီးနဲ့ နင်းပြေးတာ အိပ်မက်မက်ပြီး လန့်အော်ရပြန်ပါရော။ တစ်ခါ ပြန်အိပ်ပျော်သွားရင် မြင်းအုပ်ကြီး ကဆုန်စိုင်းပြေးလာပြီး ကျွန်တော့်ကို ခွာနဲ့ပေါက် နင်းမလိုလုပ်လို့ အိပ်မက်က လန့်အော်ရပြန်ရော။ တစ်ညလုံးကို အိပ်လို့မရပါဘူး အဘရယ်။ မိုးလင်းရော ခြံဝမှာ မြင်းဖြူကြီးနဲ့ လူကြီးတစ်ယောက် မြင်းပေါ်က ခါးထောက်ပြီး ဒေါသနဲ့ ကြိမ်းဝါးနေတာ ကြောက်စရာကောင်းလိုက်တာ အဘရယ်''

''အခုရော. . . မြင်သေး ကြားသေး လန့်နေသေးသလားကွယ့်''

''ဟင့်အင်း. . . ဘာမှ အခု မဖြစ်တော့ပါဘူးခင်ဗျ''

''အိမ်း. . . နောင်ကိုမှတ်ထားကြ လူကလေးတို့။ ပရိ[illegible] လောကသားများမှာလည်း သူတို့အစွဲအလမ်း ဘဝလေ့အရ [illegible]ခွင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ နေရာတွေ အသုံးပြု အစွဲအလမ်းတွေ ရှိကြတယ်။ အဲဒါ သူတို့နဲ့ ဆိုင်တယ်။ မင်းတို့လူသားတွေနဲ့ လုံးဝမဆိုင်ဘူး။ သူတို့က ကိုယ့်ကို ဘာဒုက္ခမှလာမပေးဘဲ ကိုယ်ကအလျှင် သွားစော်ကားအနိုင်ကျင့် ကျူးကျော်သလိုလုပ်ရင် လူပဲဖြစ်ဖြစ် ပရဝိဉာဉ်လောကသားပဲဖြစ်ဖြစ် ဘယ်ခံမှာလဲ။ မင်းကဲ့နိုပ်နေတော့ ခံလိုက်ရတာပေါ့။ မှတ်ထား. . . သူ့စည်းကိုယ့်စည်းကို နားလည်ထား။ သူ့ဥစ္စာ ကိုယ့်ဥစ္စာ နားလည်ထား။ ပြော. . . တရားခံ ဘယ်သူလဲ''

''ကျွန်တော်ပါ. . . အဘခင်ဗျာ''

မှတ်ချက်။ တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်ပါသည်။ ကိုယ်တွေ့ကြုံ ကိုယ်တိုင်ခံစားရသူ နှစ်ဦးစလုံး ယနေ့တိုင် သက်ရှိထင်ရှားရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်အိုကြီးမှ ထူးဆန်းသောပရိဝိညာဉ်သားများ

(၁)

တစ်နေ့ ကျွန်တော် ဆရာဦးမင်းကြည်လှိုင် ဦးစီးကျင်းပနေသည့် ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်ကြီး ပူဇော်ပွဲရှိရာ သန်လျင်ကမ်းနားဆိပ် (သီတာသဘော်ဆိပ်)သို့ ထွက်လာလိုက်သည်။ အခန့်သင့်ပင် အရှင်ဥပဂုတ္တရဟန္တာမြတ်ကြီး ခေတ္တစံမြန်းရာ သံစည်နှင့် ဝါးပိုးဝါးများ ညှပ်စီထားသည့် စံကျောင်းဖောင်တော်ပေါ်တွင် ဦးမင်းကြည်လှိုင်နှင့် အကျိုးတော်ဆောင်အဖွဲ့ဝင်များ ညှိသည်များကို တွေ့လိုက်ရသည်။

ဆရာဦးမင်းကြည်လှိုင်ကား နယ်နယ်ရရမဟုတ်။ ရှင်ဥပဂုတ္တမထေရ် မြတ်ကြီး၏ အထုပ္ပတ္တိကို ရှားရှားပါးပါး ရှာဖွေစုစည်း၍ ရေးသားစီရင်သူ ဖြစ်၏။ စာပေလောကမှ ပညာရှင်များရော၊ သံဃာအရှင်သူမြတ်များကပါ သူ စီရင်ရေးသားသည့် စာအုပ်ကိုဖတ်ပြီး ထွက်ရှိပြီးသမျှ အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်စာအုပ်များတွင် ဤစာအုပ်သည် အပြည့်စုံဆုံး၊ အခန့်ညားဆုံးဟု ချီးမွမ်းခဲ့ကြ၏။ (ယခု စတုတ္ထအကြိမ် ရိုက်နှိပ်ဖြန့်ချိပြီး ဖြစ်ပါသည်) သူနှင့် ကျွန်တော်သည် ပညာမိတ်ဆွေများ ဖြစ်ကြ၏။





သူသည် အနယ်နယ်အရပ်ရပ်မှာ အရှင်ဥပဂုတ္တမထေရ်မြတ်ကြီး ရုပ်လုံးစံကျောင်းများကို တည်၍ သာသနာပြုခဲ့၏။ နှစ်စဉ်(ပွင့်လင်းရာသီ) လရောက်ဝိုင်း သန်လျင်ပဲခူးမြစ်မှသည် ပင်လယ်ဝသို့ ရှင်ဥပဂုတ္တဖောင်မျှော ပူဇော်ပွဲကျင်းပတိုင်း ပါဝင်ဦးဆောင်လေ့ရှိသည်မှာ ယခုအထိဆိုလျှင် (၁၆) ကြိမ် ရှိခဲ့ပြီဖြစ်သည်။

ယခုဖော်ပြမည့် ဇာတ်လမ်းသည် ဆရာဦးမင်းကြည်လှိုင် သူ့ဖခင် ဆေးဗိန္ဒောဆရာကြီး မန္တလေးဦးလှမိုင်နှင့်အတူ တွဲ၍ ပရဝိညာဉ်လောကသားများနှင့် တွေ့ဆုံခဲ့ရသည့် ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်သည်။ အကြောင်းအားလျော်စွာ နေရာ၊ ဌာန၊ လူပုဂ္ဂိုလ် အမည်များအား လွှဲပြောင်း၍ မှတ်သားဖွယ် အလို့ငှာ ရေးသားလိုက်ရပေသည်။

***

www.burmeseclassic.com

www.burmeseclassic.com

## (၂)

တစ်ည. . .

အချိန်က ည ၁၀ နာရီခန့် ရှိသည်။ ဆရာကြီးဦးလှနိုင်နှင့် သားဖြစ်သူ ဦးမင်းကြည်လှိုင်တို့ နေထိုင်ရာ သန်လျင်မြို့ဟောင်း နေအိမ်သို့ ရေးကြီးသုတ်ပျာ စိုးရိမ်ထိတ်လန့်ဖြစ်နေသော လူနှစ်ဦးကားတစ်စီးနှင့် ပေါက်ချလာသည်။

"ဆ. . . ဆရာကြီး. . . ဦး. . . လှ. . . နိုင်. . . ရှိ. . . ရှိပါသလား ခင်ဗျာ"

"ဆရာကြီး. . . ဆ. . . ရာ. . . ကြီး. . . ခင်ဗျာ. . ."

အိမ်ရှေ့မှာ အဆက်မပြတ် ခေါ်နေသံကြောင့် ဦးမင်းကြည်လှိုင်မှ တံခါးဖွင့်ကြည့်လိုက်သည်။ အိပ်ရာထဲ လှဲနေသည့် ဆရာကြီးကလည်း ကောက်ထလိုက်သည်။ အိမ်ပေါ်သို့ အသက် (၅၀) ခန့် ရုပ်ရည်သန့်ပြန့်သော်လည်း ကြောက်စိတ်ကဲနေသည့် လူကြီးတစ်ဦးနှင့် အသက် (၂၀) ခန့် အသားဖြူဖြူ သွယ်သွယ်၊ ချောချော မိန်းမငယ်လေးတစ်ဦး ရောက်လာသည်။





"အချိန်မတော် ဘာအကြောင်းများ ရှိလို့ပါလဲ ခင်ဗျာ"

"ဟို. . . ဟို. . . အကူအညီ. . . လို. . . လိုအပ်နေလို့ပါ၊ ဆ. . . ဆရာကြီး ခင်ဗျာ"

ညှိုသည့်လူကြီးသည် အသံများတုန်ယင်နေ၏။ အမျိုးသမီးငယ်ကား ကြောက်ရွံ့ထိတ်လန့်လွန်းသည်ထင့်၊ လူကြီး၏လက်ကို ဆုပ်ညှစ်ထား၏။

"ဆိုပါ၊ ကျုပ် ဘာ အကူအညီပေးရမလဲ"

"ဒီ. . . ဒီလိုပါ ဆရာကြီး ခင်ဗျာ၊ ကျွန်တော့်အမည်က ဦးလှိုင်ထွေးပါ။ အညာဇာတိပါ။ ဒါက သမီးလေး ကြည်ပြာဖူးငုံလို့ ခေါ်ပါတယ်။ အခု ကျွန်တော်တို့နေတာက သန်လျင်(. . .)ရပ်ကွက်၊ (. . .)လမ်းမှာပါ။ ဖြစ်ပုံက လွန်ခဲ့တဲ့နှစ်လလောက်က အိမ်ကြီးနဲ့ ခြံကြီးကို ဈေးချောင်ချောင်နဲ့ ရတာနဲ့ ဝယ်ခဲ့ပါတယ်။ ဆ. . . ရာ. . . ကြီး ခင်ဗျ။ ဖြစ်စဉ်အစအဆုံးကို ပြောခွင့်ပြုပါ. . . ဆရာကြီး. . ."

"ပြောပါ. . . ပြောပါ၊ အသေးစိတ်သိရရင် ပိုကောင်းပါတယ်"

သို့နှင့်. . . အရေးပေါ် ညှိုသည့်အညာသား ဦးလှိုင်ထွေးက သူတို့မိသားစု ကြုံတွေ့ခဲ့ရသော ထူးဆန်းလှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များကို စီကာစဉ်ကာ ဤသို့ပြောပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

၁၉၇၀ ပြည့်ခုနှစ်ဝန်းကျင်က ရေနံချေးဝနေသည့် နှစ်ဆောင်ပြိုင် ကျွန်းလုံးအိမ်ကြီးနှင့် သီးပင်၊ စားပင်၊ သစ်ဝါးများပေါသည့် တစ်ကောနီ့ ကျယ်သော ခြံကြီးကို အညာသားကြီးဦးလှိုင်ထွေး သဘောကျလွန်းလှ၍ တန်ဖိုးငွေကျပ် နှစ်သောင်းနှင့် ဝယ်လိုက်သည်။ ၎င်းနောက် အညာပခုက္ကူ မှ မိသားစုများကိုပြန်ခေါ်ကာ ဒီအိမ်ကြီးပေါ်ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်။ ဦးလှိုင်ထွေးကား အညာကုန်များကို အောက်(ရန်ကုန်)သို့ ပို့နေသည့် ပွဲစားကြီးတစ်ဦးဖြစ်၍ အတန်ငယ် ကြွယ်ဝချမ်းသာ၏။ ဇနီးသည်နှင့် သားနှစ်ဦး၊ သမီးတစ်ဦးကလည်း ခေတ်ပညာတတ်များ ဖြစ်၏။

ဤအိမ်ကြီးကို ရောက်ရှိနေထိုင်ပြီး တစ်ပတ်တိတိကြာသည့် ညသန်းခေါင်ယံအချိန်တွင် အိမ်ရှေ့တံခါးမကြီးကို အဆက်မပြတ် ခေါက်နေသည့် အသံများကြား၍ မိသားစုအချို့ နိုးလာကြသည်။ ဦးလှိုင်ထွေးက အချိန်မတော် ဘယ်သူများလဲ သိချင်၍ အိမ်ရှေ့မီးဖွင့်ပြီး လက်နှိပ်မီးပါ ကိုင်၍ တစ်ဦးတည်း ထလာလိုက်သည်။ ကျန်မိသားစုက ဆက်၍ နှပ်နေကြ၏။ ပြီးနောက် တံခါးချက်ကို ဖြုတ်ဖွင့်ပေးလိုက်သောအခါ အသက်





(၃၀)ခန့်ရှိ မိန်းမတစ်ဦး ဆံပင်ရှည်များက ဒူးခေါင်းအောက်အထိ ဖြန့်ဖားလျှားကျလို့။ သူမခန္ဓာကိုယ်မှ နန္ဒင်းနံ့ရ၍ မီးနေသည်များလေလားဟု ထင်မှတ်ရသည်။

"ဘာကိစ္စရှိလို့ပါလဲ"

"ခဏ အိမ်ထဲကို ဝင်ပါရစေရှင်၊ မောလည်းမော ပြောစရာလည်း ရှိ. . . ရှိနေလို့ပါ"

မိန်းမသားတစ်ဦးကလည်း ဖြစ်နေပြန်၊ အဖော်လည်း မပါ။ အသွင်သဏ္ဌာန်ကလည်း ကျန်းမာရေးသိပ်မကောင်းပုံရ၍ ဦးလှိုင်ထွေးက အိမ်ထဲသို့ ဝင်ခွင့်ပြုကာ ဧည့်ခန်းမှာ နားနေခွင့်ပြုလိုက်သည်။

"ဟို. . . ဟို. . . ဦးလေးရယ်. . . ကျွန်မ အရည်. . . တစ်ခုခုများ သောက်ပါရစေလားရှင်. . .၊ ရေ. . . ရေငတ်လွန်းလို့. . . နော်. . . "

အမျိုးသမီးက ညှိုးငယ်နွမ်းလျတောင်းပန်သံနှင့် တောင်းဆိုလာသည့်အတွက် သူမကို ဧည့်ခန်းမှာထားခဲ့ကာ တံခါးကို အသာစေ့၍ မီးဖိုဆောင်သို့ ထွက်လာလိုက်သည်။ ပြီးနောက် ကရင်ဆိုဒါတစ်လုံး ဖောက်၍ ဖန်ခွက်ထဲမှာထည့်ကာ အိမ်ရှေ့သို့ ထွက်လာလိုက်သည်။ ဧည့်ခန်းသို့ ရောက်သောအခါ စောစောကအမျိုးသမီးကို မတွေ့ရတော့။ သို့နှင့် စာအုပ်စင်များ သွားကြည့်သလားဆိုပြီး စာကြည့်ခန်းမှာ ရှာကြည့်သည့် မတွေ့။ ရှိုးကေ့စ်များ သွားကြည့်နေရော့သလားဟု အလှအပပစ္စည်းများထားရာ နေရာမှာ သွားကြည့်တော့လည်း လုံးဝ မတွေ့။ ၎င်းနောက် အမည်မသိရသော ထိုအမျိုးသမီးကို လှမ်းခေါ်အသံပြုရတော့သည်။

"မိန်းကလေး. . . မိန်းကလေး. . . မင်းဘယ်မှာလဲ၊ ဒီမှာ အချိ ရည်ရပြီ လာ. . . လာ. . . "

အတန်ကြာခေါ်သည့်တိုင် ပြန်ထူးသံလုံးဝမကြားရ၊ သို့နှင့်အိမ်ထဲ မီးများကိုဖွင့်၍ အပေါ်ထပ်ရော အောက်ထပ် အိမ်သာပါမကျန် လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



အော်ခေါ်ပါသော်လည်း လူစ အစအနမျှ မတွေ့။ သူ့အော်သံ ခေါ်သံကြောင့် အိမ်သားများပါ နိုးလာကြကာ အကျိုးအကြောင်းကို ပြောပြလိုက်သည်။ မသမာသူများလားမှတ်၍ လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ခြံထဲ လိုက်ရှာပါသော်လည်း အချိန်သာ ကုန်ခဲ့ရသည်။ ဖော်ပြပါ အမျိုးသမီးကို မတွေ့ရ။

ထူးဆန်းသည်ကော. . .။

သက်သေခံအဖြစ် ဆိုဖာပေါ်မှာ အနီးပိတ်စကဲ့သို့သော လေးထောင့်ပိတ်ဖြူ အနွမ်းတစ်ထည်နှင့် ပြင်းထန်စူးရှသော နံ့သင်းနံ့များသာ ကျန်ခဲ့လေသည်။

***

(၄)

ဖော်ပြပါဖြစ်စဉ် ဖြစ်ပွားပြီးနောက် ဒုတိယမြောက်အပတ် စနေနေ့ ရောက်လာသည်။ အချိန်က မိုးလင်းခါစ။ အိမ်အောက်ထပ်မှာ ဆူဆူညံညံ အသံများကြား၍ ဦးလှိုင်ထွေးနှင့်ဇနီး ဒေါ်စိန်စိန်မြင့်တို့ အောက်ထပ်သို့ ဆင်းလာလိုက်၏။ အောင်ထပ်မှ ညီအစ်ကိုနှစ်ယောက် အငြင်းအခုံဖြစ်နေကြသည်။

''မင်းအခန်းမှာ အိပ်တာကွ''

''ဟာ. . . မဟုတ်ပါဘူး။ ကိုကို ညကမူးလာပြီး အိပ်ရာလာပြောင်းအိပ်တာ။ ကျွန်တော့်ကို ရွှေ့ပေးတာပဲ နေမှာပါ''

''သားတို့ စောစောစီးစီး ဘာဖြစ်နေကြတာလဲ''

ဖခင်လုပ်သူ၏ အသံကြောင့် သားငယ်လုပ်သူ ချမ်းမြေ့မောင်က

''ကိုကိုပေါ့ အဖေရာ''

''ဘာဖြစ်ပြန်ပြီလဲ။ ညဘက် သောက်လာပြီး ပြဿနာရှာပြန်ပြီလား. . . ဟုတ်လား''

''မဟုတ်ဘူး ဖေဖေ။ ညက သားက ကိုယ့်အခန်းထဲ ကိုယ်အိပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ။ မနက်လည်း မိုးလင်းရော သားက ကိုကို့အခန်းထဲ ရောက်နေပြီ။ ကိုကိုက သားအခန်းထဲက ခုတင်ပေါ်မှာရောက်လို့ အဲဒါ. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . ငါ့သားတွေ မကြီးမငယ်နဲ့ မူးကြောင်ရူးကြောင်ဖြစ်ပြီး အခန်းမှားအိပ်ကြမှာပေါ့ကွာ။ အံ့ပါ့ကွာ. . ."

"ဟင့်အင်း. . . ဖေဖေ သားက. အစောကြီး အိပ်ရာဝင်တာ"

"ငါကလည်း မင်းနဲ့ ရှေ့ဆင့်နောက်ဆင့် အိပ်ရာဝင်တာပါပဲ ညီလေးရာ"

အစ်ကိုလုပ်သူ ဇော်ဝင်းထိန်ကလည်း အကျောက်အကန် ငြင်းသည်။

"မဟုတ်မှလွဲရော အအိပ်ပုတ်တဲ့ ညီလေးကို အစ်ကိုလုပ်သူက နောက်ပြောင်ချင်လို့ မွေ့ရာပြောင်းရွှေ့ပြီး ညီလေးခုတင်ပေါ် တက်အိပ်တာ မဟုတ်ဘူးလား ဇော်ဝင်းထိန်"

"ဟာ. . . ဘုရားစူး မိုးကြိုးပစ်ရစေရဲ့ ဖေဖေရာ။ သား မညာပါဘူးဗျာ။ သား ဘယ်တုန်းကများ ဒီလိုနောက်ပြောင်ဖူးလို့လဲဗျာ။ သားကိုယ်သားတောင် မိုးလင်းလို့နိုးမှ သိပြီး အံ့သြနေတာပါ ဖေဖေရာ"

"ညက မင်းတို့ တံခါးချက်ထိုးအိပ်ကြရဲ့လား"

"ဟင့်အင်း. . ."

ဒါက အငယ်ကောင်ရဲ့အဖြေ။

"သားကြီးရော"

"အိုက်လွန်းလို့ တံခါးဖွင့်အိပ်တယ် ဖေဖေ"

"အင်း. . . မင်းတို့နှစ်ယောက် တစ်ယောက်ယောက်က နောက်နေတာ နေမှာပါကွာ။ ကဲ. . . ကဲ. . . မဟုတ်လား. . ."

"ဖြစ်တာတော့ မဖြစ်ပါဘူး ဖေဖေရယ်။ ဒါပေမဲ့ တစ်ခါမှမဖြစ်ဖူး။ မကြုံဖူးလို့ အံ့သြနေတာပါ"

စိတ်ကူးသစ်စာပေ



"နောက်ညတွေကျရင် ကိုယ့်အခန်းတံခါး ချက်ထိုးအိပ်ကြကွာ။ သွား. . . သွား. . . မျက်နှာသွားသစ်ကြ၊ ဖေဖေလည်း မျက်နှာသစ်ပြီး ဘုရားခန်းဝင် ဘုရားရှိခိုးဦးမယ်၊ သွားကြ"

ပြီးနောက် ဦးလှိုင်ထွေး သန့်စင်ခန်းသို့ ဝင်လိုက်သည်။ ပြီးသည်နှင့် ဘုရားခန်းသို့ ဝင်ခဲ့သည့်တိုင် ထူးဆန်းလှသော သားနှစ်ဦး၏ အူကြောင်ကြောင်ဖြစ်ရပ်ကို စဉ်းစားပြီး ရယ်လည်းရယ်ချင်၊ တွေးလို့လည်းမရ ဖြစ်ခဲ့ရလေသည်။

♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## (၇)

တတိယမြောက်အပတ်သို့ ရောက်သည့်အခါ ဖြစ်ခဲ့သည့်အဖြစ်ကား ပို၍ထူးဆန်းလွန်းလှသည်။ ဆိုရလျှင်. . . ဦးလှိုင်ထွေး၏ဇနီး ဒေါ်စိန်စိန်မြင့်သည် သိပ္ပံရူပဗေဒ အထူးပြုနှင့် ဘွဲ့ရထားသည့် ခေတ်ပညာတတ်တစ်ဦး ဖြစ်၏။ ယခုမှ ကျန်းမာရေးမကောင်း၍ ဆေးပင်စင်ဖြင့် ဝန်ထမ်းဘဝမှ အနားယူထားသူဖြစ်၏။

တစ်ညနေမှာ ဖြစ်သည်။

သားသမီးများလည်း အလုပ်သွားနေကြသည်ဖြစ်၍ အိမ်မှာ အိမ်ဖော်မလေး မိတင်နှင့် သူမနှစ်ဦးတည်း ရှိနေကြသည်။ ဒီညနေ မုန့်ဟင်းခါးချက်စားချင်၍ မိတင်ကို ငှက်ပျောပင် သွားဝယ်ခိုင်းနေခိုက် ဖြစ်၏။ သူမ ငါးအသားများကို အရိုးနွှင်ပြီးနောက် ရေတိသီးနှင့် ကြက်သွန်၊ စပါးလင်များကို ထောင်းနေစဉ် မိမိနောက်ကျောမှနေ၍ ပခုံးကို တစ်စုံတစ်ယောက်က လှမ်းကိုင်နေသည်ကို ခံစားလိုက်ရသည်။

သားနှစ်ယောက်လား၊ အိမ်ကလူကြီးလားဟု တွေးရင်း ပြုံး၍ ရေတိသီးကို ဆက်ထောင်နေစဉ် ပခုံးကို လက်နှင့် တစ်အားဖိညှစ်လိုက်





သဖြင့် အတန်ငယ်နာ၍ နောက်ပြန်လှည့်နော့ ကြည့်လိုက်သည်။

''အောင်မလေး''

''ဟီး. . . ဟီး. . . ဟီး. . . ဟီး. . .''

သူမမြင်လိုက်ရသည်ကား ဆံပင်ကောက်ကွေး ဖိုးရိုးဖားရား ထမိအောက်နားအကွဲနှင့် ဆာရိကဲ့သို့သော ပိတ်စကို ရင်မှာသိုင်း၍ထားသည့် အသားမည်းမည်း မိန်းမတစ်ဦး ဖြစ်သည်။ သူမသည် ပြူးကြောင်သော မျက်လုံးနီနီရဲရဲအစုံကို အစွမ်းကုန်ပြူး၍ သူမကို စားတော့ဝါးတော့မတတ်စိုက်ကြည့်နေသည်။ ပြီးနောက် ဝါထိန်နေသော သွားများ ကိုပေါ်အောင်ပါးစပ်ဖြဲ၍ အူလှိုက်သည်းလှိုက် ရယ်ပြနေသည်။ သူမရဲ့ ကြောက်ရွံ့ထိတ်လန့်စရာမြင်ကွင်းကို ကြည့်ရင်း ဒေါ်စိန်စိန်မြင့် ကြက်သီးမွေးညင်းများ ထောင်ထလာကာ ထိုင်ရာမှထ၍ ငယ်သံပါအောင် အော်ပစ်လိုက်သည်။

ဒေါ်စိန်စိန်မြင့် ငယ်သံပါအောင်အော်ရင်း ရေအင်တုံနုံဘေးမှ ငါးခုတ်ဓားမကို ပြေးကောက်ယူပြီး တုံ့ပြန်ရန် လှည့်လိုက်စဉ်. . .

''ဟင်. . . အလို. . . ဟို. . . ဘယ်ပျောက်သွားပါလိမ့်''

''ဘယ်ရောက်သွားပလဲဟဲ့''

ဒေါ်စိန်စိန်မြင့် ဟန်ကိုယ်ဖို့ မာန်တင်းရင်း ဓားမကို လက်စုံကိုင်ကာ ရန်သူကို ဝဲယာလိုက်ရှာသည်။ သည်ဝန်းကျင်မှာတော့ မရှိတော့၊ စာကြည့်ခန်းကို ချောင်း၍ကြည့်လိုက်သည်။

''အန်တီ''

''အောင်မလေး. . . သောက်ပလုတ်တုတ်''

''ချွမ်. . .''

နောက်ဘက်က ခေါ်သံကြောင့် လန့်အော်ရင်း ဓားမကို လွှတ်ပစ်လိုက်၏။

''အန်တီ ဘာဖြစ်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မိတင် . . . မိတင်နော်။ အမလေး . . . ဟူး . . . ရင်တုန်လိုက်ရတာ မိတင်ရယ် ဘုရား . . . ဘုရား"

အိမ်ဖော်မလေးမိတင်ကို ဒေါ်စိန်စိန်မြင့် အားကိုးတကြီး ပြေးဖက်ကာ အသားတွေတုန်နေသည်။ ပြီးနောက် ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရာ မိတင်ပင် ကြောက်လွန်း၍ မျက်လုံးလေးများ ဝိုင်းလာ၏။ သည့်နောက် နှစ်ဦးသား ကြောက်စိတ်များကို စွန့်ပယ်ကာ လက်နက်ကိုယ်စီကိုင်၍ အိမ်ပေါ်ထပ်၊ အောက်ထပ်၊ စာကြည့်ခန်း၊ ရေချိုးခန်းမကျန် နှံ့အောင် ရှာပါသော်လည်း အသားမည်းအရှုံးမကို အရိပ်မျှပင် မမြင်ရတော့။

သို့သော် ကြမ်းခင်းပြင်ပေါ်မှာတော့ ရွှံ့ပေနေသော ဖဝါးကြီးခြေရာများကို တွေ့လိုက်ရသည်။ ၎င်းခြေရာများကို နောက်ယောင်ခံ၍ လိုက်ကြည့်သောအခါ ထူးဆန်းသည်ကား ၎င်းခြေရာများသည် အဝင်ခြေရာသာရှိပြီး အထွက်ခြေရာ လုံးဝမရှိခြင်းပင်တည်း။

♛♛♛

(၆)

ဒီလိုနှင့် ထူးဆန်းအံ့ဖွယ်ကောင်းသော ဖြစ်ရပ်မှန်ကို သုံးပတ်တွင်း အိမ်သူအိမ်သားများ ကိုယ်စီကိုယ်ကြုံခဲ့ရသော်လည်း တိတိကျကျ ဆုပ်ဆုပ်ကိုင်ကိုင် မပြနိုင်ခဲ့ကြ။ နေ့နေ့ညည တံခါးများကို ချက်ထိုးထားရ၏။ တစ်နေ့ အိမ်မှာ သံဃာငါးပါးပင့်ဖိတ်ပြီး ဆွမ်းဒါနလှူဒါန်း၍ ...်တက်မင်္ဂလာပြုရန် စီစဉ်ကြသည်။ လိုအပ်သောပစ္စည်းများလည်း ...ယ်ခြမ်းခဲ့ကြသည်။ အုန်း၊ ငှက်ပျောများလည်း ပါ၏။ ဟင်းလျာအတွက် ...က်သား၊ ဝက်သားများလည်း ပါဝင်၏။ မည်သို့မည်ပုံ တာဝန်ခွဲဝေ...က်ပြုတ်ကြမည်ကို မိသားစုတိုင်ပင်နေစဉ် . . .

"ဟဲ့ . . . အို့ . . . အဖေရေ ဖေဖေ လာ . . . လာပါဦး။ မြန်မြန် . . . ...ပါဦး"

အငယ်မ ကြည်ပြာဖူးငုံရဲ့ အလန့်တကြား အော်လိုက်သံကြောင့် ...ကြည့်လိုက်တော့ သမီးသည် လေထဲမှာ လွင့်နေသည့်အမွေးနုတ်...သား ကြက်တစ်ကောင်ရဲ့ ခြေထောက်နှစ်ချောင်းကို အရှုံးသဖွယ် ...ယောက်တည်း ဆွဲလုနေသည်ကို အားလုံးထူးဆန်းစွာ မြင်လိုက်ရ...ည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့. . . ဟဲ့ သမီး ဘာဖြစ်နေတာလဲ။ အဲဒါ ဘာလုပ်နေတာလဲ''

''မေမေ ဒီ. . . ဒီမှာ မိန်းမတစ်ယောက် ကြက်ကို ဝင်ဆွဲနေလို့ လုပ်ပါဦး။ ကူပါဦး မေမေရဲ့၊ ဟဲ့. . . နင် လွှတ်နော်၊ ခုလွှတ်. . . မေမေ လာ. . . လာ. . . ပါဦး''

သမီးသည် တစ်စုံတစ်ဦးနှင့် ကြက်ကို အပြိုင်လုနေပုံ၊ လုပ်ရှားနေပုံ ဖြစ်သည်။ သို့နှင့် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဦးလှိုင်ထွေး ပြုန်းခနဲ ထရပ်ကာ သမီးနှင့်အတူ လေထဲမှာ တန်းလန်းဖြစ်နေသော ကြက်ကို ပြန်လုလိုက်သောအခါ ကြက်သည် အရေပြားများစုတ်၍ ထူးဆန်းစွာ ပြန်ပါလာသည်ကို ကြုံလိုက်ရတော့သည်။

''ဖွားငုံ. . . သမီး သမီး ဘာဖြစ်နေတာလဲ၊ ညည်း နောက်နေတာ မဟုတ်ပါဘူးနော်''

''သမီး ပြောင်နောက်နေတာ မ. . . မ. . . ဟုတ်ဘူး မေမေ၊ အမလေး. . . လေး. . . သမီး ကြောက်. . . ကြောက်လိုက်တာ မေမေ ရယ်၊ သမီး. . . သမီး ဒီ. . . ဒီအိမ်မှာ မ. . . မနေရဲတော့ဘူး မေမေ ဟီး''

''ဖြစ်ပုံပြောပါဦး သမီးလေးရယ်၊ မေမေတို့လည်း ဘာမှနားမ လည်''

''သမီး မြင်ရတယ် မေမေ။ သမီး စိတ်မနောက်သေးဘူး။ မိန်းမ ဝဝတစ်ယောက်ရယ် အသက် (၂၀) လောက်ရှိလိမ့်မယ်။ နဖူးပေါ်မှာ မှဲ့ကြီးနဲ့၊ မီးဖိုဆောင်ထဲ လှစ်ခနဲဝင်လာပြီး ခြင်းထဲက ကြက်ကောင်ကို ဆွဲတာ သမီးမြင်လိုက်လို့ ပြန်လုတော့ သူက အံကြိတ်ကြည့်ပြီး အတင်း လုပ်နေတာ သမီးကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်ရတာပါ မေမေရယ်. . . အမလေး. . . ပြောရင်းကြောက်လိုက်တာ မေမေရယ်. . . ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါဘုရား''





သမီးရဲ့အပြောမှာ မိသားစုအားလုံး နှစ်မျောအာရုံစိုက်နေကြသည်။

''မေမေ''

''ဘာတုံး သမီး''

''ကောင်းတော့ ဒီ. . . ဒီအိမ်အိုကြီးမှာ နာနာဘာဝ၊ တစ္ဆေ၊ သရဲ တွေများ ရှိနေပြီနဲ့တူတယ် မေမေ၊ သမီးတို့မိသားစု အားလုံးကို အသွင် သဏ္ဌာန်အမျိုးမျိုးနဲ့ ခြောက်လှန့်နေပြီနဲ့ တူတာပဲ''

''ဝုန်း. . . ဂလုံး. . . ဂလုံး''

''ဟဲ့. . . မိတင် ဘာဖြစ်တာတုန်းဟဲ့''

''လာ. . . လာကြပါဦး. . . လုပ်ကြပါဦး၊ ပါ. . . ပါသွားပြီး ဝက် သားတွဲကြီး ပါသွားပြီ. . . ဟဲ့. . . ဟဲ့''

အိမ်ဖော်မလေး မိတင်က နောက်ကပြေးလိုက်သည်။ အားလုံး စကားပြောနေရင်းမှ ဝုန်းခနဲ ထရပ်လိုက်ကြသောအခါ ဇလုံကြီးထဲထည့် ထားသည့် ဝက်သားတွဲများအနက် နှစ်ပိဿာရှိ ဝက်သားတွဲသည် တစ်စုံ တစ်ဦးက မယူသွားသည့်အလား လေထဲမှာလွင့်ပါ၍သွားသည်ကို အား လုံး ထူးဆန်းစွာ မြင်လိုက်ကြရသည်။ သည့်နောက် ဝက်သားတွဲကြီး နောက်သို့ အားလုံး ဒရောသောပါးပြေးလိုက်ကြသည်။ ရှေ့မှပြေးနေသော ဝက်သားတွဲကြီးသည် အိမ်ပြောက်ဘက်ရှိ မှတ်ဆိတ်ဖားလျားကျနေသော ညောင်ပင်ကြီးအောက်ရောက်သောအခါ လုံးဝပျောက်ကွယ်၍ သွားလေ သည်။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

## (၇)

''အဲဒီနေ့ အဖြစ်အပျက်ကစလို့ မကြာခဏ အိမ်မှာအမျိုးမျိုး အခြောက်အလှန့်ခံနေရပါတယ် ဆရာကြီး။ တစ်ခါတစ်ခါ အိမ်မက်ထဲမှာ မိန်းမသဏ္ဍာန်အမျိုးမျိုးက ကျွန်တော်တို့မိသားစု ဒီအိမ်မှာမနေဖို့ လာလာနှင်နေပါတယ်။ တစ်နေ့ကလည်း အိမ်သာတံခါးကို ဖွင့်လိုက်တာ အသားမည်းမည်း၊ ဆံပင်ဖွာလန်ကြဲနဲ့ မိန်းမတစ်ယောက် ငုတ်တုတ်ထိုင် ဆေးလိပ်သောက်နေတယ်။ ကျွန်တော်တို့ အိမ်သားထဲက မဟုတ်ဘူး။ ဒါနဲ့ အိမ်သာတံခါးကို ပိတ်ထားပြီး မိသားစုအားလုံးကိုခေါ်ပြီး တရားခံကို ဖမ်းဖို့ တံခါးလည်းဖွင့်လိုက်ရော အဲထဲမှာ လူမရှိတော့ဘူး။ ဆေးလိပ်မီးခိုးတွေပဲ ကျန်ခဲ့တယ်။

ဒီနေ့လည်း နက်ဖြန်ဘုန်းကြီးတစ်ပါးပင့် ဆွမ်းကပ်မလို့ လုပ်နေတုန်း ဆေးကြောထပ်ထားတဲ့ ကြွေပန်းကန်တွေကို တစ်စုံတစ်ယောက် ရိုက်ခွဲသလို အလိုလိုရိုက်ခွဲခံလိုက်ရတာ ကုန်ရော ဆရာကြီး၊ ပိုဆိုးတာက ဆွမ်းအတွက်ချက်ထားတဲ့ အိုးတွေလည်း မျက်စိရှေ့မှာတင် မှောက်သွန် ခံလိုက်ရတာ ကုန်ပါလေရော ဆရာကြီးရယ်။ အဲ့ဒါဆရာကြီး ကူညီ





ကယ်မနိုင်ရင် ကယ်မပါဦး ခင်ဗျာ''

ဦးလှိုင်ထွေးရဲ့ စကားဆုံးတော့ ဆရာကြီးဦးလှနိုင်တို့ သားအဖ လွန်စွာစိတ်ထိခိုက်သွားကြသည်။ ဦးလှိုင်ထွေးသည် မျက်နှာမှာ စိုးရိမ်စိတ်ကဲ၍ နောက်ပိုင်းစိတ်မချဖြစ်နေသည်။ သမီးလုပ်သူကား ကြောက်လည်းကြောက် ရှက်လည်းရှက်လွန်း၍ တရှုံ့ရှုံ့ငိုနေသည်။ ဒီအိမ်၊ ဒီခြံမှာ မနေတော့ဘူးဆိုသည့် စကားကိုလည်း တွင်တွင်ပြောနေ၏။

''အခြားဆရာများကော ပင့်မပြကြည့်ဘူးလား''

''ပြတော့ ပြပါတယ်ဗျ ဆရာ။ ဒါပေမဲ့ အခြေအနေက သိပ်ထူး မလာပါဘူး ဆရာကြီးရယ်''

''ဘယ်နှစ်ယောက် လာရှင်းပေးဖူးသလဲ''

''သုံးယောက်ရှိပါပြီ ဆရာကြီး။ နောက်ဆုံး မိတ်ဆွေတစ်ယောက် က ဆရာကြီးအိမ်ကို လမ်းညွှန်လိုက်လို့ ညတွင်းချင်း လာပင့်ရတာပါ ဆရာကြီးရယ်။ ကျွန်တော်တို့ရဲ့ဒုက္ခတွေကို ကယ်တင်နိုင်ရင် ကယ်ပါဦး ခင်ဗျာ၊ ဆရာကြီး အလိုရှိသမျှကို လှူဒါန်းပါ့မယ် ခင်ဗျာ''

ဆရာကြီးဦးလှနိုင်က အတန်ကြာစဉ်းစားလိုက်သည်။ ခက်သည်က ဆရာကြီးအနေနှင့် ညဘက်ဆိုလျှင် မျက်စိအမြင် အားနည်းသည်မို့ ညရေးညတာကိစ္စများကို ရှောင်နေရသည်။ ကာယကံရှင်များရဲ့ အခြေအနေကလည်း သည်ညတွင်းချင်း အိမ်ပေါ်ကနေ ဆင်းပြေးချင်နေသည့် အခြေအနေမျိုးမှာ ရှိနေကြသည်။

သို့နှင့် ဘုရားခန်းသို့ အားလုံးကိုခေါ်ဆောင်ကာ ကာယကံရှင် ခေါင်းဆွဲ(နှောင့်ယှက်သူ) ဘယ်သူလဲ သိရအောင် စိတ်ပြောင်းကိုယ်ခွာ ဂမ္ဘီရပညာနှင့် စစ်ဆေးလိုက်သည်။ ခေတ်ပညာတတ်များဖြစ်ကြသော သားအဖနှစ်ဦး၏ ရုပ်ခန္ဓာနှင့် စိတ်အတွင်းသို့ အနှောင့်အယှက် ပေးနေသည့် ပရစိဉ္စာဥ်သားတို့သဏ္ဍာန်နှင့် အရှုပ်ထွေးများ ခဏနေတော့ ဝင် လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားခံလက်သည်ကို သိရပြီ။

ငင်းနောက် ကြမ်းတမ်းခက်တရော်နိုင်လှသော ပရဝိဉာဉ်သားတို့အား မေတ္တာရပ်ခံကာ သူတို့ဘာသာဆန္ဒအတိုင်း ဌာနများသို့ ပြန်လွှတ်လိုက်သည်။

"ကိုင်း. . . ဦးလှိုင်ထွေး ဒီလိုလုပ်ဗျာ"

"အမိန့်ရှိပါ ဆရာကြီး"

"ကျုပ်က ညဘက်ဆိုရင် အမြင်အားနည်းလို့ မလိုက်နိုင်ဘူးဗျာ။ အရေးပေါ်အနေနဲ့ ကျုပ်ကိုယ်စား ကျုပ်သား ဟောဒီ မောင်မင်းကြည်လှိုင်ကို အခုထည့်လိုက်မယ်"

"ခင်ဗျာ"

ဦးလှိုင်ထွေးက အသက် (၃၅) နှစ်ကျော်ခန့်ရှိသေးသော သားလုပ်သူ လူငယ်ဆရာကို ထည့်လိုက်မည်ဆို၍ အံ့ဩသလို မယုံရဲသလို ရှိသွား၏။ ကြည်ပြာဖူးငုံဆိုသော မိန်းမရွယ်ကလည်း မယုံရဲယုံရဲ မျက်လုံးဝင့်၍ ကြည့်လိုက်သည်။

"စိတ်ချပါ ဦးလှိုင်ထွေး။ ဒီကမ္ဘာ့ရအစီအရင် ဘာသာရေးအစီအရင်တွေကို သူနားလည်ပါတယ်။ နောက်နေ့မိုးလင်းရင် ကျုပ်ကိုယ်တိုင်လာပြီး လိုအပ်တာတွေကို လုပ်ပေးပါမယ်။ ဒါနဲ့ အိမ်မှာ ငှက်ပျောသီးတို့ အုန်းသီးတို့ ရှိသေးရဲ့လား"

"နက်ဖြန်အတွက် ရည်ရွယ်ပြီး ဝယ်ထားတာတော့ ရှိပါတယ် ဆရာကြီး"

"မင်းကြည်လှိုင် လူလေး ဒီလိုလုပ်လိုက်ကွာ။ ကြည်မွှေးစိန်တို့ ငှက်ပျောဆိုင်ကို သွားနှိုး။ ထုံးစံအတိုင်း အရှင်မြတ်ကြီးအတွက် အရေးပေါ် တစ်ပွဲလုပ်ပြီးပင့်လျှောက်။ ကျန်တာ မင်းလုပ်တတ်ပါတယ် နားလည်ရဲ့လား"





"နားလည်ပါတယ် အဖေ စိတ်ချပါ"

"ကိုင်း. . . သွားကြပေရော့"

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

(၈)

ဆရာဦးမင်းကြည်လှိုင်တို့ အိမ်အိုကြီးခြံဝင်းသို့ ခြေချ၍ မကြာမီမှာပင် အိမ်မြောက်ဘက်ရှိ ညောင်ပင်ကြီးမှ ညောင်ကိုင်းကြီးတစ်ကိုင်း ဝုန်းခနဲ ကျိုးကျသွားသည်ကို လက်နှိပ်မီးရောင်နှင့် တွေ့လိုက်ရတော့သည်။ ဆရာမင်းကြည်လှိုင်ကတော့ သိလိုက်သည်။ သူ့ကို ပရိဝိညာဉ်လောကသားများက သွေးတိုး၍စမ်းနေပြီ။

အိမ်ထဲရောက်သည်နှင့် လင်းနေသော ၄၀ ဝပ် လျှပ်စစ်မီးလုံးသည် ''ဖောင်း''ခနဲ ကွဲလွင့်သွားတော့သည်။ အခန်းတစ်ခုလုံး မှောင်သွားသဖြင့် မိသားစုများက ဖယောင်းတိုင်မီးများ ထွန်းလိုက်ကြသည်။ တော်သေးသည်၊ အခြားမီးလုံး မီးချောင်းများ ဆက်မီးလင်းနေပေသားလို့။

ချက်ချင်းဆိုသလိုပင် ဆရာဦးမင်းကြည်လှိုင်က ယူလာသည့် ငှက်ပျော၊ အုန်း၊ လက်ဖက် စသည်တို့ကို သန့်စင်လိုက်ပြီး ပွဲပြင်လိုက်သည်။ အမွှေးတိုင်၊ သောက်တော်ရေများ ဆက်ကပ်၍ တောင်ကျွန်း သမုဒ္ဒရာစံ ရဟန္တာအရှင်သူမြတ်ကြီးကို လက်အုပ်ချီမိုး၍ သုံးကြိမ်ပင့်လိုက်သည်။ သစ္စာအဓိဋ္ဌာန်များ ပြုသည်။ မေတ္တာပို့သည်။ အမျှဝေသည်။ ပြီးနောက်





အသင့်ပါလာသည့် ကြေးပြားခတ်အင်းကို အောက်ကခံ၍ စီရင်ထားသည့် ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်သည်။

အားလုံးပြီးသည်နှင့် အနန္တော အနန္တငါးပါး၊ အထက် ဆရာတော်ကြီးများ၊ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်များ၊ ရဟန္တာအရှင်သူမြတ်ကြီးကို ပင့်ဖိတ်ပူဇော်အပ်နှံကာ အရပ်ရှစ်မျက်နှာကို မေတ္တာပို့လိုက်ပြန်သည်။ သည့်နောက် ဂါထာကို ဌာန်မာန်နှင့် စုတ်လိုက်သည်။ မကြာခင် လေပြင်းများကျလာပြီး မှန်တံခါးများကို ရိုက်ခတ်ကာ ဝုန်းဒိုင်းကြဲတော့သည်။ မှန်အချို့ ကွဲကုန်သည်။ အိမ်သားများ မျက်စိသူငယ်နှင့် လန့်နေကြသည်။

သည့်နောက်ပိုင်း အမျိုးသမီးအချို့၏ ညည်းညူသံနှင့် လှိုက်လှိုက်လှဲလှဲ ရယ်မောသံများကို အားလုံးကြားရပြီး ကြက်သီးမွေးညင်းများ ထကုန်ကြသည်။ အသံကြားရပြီး ရုပ်အကောင်မမြင်ကြရ၊ ဆရာမင်းကြည်လှိုင်က နှုတ်မှလည်းရွတ်၊ အာရုံနှင့်လည်း ခံ၍ ကြည့်လိုက်သည်။ မကြာခင် အာရုံထဲ အမျိုးသမီးရုပ်သုံးရုပ် ပေါ်လာသည်။ အဲဒီမှာ ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးရုပ်၊ နဖူးမှာမှဲ့ပါသည့် မိန်းမနှင့် အသားမည်းမည်း လူမျိုးခြားမိန်းမတစ်ဦးဖြစ်သည်။ သူတို့သုံးဦးက ဒေါသတကြီးနှင့် အနှောင့်အယှက်များပေးရန် ကြိုးစားနေကြသည်။ မိမိက မေတ္တာပို့၍ မေတ္တာရပ်သည်။

ထွန်းထားသည့်အင်းဖယောင်းတိုင် တစ်ဝက်ကျိုး ဂါထာခရီးပေါက်ခါနီးတွင် ဒေါသတကြီးတောက်ခတ်သံများ ကြားလိုက်ရတော့သည်။ လှည့်ကြည့်လျှင် ရုပ်ကိုမမြင်ရ၊ မိသားစုများ ထူးဆန်းဖွယ်ဖြစ်ရပ်များကြောင့် လက်အုပ်ချီ ဘုရားတနေကြရသည်။ မကြာခင် စောစောက ဒေါသတကြီး ကြိမ်းဝါးသံများသည် အော်ဟစ်ညည်းညူသည့် အသံများသို့ ပြောင်းလဲသွားပြီး အိမ်ထဲမှသည် အပြင်သို့ ဝုန်းဒိုင်းကြဲ ပြေးထွက်သွားသည်ကို ကြားလိုက်ရ၍ အားလုံးလှည့်ကြည့်လိုက်သောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. [illegible]ဟိုမှာ အဖေ၊ သူ. . . သူပဲ"

"ဟာ. . . ဟုတ်တယ်ဟေ့။ ဟိုတစ်လောက မိန်းမက ဟိုဆံပင်ရှည်ရှည်မိန်းမပဲဟ"

"အမလေး. . . အရှုံးမကြီး"

အိမ်သားများအားလုံး ပရဝိဉာဉ်လောကသားများက နာနာရုပ်ကိုယ်စီကို ဖန်းဆင်း၍ ပြသသွားကြသည်များကို မြင်လိုက်ရသောအခါ အမျိုးသမီးနှစ်ဦးက မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုလိုက်ကြသည်။

"အားလုံးပြီးသွားပါပြီ ဦးကြီးခင်ဗျာ"

"ခင်ဗျာ. . . အားလုံးပြီးစီးသွားပြီ။ ဟုတ်လား ဆရာ"

"ဟုတ်ပါတယ် ခင်ဗျာ။ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ပရဝိဉာဉ်လောက အမျိုးသမီးသုံးယောက် အစွဲအလမ်းကြီးစွာနဲ့ နှောင့်ယှက်ကြတာပါ။ အခု သူတို့ကို သင့်တော်ရာမှာ နေထိုင်ကြဖို့ ဆိုင်ရာပုဂ္ဂိုလ်များကို အပ်နှံ နေရာချပေးခိုင်းလိုက်ပါပြီ ခင်ဗျာ။ ဟောဒီပွဲကို အိမ်မှာ အစဉ်အမြဲ ထိုးနိုင်ရင် ပိုအန္တရာယ်ကင်းပါလိမ့်မယ် ခင်ဗျာ"

ဆရာမင်းကြည်လွင်က လက်ထဲမှ စိပ်ပုတီးကို တစ်လုံးချင်းစိပ်ရာမှ ပြောလိုက်သည်။

"ဒါ ဘာပွဲလို့ ခေါ်ပါသလဲ ဆရာ"

"ဒါ ကျေးဇူးတော်ရှင် သူတော်မြတ်ကြီး ရှင်ဥပဂုတ္တပွဲပါ ခင်ဗျာ"

❦❦❦

(၉)

ထိုနေ့မှစ၍ နောက်ပိုင်း မည်သည့်ထူးဆန်းသော အနှောင့်အယှက်မျိုးကိုမှ မတွေ့ရတော့။ အိမ်ရှင်များသည် ဝမ်းသာလွန်း၍ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီးပွဲကိုထိုးကာ တရားနှင့်မွေ့လျော်ခဲ့ကြသည်။ အလှူအတန်းပြု၍ အမျှပေးဝေသည်။

သို့နှင့် ကျွန်တော်က ထူးဆန်းသော ဖြစ်စဉ်များရဲ့ အခြေခံအကြောင်းကို မေးမြန်းလိုက်သောအခါ ဆရာဦးမင်းကြည်လွင်က ဤသို့ ရှင်းပြခဲ့၏။

"နောက်ခံရာဇဝင်က ဒီလို ကိုညိုမှိုင်းရဲ့။ သေခါနီး အယူများ အစွဲအလမ်းများတဲ့ အကျိုးအပြစ်ပဲပေါ့ဗျာ။ ဒီအိမ်ကြီးမှာ လွန်ခဲ့တဲ့နှစ်ကာလအတန်ကြာကြာက သူတို့သုံးဦး ဆက်တိုက်ဆက်တိုက် ပျက်စီးခဲ့ကြတယ်ဗျ။ ဆံပင်ရှည်ရှည်မိန်းမက မီးဖွားပြီး သွေးတက်လို့ ကွယ်လွန်သွားတာတဲ့။ သူမက မကျွတ်ဘဲ အစွဲအလမ်းကြီးစွာနဲ့ တစ္ဆေမအဖြစ် ခြောက်လှန့်နေတာကိုး။ အဲဒီနောက် မူလနေသူများက နောက်တစ်ဦးကို ရွေးလိုက်ပြန်ရောဗျို့။ အဲဒီမှာ နပူးမှာမွဲနဲ့မိန်းမရဲ့ အဖြစ်ပဲ။ အိမ်[illegible]ရေး



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေဖြစ်ပြီး သေသွားခဲ့တယ်။ နောက်တစ်ယောက်က လူမျိုးခြား။ သူမကတော့ စောစောကအိမ်ကို ဝယ်နေရာကနေ စောစောကပရိညာဉ် တစ္ဆေနှစ်ဦးခြောက်လှန့်လို့ စိတ်ဖောက်ပြန်ပြီး ရေတွင်းထဲခုန်ချ သေသွားခဲ့တယ်။ ဒီလိုနဲ့ ဒီအိမ်ကြီးမှာ လာနေကြသူမှန်သမျှကို အနှောင့်အယှက် အမျိုးမျိုးပေး ခြောက်လှန့်ခဲ့တာ နောက်ကြောင်းရာဇဝင်ပါပဲဗျာ''

''ဆရာမင်းကြည်လှိုင်၊ ဒီကိစ္စကို ပြီးပြောက်အောင်မြင်အောင် ဘယ်လိုစီရင်ရပါသလဲ''

''ဂမ္ဘီရပညာရှင်ဆိုတာ လိမ္မာပါးနပ်ရတာကိုး ကိုညိုမှိုင်းရဲ့။ ဥပမာ ဖြစ်စဉ်ရဲ့ ပထမအခြေအနေက စားချင်သောက်ချင်လို့ ခြောက်တာပါ။ ပစ္စည်းတွေ လာဆွဲတာပါ။ ဒုတိယအချက်က အစွဲအလမ်းနဲ့ တစ္ဆေပီပီ ဇာတိသန္တေအရ မနေနိုင်အောင် ခြောက်လှန့်ကြတာပါ။ တတိယအချက် က လှူမယ်၊ တန်းမယ်လုပ်တိုင်း လှူဒါန်းမည့် အစီအစဉ်များပျက်အောင် နှောင့်ယှက်တဲ့ အပိုင်းပါ။ ဒီအဖြစ်မျိုးကို သီရိဝမ္မာသောကမင်းကြီး လက်ထက်စ၍ ကြုံခဲ့ရတာပါ။ သီရိဝမ္မာသောကမင်းကြီးသည် ဓမ္မခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်ကိုရည်စူးပြီး စေတီပေါင်း ရှစ်သောင်းလေး ထောင် တူးဖော်တည်ထား လှူဒါန်းပြီးမှ အဲဒီမဟာအလှူပွဲကြီးအတွက် အနေကဇာတင်၊ ရေစက်ချ ပူဇော်ပွဲကြီးအပါအဝင် ဘုရားပွဲ၊ ပျော်ရွှင်ပွဲ အရပ်ရပ်ကို ပြုလုပ်ခဲ့တယ်။ အဲဒီအလှူပွဲကြီးကို မာရ်နတ်က ဖျက်စီးမယ် ဆိုတာ ရဟန်းအရှင်သူမြတ်ကြီးက သိခဲ့ရတယ်။ မာရ်နတ်က ဂေါတမ ဘုရားရှင်စင်စစ် ဖြစ်တာကိုလည်း လုံးဝမလိုလားခဲ့ဘူး။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးလို့ ဓာတ်တော်မွေတော်များကို ဌာပနာပြီး သာသနာ ပြန့်ပွားအောင် မင်းကြီးပြုလုပ်တာကိုလည်း မလိုလားဘူးဗျ။

''ဆိုရရင် မာရ်နတ်ရဲ့အန္တရာယ်ကို ဘယ်လိုပုဂ္ဂိုလ်မျိုးမှ ဖယ်ရှားနိုင်တား နိုင်ကြဘူးတဲ့ ခင်ဗျ။ အဲဒါနဲ့ သံဃာအစည်းအဝေးမှာ သီရိဝမ္မာသောက





မင်းကြီးရဲ့ သာသနာပြု အလှူတော်လုပ်ငန်းကြီး မပျက်စီးစေဖို့ မာရ်နတ် ရန်တားနိုင်မည့် တောင်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နဲ့ စံနေတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဗျာဒိတ်တော် ချီးမြှင့်ခံရသော ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးမှာသာ ကယ်တင်ရန်တားနိုင်မယ်လို့ သိရှိဆုံးဖြတ်ကြပြီး ထူးခြားသော တန်ခိုးရှင်သာမဏေငယ်နဲ့ ရဟန်းကြီးတစ်ပါးတို့ကို ပင့် ဆောင်လျှောက်ထားစေခဲ့ပါတယ်။ ဒီအစီအစဉ်ကို အရှင်ဥပဂုတ္တမထေရ် မြတ်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာလက်ခံခဲ့တယ်။ အလှူတော်ပွဲကြီး နေ့လည်းရောက်ရော မာရ်နတ်က လေပြင်းမုန်တိုင်း၊ သဲမိုး၊ မီးမိုး အမျိုးမျိုးနဲ့ နှောင့်ယှက်ပါလေရော။ ဒါပေမဲ့ ရှင်ဥပဂုတ္တရဲ့ တန်ခိုးကြောင့် လုံးဝမပျက်စီးခဲ့ပါဘူး။ မာရ်နတ်ကို မေတ္တာရပ်ခံလို့ မရတဲ့အဆုံး မာန်နတ် လည်ပင်းမှာ ခွေးသေကောင်ပုပ်ကို တန်ခိုးနဲ့ဖန်ဆင်း ဆွဲပေး ဒဏ်ခတ် လိုက်တယ်။ အကျွန်ုပ်မှတစ်ပါး မည်သူမျှ ဖြုတ်၍မရစေသတည်းလို့လည်း အဓိဋ္ဌာန်ပြုလိုက်တယ်လေ။

''မာရ်နတ်ဟာ အနံ့မခံနိုင်လွန်းလို့ သာသနာစောင့် ကမ္ဘာစောင့် နတ်မင်းများကို ဖြုတ်ပေးပါရန် သွားပြောပေမဲ့ ရှင်ဥပဂုတ္တရဲ့တန်ခိုးတော် အဓိဋ္ဌာန်မို့ ဖြုတ်မပေးနိုင်ကြဘူး။ သီရိဝမ္မာသောကမင်းကြီးရဲ့ အလှူတော် ရေစက်ချအမျှဝေ သာဓုခေါ်လို့လည်းပြီးရော၊ မာရ်နတ်က သူ့အမှားကို သိရှိ နောင်တရပြီး ရှင်ဥပဂုတ္တမထေရ်ထံမှာ ဝန်ချတောင်းပန်ခဲ့တယ်။ သည်တော့ ရှင်ဥပဂုတ္တက ငါရှိရာ၌ကျွန်ုပ်မည်သူမဆို အလှူပေးလျှင် သင်မနှောင့်ယှက်ပါဟု ကတိပြုနိုင်းပြီး ကတိပြုတော့မှပဲ လည်ပင်းက ခွေးသေကောင်ပုပ်ကို တန်ခိုးနဲ့ဖြုတ်ပေးလိုက်တော့တယ်။ အဲဒီလောက်ကို ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးက တန်ခိုးအရာမှာ သာလွန်ကြီးမားပါတယ် ကိုညိုမှိုင်းရယ်။ ဒီဦးလှိုင်ထွေးရဲ့ကိစ္စမှာလည်း ကျွန်တော် အရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးကို ပွဲထိုးပင့်လျှောက်ပြီး ဆရာအစဉ်များ စီရင်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဖျည်း(၃၃)လုံးအင်းနဲ့ စီရင်ခံလိုက်တော့ မာန်နတ်လို ပုဂ္ဂိုလ်မျိုးတောင် မခံနိုင်တဲ့ဥစ္စာ၊ ဒီလိုပရိညာဉ်တစ္ဆေ ဘယ်ခံနိုင်ပါ့မလဲဗျာ။ သက်တော်ထင်ရှား အရှင်မြတ်ရဲ့တန်ခိုး အနန္တငါးဖြာရဲ့တန်ခိုး၊ မေတ္တာ၊ သစ္စာ၊ သီလ၊ ဘာဝနာရဲ့အကျိုးကြောင့် အန္တရာယ်အနှောင့်အယှက်များ ကင်းစင်ရတဲ့ အခြေအနေကို ရောက်သွားခဲ့ရတာပါပဲ။ ဒါကြောင့် ပြောချင်တာက သက်တော်ထင်ရှားရှိနေသည်လို့ ဆရာအစဥ်ပုဂ္ဂိုလ် အစဥ်အဆက်ပြောဆိုရည်ညွှန်းခဲ့ကြသည့် ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီး ပူဇော်ကုသိုလ်ပြုသည့်အကျိုး မယုံမရှိနဲ့ ကိုညိုမှိုင်း၊ ခင်ဗျားသိလိမ့်မယတဲ့ ခင်ဗျာ။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com

# မုဆိုးတစ်ယောက်ရဲ့ ရင်ဘတ်ပေါ်ကျတဲ့မျက်ရည်

(၁)

ကျုပ်တို့ ရွာလယ်ဇရပ်ပေါ်မှာ အတပ်ဟောပုဂ္ဂိုလ်တစ်ဦး ရောက်နေတယ်။ သူ့ အတပ်ဟောပြောချက်ကလည်း အလွန်မှန်တယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်က သူ ဟောချင်ပြောချင်စိတ်ရှိမှ ဟောပြောလေ့ရှိတယ် ဆိုသည့်စကား ကျုပ်တို့မုဆိုးများ အရက်ဝိုင်းကို ပျံ့လွင့်လာတယ်။ အစကနဦး လာပြောတာက မုဆိုးမှတ်ကြီး။ နောက်လာပြောတာက ဆယ်အိမ်ခေါင်း ကိုကျားအုပ်။

"သိပ်မှန်တာပဲ မောင်ကျိုင်း။ ငါ့အိမ်ကနွားမကြီး နွားထီးလေး မွေးမယ်၊ ဗုဒ္ဓဟူးနေ့မွေးမယ်ပြောတာ ကွက်တိပဲ ကိုယ့်လူ"

"သူပြောတဲ့နေ့ရော တကယ်မွေးလို့လား ကိုကျားအုပ်ရ"

"မနက်ငါးနာရီ မွေးမယ်။ နွားလေးထိပ်မှာ ကြာဖြူပါမယ်တဲ့။ အံကိုက် မောင်ရေ့"





"ဟုတ်တယ် ကျိုင်းရ. . . ငါ့မိန်းမကို ဟောလိုက်တာများ အံ့ရောကွာ"

"ဘယ်လိုဟောလို့တုံး။ လုပ်ပါဦး အေ့. . ."

"ဟေ့. . . ကြာသပတေးသမီး၊ နက်ဖြန် အသက်ကြီးကြီး လူတစ်ယောက် ဘုန်းကြီးဆွမ်းခံကြွချိန် ငွေတစ်ထောင်လာပေးလိမ့်မယ်။ ရပြီးရင် ဘုရားပန်းအဝါရောင်ဝယ်ပြီး ဘုရားကိုကပ်လိုက်လို့ ဟောတာဗျာ"

"ရရော ရလို့လားကွ"

"ဟား. . . အစကတော့ ဘယ်ယုံမှာလဲကွ။ ငါတို့မုဆိုးဘဝ သားကောင်ရမှ ငွေမြင်ရတာ။ ငွေတစ်ထောင်ဆိုတာ နည်းတဲ့ငွေလား။ ကနဦးတော့ မယုံပါဘူး။ ဟော. . . မိုးလင်းလို့ တောင်ကျောင်းကိုယ်တော်များ အိမ်ရှေ့ရောက်ရော ဒေးဒရဲက ယောကျ်ားမအဘိုးကြီး ငါ့မိန်းမအပေ ရောက်ချလာပါရော။ ရောက်ရောက်ချင်းပဲ သူ့မြေးတွေ ကျောင်းအပ်ဖို့ ဆိုပြီး ငွေတစ်ထောင် ထုတ်ပေးပါရော. . . ကိုယ့်လူရေ မယုံမရှိနဲ့ဟ"

"မယုံသေးပါဘူး။ ဒါ မတော်တဆ တိုက်ဆိုင်လို့နေမှာပါ"

ကျုပ်က မုဆိုးလူရွယ်လေဗျာ။ ကလန်ကစကား ပြောလိုက်တာပေါ့။

"ဒါဆို မယုံရင်၊ မင်း အခုလိုမေးကြည့်မလား"

"စိန်လိုက်လေ။ မင်းတို့မနေသာပုဂ္ဂိုလ် ဖြီးသလား၊ ဖြန်းသလား သိရတာပေါ့"

"ကိုင်း. . . ဒါဖြင့် ခုလိုက်ခဲ့။ ထ. . ."

ဒါနဲ့ ခေါ်ဘက်လက်စ လက်ကျန်အရက်ခွက်ကို အပြတ်မော့လိုက်ပြီး ကျုပ်ရယ်၊ မုဆိုးမှတ်ကြီး၊ ဆယ်အိမ်ခေါင်း ကိုကျားအုပ်၊ မုဆိုးငထိတို့ ရွာလယ်ဇရပ်ရှိရာကို ထွက်လာခဲ့လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ( ၂ )

ကျုပ်တို့အုပ်စု ရွာလယ်ဇရပ်လည်းရောက်ရော မင်းသားရှုးကြီး တစ်ဦး ဇရပ်ပေါ် ကဆိုနေတာကို ဦးစွာ တွေ့လိုက်ရပါရောဗျာ။

"အတူလေးရယ်တဲ့××ယှဉ်ကာပြိုင်××ယှဉ်ကာပြိုင်××ပန်းမွေ့ရာ ရွှေကော်ဇော××ရောနှောလို့ ထိုင်. . ."

အံမယ်. . . အသံကတော့ အသံဝါ အသံကောင်းဗျ။ ဒါပေမဲ့ ဆိုပြီးကနေသည့် မင်းသားက တယ်ပုံမလာဘူး။ ကြည့်ဗျာ၊ ဆံပင်ရှည် ကုပ်ထောက် လိမ်ကောက်ကောက်နဲ့ အသက်က ရာ နီးပါးခန့်ရှိမယ်။ မျက်နှာက လေးထောင့်ကြီး။ နှုတ်ခမ်းမွေးဖြူဖြူများက ကွမ်းတံတွေးပေကျံလို့၊ ကိုယ်ပေါ်မှာတော့ တိုက်ပုံအဖြူအစုတ် ရင်ဘတ်အပြဲနဲ့၊ ခေါင်းကို တဘက်တစ်ခု မင်းသားပေါင်း ပေါင်းထားတယ်။ ရင်ဘတ်ပေါ်မှာ အင်းစမကွက်တွေကလည်း ပြည့်နေတာပဲ။ ပုဆိုးက အဖြူနဲ့ အနက်ကွက် အပေါက်အရာ အောက်နားကွဲနဲ့။ ခြေမွေးရှည်၊ လက်မွေးရှည်ကြီး။

သူက ဇရပ်ပေါ်မှာ ဆိုရင်းက၊ အောက်မှာ ကလေးအုပ် အယောက်သုံးလေးဆယ်က မျက်နှာမော့ပြီး သဘောကျလို့၊ ဇရပ်ပေါ်မှာလည်း





မိန်းမ၊ ယောကျ်ား ဆယ့်လေးငါးယောက်က ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပန်းစည်းများနဲ့ ပိပိပြားပြား ထိုင်သူထိုင်၊ ငိုင်သူငိုင်၊ ငေးပြီးကြည့်သူကြည့်၊ လက်ညှိုးထိုးပြီး ရယ်သူရယ်နဲ့။

"ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်×××နှင်းဆီခိုင်×××ပျိုတိုင်းကြိုက်ပါတဲ့ ဟော့ဒီက မောင်ကြီး×××နှင်းဆီခိုင်×××ခွင်လုံးပါတဲ့ ဟိုနောက်က ငိုင်းတော်သား×××ဝေးရာက×××ရှား ဟား. . . ဟား. . ."

သူက ကျုပ်တို့အုပ်စုကို လက်ညှိုးထိုးပြောဆိုပြီး ကလိုက်တာကွေးလို့။ အံမယ်. . . လူကသာ ဖြုတ်စဖျင်းတောင်းရယ် အက,ကတော့ တကယ့် ဇာတ်မင်းသားကြီးများအတိုင်းပဲ။ ခြေချိုးလက်ကျ တယ်ကောင်းပဲဗျို့။ ဒီမှာ နောက်တစ်ကျော့ ကျော့မလို့လုပ်ရော။

"ဗျို့. . . ဘိုးဘိုးကြီး"

"ဘာတုံးလဟ"

"သကြားလုံး မနေ့ကလိုပဲ ဝေပါတော့ဗျ။ နွားကျောင်းသွားရဦးမယ်"

"ဟုတ်တယ် ဘိုးဘိုးကြီး၊ ပိုက်ဆံလည်း ကြဲပါဗျ"

"ညနေမှကြဲမယ်။ ညနေမှ အများကြီးကြဲမယ်"

"မရဘူး။ အခုကြဲပါ"

"ဟုတ်တယ် အဘိုး။ ခုချက်ချင်း ကြဲပါဗျို့"

အောက်က သူ့ရဲ့ပွဲကြည့်ပရိသတ် နပ်ချေးတွဲလောင်း၊ သျှောင်ပေစူး၊ ဂျာရစ်၊ ဝဲထူ၊ နွားကျောင်းသား၊ ကျွဲကျောင်းသား၊ ထင်းကောက်၊ မှိုရှာကလေးအုပ်က တအားလည်းတောင်းဆိုကြရော အားလုံးကို မျက်လုံးပြူးကြီးနဲ့ ကြည့်ရတာ။

"အကျိုးနည်း. . . အဝမှပါပဲလားကွ၊ တစ်ပိုဒ်ထဲ ကမယ်ကွာနော်"

"မရဘူး။ မရဘူး။ မြန်မြန်ကြဲပါ"



www.burmeseclassic.com

www.burmeseclassic.com



''ကိုင်း. . . ကိုင်း. . . မင်းတို့ကိစ္စ အလျှင်ရှင်းပြီးမှ စင်ပေါ်က ပရိသတ်များအတွက် သီးသန့်ဖျော်ဖြေရမှာပေါ့ကွာ။ စင်ပေါ်က လက်မှတ်ဝယ်ထားသူများ အထူးတန်း ခဏလေးမျှာနော်။ အဟဲ. . . ဟဲ. . . ဟဲ အားနာလိုက်တာ။ အမျိုးကောင်းသားတွေ ကိစ္စပြီးမှနော်. . . နော်. . . အဟီ''

မျက်နှာကလည်း ပြောင်ပို့ပျာ။ ကြည့်ရတာ ဦးနှောက်မှန်ပုံမရဘူး သိလား။ သည့်နောက် အနားရှိ လွယ်အိတ်အညိုကြီးထဲ လက်နှိုက်ပြီး ကြံပါလေရော။

''ရောဟော့. . . သိကြားမင်းကိုယ်တိုင် ထုတ်လုပ်ဖြန့်ချိတဲ့ သိကြားလုံး အားလုံးစားကြ၊ စားပြီးရင် သိကြ၊ ကြားကြ၊ အားလုံး ကျန်းမာကြ ချမ်းသာကြရောဟော''

''ဝေး. . . ဝေး''

''ဟေး. . . ဟေး''

''အဘိုး ဒီဘက်ကို ကြဲပါဦး''

''ရော့. . . လဟာ''

''ဝှန်း. . . ဝရော''

''မနင်းပါနဲ့ဟ''

''ဟဲ့. . . ကာလနာရဲ့၊ ငါ့လက်ထဲက မလုနဲ့''

အဘိုးကြီးဟာ သိကြားလုံး မြောက်မြားစွာကို နေရာအနှံ့ ကြဲလိုက်တယ်။ ကလေးများလက်ထဲမှာ သကြားလုံးတွေမှ မနည်းဘူး။ ဒါ့အပြင် လူကြီးများလက်လည်း ကြဲလိုက်ပြန်လို့ ဇရပ်ပေါ်ကလူတွေ အားရဝမ်းသာ ကောက်ပါရော။

''ဘိုးဘိုးကြီး ပိုက်ဆံ၊ ပိုက်ဆံကြဲဖို့ ကျန်သေးတယ်''

''အေး. . . အေး. . . ရော့လဟာ''





''ဝေး. . . ဟေး. . . ဟေး''

''ဒါမှ တို့ဘိုးဘိုးကြီးကွ''

ကြည့်စမ်းဗျာ. . . အရူးလိုလို အဘိုးကြီးဟာ သကြားလုံးလည်း ကြဲပြီးရော ပိုက်ဆံတွေ ကြဲပြန်ပါရော။ ကြဲသမျှ ငါးပြားစေ့၊ ဆယ်ပြားစေ့၊ မတ်စေ့၊ မူးစေ့ စုံနေတာပဲ။ ဇရပ်ပေါ်လည်းကြဲ၊ ဇရပ်အောက်လည်း ကြဲပဲ။ ကိုကျားအုပ်နဲ့ မုဆိုးမုတ်ကြီးပါ ကလေးအုပ်ထဲ ဝင်လုကောက်ကြ ပါရော။ ကြဲလို့လည်းဝရော. . .

''ဟော့. . . သားတို့၊ သမီးတို့၊ ချစ်မြေး ကလေးတို့ နားထောင်၊ ရွှေနူတ်နဲ့ ရွှေဘုတ်မြည်မယ်၊ အီမယ်၊ နားထောင်ကြဗျာ။ အဟမ်း. . . အဟမ်း. . . ယက်သဲ့ကြားငါးတင်. . . တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ ငါးမှ ဘုရားမတဲ့ဟော. . . အရှေ့အရပ်မှာ ဗုဒ္ဓသာသနာ နေလိုလလို တောက်ပပြီကွယ့်၊ ရတနာသုံးပါး မြဲမြဲကြ။ အနန္တောအနန္တငါးပါး ရှိသေကြ။ အဘိုး ကိုးတောင်ပြည့်စေတီ တည်နေတယ်။ ဝိုင်းကူကြ။ အားလုံး ကျန်းမာချမ်းသာပြီး သာသနာအကျိုး၊ အများအကျိုး သယ်ပိုးနိုင်ကြပါ စေဗျာ။ ကိုင်း. . . သွားကြ၊ သွားကြ။ အဘိုး ဖျာရော၊ လက်မှတ်ရော ကြိုဝယ်ထားသူတွေကို ဖျော်ဖြေလိုက်ဦးမယ်ကွယ့်။ အေး. . . ဒါကြောင့် သားသားကြီးကလေ. . .

''ရပ်ကြီး×××သူတို့×××ဟန်×××မူ×××ပို.××မို ဟို××ယို ဟို''

''အဘ. . .''

''အဘ. . .''

''ဟာ. . . ခေါ်ပြန်ပြီလားဟ။ ဒီမှာ က,မလို့ဥစ္စာ။

''နောက်မှကပါ အဘရဲ့၊ သမီးတို့ မေးစရာရှိလို့၊ အချိန်မရလို့ပါ''

''မေးဦးမယ်၊ အကျိုးနည်း. . . တယ်မေးခွန်းထုတ်တဲ့ ခွာပါလား ကွဲ ဟော။ ကိုင်း. . . ဒီလောက်မေးချင်လှ မေးကြစမ်းကွာ။ သိရင်ပြောမယ်။



www.burmeseclassic.com

www.burmeseclassic.com



မသိရင် မပြောဘူးနော်၊ ဒါပဲ။ ကဲ. . . ညည်းက စမေး''

''အိမ်ကကျွဲထီးကြီး ပျောက်သွားလို့ အဘရဲ့၊ ဟီး. . . ဟီး''

''ဟဲ့. . . ဟဲ့. . . ကျွဲပျောက်ရင် သူကြီးအိမ်နဲ့ ဂတ် သွားတိုင်လေ''

''တိုင်ထားတယ်၊ ပြန်မတွေ့သေးဘူးတော့။ ဒီကျွဲနဲ့ လုပ်စားနေတာ ခုတော့. . . ဟီး''

''အမယ်လေး. . . လေ. . . မ. . . မငိုပါနဲ့ မယ်မင်းကြီးမ၊ လာဘ်တိတ်တယ်။ တိတ်တိတ်နေ၊ ကျွဲပျောက်တာ ဘယ်နေ့က ပျောက်တာလဲ''

''တနင်္လာနေ့က အဘရဲ့။ သမီးတို့ မြို့တက်ပြီး သရက်ထည်ထဘီ သွားဝယ်နေတုန်း''

''တောက်. . . လျှာမရှည်နဲ့။ နားကိုငြီးတယ်။ တနင်္လာနေ့ဆိုတော့ အိ၊ ကြင်၊ ရာ ဥဒကေ. . . ကြာ၊ ကံ၊ သူ ဝနေတဲ့. . .-ဟဲ့. . .''

''ရှင်. . . အဘ တွေ့ပြီလားဟင်''

''တယ်. . . ငါ ထကန်လိုက်ရ။ ဒီမှာ နင့်ကျွဲကို အရှေ့အရပ်နိုးယူသွားတာ။ ရှာရမှာ နင်တို့အိမ်ရဲ့ မြောက်အရပ်က တောချုံထဲမှာ ရှာ။ ညနေ နေမဝင်ခင် တွေ့လိမ့်မယ်။ မြန်မြန်သွား''

''ဟုတ်. . . ဟုတ်ကဲ့ရှင့် အဘ၊ ဒါ. . . ဒါ. . . သမီး ကန်တော့တာပါ''

ကျွဲရှင်မိန်းမက ဖယောင်းတိုင်တစ်ထုပ်လှူတော့ အဘိုးကြီးက ထားခဲ့လို့ ပြောလိုက်တယ်။

''ဟိုလူကရော ပြော. . . မျက်နှာကလည်း လင်းတမှိုင် မှိုင်လို့။ ဘာဖြစ်လို့လဲ''

ဒီမှာ အသက် ၅၀ ခန့် ယောက်ျားကြီးက မှုန်ညိုညိုမျက်နှာနဲ့တော့ မော့ကြည့်ပြီး ငေးနေတယ်။

''ကြာတယ်။ မင်းမပြောနဲ့၊ ငါပဲပြောမယ်။ မင်းမိန်းမ အိမ်ပေါ်က ဆင်းသွားလို့ မဟုတ်လား''





''မှန်. . . မှန်လိုက်တာ အဘရယ်''

''မင်းကလည်း ကောင်းကောင်းမှ လုပ်မကျွေးဘဲကိုးကွ. . . ချီး''

''ကျွေး. . . ကျွေးပါတယ် အဘရယ်။ နေ့ရောညပါ ကျွေးတာပါခင်ဗျာ''

''ဗွီ. . . နေ့ကျွေးတာထားပါ။ ည ဘာကျွေးတာလဲ''

''အဲ. . . အဲ. . . ဟို. . . ဟို''

''ဝါး. . . ဟား. . . ဟား. . . ဟား''

''အဟာစ်. . . ခစ်. . . ခစ်. . . ခစ်''

အဘိုးကြီးအမေးနဲ့ ဟိုလူ့အဖြစ်ကြောင့် ပရိသတ်ရော ကျုပ်တို့ရော ဝိုင်းရယ်ကြရော။

''မင်းနာမည် ဘယ်သူ. . .''

''မောင်သောင်းယဉ်ပါ ခင်ဗျ''

''မိန်းမ ဘယ်နေ့က ဆင်းသွားတာလဲ''

''ဗုဒ္ဓဟူးနေ့ ညကပါခင်ဗျား''

''ဗုဒ္ဓဟူးနေ့ဆိုတော့ လ၊ ဒီ၊ သာ. . . ဂါမေ. . . တဲ့။ ဟော့ကောင် မင်းမိန်းမ မြောက်အရပ်က သူ့မိဘရွာကိုပြန်တာ ဟုတ်သလား''

''ဟုတ်ပါတယ် ခင်ဗျ''

''သွားခေါ်၊ ခေါ်တဲ့အခါ ပီတောက်ညွန့်တစ်ခက်ကိုင်ပြီး သွားခေါ်။ အချိန်က တနင်္ဂနွေနေ့ မနက် ၈ နာရီ သောကြာအခါအချိန်။ တစ်ခါတည်း ပြန်လိုက်လာလိမ့်မယ်။ အဲဒီကျမှ ညစာအဝကျွေး. . . ခွေးမသား''

''ဝါး. . . ဟား. . . ဟား. . . ဟား. . . အသံကတော့ကွာ ရယ်ရတယ်ဟေ့''

''ခစ်. . . ခစ်. . . ခစ်. . . ကိုသောင်းယဉ်တို့ လုပ်လိုက်ရင် ချော ကျော်ရော''



www.burmeseclassic.com

www.burmeseclassic.com



"အဘ. . . ဒါ. . . ဒါ"

"ထားခဲ့. . . ထားခဲ့. . . နောက်တစ်ယောက်"

ဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက်ကို ရယ်စရာလေးနှောပြီး ဟောပြောလိုက်တာ ဇရပ်ပေါ်ရှိ လူကုန်ပါရော။ ကျုပ်တို့အလှည့်ပဲ ရှိတော့တယ်၊ ဒီမှာ အဘိုးကြီးက–

"ဟို. . . အကုသိုလ်ကောင်တွေ ဘာကိစ္စလဲ"

အကျိုးနည်း. . . ကျုပ်တို့ကို အကုသိုလ်ကောင်တွေတဲ့။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းပဲမို့။ အင်း. . . ကျုပ်တို့ မုဆိုးတွေမှန်း သူ ဘယ်လိုလုပ်သိနေလဲ မသိဘူး။

"ကျွန်တော် မေးချင်လို့ပါခင်ဗျ"

ကျုပ်က သို့ကလိုမေးလိုက်ရော သူဟာ ကျုပ်ရဲ့မျက်နှာကို တစ်ချက်စိုက်ကြည့်ရင်းက. . .

"မင်း တနလာသား။ လူ့ကန့်လန့်မုဆိုးကွ ဟုတ်ရဲ့လား"

"မှန်. . . မှန်ပါတယ် ခင်ဗျာ အဲ. . . အဲ. . ."

"မင်းက ခုလာတာ ငါ့ကိုမယုံလို့ကွ"

"အဲ. . . အဲ. . . ဒါက ဒီလိုပါ ခင်ဗျ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . လုပ်မနေပါနဲ့ကွာ။ မယုံလို့ပဲစမ်းစမ်း။ ယုံလို့ပဲစမ်းစမ်း မြန်မာ့လောကီ နက္ခတ်၊ ဗေဒင်၊ မနော ပညာဟာ မြန်မာမှာတင်မဟုတ်ဘူး၊ ကမ္ဘာ့ပါ တစ်နေ့ကျော်မယ့် ပညာကွ။ အသုံးချတတ်ရင် အကျိုးရှိတယ်၊ အသုံးမချတတ်ရင် အကျိုးမဲ့တယ်။ လှူတတ်ရင် ကုသိုလ်ရတယ် ပြော"

"ကျွန်တော်တို့အလုပ်က အဘပြောသလို မုဆိုးအလုပ်ပါ အဘရယ်၊ အသက်မွေးဝမ်းကြောင်းကလည်း ဒါပဲတတ်လို့ လုပ်စားရတာပါ ခင်ဗျာ။ ဒီ. . . ဒီလိုပါခင်ဗျာ။ နက်ဖြန် တောလိုက်သွားကြပါမယ်။ အဲဒါ





ကျွန်တော် ဘာသားကောင်ရမယ်ဆိုတာ အဘပြောနိုင်၊ မပြောနိုင် သိချင်လို့ပါ ခင်ဗျာ"

"သိတယ်၊ ငါသိနေတယ်။ မင်းက သူများပြောတာမယုံလို့ ငါ့ကို ပညာစမ်းတာ။ ဟော့ကောင် စနေသား. . . နက်ဖြန် မင်း ကျားတစ်ကောင် ရလိမ့်မယ်ဟေ့"

"ဗျာ. . . ကျား. . . ကျား. . . ဟုတ်လား အဘ"

"အိမ်း. . . ကျား"

"အဘ ကျွန်တော် ကျား. . . ကျားကို တစ်ခါမှ မလိုက်ဖူးဘူး။ မရဖူးဘူး။ ကြောက်စရာကောင်းလို့၊ ကြုံလည်း မကြုံဖူးဘူး"

"ဒါတော့ မသိဘူး၊ ဒါက မင်းအပိုင်း။ ကျားမှ ကျားထီးရမယ်လို့ ငါမြင်နေတယ်။ ကိုင်း. . . ငါကိစ္စရှိလို့ ပြန်တော့"

ကျုပ်တို့အုပ်စု အဘိုးကြီးဟောချက်ကို မယုံမရဲနဲ့ နားထောင်ပြီး ပြန်လာခဲ့လိုက်ကြတယ်။ မှန်တာပြောရရင် ကျုပ် မယုံသေးဘူးဗျာ။ ဘာလို့လဲဆိုတော့ ကျုပ်ဘဝမှာ ချေ၊ ဒရယ်၊ တောဝက်နဲ့ အကောင်ကြီး ဆို စိုင်လောက်ပဲ ပစ်ဖူး ရဖူးလို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျုပ်က ဒသမ ၃၀၃ ရိုင်ဖယ်ကို ကျည်အသင့်ထိုး မောင်းအသင့် တင်ပြီး ရှေ့ကနေ ရိုးမထဲဝင်လိုက်တယ်။ သစ်ကြီးဝါးကြီးများနဲ့ ရိုးမဟာ လွှမ်းမိုးနေတယ်။ ဒါပေမဲ့ နွေရာသီ ရွက်ကြွေချိန်မို့ ချုံများကလွဲရင် အချို့အောက်ခြေ နည်းနည်းရှင်းနေတယ်။

''မောင်ကျိုင်း. . . ရှေ့မှာ. . . ရှေ့မှာ''

မုဆိုးမှတ်ကြီးက လက်နဲ့တို့ပြီး တိုးတိုးပြောလိုက်၊ ညွှန်လိုက်တဲ့ နေရာကို ကြည့်လိုက်ရော။ ဟာ. . . ဝက်တောင်းကြီးတစ်ကောင် ရေ သောက်ဆင်းနေတာကိုးဗျ။ ဝက်တောင်းကြီးက နည်းတဲ့ကောင် မဟုတ် ဘူး။ ကျုပ် အသာ ကျွန်းပင်နံဘေးကိုကပ်ပြီး ၃၀၃ သေနတ်နဲ့ ဝက် တောင်းကြီးရဲ့ ရှေ့လက်ပြင် နှလုံးသားရှိရာကို ထိုးချိန်လိုက်ရော. . .

''ဝေါင်း. . .''

''ဟာ. . .''

''ဟာ. . . တောကောင်ကြီးဟ''

တောကောင်ကြီးလို့ ကျုပ်တို့ခေါ်လေ့ရှိတဲ့ တောဘုရင် ကျားတစ်





ကောင်ဟာ ရေသောက်နေတဲ့ ဝက်တောင်းပေါ် ခုန်အအုပ် ဝက်တောင်း ကြီးကလည်း ကျားဟိန်းအုပ်သံကြောင့် ရှေ့ရေထဲကို ထိုးအဆင်း. . .

''ဒိုင်း. . .''

''ဝေါင်း. . . ဂရား. . . ဂရား''

''ဝုန်း. . .''

မှုလ ဝက်နေရာ ကျားရောက်အလာ ဒီမှာ ကျည်ဆန်က တော ကောင်ကြီးရဲ့ ရှေ့လက်ပြင်မှန်ပြီး တောကောင်ကြီး နာကျင်စူးရှစွာ အော်ဟစ်လူးလွန့်နေချိန် ဝက်တောင်းကြီးက ချောင်းကိုကူးပြီးအပြေး. . .

''မောင်ကျိုင်း။ ပစ်. . . ပစ်. . . ထပ်ပစ်''

''ဒိုင်း. . .''

''ဝေါင်း. . . အီ. . . အီ. . . ဖူး. . . ဂရူး. . . ဖူး''

ကျုပ်ကလည်း လက်နှေးမနေတော့ဘူး။ ကြောက်လန့်အံ့သြမှုနဲ့ ကုန်းထမလို့လုပ်နေတဲ့ တောကောင်ကြီးရဲ့ ရင်ညွန့်နေရာကိုချိန်ပြီး ပစ်ချ လိုက်တာ ဒုတိယမြောက်ကျည်သန်ဒဏ်ရာနဲ့ တောကောင်ကြီးငြိမ်ကျ သွားတော့တယ်။ အဲဒီတော့မှ ကျုပ်လက်တွေ တုန်ခါနေမှန်း ကျုပ်သိရ တော့တယ်၊ အတန်ကြာမှအနားသွားပြီးတွေ့ရာ မြေကြီးခဲ ကျောက်ခဲများ နဲ့ ကျားကိုပေါက်ကြည့်တော့ ကျားကြီးလုံးဝမလှုပ်တော့ဘူး။

''သိပ်အံ့သြစရာကောင်းတာပဲ မှတ်ကြီးရာ''

''အေးကွာ. . . ငါတို့ ကျားနဲ့တစ်ခါမှ မတွေ့ဖူးဘူး။ ခုမှ ကြုံကြုံ ဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင်ကွာ။ မောင်ကျိုင်း. . .''

''ဘာလဲ. . . မှတ်ကြီး''

''ဟို. . . ဟို. . . ဇရပ်ပေါ်က တိုက်ပုံရင်ကွဲ မနော့ပေဒင် [illegible] ဆရာကြီး ကြိုပြောလိုက်တာမှန်နေပြီ သူငယ်ချင်း။ မင်း. . . [illegible]. . . ဝန်ခံရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်တော့ တိုက်ဆိုင်တာပဲ။ နေဦး ကြည့်လိုက်ဦးမယ်။ ခဏလေး"

ဒါနဲ့ သွေးပွက်ပွက်နဲ့ အသက်ထွက်နေတဲ့ ကျားသေရဲ့နောက်ပိုင်း ပေါင်အတွင်းဘက်ကို ကြည့်လိုက်ရော. . .

"ဟာ. . ."

"ဘာလဲ မောင်ကျိုင်း။ ဘာမြင်လို့လဲ"

"ကျားက ကျားထီးကြီး မှတ်ကြီးရ"

"အဘဟောတာ မှန်လိုက်လေ ငကျိုင်းရာ"

♛♛♛

(၄)

ကျုပ်တို့ရွာ ရွာနီးချုပ်စပ်ကဆို ကျုပ်ကို ကျားရအောင်ပစ်လာလို့ သူ့ရဲကောင်းကြီးအဖြစ် ဂုဏ်ပြုကြလေရဲ့ဗျာ။ လက်ပံကုန်း၊ သခွပ်အိုင်၊ မန်ကျည်းပင်၊ သာကရ၊ ကုက္ကိုစု စသည့်ရွာများက နာမည်ကျော်မုဆိုးများကလည်း ကျုပ်အိမ်ကိုရောက်လာပြီး ချီးကျူးကြလေရဲ့ခင်ဗျာ။ နှစ်ရက်၊ သုံးရက် အရက်ဝိုင်းဖွဲ့လို့ စားလို့သောက်လို့ ချီးကျူးကြလို့ မကုန်နိုင်ပေါ့ဗျာ။

နေ့စေ့လစေ့နဲ့ မိန်းမလည်း ပျော်လို့သိလား။ ကျားတစ်ကောင်ရတာ နည်းတဲ့ဝင်ငွေလားဗျာ။ ကျားဆိုတာ ဘာမှလွယ်ပစ်ရတဲ့ သတ္တဝါမှမဟုတ်ပဲ။

တစ်ပတ်လည်းနေရော နောက်တစ်ကြိမ် တောလိုက်သွားမှာမို့ ကျေးဖွဲ့ရှင် မနောပေဒင်အဘိုးအိုကို ကျုပ်တို့လိုက်ရှာကြတယ်။ အဘိုးအိုက မူလစရပ်မှာမရှိတော့ဘူး။ ဟိုးအရှေ့ ဝေပုလ္လရွာကို ရောက်နေဆိုလို့ စားဖွယ်၊ သောက်ဖွယ်ပစ္စည်းများကပ်ပြီး အဘိုးအိုကြီးရှိရာကို လိုက်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်ဘုန်းကြီးကျောင်းမှာ တန်းတွေ့တာပဲ။ အဲဒီမှာလည်း အဘက ဟောပြောကုသပေးနေတာကိုး။ ကျုပ်တို့ကိုမြင်တော့ မှတ်မိသွားတယ်။

''မှဆိုးလားကွ''

''ဟုတ်ကဲ့ အဘ''

''ငါပြောတာ မှန်ရဲ့လားကွ ဟေ. . .''

''မှန်ပါတယ် အဘ။ အဲဒါ လာကန်တော့တာပါ''

''မကန်တော့ပါနဲ့ကွာ။ ငါမြင်တာကို ငါဟောရတာပါ။ သူတစ်ပါးအသက်သတတဲ့အလုပ် ငါအားမပေးချင်ဘူး။ စားလည်း မစားပါရစေနဲ့။ နောက်ထပ် ဘာကိစ္စရှိသေးလဲ''

''သန့်ဘက်ခါ တောလယ်သွားမလို့ အဘ။ အဲဒါ ကြိုသိချင်လို့ပါ''

ဒီမှာ အဘိုးကြီးက ကျုပ်ရဲ့မျက်နှာကို အတန်ကြာစိုက်ကြည့်နေပြီးနောက်. . .

''မောင်. . . ဘယ်သူ''

''မောင်ကျိုင်းပါ အဘ''

''အိမ်း. . . မောင်ကျိုင်း။ အဲဒီနေ့ အဦးဆုံးတွေ့တဲ့ သားကောင်ကို မင်း လုံးဝမပစ်နဲ့ လူကလေး''

''ဘာ. . . ဘာဖြစ်လို့လဲ အဘ''

''အဲဒီသားကောင်ကို ပစ်ခဲ့ရင် မင်းဘဝ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ကျွတ်တန်းဝင်ရလိမ့်မယ်။ ဒါပဲ သွားတော့''

ကျုပ် မေးခွန်းတွေဆင့်ပြီး မေးချင်ပေမဲ့ အဘိုးကြီးက လက်မခံတော့ဘူး။ အရေးလည်းမလုပ်ဘူး။ ကျုပ် လက်ဆောင်ပစ္စည်းများကိုလည်း လုံးဝလက်မခံခဲ့ဘူး။ ဒါနဲ့ ကျုပ်တို့ ပြန်လာခဲ့ကြတယ်။

''ဘယ့်နှယ်. . . သူ့ ဟောပြောချက်အရ အဦးဆုံးတွေ့တဲ့ သားကောင်ကို မပစ်ရဘူးတဲ့ ကိုယ့်လူ''





''ဒါဆို စတွေ့တဲ့သားကောင်က အဖိုးတန်ငွေကောင်ဖြစ်နေရင် ဘယ်လိုလုပ်ရမှာလဲကွ''

''ရှောင်လိုက်ရမှာပေါ့ ငကျိုင်းရာ''

''အိုကွာ. . . မင်းကလည်း. . .''

♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## (၇)

တောဟာ စဝင်ကတည်းက ငြိမ်ချက်သားကောင်းနေတယ်ဗျ သိလား။ ခါတိုင်း ဒီလိုမဟုတ်ဘူး။ တောထဲဝင်တာနဲ့ ငှက်သံ၊ လေတိုက်သံ၊ ချေဟောက်သံ၊ ချေတစ်သံ ကြားနေရတာ။ တောကြက်တွန်သံ၊ လန့်ပြေးသံ ကြားရတာ။ ဒီနေ့ တိတ်ချက်သားကောင်းနေတယ်။ ဒါနဲ့ ကျုပ်နဲ့ မုဆိုးမှတ်ကြီး မြေပြင်မှာ ခြေရာကောက်၊ ချေးပုံကြည့်၊ သစ်ပင်ကိုက်စဖြတ်စများကိုကြည့်ပြီး သားကောင်ရဲ့ သဲလွန်စအနေအထားကို ရှာခဲ့လိုက်တာ အချိန်က အတော်လင့်ရော။ သားကောင်နဲ့တူတာ ယုန်တစ်ကောင်တောင် မတွေ့ရဘူး။

ဟူး. . . ဒီနေ့ကတော့ ''ဘူပိတ်''၊ ''လာဘ်ပိတ်''နေ့။ ဟင်းစားခတောင်ရမယ့်နေ့ မထင်ပေါင်ဗျာ။ ဒီလိုနဲ့ တောထဲကို စူးစူးရဲရဲ အရဲကိုးပြီး ဝင်လာလိုက်တာ. . .

''ပလပ်. . . ပလပ်. . . ပလပ်''

''ပလုံ. . . ပလုံ. . . ပလုံ''

''ရှူး. . . အသံကြားရတယ်''





အသာနားစွင့်၊ မျက်စိပွင့်ပြီး သစ်ပင်ကြီးများအကွယ်က အခြေအနေကို စောင့်ကြည့်လိုက်ရော။ ဟာ. . . ကြည့်စမ်း. . . ဦးချိုကားကားနဲ့ ဒရယ်ကြီးတစ်ကောင်၊ အိုင်ကြီးတစ်အိုင်အစပ်မှာ ရေစိမ်၊ ရေသောက်နေတာပါကလား။ ကိုယ်လုံးက ရေစပ်အောက်မှာ၊ ဦးချိုကားကြီးက ရေပြင်ပေါ်မှာ။ ကြည့်ရတာ ပူအိုက်လွန်းလို့ထင်ရဲ့၊ ဒရယ်က ရေကို လျှာနဲ့ လျက်လိုက်၊ လူးလိုက်နဲ့ ခိမ်ကျနေပုံပဲ။

''နေ့တွက်တော့ကိုက်ပြီ မှတ်ကြီးရေ''

ပြောရင်း သေနတ်မောင်းကို ကျိုတ်တင်လို့ ဒရယ်ကြီးရဲ့ လည်တိုင်အောက်ခြေကို ပြောင်းထိုးချိန်လိုက်တယ်။ ခလုတ်ကို ညှစ်မယ်လည်းလုပ်ရော. . .

''နေဦး. . . ဟောင်ကျိုင်း''

''ဘာလဲကွာ အရေးထဲ''

''ဟို. . . အဘိုးကြီးပြောတာ မင်းသိတယ်နော်။ အဦးဆုံးတွေ့တဲ့ သားကောင်ကို မပစ်နဲ့တဲ့''

''ခေါက်ထားစမ်းပါ၊ ဒါလောက် ပိုင်ပိုင်ရနိုင်တာ နောက်တွေ့ချင်မှ တွေ့မယ် ဖယ်''

''ဒိုင်း''

''အီ. . . အီ. . . ကျွီ''

''ဝုန်း. . . ဝုန်း. . . ဝုန်း''

တည့်ပဲ။ ကျုပ်သေနတ်ပြောင်းဝက ကျည်ဆန်က ဒရယ်ကြီးရဲ့ လည်တိုင်ရင်းကို ဖောက်ဝင်သွားရော။ ဒရယ်ကြီး ရေထဲက ကုန်းထရင်းကနေ ဦးချိုကြီးယမ်းပြီး ရေထဲကို စိုက်ကျိုးကျလို့ လူးလွန့်နေရော မကြာဘူး၊ ရေထဲမှာ ငြိမ်ကျသွားတယ်။ ရေပြင်စပ်ဟာ ဒရယ်သွေးနဲ့ ချက်ချင်းရဲသွားတာပဲ။ ဒါနဲ့ နှစ်ယောက်သား အချိန်အတော်ကြာလှတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒရယ်ကြီးကို ကုန်းပေါ်ဆွဲတင်လိုက်ရော. . .

''ဟာ. . . ဒုက္ခပဲ မောင်ကျိုင်းရေ. . .''

''ဘာဖြစ်ပြန်ပြီလဲကွာ၊ မင်းကလည်း. . .''

''ဒီမှာကြည့်စမ်း ငကျိုင်း၊ ဒရယ်က အထီးမဟုတ်ဘူး''

''အထီးမဟုတ်ရင် အမပေါ့၊ ဘာဖြစ်လဲ''

''ဟော့ကောင်. . . ဒရယ်မကြီးက ကိုယ်ဝန်အရင့်မာကြီးနဲ့ကွ''

''ဟေ. . . ဘာတတ်နိုင်မှာလဲကွာ။ ကိုယ်ဝန်ရှိနေမှန်းမသိလို့ ပစ်မိတာဥစ္စာ။ ကိုင်း. . . ရွာကိုသယ်ဖို့သာလုပ်''

ကျုပ်တို့မှဆိုးထုံးစံမှာ သားကောင်ဟာ ကလေးဖြစ်နေရင်၊ ကိုယ်ဝန်ရှိနေရင်၊ အိပ်ပျော်နေရင် လုံးဝမပစ်ရ မသတ်ရဘူး။ ရှောင်ရတဲ့ထုံးစံရှိတယ်။ ခုဟာက ရေစိမ်နေတုန်း ပစ်ရတာဥစ္စာ။ ဘာတတ်နိုင်မှာလဲဗျာ နော်။ ဒါနဲ့ဝါးခုတ်ပြီး ဒရယ်မကြီးကို နှစ်ယောက်သား မနိုင်တနိုင် လျှို ထမ်းလို့ နားသယ် သယ်ပြီး ရွာအရောက်လှမ်းခဲ့လိုက်တယ်။

❀ ❀ ❀

(၆)

ရွာထဲကို ဒရယ်မအသေကြီးထမ်းပြီး ဝင်လာရော ရွာသူရွာသားအချို့က ကျုပ်ကို မျက်နှာမကောင်းစွာနဲ့ ဝိုင်းကြည့်နေကြလို့ဗျ။ သူတို့မျက်နှာများဟာ ကျားရလာတုန်းကလို လှိုက်လှဲဝမ်းသာ အော်ဟစ်မကြိုဆိုကြဘူး။ ရင်းနှီးသူအချို့လည်း မတွေ့ရဘူး။ ဒါနဲ့ အိမ်ရှိရာလည်း ထမ်းလာကြရော အလို. . . ကျုပ်အိမ်ခြံဝင်းထဲမှာ လူတွေမနည်းပါလား။ ဝင်လိုက် ထွက်လိုက်နဲ့။

''ဟော့. . . ငကျိုင်း၊ မင်းအိမ် လူများလှချေလားကွ''

''အေးကွ. . . မိန်းမများ မွေးနေရော့လားကွာ''

''ဟော့. . . ငကျိုင်းတို့ ပြန်လာပြီဟေ့''

''ကိုကျိုင်း. . . ကိုကျိုင်း အမလေး အစ်ကိုကျိုင်းရဲ့၊ ဟီးဟီးဟီး''

ရောက်မဆိုက် ခြံဝရှိ ကျုပ်ခယ်မမိသောင်းဟာ ကျုပ်ရှိရာကို ပြေးလာပြီး ကျုပ်လက်ကိုကိုင်လို့ အော်ဟစ်ငိုပါလေရော။

''မိသောင်း. . . မိသောင်း. . . ဘာ. . . ဘာဖြစ်လို့လဲ၊ နင့်အမေ ရော. . . ငါ့မိန်းမရော''



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကိုကျိုင်း၊ အစ်မ...အစ်မ ဆုံးသွားပြီ ဟီး''

''ဟင်...ငါ့မိန်းမစိန်ရင် ဆုံးသွားပြီ။ ဘာ...ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့လဲ။ စိန်ရင်...စိန်...ရင်...ရေ''

ကျုပ်သေနတ်ကို မှတ်ကြီးလက်အပ်ပြီး အိပ်ပေါ်လည်း ဝုန်းခနဲ ခုန်တက်လိုက်ရော အမျိုးသမီးတစ်အုပ်ရှေ့မှာ သွေးသံရဲရဲနဲ့ ပက်လက် အသက်ထွက်နေတဲ့ ကျုပ်မိန်းမကို အံ့ဩစရာကောင်းအောင် မြင်လိုက် ရပါရောလားဗျာ။

''စိန်ရင်...ကျွန်တော့်မိန်းမ ဘယ်လိုဖြစ်ရတာလဲဗျာ ဟင်... ဟင်''

''အိမ်အပေါ်ဆင့်ကနေ ပြုတ်ကျသွားတာ။ အဲဒါ ဗိုက်ထဲကကိုယ်ဝန် နဲ့ မြေကြီးက တိုင်ငုတ်ဆောင့်မိပြီး မရှုနိုင်မကယ်နိုင် သွေးတွေသွန်တော့ တာပဲ မောင်ကျိုင်းရေ၊ အော်သံကြားလို့ တို့များရောက်လာတော့ သွေး သံရဲရဲနဲ့ အသက်ငင်နေပြီ။ အဲဒါတို့ရွာက လက်သည်အဒေါ်ကြီး ဒေါ်ခွေးမ သွားခေါ်ပြမတော့ ဒေါ်ခွေးမလည်းရောက်ရော စိန်ရင်လည်း အသက်ထွက် သွားတာပဲ''

. ''စိန်ရင်...စိန်...ရင်၊ ဖြစ်ရလေ စိန်ရင်ရယ်။ ဟီး...ဟီး... ဟီး စိန်ရင်ရေ...မိန်းမရဲ့၊ ဒါ...ဒါ ငါ့ကြောင့်။ ငါမိုက်လို့၊ ငါအသုံး မကျလို့။ ငါ့လောဘကြောင့် မင်းဖြစ်ရတာ...ဖြစ်ရတာ။ ငါ မင်းနောက် ကို တစ်ခါတည်းလိုက်ခဲ့မယ် စိန်ရင်ရေ''

''ဝုန်း...''

''ဟော့ကောင်...ကျိုင်း မလုပ်နဲ့''

''မောင်ကျိုင်း...မောင်ကျိုင်း မ...မလုပ်နဲ့''

ကျုပ်မိန်းမရဲ့အလောင်းကို ဖက်ထားရာက ဝုန်းခနဲခုန်ထပြီး မှတ် ကြီး လက်ထဲက အမဲပစ်ရိုင်ဖယ်သေနတ်ကို အတင်းဆွဲယူ မောင်းတင်





လို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ လုပ်နေချိန်မှာပဲ အားလုံးက သေနတ် လိုက်လုပြီး တစ်နေရာကို အတင်းဆွဲခေါ်သွားခဲ့ကြတယ်။ ခုတော့ ကျုပ် အသက်နှင့်အမျှ ချစ်ခဲ့ရတဲ့ ဆိုးတူကောင်းဖက် ငယ်ချစ်မယား စိန်ရင် တမလွန်ကို သွားရရှာပြီဗျာ။

www.burmeseclassic.com

www.burmeseclassic.com

(၇)

''ကျုပ်အချစ်ဆုံးဇနီး မစိန်ရင် ရက်လည်ပြီး နောက်နေ့ကစပြီး ကျုပ် မဆိုးအလုပ်ကိုလုံးဝစွန့်လို့ ရွာဦးဘုန်းကြီးကျောင်းဘက်သို့ ဦးလှည့်လိုက်ကာ အခု ဆရာကိုညိုမှိုင်းကို ဒီဇာတ်ကြောင်း ပြန်ပြောတဲ့အချိန်ထိ သက်န်းဝါ ၂၅ ဝါ ရခဲ့ပြီး အသက်လည်း ၇၀ နား ကပ်ခဲ့ပါပြီ ဒကာကြီးရယ်။ အမှန်ကကျုပ် ဟိုးတိုက်ပုံရင်ကွဲ မနောပေဒင်ဆရာကြီး ကြိုဟောပြောလိုက်တဲ့စကားကို နားမထောင်တဲ့အမှားပဲ ကိုညိုမှိုင်း။ အဲဒီအဘိုးကြီးဟာ အလွန်ကို အံ့ဩဖို့ကောင်းတဲ့ အတပ်ဟော မနောပညာရှင်ကြီးပါဗျာ''

''သူ့ကို ဘုန်းဘုန်းကြီး နောက်ပိုင်းတွေ့ရသေးလားဟင်''

''ဟင့်အင်း. . . လုံးဝမတွေ့ရတာ ဒီနေ့အထိပဲ''

''အဲဒီ ဆရာကြီးနာမည်ရော သိလားဘုရား''

''သူများပြောပြချက်အရ သူ့နာမည်က ဘတိုက်ပုံဦးရာကျော်တဲ့ အံ့ဖွယ်လူထူးဆန်းကြီးပါပဲ ဒကာညိုမှိုင်းရယ်။



www.burmeseclassic.com

## အိုးစည်သံ

(၁)

ထိုနေ့ထိုရက်မှစ၍–

ကျုပ်တို့ ကိုကျော်ခင်တို့လူစု နိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခု ချခဲ့လိုက်တယ်။

ဗွီ. . . ။

နောင်များဗျာ၊ အိုးစည်ဝိုင်း လာငှားရင်လား. . . ။

♛♛♛

(၂)

ဖြစ်ပုံက တော်တော့်ကို မကြုံစဖူး ဆန်းကြယ်တာကလားဗျာ။ ဒီအကြောင်း ပြန်ပြောမပြရင် ခင်ဗျားတို့လည်း ယုံမှယုံပါ့မလား မသိဘူး။ အရင်တုန်းကတော့ ဒီအကြောင်းတွေ ကြားဖူးပါရဲ့။ စိတ်ကူးယဉ်ပုံပြင်လို့ မှတ်ခဲ့တာရယ်။ ကာယကံရှင်တွေ ကိုယ်၌ထဲမှာ ကျုပ်ပါ ကိုယ်တိုင် ကိုယ်ကျ ပါဝင်ခဲ့လို့ ယုံလိုက်ရတာ။

နို့မို့လားဗျာ၊ ဘယ်သူ ကျိန်တွယ်ပြောပြော ယုံကိုမယုံဘူး။ ဒါကြောင့် လောကသည် ဆန်းကြယ်၏လို့ ဆိုကြတာကိုး။

ဖြစ်ပုံက ဒီလိုဗျ။

လွတ်လပ်ရေးရပြီး နောက်ပိုင်းနှစ်မှာပေါ့။ အမြို့မြို့အနယ်နယ်မှာ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ဂုဏ်ပြုပွဲ ပြပွဲများနဲ့ မြိုတ်မြိုတ်နီးနီး ကျင်းပနေချိန်ပေါ့။

ကျုပ်တို့မြို့မှာလည်း လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲ ပြပွဲပျော်ပွဲ ရွှင်ပွဲများ ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တဲ့နှစ်ရယ်ပါ။ အဲဒီမှာ ဌာနဆိုင်ရာပြခန်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပန်းချီပြခန်း



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် စုံလို့ပေါ့ဗျာ။ အငြိမ့်လည်းပါတယ်။ အဲဒီနှစ်က နိုင်ငံကျော် ရွှေနှင်းဆီ အငြိမ့်ကြီးပါတဲ့နှစ်။

အဲဒီအချိန်က အငြိမ့်မင်းသမီးရွှေနှင်းဆီ မြန်မာပြည်အဝန်း နာမည်ကျော်ကြားနေသည့်အချိန်။

''မှုန်ရွှေရည်. . . နိုင်မာလာနှင်းဆီ. . . မိုင်ဒါလင်ဆွိတ် ခင်ခင် ပျိုမဒီ နှင်းဆီခက်ကို လက်လှမ်းကာချူမည်. . .'' ဆိုတဲ့ သီချင်းဟာ တောရောမြို့ပါ ကျော်နေတဲ့သီချင်းပေါ့။ ကျုပ်တို့ ရပ်ထဲရွာထဲက အိုးစည် ဝိုင်း၊ ဒိုးပတ်ဝိုင်းတိုင်းမှာ ပလွေနဲ့ နှဲနဲ့ တီးလို့ဆိုလို့ ကလို့ကောင်းတဲ့ သီချင်းဗျ။ ,အဲဒီနှစ်က အငြိမ့်က နှစ်ညာ။

ထားဗျာ။ အဓိက ပြောချင်တာက ရွှေနှင်းဆီ အငြိမ့်အကြောင်း မဟုတ်ပါဘူး။ ရွှေနှင်းဆီအရှိန်နဲ့ လွတ်လပ်ရေးကွင်းကြီး ပရိသတ် အားကောင်းတာတော့ ပြောချင်ပါတယ်။

အဓိကပြောချင်တာက. . .

ဒီနှစ် လွတ်လပ်ရေးနေ့မှာ ဟံသာဝတီခရိုင်အဆင့် အိုးစည်ဒိုး ပတ် အဆို၊ အက၊ အတီးပြိုင်ပွဲ ထူးခြားစွာ ပါဝင်တဲ့အကြောင်းက အခြေခံပါ။

ကျုပ်တို့ ကိုကျော်ခင်ဆိုတာကလည်း အိုးစည်တီးကောင်းတဲ့ လူခင်ဗျ။ ကျုပ်ကတော့ အဆိုအကသမားပါ။ ကိုသာဟန်က လင်းကွင်း တီးသမား၊ ပလွေက ကိုဂိုးစည်၊ ဝါးက ကိုရင်မောင်ဖျိုင်း၊ ကျုပ်တို့အိုးစည် ဝိုင်းက နာမည်ကြီးပဲ။ ကျော်ခင်တို့ အိုးစည်ဝိုင်းဟေ့ဆိုရင် ရွာနီးချုပ်စပ် ဝန်းကျင် အလှူဘုရားပွဲ မှန်သမျှ မပါပါအောင် လာငှားထည့်ကြတာ ကလား။

ကိုကျော်ခင်ကလည်း အိုးစည်လက်စွမ်းက ထက်မှထက်။ အိုး စည်ကို ဖွင့်တီး၊ ဖွတီး၊ ပိတ်တီး၊ ဆို့တီး၊ အခုန်တီး၊ အမြှောက်တီး၊





အမြူးတီး၊ ရှေ့တော်ပြေးတီး. . . အစုံကိုရတာ။ အိုးစည်ကို လက်သီး တစ်လှည့် လက်ဝါးတစ်လှည့်ခေါ်တီးပြီး တံတောင်နှင့် ဆို့ပိတ်တဲ့တီးကွက် များဆို တကယ့်မင်းသားဟန်နဲ့၊ ကြည့်ဖူးသူတိုင်း သူ့တီးကဟန်ကိုကြိုက် ကြတယ်။ အပျိုတွေမှ ဝိုင်းဝိုင်းလည်အောင် မျက်နှာပွင့်နေပေါ့ဗျာ။

လင်းကွင်းတီးတဲ့ ကိုသာဟန်ဆိုရင်လည်း လင်းကွင်းမင်းသား ဘွဲ့တောင် အရပ်ရပ်က ပေးထားတာဗျ။ ပန်းဖွားရှည် တပ်ထားတဲ့ လင်းကွင်းကို ဘယ်ညာယိမ်းနွဲ့ပြီး တစ်ပေါင်ကျော်၊ နောက်ပြန်အဆို့ အပိတ်နဲ့ ဖင်လေးကြွ၊ ရင်လေးမ၊ အကဟန်နဲ့ တီးလိုက် မြူးလိုက်ရင် လားဗျာ၊ ပွဲကြည့်ပရိသတ်က ဝေါခနဲကျအောင် လက်ခုပ်တီးရတဲ့ လင်း ကွင်းသမားရယ်။

အဆိုနဲ့အက ကျုပ်ပေါ့ဗျာ။ ကျုပ်တို့မျိုးရိုးကလည်း သဘင်ပိုး က ရှိနေတာကိုး။ အဘိုးဦးကျော်ခွေးက ရုပ်သေးမင်းသားကိုင်လုပ်ခဲ့ဖူး တဲ့သူလေ။ အဖေက ရွာရဲ့သက်ကြီးတီးဝိုင်းမှာ ဘင်ဂျိုတီးတယ်။ ဒါကြောင့် ကျုပ်က အဖေတို့တီးဝိုင်းက သီချင်းတွေလည်းရ၊ အဘိုးလုပ်သူရဲ့ အပြော အဟောသီချင်း လင်္ကာတွေလည်းရ၊ အကမှာဆိုလည်း ဝါသနာပါပြန် တော့ ရွာမှာ ဒိုးမင်းသား၊ အိုးစည်မင်းသား၊ ပင်တိုင်အဆိုသမား ဖြစ်ခဲ့ရ တာပေါ့။

တစ်နေ့ သူကြီးဦးဘတုတ်က ကျုပ်တို့ ကာလသား အိုးစည် ဝိုင်းကို ဆင့်ခေါ်ပြီး တာဝန်တစ်ခု ပေးလိုက်ပါတယ်။

''ကျော်ခင်''

''ခင်ဗျာ၊ သူကြီးမင်း''

''မြို့က စာလာတယ်ကွ၊ ဒီနှစ် လွတ်လပ်ရေးနေ့ အခမ်းအနား မှာ အိုးစည်ဒိုးပတ်ပြိုင်ပွဲ ပါဝင်မယ်။ အိုးစည်ဒိုးပတ်ဝိုင်းရှိတဲ့ ရွာတိုင်း တစ်ဖွဲ့၊ သို့မဟုတ် နှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်နိုင်တယ်တဲ့။ အဲဒီတော့ တို့



www.burmeseclassic.com

www.burmeseclassic.com



ဆေးလုံးကြီးရွာက မင်းတို့အိုးစည်ဝိုင်းကလည်း နာမည်ရှိပြီးသားဆိုတော့ကာ. . . ရွာဂုဏ်ဆောင်တဲ့အနေနဲ့ မင်းတို့အဖွဲ့ ရွာကိုယ်စားပြု ဝင်ပြိုင်ကြကွာ ဘယ့်နှယ်. . .''

''ဟုတ်ကဲ့၊ ပြိုင်တာတော့ ပြိုင်ချင်ပါတယ် သူကြီးမင်းခင်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့က ကျေးတောသားတွေဆိုတော့ မြို့ပေါ်က တီးဝိုင်းတွေနဲ့ ယှဉ်ရင် လွယ်ပါ့မလား သူကြီးမင်းခင်ဗျ''

''အိုကွာ မြို့ပေါ်က အိုးစည်ဝိုင်းတွေ ငါကြည့်ဖူး ကြုံဖူးပါတယ်ဟ။ မင်းတို့လောက် မစွံပါဘူးကွာ၊ ဖြစ်ပါတယ်။ တို့ နည်းနည်းဂရုစိုက်ရမှာက ချောင်းစောက်က အိုးစည်ဝိုင်းပဲ''

''ခရမ်းသုံးခွကရော သူကြီးရဲ၊ သူတို့ကလည်း ဆိုင်းသမားထွက်တဲ့ အရပ်နော်''

ကိုသာဟန်က ဒီလိုဝင်ပြောလိုက်တယ်။

''ထွက်. . . ထွက်ကွာ၊ ဆုရတာ မရတာထက် တို့ရွာသားတွေ စင်ပေါ်ရောက်ရင် တော်ပြီ''

''ဒါ. . . ဒါပေမဲ့ တစ်ခုရှိသေးတယ် သူကြီးရ''

''ဘာတုံးဟ ကျော်ခင်ရဲ၊ မင်းကလဲ''

''ကျုပ်တို့က တောသားအိုးစည်ဝိုင်းဗျ''

''အဲဒါ ဘာဖြစ်လဲ''

''အဝတ်အစား စကားပြောတာပေါ့ဗျာ။ အလှူပွဲ ဘုရားလှည့်ပွဲမှာ အိမ်နေရင်းအဝတ်အစားနဲ့ တီးလို့ရပေမဲ့ ဒီလို လွတ်လပ်ရေးနေ့ မင်းပွဲစိုးပွဲ အခမ်းအနားမှာ အနယ်နယ်အရပ်ရပ်က ပြိုင်ဘက်အိုးစည်ဝိုင်းတွေ လာကြမှာ သူကြီးရဲ၊ ပရိသတ်အများရှေ့ ပြိုင်ရပြီဆိုရင် ဆင်တူအဝတ်အစား ကောင်းကောင်းသစ်သစ်လေးနဲ့မှ အမြင်တင့်တယ်ဗျာ။ ကျုပ်တို့မှာ အဲဒါမရှိဘူး''





''ဟော့ကောင်တွေ လျှာမရှည်နဲ့၊ အဲဒီကိစ္စ ငါတို့လူကြီးပိုင်းက လုံးဝတာဝန်ယူတယ်။ အရေးကြီးတာက မင်းတို့ ဒီနေ့ကစပြီး အရပ်ထဲ လမ်းထဲ တီးသလို မလုပ်နဲ့၊ ပြိုင်ပွဲဝင်စည်းကမ်းနဲ့ နဒီကိုက်တီးရမှာ။ ကြိုတင် ကြိုးစားလေ့ကျင့်ကြတော့ ဒါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



(၃)

သူကြီးမင်းအပါအဝင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနဲ့ ရွာထဲက ရွာမိရွာဖ ပိုက်ဆံရှိသူများကလည်း ဝိုင်းဝန်းအားပေးကြလို့ ကျုပ်တို့ အိုးစည်ဝိုင်းအဖွဲ့ တူညီဝတ်စုံများလည်း ရခဲ့တယ်၊ အိုးစည်ဆိုရင်လည်း ရွှေတိဂုံဘုရားဈေးသွားပြီး မှန်စီရွှေချ ပန်းဖွားပိုးအနားကွပ်ပါတဲ့ အိုးစည် အသစ်စက်စက်ကို စိတ်ကြိုက်ရွေးဝယ်လိုက်တယ်။

အိုးစည်အသစ်ဝယ်တဲ့နေ့က ရွှေတိဂုံဘုရားစောင်းတန်းဈေးမှာ ကိုကျော်ခင် အိုးစည်စမ်းလိုက်တာ၊ ဘုရားစောင်းတန်းဈေးက ရှိရှိသမျှ ဈေးသည်တွေ ဝိုင်းရောက်လာကြပါလေရောဗျို့။ ဘာဖြစ်လို့လဲ မေးလိုက်တော့ အိုးစည်လက်သံ ကောင်းလွန်းလို့ နားထောင်ချင်လို့ပါတဲ့ ခင်ဗျာ။

ဒါနဲ့ အိုးစည်ရောင်းတဲ့ ဆိုင်ရှင်က–

''မောင်ရင်၊ မောင်ရင့်လက်သံက တယ်စည် တယ်စွာပဲ။ တစ်ပုဒ်လောက်တော့ တီးပြသွားပါ မောင်ရင်ရယ်။ အဲဒီအတွက် ကျုပ် အပြန်စရိတ် ဦးမြှင့်ပါမယ်'' ဆိုတာနဲ့ ဘာပြောကောင်းမှာလဲဗျာ။ အစ်ကို ကျော်ခင်ကလည်း ပါလာတဲ့ပတ်စာကို စိတ်ကြိုက်ကပ်စမ်းတယ်။ ကို





သာဟန်ကိုလည်း ''ဟော့ကောင် သာဟန်၊ ဟိုလင်းကွင်းယူလိုက်'' ဆိုပြီး ဆိုင်ပေါ်က လင်းကွင်းကို ယူကိုင်ခိုင်းလိုက်တယ်။ သွားလေရာရာ ပလွေ ယူသွားလေ့ရှိတဲ့ ကိုဖိုးစည်ကလည်း ခါးကြားက ပလွေဆွဲထုတ်ပြီး အသံ စမ်းလိုက်တယ်။

မကြာပါဘူး။

ကျုပ်တို့သန်လျင်ဆေးလုံးကြီးက အိုးစည်အဝယ်လာခဲ့တဲ့ အိုးစည်တော်သားတွေ ရွှေတိဂုံဘုရားအရှေ့ဘက်စောင်းတန်းက အိုးစည်ဆိုင် ရှေ့မှာ တီးလိုက်ဆိုလိုက် ကလိုက်ကြတာ ဈေးသည်တွေရော ဘုရားဖူး လာတွေပါ ဝိုင်းဝိုင်းကိုလည်းလို့. . .

သိတယ်မဟုတ်လား။ ကိုကျော်ခင်ပဲလေဗျာ။

မှန်စီရွှေချ ပန်းဖွားပိုးအနားကွပ်နဲ့ ဖိတ်ဖိတ်လက်နေတဲ့ (စိန်) အိုးစည်ကြီးကို စလွယ်သိုင်းပြီး သူ့ထုံးစံအတိုင်း လင်းကွင်းမင်းသား ကိုသာဟန်နဲ့ သူပြိုင်ကိုယ်နှိုင် ဟန်တွေပန်တွေပြပြီး တီးလိုက်ကြတာ ရွှေတိဂုံဘုရားစောင်းတန်းမှာ လက်ခုပ်သံကို ဝက်ဝက်ကွဲပဲဗျာ။ သိလား။

ဆိုင်ရှင်က ကျေးဇူးတင်လွန်းကြိုက်လွန်းလို့ အပြန်စရိတ် ဦးမြှင့် သလို ဝိုင်းကြည့်အားပေးကြတဲ့ ပရိသတ်ကလည်း ကျုပ်တို့ အိုးစည် အဖွဲ့ကို ငွေစက္ကူများ ချီးမြှင့်ကြပါလေရောလားဗျာ။

''မင်းလက်သံ အတော်ကို ကောင်းတာပဲကွ။ ဘယ်အရပ်သား လဲ မောင်ရင်''

ဆိုင်ရှင်လူကြီးက မေးလိုက်တယ်။

''သန်လျင်ဆေးလုံးကြီး ကျေးရွာကပါ ခင်ဗျာ''

''အပျော်တီးပဲလား''

''ဟုတ်ကဲ့။ ဒီနှစ်လွတ်လပ်ရေးနေ့ ပြိုင်ပွဲရှိလို့ပါ ဦးကြီး''

''ဟော. . . ဒီလိုလား။ အေး. . . မင်းတို့လက်သံ ဒီဟန်ပန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းသွားရင် မင်းတို့ဆုရနိုင်တယ်ကွ။ ငါလည်း ဆိုင်းသမားပါ။ မင်းလက်သံက ပီတယ်၊ ပြည့်တယ်၊ စည်တယ်၊ တီးကွက်စုံတယ်။ စည်းကျဝါးကျသာ ညီပစေ၊ မင်းတို့ ကျိန်းသေပဲ''

သို့ကလို ပညာရှင်ဆိုသူက ချီးကျူးလာတော့ ကျုပ်တို့ အားရတာပေါ့ဗျာ။ ဒါနဲ့ ရွာကို ပြန်လာခဲ့ကြသည့်နောက် ဝင်းလက်ပြိုးပြက်တောက်ပနေတဲ့ စိန်အိုးစည် ရွှေအိုးစည်နဲ့ နေ့ရောညရော အသားကျအောင် ကျုပ်တို့အဖွဲ့ ဘုန်းကြီးကျောင်းဇရပ်ထဲမှာ လေ့ကျင့်ပစ်လိုက်တယ်။ ဝတ်စုံတွေလည်း ချုပ်ပြီးပြီ။ ပြိုင်ပွဲဝင်ဖို့လည်း အဆိုအတီး အက တေးသီချင်းအားလုံး အသင့်ဖြစ်နေပါပြီ။

(၄)

ဒါနဲ့ လွတ်လပ်ရေးနေ့ အကြိုအငြိမ့်မဝင်ခင်နေ့မှာ ကျုပ်တို့ ဟံသာဝတီခရိုင်သားတွေ အိုးစည်ဒိုးပတ်ပြိုင်ပွဲဝင်ရတယ်။ ပြိုင်ပွဲစင်ကြီးကလည်း ဟည်းနေတာပဲ၊ မီးရောင်စုံကလည်း ကွင်းလုံးအနှံ့ပဲ။ ပရိသတ်ကလည်း ပွဲဦး ပွဲကောင်း ပွဲရှားမို့ ကြိတ်ကြိတ်ကိုတိုးလို့။ အကဲဖြတ်ဒိုင်လူကြီးတွေကလည်း ခေါင်းပေါင်းစတလူလူနဲ့။

တိုတိုပဲဆိုကြပါစို့ဗျာ။ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ဟံသာဝတီအရှေ့ခြမ်းက အိုးစည်ဝိုင်း (၃၀) လောက် ပါဝင်ယှဉ်ပြိုင်ကြတယ်။ တစ်ဝိုင်း မိနစ် (၂၀) ပြိုင်ရတယ်။

ပြိုင်ပွဲတစ်ခါမျှ မဝင်ဘူးလို့ ကျုပ်တို့တောသားတွေ ချွေးစေးပြန်ပြီး ရင်တထိတ်ထိတ်နဲ့။ ဒါနဲ့လည်း ကိုယ့်ရွေ့အဖွဲ့အသီးသီး ပြိုင်ပွဲဝင်သွားတာကြည့်ပြီး ကျုပ်တို့ အားရှိလာခဲ့ရောဗျို့။ ဘာလို့လဲဆိုတော့ သူတို့က သမားရိုးကျ တီးကြတာကိုးဗျ။ တိုတိုပဲ ဆိုကြပါစို့ဗျာ၊ ကို[illegible]ခင်နဲ့ ကိုသာဟန်တို့ရဲ့ တီးကွက်အပိတ်အဆို့၊ အပီတီး၊ အပြည့်တီး၊ အစည်တီးနဲ့ ဟန်ပန်မှင်မောင်း။ ကျုပ်တို့ရဲ့ အဆိုအကအား[illegible]နဲ့ ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ဆုလည်းကြေညာရော ကျုပ်တို့ ဆေးလုံးကြီးအိုးစည်ဝိုင်းက ပထမဆွေတံဆိပ်ဆု ချိတ်ပါလေရောခင်ဗျာ။

ဆုချီးမြှင့်တဲ့ အချိန်ကများဗျာ၊ တတ်ပုံသတင်းထောက်တွေဆိုတာ တတ်ပုံတဖျပ်ဖျပ်ရိုက်ကြတာ မျက်စိကိုကျိန်းရောပဲ။ လက်ခုပ်သံတွေကလည်း တစ်ကွင်းလုံးကိုလျှံလို့။ ပြန်လည်ညည်ခံတော့ အစ်ကိုကျော်ခင်တို့၊ ကျုပ်တို့၊ ကိုသာဟန်တို့ ရင်ဘတ်မှာ ဆုတော်ငွေတွေကို သီးလို့ ဖွေးလို့။

သူကြီးဦးဘတုတ်ဆိုရင် လက်မတထောင်ထောင်နဲ့ ကြွားလို့ မော်လို့မဆုံး။ ရွာပြန်ရောက်တော့ ရွာထဲက ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အချောအလှမြရီတို့၊ လှကြည်တို့အပျိုအုပ်က အောင်သပြေ စံပယ်ကုံးတွေ၊ အကျွေးအမွေးနဲ့ ကြိုကြပုံများဗျာ. . .။

ဟာင်း. . .

တစ်သက်လုံး ကျုပ်ကို မျက်နှာကြောမတည့်တဲ့ ပန်းတောင်ကိုင် မလှတင်ရယ်လေ ကျုပ်ကို စံပယ်ပန်းကုံးစွပ်ရင်း ပြုံးပြုံးကြီးစိုက်ကြည့်လို့၊

ပန်းကုံးစွပ်ရင်း ဘာပြောမှတ်တုံး။

''ဒီလိုဆိုတော့လည်း ကျုပ်တို့ ကိုသာဉာဏ်ကြီးက တော်သားပဲတော့'' တဲ့။

အဟီး. . . အဲဒီနေ့ကစပြီး နောက်ပိုင်း ကျုပ်နဲ့မလှတင် ညားပါလေရောဗျာ။

(၅)

တစ်နေ့လည်းကျရော ကျုပ်တို့ အိုးစည်ဝိုင်းတည်ရာ ကိုကျော်ခင်အိမ်ကို အဘိုးကြီးတစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက် ရောက်ချလာတယ်။ အဘိုးကြီးက အရပ်မြင့်မြင့် သျှောင်တစောင်းနဲ့ အသားမည်းမည်းကြီး၊ နားမှာလည်း ရှေးလူကြီးများလို ရွှေနားတောင်းကြီး ပန်လို့၊ အဘိုးကြီးနဲ့ ပါလာတဲ့မိန်းမပျိုက အသက်(၂၀)လောက်ရှိမယ်။ ချောမှချောဗျာ။ ကျုပ်တို့ရွာက ကွမ်းတောင်ကိုင်မြရီတို့၊ လှကြည်တို့ချောတာ မြောင်းထဲရောက်ရော။ အသားကလည်း ဖြူညလို့၊ နှုတ်ခမ်းလေးများ နှင်းဆီအလားပဲ။ စကားပြောဆို ဆိုပုံကလည်း သာယာလိုက်ပါဘိသနဲ့။

''မောင်ကျော်ခင်တို့ လားကွယ်''

''ဟုတ်ပါတယ် ခင်ဗျာ။ ကြွပါ ထိုင်ပါ။ ဘာကိစ္စရှိလို့ပါလဲ''

''အဘနာမည်က ဦးနန္ဒတဲ့၊ ဒီတူမလေးနာမည်က မစိမ်းယဉ်တဲ့။ လာရင်းကိစ္စကတော့ မောင်တို့အိုးစည်ဝိုင်းကို ငှားချင်လို့ပါကွယ်''

''ဟုတ်ကဲ့။ ဒါနဲ့ အဘတို့က ဘယ်အရပ်ကပါလဲ ခင်ဗျာ''

''အဘတို့က မြို့ပေါ်ပိုင်းကပါ။ မောင်တို့ဝိုင်းကို ငှားရင် ပြောသည့်ကြေး ဘယ်လောက်ယူပါသလဲ မောင်ရင်''



www.burmeseclassic.com

www.burmeseclassic.com



"သတ်မှတ်ကြေးတော့ မရှိပါဘူး ခင်ဗျာ။ အလှူမင်္ဂလာမှာ ထမင်းစား၊ ထန်းရည်သောက်နဲ့ တီးတာလည်းရှိတာပါပဲ ခင်ဗျာ"

သည်မှာ မစိမ်းယဉ်ဆိုတဲ့ မိန်းမလှလေးက။

"ဒီလိုလုပ်ပါ အစ်ကို၊ ကျွန်မတို့ကို အစ်ကိုတို့က ကူညီတဲ့အတွက် ငွေဒင်္ဂါးပြားငါးပြား ပြန်တုံ့ပြန် ချီးမြှင့်ပါ့မယ်"

"ခင်ဗျာ၊ ငွေဒင်္ဂါးငါးပြား"

"ဟုတ်ပါတယ်၊ ငါးပြားတိတိပါ၊ ဒီမှာ စရန်အဖြစ် တစ်ပြားယူထားပါရှင်"

အမျိုးသမီးချောလေးက ပြောရင်းဆိုရင်း ပိုက်ဆံအိတ်ထဲမှ ဖြူဝင်းပြောင်လက်နေသည့် ငွေဒင်္ဂါးတစ်ပြားကို ကမ်းပေးလိုက်တယ်။

ကျုပ်တို့ အံ့ဩနေကြတယ်ဗျာ။ ဒီနယ်တစ်ရိုးမှာ ပွဲပေါင်းများစွာ လိုက်တီးနေတာ ထမင်းစား၊ ထန်းရည်သောက်ပဲဗျ။ လွတ်လပ်ရေးနေ့ကမှ ကံထူးပြီး ရွှေတံဆိပ်တစ်ခု ရတာရယ်။

အခု ကြည့်စမ်း။ ငွေဒင်္ဂါးနဲ့ အိုးစည်ဝိုင်းကို လာငှားနေတာကို အံ့မှယ်ဘနန်း ကြုံတွေ့နေရတယ်။

ဒါနဲ့ အစ်ကိုကျော်ခင်က အဖွဲ့ခေါင်းဆောင်ပီပီမေးလိုက်တယ်။

"အလှူပွဲပဲလား ခင်ဗျ"

"မဟုတ်ပါဘူး"

"ခင်ဗျာ၊ ဒါဖြင့် ဘုရားလှည့်ပွဲလား"

"ဒါလည်း မဟုတ်ပါဘူး"

"ဟင်. . . အလှူပွဲလည်း မဟုတ်ဘူး၊ ဘုရားလှည့်ပွဲလည်း မဟုတ်ဘူးဆိုတော့ ဘာပွဲကို ကျွန်တော်တို့က တီးရမှာပါလဲ ခင်ဗျ"

သည်မှာ မစိမ်းယဉ်ဆိုတဲ့ မိန်းမချောက အဘိုးကြီးဦးနန္ဒဆိုသူဘက်ကို လှည့်ကြည့်လိုက်တယ်။





"ဒီလိုပါ။ မောင်တို့အိုးစည်ဝိုင်းကို နှစ်ခြိုက်သဘောကျလွန်းလို့ သီးသီးသန့်သန့် နားထောင်ချင်ကြလို့ပါ။ နားထောင်ချင်သူကလည်း ဟောဒီတူမကြီး မစိမ်းယဉ်ရဲ့အဖေနဲ့ မိသားစုများပါ။ မစိမ်းယဉ်ရဲ့ဖခင် ဦးပညာဗလဟာ ဆိုင်းပညာရှင် အိုးစည်တော်သားတစ်ဦးပါ။ မောင်တို့အဖွဲ့ရဲ့လက်သံကို မိသားစုဆွေမျိုးများကပါ အထူးအစီအစဉ်တစ်ရပ်အနေနဲ့ နားဆင်ကြည့်ရှုချင်လို့ အထူးသီးသန့်ဖိတ်ခေါ်ရတာ မောင်"

"ဪ. . . ဒီလိုလား"

"အစ်ကိုတို့ လက်ခံတယ်လား ဟင်"

အစ်ကိုကျော်ခင်က မိန်းမချောမစိမ်းယဉ်ရဲ့ နှမ်တ်သန့်စင်တဲ့ မျက်နှာကို ငေးမောကြည့်နေတယ်။ ကျုပ်တို့အားလုံးက ဒီမိန်းမချောလေးရဲ့ ညို့မျက်ဝန်းလို မျက်လုံးအကြည့်မှာ စီးမျောလိုက်ပါနေတယ်။

"လက်ခံပါနော် မောင်ကြီးတို့"

"ဟုတ်. . . ဟုတ်ကဲ့. . . ခင်ဗျ"

"အို. . . ညီမတို့ ဝမ်းသာလိုက်တာ အစ်ကိုရယ်။ ဟိုကလူတွေသိရင်လည်း အရမ်းဝမ်းသာကြမှာသိလား"

မိန်းမချောလေးမစိမ်းယဉ်က ဝမ်းသာလွန်းလို့ တအားကို ပျော်နေတယ်။ ပြုံးနေတယ်၊ သူမရဲ့ အပျော်အပြုံးဟာ ပြည့်ပြည့်ဝိုင်းဝိုင်းလပြည့်ဝန်းလိုပဲ၊ ကျုပ်တို့အားလုံးရဲ့ရင်ထဲကို သူမရဲ့အပြုံးလပြည့်ဝန်းက ဝင်ရောက်ခိုဝင် အနိုင်ယူသွားတာကို နောင်မှသိရတယ်ဗျာ။ အဟဲ. . . ဟဲ. . . ဟဲ။

"ဒါနဲ့. . . ဘယ်နေ့လဲ နှမ"

"သန်ဘက်ခါအဖိတ်နေ့ညာ မောင်ကြီး။ နှမတို့ လာကြိုမှာပါ"

"ကောင်းပါပြီ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

(၆)

အဖိတ်နေ့ညနေဘက်မှာ အိမ်ရှေ့ကို လှည်းယဉ်တစ်စီး ဆိုက်ရောက်လာတယ်။ လှည်းပေါ်မှာ အဘဦးနန္ဒနဲ့ လှည်းမောင်းသမားခေါင်းတုံးနဲ့ လူကြီးတစ်ဦးပါတယ်။ လှည်းကလည်း ခြောက်စထောင် လှည်းယဉ်ကြော့ ခင်ဗျ။ နွားသိုးနှစ်ကောင်ကလည်း လည်ဘို့တဆောင်ဆောင်နဲ့ ဝစိုလို့။ ချူသံတွေကလည်း တလွင်လွင်နဲ့။

ဒါနဲ့ ကျုပ်တို့ အိုးစည်အဖွဲ့သားအားလုံး လှည်းယဉ်ပေါ်ကို ပစ္စည်းတွေပါတင်လိုက်တယ်။ ရွာသူရွာသားတွေကလည်း ခြောက်စထောင်လှည်းယဉ်ကြော့နဲ့ လာကြိုလို့ အံ့သြကြလို့။ လှည်းထွက်တော့ ကွမ်းတောင်ကိုင် လှကြည်က ကိုကျော်ခင်ထိုင်နေတဲ့ လှည်းရံတိုင်နား တိုးကပ်လာပြီး စကားတစ်ခွန်း ပြောလိုက်တယ်။

"ကိုကျော်ခင်၊ ဒါပဲနော် ဟင်း. . ."

"အေးပါ လှကြည်ရာ။ နင်ကလွဲရင် ငါ. . ."

"ဟဲ့. . . နွား"

စကားလေးတောင် ဆုံးအောင်မပြောလိုက်ရပါဘူးဗျာ။ ဟို





ခေါင်းတုံးက 'ဟဲ့. . . နွား' ဆိုပြီး ကြိုးလွှပ်လိုက်ရော နွားသိုးနှစ်ကောင်ဟာ ချူသံတလွင်လွင်နဲ့ ဖွေ့ခနဲ ထွက်သွားပါလေရော။ အဲဒါနဲ့ ကွမ်းတောင်ကိုင် မလှကြည်လည်း လက်ကလေးမြှောက်ပြရင်း ကျန်ရစ်။ ကိုကျော်ခင်ကလည်း သူ့ချစ်သူ လှကြည်လေးကို လှည်းပေါ်က လက်ပြလှည့်ကြည့်လုပ်ရင်း လှည်းဆောင်ရာကို ပါလာခဲ့ရော။

လှည်းဟာ ဆေးလုံးကြီးရွာကနေ ကုန်းတန်း၊ ထမလုံ၊ ပျဉ်ထောင်ကျောင်း၊ ကျိုက်အင်း၊ ဘုရားကုန်းစသည့် ရွာများကိုကျော်ပြီး ကျိုက်ခေါက်ဘုရား အနောက်ဘက် ကွဲနိုးဘုရားက ပတ်လို့ မယင်းလှကန်ကို ဖြတ်ပြီး တောလမ်းအတိုင်း မောင်းချလာနေတယ်။

မမှောင့်တမှောင်မှာ အိမ်ခြေစုစုရှိတဲ့ ရွာလိုနေရာမျိုးကို လှည်းဆိုက်ပါရော။ ရွာဝမှာ ကလေးရောလူကြီးပါ ကြိုကြလို့။ အားလုံး ဝတ်ကောင်းစားလှများနဲ့။ ဒီမှာဘာထူးခြားတာ တွေ့သလဲဆိုတော့၊ လူကြီးတွေရဲ့ ပုံစံက ခုခေတ်လူကြီးများနဲ့ မတူဘူးဗျ။ သျှောင်ထုံးကြီးတွေ တောင်မှုည်ကြီးတွေနဲ့။ နားမှာလည်း နားတောင်းကြီးတွေပန်လို့၊ အရပ်ကလည်း မြင့်မြင့်ရှည်ရှည်ကြီးရယ်။ မျက်နှာကလည်း ရှည်ရှည်ကြီးတွေပဲ။ ဒါပေမဲ့ ခန့်ခန့်ထည်ထည်တွေနော်။

ကလေးတွေကရောတဲ့၊ ကလေးတွေနဲ့ ကာလသားတွေကလည်း အချို့နားတောင်းနဲ့ နားတွဲကြီးတွေနဲ့။ လူတွေအားလုံး မျက်နှာတွေကလည်း ပြုံးလို့ရွှင်လို့။ အားလုံး ကျုပ်တို့ကို ဖော်ဖော်ရွေရွေနဲ့ နှုတ်ဆက်ကြိုဆိုကြတယ်။ ကြည့်ရတာ ရှေးရိုးစွဲပိုက်ဆဲရှိကြေးရတာတ် အသိုင်းအဝိုင်းနဲ့ တူပါရဲ့။

ဒါနဲ့ သူတို့က ကျုပ်တို့အဖွဲ့ကို ရေနံချေးဝနေတဲ့ တိုက်ခံအိမ်ကြီးတစ်လုံးရှိရာကို ခေါ်သွားတယ်။ ဟိုနားဒီနားမှာလည်း သစ်သား[illegible]ီးအိမ်စုစု တွေ့ရတယ်။ အနီးဝန်းကျင်မှာ သစ်ကြီးဝါးကြီး[illegible]တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြခတ်ဝါးရုံတွေလည်း တွေ့ရတယ်။ ဟိုး. . . ခပ်လှမ်းလှမ်းမှာတော့ ထုံးဖြူဖြူစေတီတစ်ဆူလည်း တွေ့ရတယ်။ ကျုပ်တို့ရောက်တော့ မှောင်ရီသန်းချိန်မို့ အိမ်အတွင်းမှာ လက်ဆွဲမီးအိမ်ကြီးနှစ်လုံး ထွန်းထားလိုက်တာ လင်းထိန်နေတာပဲ။

အိမ်မည်းကြီးအောက်ထပ်က အုတ်ရိုးစီ အခန်းကျယ်ကြီး။

အဲဒီမှာ ဘာကိုထူးခြားစွာ တွေ့ရသလဲဆိုတော့ ရှေးဟောင်းကြေးခုတင်ကြီးပေါ်မှာ စန့်စန့်နဲ့ ပက်လက်ကြီးရှိနေတဲ့ အဘိုးအို တစ်ယောက်ပဲ။ သူ့ပုံစံက အိပ်မောကျနေသလိုလို၊ အသက်ကင်းမဲ့နေသလိုလို၊ သေနေတာတော့ ဖြစ်နိုင်မယ်မထင်ဘူး။ မသာဆို ကျုပ်တို့အိုးစည်ဗိုင်း ငှားမလားမျှာနေ့်။ ဆိုင်းဗိုင်းငှားမှာပေ့ါ။ ဟုတ်ဘူးလား။

ကြေးဝါခုတင်ပေါ် ပက်လက်စန့်စန့်ကြီး ဖြစ်နေသည့် လူကြီးရဲ့အနားမှာသိမ်မွေ့နုနယ်တဲ့ မိန်းမရွယ်နှစ်ယောက်က အရိုးရှည်ယပ်တောင် တစ်ချောင်းစီကိုင်ပြီး ယပ်ခတ်ပေးနေကြတယ်။ ခုတင်နံဘေးအနီးအောက်မျာပေါ်မှာ ခန့်ခန့်ချောချော ရင်ဖုံးအင်္ကျီကိုယ်စီနဲ့ မိန်းမကြီးက ငါးယောက်၊ သျှောင်တစောင်းနဲ့ယောက်ျားကြီးက သုံးယောက်နဲ့ ဟိုနေ့က ပါလာတဲ့ မစိမ်းယဉ်ဆိုတဲ့ အမျိုးသမီးတို့ဟာ မျက်နှာညှိုးညှိုးနဲ့ ထိုင်နေကြတယ်။

မစိမ်းယဉ်က ကျုပ်တို့ကိုလည်း မြင်လိုက်ရော ဝမ်းသာအားရထပြီး ခရီးဦးကြိုပြုတယ်။ စိန်နားကပ် ရွှေနားကပ်တွဲရရွဲနဲ့ မိန်းမကြီးများကလည်း ကျုပ်တို့တွေကိုကြည့်ပြီး အားတက်သရော ဖြစ်သွားကြတယ်။ နားတောင်းကိုယ်စီနဲ့ ယောက်ျားကြီးသုံးဦးကလည်း ဦးခေါင်း တညိတ်ညိတ်လုပ်လို့။

"ထိုင်ကြပါကွယ်၊ ထိုင်ကြပါ"

"မောင်သီဟရေ ဧည့်သည်များအတွက် ထမင်းဝိုင်းပြင်လိုက်ပါဟေ့"





ဒီမှာ ဒီအိမ်ရဲ့ ဩဇာတိက္ကမရှိပုံရတဲ့ သျှောင်တစောင်း နားတောင်းကြီးနဲ့ အဘိုးကြီးတစ်ဦးက သို့ကလို လှမ်းအမိန့်ပေးလိုက်တယ်။ မကြာခင် ထမင်းစားဖို့ လာခေါ်တာနဲ့ ကျုပ်တို့လည်း ထလိုက်သွားကြတယ်။

"ကျော်ခင်"

"ဘာတုံး ကိုသာဟန်"

"ဘယ်လိုလဲကွာ၊ ခုတင်ပေါ်မှာလည်း တစ်ယောက်က စန့်စန့်ကြီး"

"အေးလေဗျာ။ သူတို့ ပြောတုန်းကတော့ သီးသန့်နားထောင်ချင်လို့ ပြောတာပဲ"

"မသာချပေးရတာမျိုးများ ဖြစ်နေမလားကွာ"

"ရှူး. . . တိုးတိုး။ မဟုတ်က ဟုတ်ကဗျာ။ စောင့်ကြည့်ကြတာပေ့ါ"

ဒါနဲ့ ကျုပ်တို့အားလုံး ထမင်းစားကြတယ်။ ဟင်းကလည်း ကောင်းမှကောင်းဗျာ၊ ကြက်သားဟင်း၊ ပြန်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ မုန်လာဥချဉ်ဖတ်၊ ပဲတီချဉ်သုပ်၊ ငါးပိရည်ဖျော်နဲ့၊ ခရီးကလည်း ပန်းလာတယ် မဟုတ်လားဗျာ။ အားရပါးရကို လွေးကြရော။ ဒီမှာ ကိုကျော်ခင်က လှမ်းသတိပေးလိုက်တယ်။ သိပ်လည်း တဝကြီးမစားကြနဲ့၊ ဆိုလို့ခုန်လို့မရဘဲ ဖြစ်နေဦးမယ်တဲ့။

စားလို့သောက်လို့ပြီးတော့ အိမ်ရှေ့မှာ ရေနွေးကြမ်းဝိုင်းဖွဲ့လိုက်ကြတယ်။ ခုချိန်ထိ တီးဖို့မှုတ်ဖို့ အစီအစဉ် မစသိုင်းသေးဘူး။

"ကျွန်တော်တို့ ဘယ်အချိန်တီးရမလဲ အဘ"

မနေနိုင်သည့်အဆုံး ကိုကျော်ခင်က မေးလိုက်တော့ သျှောင်တစောင်းနားတောင်းကြီးနဲ့ အဘိုးအိုက–



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ စတီးရပါတော့မယ်။ မတီးမှုတ်ခင် အဘ မောင်တို့ကို ဖိတ်ခေါ်တီးခိုင်းရတဲ့ အကြောင်းရင်းလေး ပြောပြချင်ပါတယ်။ ဒီလိုပါ။ အဟမ်း. . . ဟိုကြေးခုတင်ပေါ်က လူရဲ့အမည်က ဦးပညာဗလတဲ့။ မစိမ်းယဉ်ရဲ့ဖခင်ပါ။ သူဟာ တစ်ချိန်တုန်းက ဆိုင်းဆရာကြီးတစ်ဦးပေါ့ကွယ်။ သူဟာ မောင်တို့လိုပဲ အိုးစည်တီးတဲ့နေရာမှာ နာမည်ကျော်ပေါ့။ ဆိုင်းပွဲမရှိရင်၊ အားနေရင် အိုးစည်တီးပဲ လေ့ကျင့်နေတဲ့လူပေါ့။ အခု သူ ခုတင်ပေါ်မှာ နာမကျန်းဖြစ်ပြီး မေ့မြောနေတာ (၇) ရက် ရှိသွားခဲ့ပြီ။ သူက သတိလစ်မမေ့မြောခင် နောက်ဆုံးရက်က အဘတို့ကို မှာသွားခဲ့တယ်။ ငါများ သတိလစ်မေ့မြောနေတာ ကြာခဲ့ရင် လက်ကျကောင်းတဲ့ အိုးစည်ဝိုင်းကိုငှားရမ်းပြီး ငါနိုးအောင် တီးမှုတ်ကခုန်ပေးကြပါလို့ ထူးဆန်းစွာ မှာကြားသွားခဲ့တယ်။ ဒီကိစ္စက အတော့်ကို ထူးဆန်းနေတယ်ကွယ့်။ ကြည့်ရတာ သူ့ရောဂါဝေဒနာက အိုးစည်သံ ကောင်းကောင်းကြားရရင် ပြန်လည်နိုးထလိမ့်မယ်လို့ သူက ယုံကြည်စွဲလမ်းခဲ့ပုံရတယ်။ ဒါကြောင့် အိုးစည်တီးကောင်းတယ်လို့ နာမည်ကျော်တဲ့ မောင်တို့ကိုခေါ်ပြီး ခုလို ညှိခံပြီး အကူအညီတောင်းရတာပါ မောင်တို့ရယ်"

သျှောင်တစောင်း နားတောင်းပန်ထားတဲ့ အဘိုးအိုရဲ့ ပြောစကားကြောင့် ကျုပ်တို့အားလုံး အံ့သြသွားခဲ့ရတယ်။ ဒါနဲ့အတူ ကြေးခုတင်ကြီးပေါ်က သျှောင်တစောင်း နှုတ်ခမ်းမွေးဖွေးဖွေးဖြူနဲ့ သတိလစ်မေ့မြောနေတဲ့ မစိမ်းယဉ်ရဲ့ဖခင် ဦးပညာဗလဆိုသူကိုလည်း သနားကရုဏာဖြစ်သွားခဲ့ရတယ်။

"ကိုင်း. . . မောင်တို့ စလို့ရပါပြီ။ ကျုပ်တို့အားလုံး ဝိုင်းဝန်းဆုတောင်းပေးနေပါမယ်။ မောင်တို့ရဲ့ အိုးစည်ဂီတသံစွမ်းအားကြောင့် မေ့မြောနေတဲ့ ကျုပ်ရဲ့ညီ မောင်ပညာဗလ ပြန်လည်ရှင်သန်နိုးထနိုင်ပါစေ. . ."





အဘိုးအိုရဲ့ စကားဆုံးသည်နှင့် ကျုပ်တို့အားလုံးက ဒါဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် အလုပ်ပေပဲလို့ မှတ်ယူပြီး အိုးစည်ကို ပတ်စာထိုးလို့ အားလုံးအသင့်ဖြစ်တာနဲ့ အယိုင်ကို စချီးလိုက်တယ်။

ကိုကျော်ခင်ရဲ့လက်သံပြောင်လှတဲ့ အိုးစည်စမ်းသံဟာ တထုံထုံ မြည်သံနဲ့ အိမ်ကြီးရဲ့ အောက်ထပ်ခန်းမထဲမှာ ပဲ့တင်လှိုင်နေတယ်။

ဒီလိုနဲ့ ကျုပ်တို့အိုးစည်ဝိုင်းက အယိုင်လည်း တီးလိုက်ရော မကြာပါဘူးဗျာ။ အိမ်ဝိုင်းထဲကို ကလေးတွေရော မိန်းမအရွယ်မျိုးစုံရော လူကြီးလူရွယ်ယောကျ်ားမျိုးစုံ ဝင်လာပြီး ကြည့်ရှုကြပါလေရော။ အချို့က ချို့ချို့ငဲ့ငဲ့ဟန်၊ အချို့က ကျကျနနဟန်နဲ့။

အားလုံးလိုလိုဟာ နားပေါက်ကျယ်ကြီးတွေများတယ်။ နားရွက်ရှည်ကြီးတွေများတယ်။ သျှောင်ထုံး၊ သျှောင်ပေစူး၊ အုပ်လုံး၊ ဆံရစ်ဝိုင်းတွေနဲ့ ဆင်းရဲပုံရတဲ့ ကလေးကလေးမများရဲ့ နားပေါက်ထဲမှာ ထန်းဖက်လိပ် နားတောင်းနဲ့။ တတ်နိုင်ပုံရကြသူများကတော့ ရွှေနားတောင်း၊ ငွေနားပေါင်းကိုယ်စီနဲ့ဗျ။ သူတို့ ကျုပ်တို့အိုးစည်ဝိုင်းကို အိမ်ရှင်မိသားစုများနည်းတူ အားရနှစ်ခြိုက်စွာကြည့်ပြီး လက်ခုပ်မတီးဘဲ အားပေးနေကြတယ်။

အယိုင်တီးလို့ပြီးတော့ ဝါးသုံးချက်၊ စည်းသုံးချက်။ အဲဒါ ပြီးတော့မှ ကျုပ်က ဝါးလတ်စည်းခင်းပြီး ခွန်းထောက်တစ်ပုဒ် ဟစ်လိုက်တယ်။

"ကိုကျော်ခင်ရေ. . ."

"ခင်ဗျာ. . . ကိုသာညာဏ်ခင်ဗျ"

"အခု ကျွန်တော်တို့ ဆိုတီးညှိခံသည့်ပွဲစဉ်က သာမန်ပွဲစဉ် မဟုတ်ပေဘူးခင်ဗျ"

"အမိန့်ရှိပါ ကိုသာညာဏ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



''တစ်ချိန်တစ်ခါက နာမည်ကျော်ကြားခဲ့တဲ့ မြန်မာ့ဆိုင်းပညာရှင်ကြီးလည်းဖြစ်၊ အိုးစည်တော်သားလည်းဖြစ်၊ အိုးစည်တော်သံကို လွန်စွာချစ်ခင်နှစ်သက်မြတ်နိုးတဲ့ ပညာရှင်ဆရာကြီး အဘဦးပညာဗလရဲ့ ကျန်းမာရေးအတွက် အိုးစည်သံဆိုသည့် ဂီတနဲ့ကျန်းမာအောင် ကုသိုလ်ပြုရသည့် ပွဲပေကိုး ခင်ဗျ''

''ဟုတ်ပ. . . ကိုသာညဏ်ရေ''

''အေး. . . ဒါကြောင့် ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့။ ကဲ ကဲ. . . ကျုပ်တို့အဘ ကျန်းမာချမ်းသာစွာနိုးထဖို့ ကျုပ်တို့ညီအစ်ကိုတွေ ကြိုးစားလိုက်ကြပါစို့ ကိုကျော်ခင်ရေ''

ဒါနဲ့ ကျုပ်က ရှေးရိုးအိုးစည်သီချင်းကို ကောက်ဆိုလိုက်တယ်။

''ရွှေအိုးစည် × လွယ်ရုံမှုနှင့် × မယားက ကွာမယ်ဆို × × × သားတွေကငို× × × ၊

မငိုပါနဲ့ လူကလေးရယ်× × × မငိုပါနဲ့ လူကလေးရယ်× × ×

မင်းမေမေ× × × သားမေမေ ပြန်လာခါမှ× × × မနော်နွယ် ချိုချိုစို့ရအောင်× × ×

တီးလိုက်မယ်လေး× × × လေး× × × လေး''

တီးလုံးသံများက အပိတ်အဆို့ အပီအပြည့် စည်စည်စုံစုံနဲ့ လျှံနေတာပဲ။ အိမ်ရှင်မိသားစုက အိုးစည်သံကြားမှာ နစ်မျောပြီး ငေးမောလို့ ယစ်မ်းယဉ်ကို လှမ်းကြည့်လိုက်တော့ သူမက အိုးစည်တီးတဲ့ ကိုကျော်ခင့်မျက်နှာကို စိုက်ကြည့်ပြီး သဘောကျလို့ ခင်ဗျ။

ကိုကျော်ခင်ကလည်း တီးရင်းကနေ တစ်ချက်တစ်ချက် မစိမ်းယဉ်ကို လှမ်းကြည့်ပြီး ပြုံးပြလို့. . .





ဒီလိုနဲ့ ကျုပ်တို့သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုလိုက်၊ တီးလိုက်၊ ကလိုက်၊ လက်စွမ်းပြ တီးကွက်အမျိုးမျိုးကို စာချိုးစာပြောလက်ာအသောလေးနဲ့ တီးလိုက်တာ မနည်းတော့ဘူး ခင်ဗျ။ ဟိုမိန်းမချောလေးနှစ်ဦးကလည်း ခုတင်ပေါ်မှာ မေ့မြောနေတဲ့ အဘိုးအိုကို ယပ်ခတ်ပြီး ဂရုတစိုက်ကြည့်လိုက်။ ရွှေနားတောင်းနဲ့ အဘိုးအိုကလည်း သီချင်းနှစ်ပုဒ်လောက်ဆိုပြီးတိုင်း ခုတင်ပေါ်က သူ့ညီရဲ့မျက်နှာကို ငုံ့ကြည့်၊ ထထကြည့် လုပ်နေလေရဲ့။

အဲဒီလိုနဲ့ အချိန်တွေ အတော်ကြာလာခဲ့တယ်။

သန်းခေါင်နားကပ်ခဲ့ပြီ ခင်ဗျ။

ကျုပ်တို့ အိုးစည်သားတစ်ဖွဲ့လုံးလည်း ချွေးတွေ နစ်နေပြီပေါ့ဗျာ။

ဒါနဲ့ ကျုပ်က အကြံတစ်ခုရလိုက်တယ်။ ရတယ်ဆိုရင်ပဲ မြန်မာ့မျိုးချစ်စာဆိုကြီး အချုပ်တန်းဆရာဖေ ရေးသားသီကုံးတဲ့ နန်းသိမ်းဘုန်းတော်ဘွဲ့ ယိုးဒယားသီချင်းအခန့်ကို ကောက်ပြီးဆိုလိုက်တယ်။ ဒီသီချင်းကြီးက ဆိုင်းပညာရှင်များအကြိုက် သီချင်းကိုးခင်ဗျ။

''ရေမီးထိန်လျက်× × စိန်စကြာဟုန်× × သုံးဘုံတိုက်လုံး× × ပိုက်ကျုံး× ရိုက်ချုန်းသံစုံ× × × အိုလေ× × × အောင်စည်တီးပါလို့၊ မြည်ကြီးရတနာဘုံ× × × ဝေနေလန်းအောင်× × × ရွှေနန်းထက်သည့်ဂုဏ်× × × ''

ဒီသီချင်းက ဆိုင်းဝိုင်းကြီးနဲ့ တီးရတဲ့သီချင်း။ အဲဒီသီချင်းကို ပလွေသမားကိုသာယဉ်နဲ့ အိုးစည်တီးကိုကျော်ခင်တို့က ဆိုင်းကွက်နိုးပါးအသံပေါ်အောင် ပညာပိုင်းလက်စွမ်းပြ တီးလိုက်တာ။ နားထောင်နေကြတဲ့ သက်ကြီးဝါကြီးတွေ အံ့ဩပြီး ငေးကျသွားပါလေရောလား ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ လှုမမာကို ယပ်တောင်ခတ်ပေးနေတဲ့ မိန်းကလေး တစ်ဦးက ဘာလှမ်းပြောလိုက်လဲ မသိဘူး။ အစ်ကိုဆိုသူ အဘိုးကြီးက ဖျတ်ခနဲထလိုက်ပြီး ကြေးခုတင်ပေါ်က သူ့ညီ လှုမမာရဲ့မျက်နှာကို ငုံ့ ကြည့်ပြီး အရမ်းဝမ်းသာနေတာကို ကျုပ်က တွေ့လိုက်ရတယ်။

အဘိုးအိုကြီးက သည်မှာပဲ မစိမ်းယဉ်နဲ့ သူ့အမေဖြစ်ဟန်တူ သူကို တိုးတိုးလေးကပ်ပြောလိုက်ရော နှစ်ယောက်သား ဖြုန်းခနဲ ကောက် ထပြီး ခုတင်ပေါ်က လှုမမာကြီးမျက်နှာကို ပြေးကြည့်ကြပါလေရော ခင်ဗျာ။ အဲဒီမှာပဲ မစိမ်းယဉ်ရဲ့ ဝမ်းသာအားရ ဖြပ်နေတဲ့မျက်နှာကို ကျုပ်တို့အားလုံး လှမ်းမြင်လိုက်ရပါလေရောလား။

ကြည့်လိုက်တော့ လား. . . လား. . .

ခုတင်ပေါ်က လှုမမာကြီးဟာ အသက်ရှုလိုက်လို့ ရင်ဘတ်ကြီး က ဖားဖိုလို ဖောင်းလိုက်ပိန်လိုက် မောက်လိုက်ကျလိုက် ဖြစ်နေတာကိုး ဗျ။ အဲဒီအဖြစ်ကို ကျုပ်တို့အားလုံး မြင်လည်းမြင်လိုက်ရရော ဝမ်းသာ အားရ ဖြစ်ကုန်ကြတာပဲ။ ဝမ်းသာလွန်းလို့ ကျုပ်က နောက်ဆုံးအပိုဒ်ကို ကူးလိုက်တယ်။

''ရေဆုံး မြေချွန်းအောင် × × ဖိန့်ဖိန့်တုန်တယ်လေ × × × လေ × × × တုန်တယ်လေ × × လေ × × ဘုန်းတေဇာကျော်သောင်း သမ္မာတော်ရင့်ညောင်း × × × နတ်ပြဟ္မာအပေါင်း × × × ပျပ်ဝပ်ကာ ဆုတောင်းပါလို့ × × × ပြုကြောင်းမှတ်အင် × × × ဆိုမြွတ်အသျှင် နှစ်ပါးကိုလ × × × စုလျှားလေလာလို့ပင် × × × ''

ကိုကျော်ခင်က နဖူးကချွေးသီးချွေးပေါက် စီးကျနေပေမဲ့ မေ့ မြောနေတဲ့ ပညာရှင်ဆိုသူ အဘိုးအိုလှုမမာကြီး အိုးစည်ဂီတသံကြောင့် သက်ဝင်လှုပ်ရှားလာတာကိုကြည့်ပြီး သူ့ရဲ့ တီးကွက်လက်သံကို ကွက်စိပ်





ကွက်ကျဲ အသံကွဲအောင် တီးအားမြှင့်လိုက်တယ်။

ကြည့်စမ်းပါဗျာ။ ကျွန်တော်တို့လည်း ဒီအဖြစ်မျိုး တစ်ခါမှ မကြုံဖူးပါဘူး။ လှုမမာအနီးမှာ မိန်းမကြီးတွေရော ယောကျ်ားကြီးတွေပါ ဝိုင်းအုံစကားပြော မေးမြန်းနေကြလို့ရဲ့။ အချို့က အဘိုးကြီးနာမည်ကို အော်ခေါ်ကြတယ်။ အချို့က ဝမ်းသာလွန်းလို့ ကူခြေမှုမဆည်နိုင်ဘဲ ခုန်နေကြတယ်။ မစိမ်းယဉ်က ''ဖေဖေ. . . ဖေဖေ''ခေါ်ရင်း အရမ်း ဝမ်းသာနေတယ်။ အစ်ကိုလုပ်သူအဘိုးကြီးက အိုးစည်ဝိုင်းဘက်ကိုလှည့် လို့ ဝမ်းသာအားရ လက်မကို ထောင်ပြလိုက်တယ်။ ပြီးတော့ ဆက်တီး ပါလို့ လက်ဟန်နဲ့အချက်ပြတယ်။

တီးရင်းဆိုရင်း လှမ်းကြည့်နေဆဲမှာပဲ ခုတင်ပေါ်က လှုမမာ အဘိုးကြီး ခြေတွေလက်တွေလှုပ်ရှားလာပြီး ဘယ်ညာလူးလွန့်လို့ စကား သံများထွက်ပြီး ကုန်းထဖို့ကြိုးစားနေတာကို အံ့သြဖွယ်ရာမြင်ရတယ်ဗျို့။

ဒါကို ဝိုင်းကြည့်နေကြတဲ့ အပြင်ပရိသတ်များကပါ မြင်ရတော့ အားလုံး အထူးအဆန်းဖြစ်ကုန်ကြရော။ ကျုပ်တို့အဖွဲ့ကတော့ ပျော်လွန်း ဝမ်းသာလွန်းလို့ အသံကိုကျယ်လို့။

''ဘယ်ရာဇဝင် × × × ဘယ်ကျမ်းမှာမှ × × × နွယ်လာ အစဉ် × × × ငယ်စာတမ်းရှာမရ × × × ရာဇသင်္ခ လောင်းလေအိုမြွတ် ရှင် × × × မဟာဝင်ကမ္ဗာတွင်အောင် × × × နာဂတ်နှောင်ခါ''

ဘုရားရေ၊ အဲဒီအချိန်မှာပဲ လူးလွန့်နေသည့် လှုမမာဟာ ဖြုန်းဆို လက်ထောက်ထထိုင်လိုက်ပြီး နားထင်ကို သူ့ညာလက်နဲ့ဖိဂျက် ကနေ ကျုပ်တို့ဝိုင်းက ဆူညံနေတဲ့အိုးစည်သံနဲ့ သီချင်းသံကို စိတ်ဝင် စားစွာ စိုက်ကြည့်နားထောင်နေတယ်။ ကျန်တဲ့ သူ့ဇနီး ဆွေမျိုးသားချင်း



www.burmeseclassic.com

www.burmeseclassic.com



သားသမီးများကလည်း ဝမ်းသာကြလွန်းလို့ ဆူညံလို့။ ဒီမှာ ပြန်လည် သက်ဝင်လှုပ်ရှားလာတဲ့ အဘိုးကြီးဦးပညာဗလက စကားသံဆူညံနေတဲ့ သူ့အမျိုးအုပ်စုကို တိတ်တိတ်နေကြရန် လက်နှင့်အချက်ပြလိုက်ပြီး ခုတင် ပေါ်မှာ လက်နောက်ပြန်ထောက်လို့ ကျုပ်တို့ ဆိုတီးကနေတာကို ခေါင်း တညိတ်ညိတ်လုပ်လို့ ပြုံးပြုံးကြီး ကြည့်နေပါလေရောလားဗျာ။

ခန့်လိုက်တဲ့လူကြီးဗျာ။ မီးရောင်ရှေ့မှာ သူ့နားက စိန်နား တောင်းဟာ အရောင်တဖျပ်ဖျပ်နဲ့။

အဲလို ကာယကံရှင်က သဘောကျနေတော့ (တစ်နည်း သေ မယ့် လူမမာ ထူးဆန်းစွာပြန်ရှင်လာတော့) ကျုပ်တို့လည်း ဝမ်းသာတာ ပေါ့။ တီးလိုက်သမျှ ဇယ်ဆက်သလိုပဲပေါ့။

"မြောင်ရာတွင် တင်မယ့်တုန်း၊ ရှင်တွင်ကြီး၊ ဗုဒ္ဓက်လောင်းတော် မြတ်နွန်း. . . "

ကျုပ်က အဆိုကိုချ။ ကိုကျော်ခင်က အတီးကိုပြန်ဝင်၊ အဲဒီမှာ ကျုပ်ကလည်း နန်းသိမ်း ယိုးဒယားအကကို အဘိုးတို့၊ အဘွားတို့ သင်ပေးထားသည့်အတိုင်း အယဉ်အကြော့လေးကပြီး အတီးနဲ့ချလိုက်ပြီး ရော. . .

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ဒါမှ အိုးစည်တော်သားကွ၊ ကောင်းလိုက်ပဗျာ"

ကြေးခုတင်ကြီးပေါ်က ဦးပညာဗလအပါအဝင် မိသားစုဆွေမျိုး အားလုံးရဲ့ လက်ခုပ်သံများဟာ ဝက်ဝက်ကွဲပဲ။ စိန်နားတောင်း၊ ရွှေနား တောင်း၊ ငွေနားတောင်းများကလည်း တခါခါ တသွက်သွက် တလက်





လက်နဲ့။ ကျုပ်တို့လည်း မောလွန်းလို့ဟိုက်နေပြီ။ လူတိုင်း ချွေးကိုနစ်နေ တာပဲ။ တော်ပါသေးရဲ့ဗျာ။ သန်းခေါင်ကျော်မှာ ပြန်သတိရလာပေလို့။ နို့မို့ သူ့ သတိမရမချင်းသာ တီးဆိုနေရရင် ကျုပ်တို့လည်း ရင်ကွဲပြီး အမောဆို့ သေရချေရဲ့ဗျာ။ တိုင်ကပ်နာရီ လှမ်းကြည့်လိုက်တော့ နံနက် တစ်နာရီထိုးနေပြီ. . . ဟူး။

"လူကလေးနာမည်က ဘယ်လိုခေါ်သတုံး"

"မောင်ကျော်ခင်ပါ အဘခင်ဗျား"

' အိမ်း. . . အိုးစည်တီး လက်ကျကောင်းလိုက်ပါဘိသကွယ်။ အဘ ကြားချင်နားဆင်ချင်တာ ဒီလက်သံမျိုးပဲ၊ အဘရဲ့ရောဂါက ဂီတသံ အပြင်းစားနဲ့ ကုမှပျောက်တဲ့ အာရုံစွဲသည်းခြေရောဂါတစ်မျိုးကွယ့်။ ဒါ ကြောင့် နောက်ဆုံးသတိလစ် မမေ့မြောခင်လေးမှာ အတီးကောင်းတဲ့ အိုးစည်ဝိုင်းကို ရအောင်ရှာပြီး အနားမှာ တီးမှုတ်ပေးကြပါလို့မှာခဲ့တာ။ အဘရဲ့အာရုံကြောနဲ့ နှလုံးသည်းခြေက လူကလေးတို့ရဲ့ လက်ရာမြောက် လက်သံပြောင်လှတဲ့ အဆိုအတီးသံကို ကြားလိုက်ရတော့ အာရုံကြော များရော နှလုံးသည်းခြေ သွေးကြောများပါ ပြန်လည်နိုးထ အသက်ဝင် လာခဲ့တာပဲ။ သိပ်ကို ကျေးဇူးတင်ပါရဲ့ မောင်တို့ရယ်။ ကိုင်း. . . ကိုင်း. . . နားကြ. . . နားကြ၊ သာဓုဗျာ. . . သာဓု. . . သာဓု၊ ဟေ့. . . သမီး"

"ရှင်. . . ဖေဖေ"

"ပေးစမ်း။ အဖေ့ယွန်းဘူး"

ဒီမှာပဲ အလွန်ချောမောလှပတဲ့ မစိမ်းယဉ်ကလေးက ရွှေဇဝါ ရိုက် ယွန်းသေတ္တာဘူးကိုဖွင့်ပြီး ငွေဒင်္ဂါးတစ်ပြားကို ကိုင်လို့။

"လူကလေး မောင်ကျော်ခင်၊ လာခဲ့"

ကိုကျော်ခင်က အဘိုးကြီးရှေ့ကို ရောက်သွားတော့ ငွေဒင်္ဂါး တစ်ပြားချီးမြှင့်လိုက်တယ်။ ကျွန်တဲ့လင်းကွင်း။ စည်းဝါး။ ပလွေနဲ့ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ငွေဒင်္ဂါးတစ်ပြားစီ ဆုချလိုက်တယ်။ ကျုပ်တို့များဗျာ ဝင်းလက်နေတဲ့ ငွေဒင်္ဂါးပြားကို ကိုင်ဆုပ်ပြီး ဘယ်လိုနေရမှန်းတောင် မသိပါဘူး။

"အစ်ကို၊ သူတို့ကို ထမင်းထပ်ကျွေးပြီး အိပ်ကြပါစေတော့"

ဦးပညာဗလရဲ့အစ်ကိုလုပ်သူဟာ ကျုပ်တို့ပစ္စည်းများကို ထောင့်တစ်နေရာမှာ စုပုံချစေပြီး ထမင်းစားခန်းကို ခေါ်သွားခဲ့တယ်။ အဲဒီမှာ ဟင်းကောင်းဟင်းလျာတွေကလည်း စုံပါ့ဗျာ။ အလွန်ကို ချောမောလှပတဲ့ ထိုင်မသိမ်းအင်္ကျီလိုလိုမျိုး ဝတ်ထားတဲ့ အမျိုးသမီးငါးဦးက ထမင်းဟင်းများကို ခူးခပ်ကျွေးကြတယ်။ သူတို့အားလုံးရဲ့ ခန္ဓာကိုယ်က ပန်းရနံ့တစ်မျိုးနဲ့ မွှေးကြိုင်နေတာပဲ။ စားလို့သောက်လို့ ပြီးတော့ အိမ်ရှေ့မှာ ကော်ဇောကြီးခင်း။ အဲဒီပေါ်က သင်ဖြူးဖျာချော ထပ်ခင်းပြီး သန့်ပြန့်တဲ့ ခေါင်းအုံးအသစ်၊ စောင်အသစ်များနဲ့ နေရာ ချပေးကြတယ်။

"ကိုင်း. . . မောင်ကြီးတို့ အိပ်ကြပေရော့။ ဖေဖေရဲ့ ထူးဆန်းတဲ့ ရောဂါဝေဒနာကို မောင်ကြီးတို့ဂီတနဲ့ ပျောက်ကင်းချမ်းသာ အသက်ပြန်ရှင်အောင် ကူညီကြတဲ့အတွက် အထူးကျေးဇူးတင်ပါထယ်။ မလေးတို့ဘက်က လိုအပ်တာမျိုး၊ ချို့ယွင်းတာမျိုး၊ အားနည်းချက်များ ရှိခဲ့ရင်လည်း ခွင့်လွှတ်ကြပါနော် မောင်ကြီးတို့။ မောင်ကြီးတို့နဲ့ နှမလေးတို့ မိသားစု ခုမှ ကြုံကြဆုံကြ သိကြရပေမဲ့ ရှေးရှေးဘဝရေစက်က အဆွေအမျိုးများလို့ပဲ ထင်မှတ်ထားပါတယ်။ ဒီကျေးဇူးကို နှမလေးတို့ အစဉ်သတိရနေမှာပါ။ နှမလေးတို့ မိသားစုကိုလည်း အမြဲတမ်း သတိရနေကြပါနော် မောင်ကြီးတို့"

မိစိမ်းယဉ်ဟာ ကျုပ်တို့ရှေ့မှာ မျက်တောင်တစ်ချက် မခတ်စတမ်း ရင်ထဲရှိသမျှ စကားများကိုပြောဆိုပြီး အိမ်ကြီးအပေါ်ထပ်ကို သူ့မိဘများနှင့်အတူ တက်သွားခဲ့တယ်။ ကျန်လူများကလည်း အသီးသီးပြန်ထွက်သွားကြတယ်။ အောက်ထပ်မှာ ကျုပ်တို့ငါးယောက်ပဲ ကျန်





ခဲ့တယ်။ ကျုပ်တို့လည်း ဆေးလိပ်လေးသောက်ပြီး ခေါင်းအုံးပေါ်ခေါင်းလည်းချလိုက်ရော တစ်ညလုံး ပင်ပန်းနေလို့လား မသိဘူး။ အားလုံးအိပ်မောကျသွားခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

(၇)

ကျုပ်တို့ငါးဦး ဘယ်အချိန်အထိ အိပ်ပျော်နေကြမှန်း မသိဘူး။ လူတစ်ယောက်က လှုပ်နိုးလိုက်တော့မှ ကျုပ်တို့အားလုံး နိုးလာကြပြီး စုန်းခနဲ ထထိုင်လိုက်ကြတယ်။

အလိုလေး၊ နေလုံးက ခေါင်းပေါ်တည့်တည့် ရောက်နေပါလား။ ဘယ့်နယ် ဘယ်လိုဖြစ်ပါလိမ့်။

''ဟင်. . '

''ဟာ. . .'

''ဘယ်. . . လို. . . ဟာလဲဟ''

''ဟ. . . ဟ. . . ငါ. . . ငါတို့ ဘယ်ရောက်နေတာလဲကွဟ''

ကျုပ်တို့ငါးဦး အိပ်ရာကနိုးတာနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ကျုပ်တို့ရောက်နေတဲ့နေရာကို ထိတ်လန့်တကြား လှည့်ကြည့်လိုက်ကြတယ်။

ညက ကျုပ်တို့အိပ်နေတာ မစိမ်းယဉ်တို့ တိုက်ခံအိမ်ကြီးရဲ့ အောက်ထပ်ကော်ဇောဖျာပေါ်မှာဗျ။ အခု အိပ်ရာကနိုးလို့ ကြည့်လိုက်





တော့ ကျုပ်တို့အိပ်နေတာက ကြခတ်ဝါးရုံသုံးရုံ ခေါင်းချင်းယှက်မိုးနေတဲ့ အုတ်ဂူဟောင်းကြီးရှေ့က မြေပြင်မှာ။

အားလုံး အုတ်ခဲငါးလုံး ခေါင်းအုံးပြီး အိပ်ခဲ့ကြတာဖြစ်နေတယ်။

ကျုပ်တို့ငါးဦး အရမ်းအံ့သြပြီး ခေါင်းရင်းက အုတ်ဂူပျက်ကြီးကိုကြည့်လို့ ဝုန်းခနဲထရပ်ကာ ကိုယ့်ပစ္စည်းကိုယ်ဆွဲပြီး အပြင်ကို အမြန် ပြေးထွက်လိုက်ကြတယ်။ ကျုပ်တို့ကို လာနှိုးတဲ့လူကြီးက ကျွဲကျောင်း သားကြီး။

''အဘ၊ ဟို. . . ဟို. . . တိုက်ခံအိမ်မည်းကြီးရော ခင်ဗျ''

''ဘယ်က တိုက်ခံအိမ်မည်းကြီးလဲကွယ့်''

''ညက ကျွန်တော်တို့ တိုက်ခံအိမ်မည်းကြီးရဲ့ အောက်ထပ်မှာ လူမမာအဘိုးကြီးတစ်ဦးကို အိုးစည်တီးဖျော်ဖြေပြီးလို့ အိပ်နေကြတာ''

''ဘယ်လို. . . ဘယ်လို၊ အဘ နားမလည်ဘူး။ ပြန်ပြောပါဦး လူကလေးတို့ရဲ့''

ဒါနဲ့ အစ်ကိုကျော်ခင်က ဖြစ်စဉ်အစအဆုံးကို ပြန်ပြောပြလိုက် တယ်။ ကျွဲကျောင်းသားအဘိုးအိုကြီးဟာ နံဘေးဝဲယာကို လှည့်ကြည့် လိုက်ပြီး. . .

''လူကလေးတို့က ဘယ်ကလဲ''

''ဆေးလုံးကြီးကျေးရွာကပါ''

''လူကလေးတို့ ဒီနေရာက အခုချက်ချင်း အမြန်ပြန်ကြပေ ရော့''

''ခင်. . . ခင်ဗျာ၊ ဘာဖြစ်လို့လဲ အဘရယ်။ ဘာ. . . ဘာတွေ ဖြစ်ကုန်ကြတာလဲ''

''ဒီနေရာမှာ မင်းတို့ပြောတဲ့ တိုက်ခံအိမ်မည်းကြီးလည်းမရှိဘူး။ အိမ်ဆို ဘာအိမ်မှမရှိဘူး။ ဒီနေရာ ဒီအရပ်ဟာ အလွန်ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာကောင်းတဲ့ ကျွတ်ကုန်းကြီးပဲ၊ လူကလေးတို့ မနေ့က ကြုံတွေ့ခဲ့ရတာ လူအစစ်တွေ မဖြစ်နိုင်ဘူး။ အဲဒါ လူယောင်ဆောင်ထားတဲ့ ကျွတ်တွေ။ ဘုရား. . . ဘုရား။ ဖွှဟဲ့. . . ဖွ. . . ဖွ. . . ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ပြန်. . . ပြန် ပြန်ပြန်ပြန်ကြ''

''ဗျာ. . .''

''မြတ်စွာဘုရား''

''အမလေး. . . ကျွတ်ကုန်းတဲ့ဗျ. . . ဟီး''

အဘိုးအိုဇာစကားဆုံးသည်နှင့် ကျုပ်တို့ ကိုယ့်ပစ္စည်းကိုယ်ဆွဲပြီး အဲဒီနားကနေ ပြေးကြပါလေရော။ ပြေးရင်းလည်း နောက်ပြန်လှည့်ကြည့်ရသေးတယ်။ အခုပြောတဲ့ အဘိုးကြီးကရော လူစင်စစ်မှ ဟုတ်ရဲ့လားလို့ပါ။ အဘိုးကြီးက ကျုပ်တို့နောက်မှာ သူ့ကျွဲအုပ်ကို ကျောင်းနေလျက်ပဲ။

ဒီလိုနဲ့ခြေကုန်သုတ်ပြီး လာခဲ့လိုက်ကြတာ မောလွန်းလို့ မခံနိုင်တာနဲ့ ယူကလစ်ပင်အိုကြီးတစ်ပင်အောက်မှာ ခြေပစ်လက်ပစ် အမောဖြေလိုက်ကြတယ်။ ဟိုး. . . ရေကလည်း တော်လိုက်ပါဘိသနဲ့။ အတန်ငယ် အမောပြေပြီး ကျုပ်တို့အားလုံး ကိုယ့်အင်္ကျီအိတ်ကို အသီးသီး နှိုက်လို့လည်း ကြည့်လိုက်ရော။

အလို. . . ပြောင်လက်နေတဲ့ ငွေဒင်္ဂါးတစ်ပြားစီ ရှိကြလို့ပါကလား။

♛♛♛

(၈)

ထိုနေ့ ထိုရက်ကစလို့. . .

ကျုပ်တို့ ကိုကျော်ခင်တို့ အိုးစည်တော်သားအုပ်စု နိုင်ဟတဲ့ ဆုံးဖြတ်ချက်တစ်ခု ချခဲ့လိုက်တယ်။

နောင်တော့များဗျာ. . .

အိုးစည်ဝိုင်း လာငှားရင်တော့လား ဓာတ်သိ လူရင်းထဲက လူမပါရင် ငွေဒင်္ဂါးမကလို့ ရွှေဒင်္ဂါးပဲပေးပေး လုံးဝမလိုက်တော့ဘူးရယ်လို့ပေါ့။

ဟူး. . .

ကံကောင်းလို့၊ ကျွတ်သူတော်ကောင်းများနဲ့ တွေ့ရပေလို့။

ကျွတ်ဆိုး၊ ကျွတ်ယုတ်၊ ကျွတ်မသူတော်တွေနဲ့များ ကြုံရရင်လား။

ဘုရား. . . ဘုရား. . . ဘုရား။

♛♛♛♛♛

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com




# ရွှေလှုံမိုလ်နှင့် ပရလောကသားများ

ကျွန်တော်သည် ဗုဒ္ဓဘုရားရှင် ဟောကြားသည့် (၃၁) ဘုံ အကြောင်းကို သိရှိခံစားနားလည်နိုင်သည့်အရွယ်မှစ၍ လွန်စွာစိတ်ဝင်စားခဲ့၏။ ၎င်းတို့အနက် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံသား ပရဝိဉာဉ် လောကသားများအကြောင်းကို ပို၍စိတ်ဝင်စားခဲ့၏။ ဘုရားရှင်နှင့် ရဟန္တာအရှင်သူမြတ်ကြီးများ ဟောကြားခဲ့သော ပေတဝတ္ထုများအကြောင်း ကြားနာဖတ်သိခဲ့ရပြီး မှတ်တမ်းတင်ခဲ့ရသည်လည်း ရှိသည်။

သည်မှာ စာရေးဆရာမကြီး ဒေါ်ကြည်ဦး သူရဲ့မဂ္ဂဇင်းမှာ ရေးနေသည့် ရာဇဝင်ထဲမှ တစ္ဆေများအကြောင်းကို ဖတ်ရသောအခါတွင် ငြင်းပယ်၍ မရစကောင်းသော ရာဇဝင်ဖြစ်ရပ်များဖြစ်၍ အထူးစိတ်ဝင်စားခဲ့ရပြန်သည်။

သို့ရှိစဉ် စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင် ရေးသားခဲ့သော ရွှေလှုံမိုလ်အမည်ရှိ လုံးချင်းဝတ္ထုရှည်ကြီးကို ဖတ်ရသောအခါ ၎င်းဝတ္ထုရှည်ရဲ့ နောက်ဆုံးအပိုဒ်မှာ မြန်မာ့တပ်မတော်မျိုးချစ် သူရဲကောင်းကြီး ဗိုလ်ချုပ်ရွှေလှုံမိုလ်နှင့် အင်္ဂလိပ်တစ္ဆေမ သုံးယောက်အကြောင်းကို အံ့ဩဘနန်း ဖတ်ရှုလိုက်ရပြန်၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါသည် ပါတော်မူပြီးစ မြန်မာရာဇဝင်ထဲက ဖြစ်ရပ်မှန် တစ္ဆေဖြစ်ရပ်ဆန်းပါပဲကလားဟု မှတ်ယူပြီး ပရဝိဉာဉ်လောကအကြောင်း စာဖတ်သူများ ကျယ်ကျယ်ပြန့်ပြန့် ထပ်မံသိရှိခံစားနိုင်ဖို့ ပြန်လည်ခံစားမှီငြမ်းရေးဖွဲ့လိုက်ရပါသည် ခင်ဗျာ။

ဆရာမကြီးယုဝတီ(ဒေါ်)ခင်စိန်လှိုင်အား ရိုသေစွာ ဦးထိပ်ပန်၍။

မောင်ညိုမှိုင်း(သန်လျင်)

(၁)

ရွှေလုံမိုလ်သည် မိုလ်ချုပ်အကြီးအမှူးအဖြစ်နှင့် တောင်ငူစစ်ကြောင်းကို အုပ်ချုပ်၍ တောင်ငူမြို့ အင်္ဂလိပ်နယ်ချဲ့လက်သို့ မကျရောက်ရအောင် အသေအကျေခုခံတိုက်ခိုက်နေစဉ် ကင်းဝန်မင်းကြီးထံမှ ရောက်လာသည့် ကြေးနန်းစာကို တိုက်ဖော်တိုက်ဖက် မြို့သစ်ဝန်ကြီးက ဖတ်ပြသည်။

**ရွှေလုံမိုလ်**

**(မိုလ်ချုပ်–တောင်ငူစစ်ကြောင်း)**

တန်ဆောင်မုန်းလဆုတ်(၈)ရက်နေ့က အရှင်နှစ်ပါးပါတော်မူပြီး အထက်မြန်မာနိုင်ငံတော်ပါ ဗြိတိသျှတို့ သိမ်းပိုက်ပြီးဖြစ်ပါ၍ တပ်တော်ခေါက် အမြန်ရောက်ခဲ့လို့ကြောင်း။

**ဘဒွေးတော်ကင်းဝန်**

ကြေးနန်းစာဖတ်သံ ဆုံးသောအခါ မင်းကြီးမိုလ်ချုပ်ရွှေလုံမိုလ် အသားများ ဆတ်ဆတ်တုန်သွားခဲ့သည်။ အရှင်နှစ်ပါးတို့ ပါတော်မူပြီး



www.burmeseclassic.com

www.burmeseclassic.com



အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးပြီတဲ့။ သူတို့ကို တပ်ခေါက်ပြီးပြန်ခဲ့ဖို့ အတွင်းတော်က အမိန့်ပေးနေပြီ။

သူ အကြီးအကျယ် ပေါက်ကွဲခဲ့သည်။ အရှင်နှစ်ပါးကို ဒီလို ကြက်ကလေး ငှက်ကလေး ဖမ်းသလို ဖမ်းလို့ရအောင်၊ နန်းတော်ထဲက မတိုက်ကြဘူးလား။ မခုခံကြဘူးလား၊ အဲဒီလောက် ညံ့ရသလား၊ သူမရှိလို့ပေါ့။ သူသာ အနီးမှာရှိနေရင် အရှင်နှစ်ပါးကို အသားလွတ်အပါမခံ။ သူ့သွေး မြေကျပြီးမှ အပါခံမည်။

သည့်နောက် ရွှေလုံပိုလ်နှင့် မြို့စားဝန်ကြီးတို့ အခြေအနေ အရပ်ရပ်ကို ညှိနှိုင်းတိုင်ပင်ကြသည်။ မင်းကြီးရွှေလုံပိုလ်က အဓိုင်အဟ အစီအစဉ်ချလိုက်သည်။ တိုင်းတစ်ပါးသားလက်အောက်ကို ရောက်နေရသည်ထက် သေသည်အထိ ခုခံတိုက်ခိုက်ရင်း သူရဲကောင်းစစ်သည်ဘဝ နှင့် အသက်စွန့်ရသည်က မြန်မာ့သွေးပီသသည်ဟု။

ဤသို့ ဆုံးဖြတ်ချက်ချပြီး တောင်ငူမှနေ၍ မြို့ကိုဝိုင်းထားသည့် အင်္ဂလိပ်နယ်ချဲ့စစ်တပ်ကို အရိုးကြေကြေအရေခန်းခန်း စိတ်တာတ်နှင့် တိုက်ခိုက်ကြပြန်သည်။

ထိုစဉ်မှာပဲ သေနတ်ဝန်ကြီး သတိုးသုဓမ္မမဟာသက်တော်ရှည် လယ်ကိုင်းမြို့စားထံမှ ဒုတိယမြောက် ကြေးနန်းစာရောက်ရှိလာခဲ့ပြန် သည်။

## ရွှေလုံပိုလ်
## (ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာ)

တောင်ငူကြောင်း ပိုလ်ချုပ်အဖြစ် ခန့်အပ်ခြင်းခံရ၍ တာဝန်များ ကို ထမ်းဆောင်နေရပေသည်။ ယခုအခါ အရှင်နှစ်ပါးပါတော်မူရုံမက





တစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်တွင် ရောက်ရှိနေပြီဖြစ်ပါ၍ ဆက် လက် တိုက်ခိုက်ရန် လုံးဝမလိုတော့။ ဤကြေးနန်းစာရသည်နှင့် ချက်ချင်း တပ်တော်များ ရုပ်သိမ်း၍ပြန်ခဲ့ရမည်။

ဒုတိယကြေးနန်းစာ လက်ဝယ်ရောက်ရှိသည်နှင့် မြို့သစ် မြို့စားက မင်းပြောင်းမင်းလွှဲဖြစ်သွားခဲ့ပြီမို့ အိပ်သူအိမ်သားများ ဘဝ လုံခြုံရေးကို အဓိကစဉ်းစားရန် အကြံပြုသည်။ ရွှေလုံပိုလ်က သေသည့် ဘဝတိုင်အောင် ပြန်တိုက်ပြီး အမျိုးသားရေး နယ်ချဲ့ဆန့်ကျင်ရေးကို ရှေးရှု၍ သူ ချန်နေခဲ့မည်ဟု ဆိုသည်။ မြို့သစ်မြို့စားအား ပြန်လိုက ပြန်ပါဟု ဆိုလိုက်သည်။

သို့နှင့် မြို့သစ်မြို့စားလည်း သွားအတူလာအတူ တိုက်ဖက် အတူဘဝမို့ မပြန်လိုတော့။ ပိုလ်ချုပ်နှင့်အတူ သေအတူရှင်မကွာ တိုက်ပွဲ ဝင်ပါတော့မည်ဆိုပြီး သစ္စာရှိသော သွေးသောက်ရဲဘော်များနှင့် ဋင်းနှေ ညမှာပင် မီးလှည်းများဆင်ကာ အင်္ဂလိပ်တပ်စခန်းများသို့ ကောက်ရိုးမီး လှည်းများ လိမ့်ချပြီး တိုက်ပွဲဝင်ကြတော့သည်။

အဲဒီညက တိုင်းပြည်နှင့်လူမျိုးအတွက် မျိုးချစ်တပ်မတော်သား ငါးဦး ရန်သူ့စက်သေနတ်မှန်၍ ကျဆုံးခဲ့ရသည်၊ အင်္ဂလိပ်လက်နက်တိုက် လည်း မီးလောင်ပေါက်ကွဲခဲ့သည်။

နောက်ဆုံး တတိယအကြိမ် ကြေးနန်းဝင်လာခဲ့တော့သည်။ ကြေးနန်းစာတွင် တပ်မတော်များသိမ်း၍ ပြန်လာခြင်းမပြုပါက 'သူပုန်' ဟူ၍ ဝမ်းနည်းစွာသတ်မှတ်မည်ဖြစ်ကြောင်း မဟာသက်တော်ရှည်မင်းကြီး ဦးကောင်းက ကြေးနန်းရိုက်လိုက်လေသည်။

♛♛♛

www.burmeseclassic.com

www.burmeseclassic.com



မေဂျာဖို့ဒ်၏လက်နက်တိုက် မီးလောင်ဆုံးရှုံးခံရသော ပြစ်မှုတို့အတွက် ရရှိုင်ပြည်နယ်စစ်တွေသို့ အိမ်သားတစ်စုလုံး သွားရောက်နေထိုင်ရမည်။ စောဒကတက်စရာမရှိသော တစ်ချက်လွှတ်အမိန့်။

ဗိုလ်ချုပ်ပရင်ဒါဂတ်

အမိန့်စာဆုံးသောအခါ သူက ထီမထင်သလို ဂရုမစိုက်သလို လုပ်၍ ပြုံးပြလိုက်သေးတော့သည်။

❦❦❦

## (၂)

မောက်ရှုနားရွက်ကာ တာလည်ကွေးနှင့် စစ်မြေပြင်မှပြန်လာသည်ဖြစ်၍ ဆင်တော်ပေါ်မှာ ထိုင်လိုက်လာသော်လည်း မင်းကြီးဗိုလ်ချုပ် ရွှေလုံဗိုလ်တစ်ကိုယ်လုံးသည် ဖုန်ချွေးတို့နှင့် ပေကျံညစ်ပတ်နေသည်။ ဆင်ပေါ်မှ သူလွှားခနဲ ခုန်ဆင်းလိုက်သည်နှင့် မျက်နှာဖြူအရာရှိများနှင့် ကင်းဝန်မင်းကြီးကိုပါ အစိမ်းလိုက်ဝါးစားပစ်ချင်သော မျက်လုံးအစုံနှင့် ရူးစိုက်လှည့်ပတ်ကြည့်လိုက်သည်။

ကင်းဝန်မင်းကြီးက ရွှေလုံဗိုလ်၏အပြုအမူကိုကြည့်၍ မနှစ်မြို့က်သလို ရှိနေ၏။ မျက်နှာဖြူစစ်သားများကလည်း လက်နက်ကိုယ်စီနှင့် ဝိုင်းချိန်ထားကြသည်။ သည်မှာ ကင်းဝန်မင်းကြီးက အမိန့်စာတစ်စောင်ကို ချက်ချင်းဖတ်ပြလိုက်သည်။

ဗိုလ်ချုပ်ပရင်ဒါဂတ် အမိန့်နှင့် ရွှေလုံဗိုလ်အား အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရသိမ်းပိုက်ပြီးသည့်တိုင် နှစ်လနှင့် ဆယ့်ရှစ်ရက်တိတိ လက်နက်မချဘဲ ပြန်လည်ခုခံတိုက်ခိုက်ခဲ့မှု၊ တောင်ငူစစ်ကြောင်းမှ



www.burmeseclassic.com

www.burmeseclassic.com

(၃)

သို့နှင့် မင်းကြီးဗိုလ်ချုပ်ရွှေလုံဗိုလ်နှင့် ဇနီးလေးဦးဖြစ်သော ခင်လုံမေ၊ ခင်ထူး၊ ခင်ဖုန်းနှင့် မင်းမြင်ထိပ်ခေါင် မင်းသမီးကလေး (ထားထား)အပါအဝင် သားသမီးများအားလုံးတို့သည် စစ်တွေနှင့် မိုင်နှစ်ဆယ်ကျော်ဝေးသော ကြက်ကိုင်းတန်းသို့ ဗြိတိသျှအစိုးရက နယ်နှင်ဒဏ် ပို့လိုက်သည်။

ထိုစဉ် တိုင်တားဘိုးဘိုး(တိုင်တားမင်းကြီး)က ကတ္တက်သို့ အပို့ခံရသည်။ မင်းတုန်းမင်းတရားကြီး၏ ချစ်မငြီးသော ဆင်ဖြူမရှင်မိဖုရားကြီးနှင့် သမီးတော် ထိပ်စုဖုရားကြီးတို့က ထားဝယ်သို့ ပို့ထားခံရသည်။ လှေသင်းအတွင်းဝန်မင်းက ကာလကတ္တားသို့ ရောက်ခဲ့ရသည်။

ကြက်ကိုင်းတန်း၌ မှန်ပြတင်းအပြည့်ပါသော အိမ်နီကြီး(ဗိုလ်တဲ)မှာ သူတို့မိသားစုကို နေရာချပေးသည်။ တစ်ရွာလုံးမှာလည်း ဒီဗိုလ်တဲသာလျှင် အကောင်းဆုံးအိမ်ရာဖြစ်သည်။ ဗိုလ်ချုပ်ရွှေလုံဗိုလ်တို့ကို အကျယ်ချုပ်ချထားရာ နေရာသည် ရွာသူရွာသားအိမ်များနှင့် မနီးမဝေးမှာ ရှိ၏။





ရခိုင်ရွာသူရွာသားများသည် မြန်မာသူရဲကောင်း စစ်ဗိုလ်ချုပ် အကြောင်းကို ကြားဖူးပြီးဖြစ်၍ အလွန်လေးစားကြ၏။ မလှမ်းမကမ်းမှ နေ၍လည်း အမြဲတမ်း အကဲခတ်နေကြ၏။ အနီးသို့မူ မည်သူမျှမကပ်ရဲကြသေး။

အကြောင်းကား လက်နက်ကိုင်ကုလား စစ်တာဝါတပ်သား(၁၀)ဦး အစောင့်ချထားသောကြောင့် ဖြစ်သည်။

မြို့နှင့်လည်းဝေး၊ ရွာနှင့်လည်း လှမ်းမို့ နေ့စဉ်ညစဉ် လရောင်အောက်မှာ မင်းကြီးတို့ဗိုလ်တဲကလေးသည် ပျပ်ဝပ်၍ ထီးကျန်ရှိနေ၏။ ရွှေလုံဗိုလ်သည် အလွမ်းစိတ်ပေါ်လာတိုင်း ဝရန်တာမှာရပ်၍ ရွှေပြည်တော် နေပြည်တော်ကို သတိရနေပါ၏။

အရှင်နှစ်ပါးပါတော်မူပုံကို မျက်စိထဲမှာ မြင်ကြည့်သည်။ ရွှေရောင်စုလစ်မွမ်းချွန်များနှင့် ခန့်ညားထည်ဝါလှသည့် မန္တလေးရွှေနန်းတော်ကြီးကို သတိရနေသည်။

နားထဲမှာ မင်းထွက်စည်၊ မင်းဝင်စည်တော်သံများကို ကြားနေမိသည်။ ကင်းဝန်မင်းကြီးဦးကောင်းနှင့် တိုင်တားဘိုးဘိုးတို့ရဲ့ ဘဝပုံရိပ်၊ မာနပုံရိပ်များကို သတိရနေမိသည်။

ရနောင်မောင်မောင်တုတ် တန်ခိုးထွားစဉ်က ရက်စက်ပုံများနှင့် သူ့ကြမ္မာအကုသိုလ်က သူ့ကိုဖိစီးပြီး အကျဉ်းချခံနေစဉ် သူ့ကိုယ်သူ ကတ်ကြေးနှင့်ထိုးသတ် အဆုံးစီရင်သေသွားသည့် ကံကြမ္မာအတုံ့အလှည့် ပုံရိပ်များ မြင်ယောင်နေမိသည်။

သည့်နောက် အပျိုလူပျိုဘဝက ယခုလက်ရှိပထမမယား ခင်လုံမေကို လူပျိုလှည့်ပုံ၊ ထန်းရည်မူးပြီး ခင်ထူးနှင့်မှားယွင်းမိပုံ၊ ခင်ကျူးနှမ ခင်ဖုန်းကို သံယောဇဉ်စိတ်နှင့် သနားပြီးလက်ထပ်ခဲ့ပုံ၊ ရခိုင်စစ်[illegible]ကို အပို့ခံရစဉ် သင်္ဘောပေါ်မှာ မယားကြီးခင်လုံမေက အတူပါ[illegible]သည့်



www.burmeseclassic.com

www.burmeseclassic.com



မင်းမြင်ထိပ်ခေါင် မင်းသမီးလေး(ထားထား)နှင့် သဘောထားကြီးစွာ လက်ဆက်ပေးခဲ့ပုံ။

အတွေးအမြင်များက တသီတတန်းကြီး ပေါ်လာခဲ့သည်။

မင်းကြီးရွှေလုံ့ပိုလ်တို့ ဤပိုလ်တဲကြီးရောက်၍ (၁၀)ရက်မြောက်သောအခါ ဤအိမ်ကြီးမှ ထူးဆန်းအံ့ဖွယ်ချောက်ချားစရာ ဖြစ်ရပ်ဆန်းများကို သည်းထိတ်ရင်ဖိုဖွယ် ကြုံကြရတော့သည်။

တစ်နေ့. . .

ပိုလ်ချုပ်ရွှေလုံ့ပိုလ်နှင့် ဇနီးလေးဦး၊ သားသမီး (၉) ဦးတို့နှင့် အိမ်ဖော်များ ငုတ်တုတ်ထိုင်နေစဉ် ဦးခေါင်းပြတ်နေသည့် ဂါဝန်အဖြူ ပေါင်တံအဖြူ၊ ခေါက်ဖိနပ်အဖြူ ဆင်တူဝတ်ဆင်ထားသော အင်္ဂလိပ်မျက်နှာဖြူ ပိုလ်မ (၃) ဦးတို့သည် သူတို့မျက်စိရှေ့မှောက်မှာ မရပ်မနား သီချင်းဆိုသံနှင့် ကနေသည့် အံ့စရာမြင်ကွင်းပဲဖြစ်သည်။

ခါတိုင်းညများက ဒီမျက်နှာဖြူမ(၃)ယောက် ဒီအိမ်ကြီးမှာမရှိ၊ ဒီနေ့ညကျမှ ဦးခေါင်းမပါဘဲ ကိုယ်လုံးချည်း။ ခြေထောက်နှင့်ကနေမှန်းသိရသောအခါ ဒါ. . . ဒါ. . . တစ္ဆေခြောက်နေမှန်း သိကြရပြီး အားလုံးလန့်ဖျပ်အော်ဟစ်ငိုယိုကြတော့သည်။

လူကြီးများလည်း ကြောက်လန့်တကြား အော်ဟစ်ကြသည်။ ကလေးများကလည်း ကြောက်လန့်ငိုယိုကာ မိခင်များကို ပွေ့ဖက်မျက်နှာဝှက်၍ထားကြသည်။ မည်သူမှ ရဲရဲမကြည့်ရဲ။

ဇနီးသည်လေးဦးက ခေါင်းမပါသော ပိုလ်မတစ္ဆေ(၃)ယောက်ခြောက်လှန့်နေသည့်အကြောင်း ခင်ပွန်းသည် ပိုလ်ချုပ်ရွှေလုံ့ပိုလ်ကို အော်ဟစ်၍ ပြောကြသည်။ အိမ်ဖော်များကလည်း ကြက်သီးထဖွယ်မြင်ကွင်းကြောင့် (အရေးပါးပါး)ဟုအော်ပြီး အိမ်အပြင်သို့ ထွက်ပြေးကြတော့သည်။

စိတ်ကူးသစ်စာပေ



သည့်နောက် ဇနီးသည်လေးဦးက သားသမီး(၉)ဦးကို ဝိုင်းထားပြီး ဘုရားစာများ ရွတ်ကြသည်။ အိမ်တစ်အိမ်လုံးသည် လန့်၍အော်သံ၊ ကခုန်သံ၊ သီချင်းသံ၊ ဘုရားစာရွတ်သံများနှင့် ညံနေသည်။

ဘုရားစာရွတ်လေ တစ္ဆေများက ပိုကလေဖြစ်လေသည်။

နောက်ဆုံး မင်းကြီးရွှေလုံ့ပိုလ်ရောက်ရှိလာပြီး ခြောက်နေ၊ ကနေသည့် အင်္ဂလိပ်ဘိုမ တစ္ဆေများကို လိုက်ရှာသည်။ မင်းကြီးမျက်စိထဲမှာ ဘာမှမရှိ။ ဘာမှမကြားရ။ သို့သော် အိမ်သားအားလုံး ကြားရမြင်ရ၍ အော်ဟစ်ငိုယိုထိတ်လန့်နေသည်ကို သူမြင်နေရသည်။

သည်မှာ မင်းကြီးရွှေလုံ့ပိုလ်၏သားနှစ်ဦးဖြစ်သော ခင်မောင်ဆွေနှင့် ခင်မောင်အေးတို့က သတ္တိကောင်းသောလူငယ်များပီပီ မကြောက်လန့်ကြဘဲ သီချင်းလည်းကောင်း။ အကလည်း ကောင်းပါသောကြောင့် အသာနားထောင်ပြီး ပွဲကြည့်သလို ထိုင်၍ကြည့်ဖို့ပင် တိုက်တွန်းနေ၏။ အံ့ဖွယ်ဖြစ်ရပ်ပါတကား။

မင်းကြီးရွှေလုံ့ပိုလ်သည် သူမတွေ့ရ ကျန်လူများက တွေ့နေရသဖြင့်အံ့သြနေ၏။ သူသည် ငယ်စဉ်အခါတုန်းက လက်မောင်းမှာဂမ္ဘီရအပ်သွင်းခဲ့ဖူး၏။ ကြောက်စိတ်လုံးဝမရှိ။ နဂိုကလည်း တစ္ဆေသရဲများကို လုံးဝမကြောက်။

ကြာတော့ သားသမီးများ သားမယားများ ထိတ်လန့်နေသည်ကိုမကြည့်ရက်သည့်အဆုံး ဖွက်သိမ်းထားသည့် ကိုးသချိုင်းဓားနှင့် ငုက်ကြီးတောင်ဓားကို ဘယ်ညာကိုင်ကာ သားများလက်ညှိုးထိုးပြသည့် သရဲမသုံးယောက်ကသည့် နေရာများကို ဓားနှင့် ဘယ်ညာလွှဲ၍ ပိုင်း၍ဝင့်၍ သိုင်း၍ ဓားရေးအစုံ ခုတ်ပစ်လိုက်သည်။

''နင်တို့ကလည်း ကုလားဖြူနာနာဘာဝ၊ ငါကလည်း [illegible]သူရဲ၊ နင်တို့က အစိမ်းသရဲ ကိုင်းဟာ. . . ကိုင်းဟာ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှိုး. . . ရှမ်း"

"ငွမ်. . . ဂျလွမ်း. . ."

"ဒုတ်. . . ဗွပ်. . ."

"အ. . . အ. . . အ"

မင်းကြီးရွှေလုံ့မိုလ် စက်နာရီတစ်နာရီထိုး ချွေးသီးချွေးပေါက်ကျအောင် အိမ်ထဲမှာ တားနှင့်လိုက်ခုတ်ပစ်လိုက်သည်။ မကြာခင် တခွေ့သရဲသုံးယောက် ငယ်သံပါအောင် အော်ဟစ်ပြီး အိမ်ထဲမှ ပြေးထွက်သွားသည်ကို မိသားစုဝင်များအားလုံးနှင့် အိမ်ဖော်များ တွေ့မြင်ကြရသည်။

သားသမီးများကလည်း ကြောက်လန့်၍ အိမ်ပြင်သို့ ထွက်နေကြရသည်။ အပြင်က အစောင့်များလည်း ဘာမှမတတ်နိုင်၊ မလုပ်နိုင်ကြ၊ တစ်နာရီခန့်ကြာပြီးနောက် တားဆွဲ၍ အိမ်ရှေ့သို့ ထွက်လိုက်သောအခါ ကြက်ကိုင်းတန်းရွာသားများ မှန်အိမ်လေးများ ကိုယ်စီဆွဲကိုင်၍ ရွာလုံးကျွတ် မိုလ်ချုပ်ရွှေလုံ့မိုလ်နှင့် အင်္ဂလိပ်တခွေ့သရဲမတို့ တိုက်ပွဲကို လာရောက်ကြည့်ခဲ့ကြမှန်း သိရပါတော့သည်။

မင်းကြီးရွှေလုံ့မိုလ်က ရွာသားများနှင့်အစောင့်များကို ခေါ်၍ပြလိုက်သောအခါ ရွာသားများသည် အိမ်ကြမ်းခင်းပေါ်မှ နီရဲလတ်ဆတ်သော သွေးကွက်များကို ထူးဆန်းစွာ တွေ့မြင်ကြရလေသည်။

သွေးကွက်များကို မြင်ရသောအခါ ရွာသားများ အံ့သြကုန်ကြပြီးသည့်နောက် ဤအိမ်ကြီး၏ ကြောက်မက်ဖွယ် နောက်ခံရာဇဝင်ကို မင်းကြီးမိုလ်ချုပ်ရွှေလုံ့မိုလ်အား ပြောပြလေသည်။

♛♛♛

(၄)

တစ်ခါတုန်းက ဤမိုလ်တဲအိမ်ကြီးမှာ မျက်နှာဖြူမင်းကြီးတစ်ဦး မိခင်မရှိရှာသည့် သမီးချောသုံးဦးနှင့်အတူ နေထိုင်ခဲ့သည်။ သမီးသုံးဦးသည် အပျော်အပါးကို အလွန်လိုက်စားသည်။ မျက်နှာဖြူမင်းကြီးက ရက်စက်ကြမ်းကြုတ်သည်။ ရခိုင်အလုပ်သမားများကို ရက်ရက်စက်စက် ညှဉ်းဆဲ၏။ ခိုင်း၏။ သူ့ကြောင့် သားရဲထူပြောလှသည့် တောင်ကုတ်တောင်ကြားလမ်းဖောက်ရာမှာ ရခိုင်လူမျိုးများ လုပ်သားများစွာတို့ ကျားစာ၊ ကျားသစ်စာဖြစ်၍ သေဆုံးခဲ့ရသည်။

တစ်နေ့ မျက်နှာဖြူမင်းကြီးက သမီးအကြီးဆုံးမွေးနေ့ကို ကပွဲများ၊ စားပွဲသောက်ပွဲများနှင့် ဤအိမ်မှာ ခမ်းနားစွာကျင်းပသည်။ သမီးချော သုံးဦးစလုံး လှပစွာဝတ်စား၍ ပျော်ရွှင်စွာ တစ်ညလုံး ကခုန်နေစဉ် ရခိုင်တော်လှန်ရေးသမားလူငယ်များက ဂေါ်ရခါးတားများနှင့် ဝင်ရောက်ခုတ်ပိုင်းတိုက်ခိုက်ခဲ့ရာ သုံးဦးစလုံး သေဆုံးသွားခဲ့လေသည်။ တော်လှန်ရေးသမားများကို အစောင့်များက လက်နက်များဖြင့် ဝိုင်းပစ်ကြသော်လည်း တစ်ယောက်မှ မမိလိုက်ကြ။

---

စိတ်ကူးသက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖခင် မျက်နှာဖြူမင်းကြီးလည်း သမီးသုံးယောက်၏အဖြစ်ဆိုးကို မျက်စိရှေ့မှောက်မှာ မြင်ရသောအခါ ရုတ်တရက် ရူးသွပ်သွားပြီး ခြောက်လုံးပြူးသေနတ်နှင့် သူ့နားထင်သူတော့ပစ်ပြီး အဆုံးစီရင် သွားခဲ့သည်။

သည့်နောက် အလောင်းချင်းထပ်နေသည့် ဤအိမ်ကြီးသည် လူသူမနေရဲလောက်အောင် အစိမ်းသေတစ္ဆေသရဲများ ခြောက်လှန့်ရခြင်းဖြစ်ကြောင်း မင်းကြီးရွှေလုံ့မိုလ်အပါအဝင် အားလုံးသိကြရသောအခါ။

♛♛♛

(၅)

မကြာခင် မင်းကြီးရွှေလုံ့မိုလ်တို့မိသားစု ဘုန်းတော်ကြီး အပါး (၃၀)ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားနာခဲ့ကြသည်။ ကြက်ကိုင်းတန်းရွာလုံးကျွတ်ကိုလည်း သီးသန့်ဖိတ်၍ ဒါနပြုခဲ့သည်။

ထိုသို့ အန္တရာယ်ကင်းပရိတ်တရားနာ အမျှဝေပြီးသည့် အချိန်မှစ၍ တစ္ဆေများလည်း မခြောက်တော့။ ထိုအချိန်ခါမှစ၍ တစ္ဆေသရဲနှင့်သတ်သော ရွှေလုံ့မိုလ်ဆိုပြီး ရခိုင်သားတို့ ပါးစပ်ဖျားမှာ နာမည်ကြီးနေတော့သည်။

နောက်တစ်နေ့ရောက်သောအခါ မျက်နှာဖြူအရေးပိုင်က လူကြုံနှင့် အခေါ်လွှတ်တော့သည်။ မင်းကြီးရွှေလုံ့မိုလ်ကို မြင်သည်နှင့် မျက်နှာဖြူ သရဲတစ္ဆေများကို ခုတ်သည့်ဓားများအား အပ်ရန် ပြောတော့သည်။ ဒါ့အပြင် ရခိုင်အမျိုးသားများအား မစည်းရုံးရန်လည်း သတိပေးခဲ့သည်။

သည့်နောက်ရွှေလုံ့မိုလ်အား နေ့စဉ်အရေးပိုင်ရုံးမှာ လက်မှတ်ထိုးရန်၊ မြန်မာစစ်ဝတ်တန်ဆာများကို လုံးဝမဝတ်ရန် စသည်ဖြင့် အ[illegible] ကိုင် ပညတ်ခဲ့သည်။ မင်းကြီးရွှေလုံ့မိုလ်သည် သည်ကိစ္စများ[illegible]တွက်



www.burmeseclassic.com

www.burmeseclassic.com



မခံမရပ်ဖြစ်ခဲ့သော်လည်း သူ့ကိုမှီခိုနေသည့် မိသားစုအားလုံး၏ မျက်နှာကို ငဲ့၍ ခေါင်းငုံ့အလျှော့ပေးခဲ့ရသည်။

တစ်နေ့သောအခါ မင်းကြီးရွှေလုံ့ပိုလ်သည် နာရိကန်ဘက်သို့ မြင်းစီး၍လာခဲ့၏။ ခါတိုင်းက ဖနီးသည် ခင်ဖုန်းပါ ပါလေ့ရှိ၏။ ခင်ဖုန်းက ယခုအခါ ကိုယ်လေးလက်ဝန်ရှိနေသဖြင့် မလိုက်နိုင်ခဲ့။ စစ်တွေမြို့အဝင် တံတားနားကိုရောက်သောအခါ မျက်နှာဖြူအရေးပိုင်သည် တုတ်ကောက်ကလေး တယမ်းယမ်းနှင့် လမ်းလျှောက်လာနေသည်။ အရေးပိုင်နောက်မှာလည်း ခေါင်းပေါင်းစတလူလူနှင့် စကားပြန်တစ်ဦး ပါသည်။

"ဂွတ်မောနင်း ရွှေလုံ့ပိုလ်"

ရွှေလုံ့ပိုလ်က တုံ့ပြန်စကားဖြင့် အရေးပိုင်ကို နှုတ်မဆက်ဘဲ မေးခွန်းတစ်ခုကို ကောက်မေးလိုက်သည်။

"ခင်ဗျား ဂွတ်မောနင်းကို အသာထားပါ။ ကျုပ်မသိလို့ မေးပါရစေ။ ခင်ဗျားတို့ ဘာကြောင့် တရွှေခြောက်တဲ့အိမ်ကြီးမှာ ကျုပ်တို့မိသားစုကို ထားရပါသလဲ"

သည်မှာ အရေးပိုင်က

"ရွှေလုံ့ပိုလ် သတ္တိကောင်းသည်ဆို၍ တပင်ထားရပါသည်။ ယခု သရဲများ သေသွားကြောင်းသိရ၍ ကျွန်ုပ်ဝမ်းသာပါသည်"

ဟု ခပ်ရွှန်းရွှန်း အသောကလေးထည့်၍ ပြောလိုက်သည်။

မင်းကြီးရွှေလုံ့ပိုလ်ရင်ထဲမှာ ထောင်းခနဲဖြစ်သွားပြီး မြင်းကို တစ်ပတ်လှည့်လိုက်ကာ မျက်နှာဖြူအရေးပိုင်မျက်နှာအား မြင်းပေါ်မှနေ၍ ခြေနှင့် ဆောင့်ကန်ပစ်လိုက်သည်။ အရေးပိုင်သည် ပြင်းထန်သောကန်ချက်ကြောင့် ရေစီးနေသောချောင်းထဲသို့ ဝုန်းခနဲ ထိုးကျသွားတော့သည်။

နောက်လိုက်တပည့် စကားပြန်က ရေထဲကျသွားသည့် သူ့သခင် အရေးပိုင်အား သုတ်သီးသုတ်ပျာနှင့် ဆယ်နေသည့်မြင်ကွင်းကို





မကြည့်တော့ဘဲ မြင်းကို ဒုန်းစိုင်း၍ နှင်သွားတော့သည်။

ထိုအမှုနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ရွှေလုံ့ပိုလ်အား မာန်အောင်ကျွန်းသို့ ပြောင်းရွှေ့လိုက်တော့သည်။ ရွှေလုံ့ပိုလ်က ဖနီးသည်မီးဖွားပြီး ဆယ်ရက်သာရှိနေသေး၍ ခေတ္တဆိုင်းငံ့ပါရန် မေတ္တာရပ်ခံပါသော်လည်း မျက်နှာဖြူများက ရွှေလုံ့ပိုလ်ကို ထိုအချိန်မှစ၍ တစ်နေရာတည်းမှာ ပုံသေမထားတော့။

ခြောက်လတစ်ခါ ရမ်းဗြဲကျွန်း၊ ကျောက်ဖြူ၊ မြို့ဟောင်း၊ ဘူးသီးတောင်စသည်ဖြင့် ရခိုင်ပြည်နယ်မှာ ဆယ်နှစ်အထိ အကျယ်ချုပ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




# ငါ့ပစ္စည်းပြန်ပေး

ဤလူ့လောက၌ လူပေလူရှုတ်များ အသီးသီးရှိကြ၏။ လူပေလူရှုတ်များသည် ကိုယ်ထင်ရာ စိုင်းလုပ်တတ်ကြ၏။ အများအားဖြင့် လုပ်ရပ်များကို ဆင်ခြင်တုံတရားနည်းပါးစွာဖြင့် ကိုယ့်သဘောနှင့်ကိုယ် လုပ်လေ့ရှိ၏။ ကျွန်တော်တို့ မြန်မာလူမျိုး၏ ယဉ်ကျေးမှုဓလေ့၌ မင်္ဂလာနှင့် အမင်္ဂလာဟူသော စကားနှစ်လုံးရှိ၏။ မင်္ဂလာကို ဆောင်အပ်၏။ ပြုလုပ်အပ်၏။ မြတ်မြတ်နိုးနိုးလည်း ထိန်းသိမ်း၍ မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းရ၏။ အမင်္ဂလာအမှုများကိုမူ ဆောင်လည်း မဆောင်အပ်၊ ပြုလည်းမပြုအပ်။ မလွှဲသာ၊ မရှောင်သာ ကြုံခဲ့ရလျှင်လည်း မြန်မာဓလေ့အတိုင်းသာ စီရင်အပ်၏။ ဒါကို နားမလည်သည့် လူပေလူရှုတ်၊ လူ့တဖောက်ကန်းများရဲ့ လုပ်ရပ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်ကြုံတွေ့ရသည့် ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်မှန်အား စာဖတ်သူများ ခံစားနားလည်နိုင်စေခြင်း အလို့ငှာ ဤဇာတ်လမ်းကို ရေးသားလိုက်ခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထွန်းမြို့သည် ဒိုင်နာကားမောင်းသည့် ဒရိုင်ဘာတစ်ဦးဖြစ်၏။ တစ်နေ့သောအခါ သူသည် ကြွေပြားစီကျောက်ပြားတစ်ချပ်ကို သာကေတရှိ နေအိမ်သို့ ကားနှင့် သယ်ယူလာသည်။ ကျောက်ပြားမှာ အရှည် ၃ ပေ၊ အလျား ၂ ပေခန့်ရှိပြီး အပေါ်မှာ အရောင်တောက်ပသည့် ကြွေပြားအကောင်းစားကို အကွက်ဖော်၍ စီထား၏။ ၎င်းကျောက်ပြားကို သူ့မိန်းမ မခင်ရွှေမြင်တော့ ဘာလုပ်ဖို့လဲဟု မေးလိုက်သည်။

''အဝတ်လျှော် ကျောက်ပြားလုပ်ဖို့လေဟာ။ မကောင်းဘူးလား''

''ကောင်းပါတယ်၊ အဖိုးတန်ကြီးပဲ။ ရှင့်ကို ဘယ်သူပေးလိုက်တာလဲ''

''ကန်ထရိုက်တစ်ယောက် အဆောက်အအုံဖျက်လို့ တောင်းယူလာတာ''

သို့နှင့် ၎င်းကြွေပြားစီ ကျောက်ပြားကို ရေချိုးသည့် ရေစည်အနီးမှာ နေရာချလိုက်ပြီး ရေချိုးအဝတ်လျှော်ခြင်းကိစ္စကို စတင်ပြုလုပ်ခဲ့ကြလေသည်။

ထူးဆန်းသည်ကား ညဥ့်သန်းခေါင်ယံသို့ ရောက်သောအခါ





မခင်ရွှေတို့အိမ်မှာ မွေးထားသည့် ခွေးကြီးအောင်နက်သည် မအော်စဖူး အသံရှည်ကြီးနှင့်အူတော့သည်။ အူသမျှ ဆွဲဆွဲငင်ငင်နှင့် မကြာခဏ အူခြင်းဖြစ်သည်။ သူ့အူပုံကား မကောင်းဆိုးဝါးများကို မြင်၍အူသည့် အသံမျိုးဖြစ်သဖြင့် မခင်ရွှေရော ကိုထွန်းမြိုင်ပါ အိပ်ရာမှနိုးလာကြ၏။ မကြာခင် သူတို့သမီးလေး ကြည်ပြာမြိုင်လည်း လန့်၍နိုးလာခဲ့သည်။

ထွန်းမြိုင်က ''ဟဲ့. . . ခွေး''ဟု အိပ်ခန်းတွင်းမှ လှမ်းဟောက်လိုက်လျှင် အောင်နက်က ခဏငြိမ်သွားခဲ့ပြီး ခဏကြာလျှင် ပြန်အူတော့သည်။ အိမ်နီးနားချင်း အိမ်များကလည်း ''ဟဲ့. . . ခွေး''ဟု လှမ်းအော်ကြသည်။ သို့သော် ခွေးကား ခဏပဲရပ်ပြီး ဆက်အူသည်။

သို့နှင့် ဆိုးဆိုးဆတ်ဆတ်နိုင်လှသော မခင်ရွှေသည် အိပ်ရာမှ ထ၍ လက်နှိပ်ဓာတ်မီးယူပြီး ခွေးရှိရာကို မီးရောင်နှင့်ထိုးကြည့်လိုက်သောအခါ အောင်နက်ကြီးသည် သူ့လင်ထွန်းမြိုင် နံနက်ကယူလာသည့် ကြွေပြားစီ အဝတ်လျှော်ခုံကျောက်ပြားပေါ်မှာ ငုတ်တုတ်ထိုင်၍ ခြံဝကို မျက်နှာမူပြီး အားရပါးရ အူနေသည်ကို တွေ့လိုက်ရသည်။ သည့်နောက် အိမ်ပေါ်မှာ တွေ့လိုက်ရသည့် သနပ်ခါးတုံးအပေါက်းနှင့် ကောက်ပေါက်လိုက်မှ အောင်နက်ကြီး ကျောက်ပြားပေါ်မှ ပြေးထွက်သွားလေသည်။

♛♛♛

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော တိုက်ဆိုင်မှုများကား ဤမျှဖြင့် မရပ်သေး။ နောက်နေ့နံနက်သို့ရောက်သောအခါ ဖြစ်စဉ်ဆန်းတစ်ခုကို မိသားစုသုံးယောက်ကြုံရပြန်သည်။ မနေ့က ကျောက်ပြားပေါ်မှ လျှော်လှန်းခဲ့သည့် အင်္ကျီပုဆိုးများကို ဒီနေ့ဝတ်သောအခါ ဝတ်ပြီးမကြာခင်မှာပင် အသားအရေများ ယားလာသည်။

သမီးလုပ်သူက ကျောင်းကပြန်လာတော့ ဒီအင်္ကျီယားသည်ဆို၍ နောက်တစ်ထည်လဲပေးလိုက်ရသည်။ မခင်ရွှေကလည်း အသားတွေယား၍ ကုတ်ရလွန်းသဖြင့် အရေပြားပေါ်မှာ လက်သည်းရာပင် ထင်နေသည်။ သူ့မလင်ထွန်းမြိုင် ကားသိမ်း၍ ပြန်ရောက်တော့လည်း "ဒီနေ့ တစ်နေ့လုံးယားလိုက်တာ ခင်ရွှေရာ၊ ကားမောင်းရတာထက် ကုတ်နေရတာက အချိန်များနေတယ်။ ဘယ်သူ့များ ကားခေါင်းထဲ ခွေးလှေးယားသီးမှုန့်များ ဖြူးသွားလဲမသိဘူး။ ဟူး. . ."

"ဟင်. . . ရှင်လည်း အသားတွေယားတယ်"

"အေးဟာ. . . ဒီအင်္ကျီကို ရေနွေးနဲ့ပြုတ်လျှော်လိုက်"

"ဘုရားရေ. . ."

မခင်ရွှေက တိုက်ဆိုင်မှုများကြောင့် အံ့သြပြီး ဘုရားတလိုက်၏။





"ဘာလဲဟ၊ နင်ကလဲ"

"ကျွန်မလည်း တစ်နေ့လုံးယားလွန်းလို့ ကုတ်လိုက်ရတာ၊ ဒီမှာ ကြည့်တော့"

မခင်ရွှေက လက်မောင်းပေါ်မှ ကုတ်ရာများကို ပြလိုက်သည်။

"သမီးလည်း ကျောင်းမှာ အသားတွေယားတယ် အမေရဲ့"

"ဘာတွေများ ဖြစ်နေတာလဲတော်"

ထွန်းမြိုင်က ဘာမှမပြောဘဲ ထိုင်ရာမှထ၍ ရေစည်ရှိရာသို့သွားပြီး ရေများကို တဗုန်းဗုန်းခပ်ချိုး၏။ ဆပ်ပြာတိုက်လုပ်ကာ အပူအပင်မရှိသလို အရေးမကြီးသလို သီချင်းပင်အော်၍ ဆိုနေလိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com

တတိယမြောက်ဖြစ်စဉ်က ပို၍တုန်လှုပ်စရာ ကောင်းလာ၏။

တစ်ညှ မခင်ရွှေ အိပ်မက်ဆန်းတစ်ခု မက်ခဲ့သည်။ အိပ်မက်ထဲမှာ အသက် ၆၀ ခန့်ရှိသာ အဘွားအိုတစ်ဦး၊ သွားကလည်း ခေါခေါ၊ အသားကလည်း မည်းမည်း၊ လူက ပိန်ခြောက်ခြောက်၊ ခါးကိုင်းကိုင်း၊ ဆံပင်ရှည်ကြီးကို ဖားလျားချလို့ အိမ်ထဲကို ဝင်လာသည်။

''ဘာကိစ္စရှိလို့လဲ အမေ''

မခင်ရွှေက တစ်ခါမှမမြင်ဖူး၍ လှမ်းမေးလိုက်သည်။

''ညည်းကို ပြောစရာရှိလို့''

''ဘာများပါလိမ့် အမေရယ်။ ပြောပါ. . . ပြောပါ''

''ငါ့. . . ပစ္စည်းကို ပြန်ပို့ပေးပါအေ''

''ရှင်. . . အမေ့ပစ္စည်း၊ ကျွန်မတို့က အမေ့ဘယ်ပစ္စည်းများ ယူထားမိလို့လဲ အမေရဲ့။ အမေ့လည်း ကျွန်မ မသိ. . .''

''ဩော်. . . ညည်းတို့က ယူတုန်းက ယူသွားပြီး ခုမှ မေ့ချင်ယောင်၊ မသိချင်ယောင်ဆောင် နေကြသကိုး။ ဒါဆိုလည်း ရပါတယ်အေ. . .''

အဘွားအိုက ဒေါပွသွားဟန် မျက်နှာထားနှင့် ချာခနဲလှည့်၍





ထွက်သွားပြီး ခြံဝအရောက်မှာ လှည့်၍ မျက်စောင်းတစ်ချက်ထိုးကြည့်လိုက်ရာ အဘွားအိုမျက်နှာပေါ်မှ ကြောက်စရာအသွင်ကို မြင်လိုက်ရပြီး မခင်ရွှေ လန့်အော်၍ အိပ်ရာမှ နိုးလာခဲ့၏။ လင်လုပ်သူက ဘာဖြစ်တာလဲဟု ဟောက်၍မေးလိုက်သဖြင့် မခင်ရွှေက အသာကိုယ်ရှိန်သတ်ပြီး ဒီအိပ်မက်အကြောင်း မိုးလင်းမှပဲ လင်လုပ်သူကို ပြောပြတော့မည်ဟု ဆုံးဖြတ်ကာ သမီးလုပ်သူအားဖက်ပြီး ဘုရားစာများ စိတ်မှရွတ်၍ အိပ်ပစ်လိုက်သည်။

♛♛♛

www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းတော့ လင်လုပ်သူက အစောကြီးထ၍ ကားအုံနာအိမ်သို့ ထွက်သွားခဲ့၏။ သို့နှင့် သမီးကျောင်းသွားဖို့ ထမင်းချိုင့်အတွက် လမ်းထိပ်ဈေးလေးသို့ ဆွဲခြင်းဆွဲ၍ ထွက်ခဲ့လိုက်သည်။ အိမ်မှာ ဒုတိယတန်းကျောင်းသူ သမီးလေးကို ထားနေကျအတိုင်း အိမ်စောင့်ထားခဲ့လိုက်သည်။ ဟင်းချက်စရာများ ကပျာကယာဝယ်ပြီး အိမ်ပြန်လာတော့ သမီးက ရေချိုးနေသည်။

"အမေ"

"ဘာလဲ သမီး"

"စောစောတုန်းက ဘွားဘွားကြီးတစ်ယောက် လာသွားတယ်"

"ဘယ်သူလဲ သမီး။ အကြီးသိန်းလား၊ အဘွား မစိလား"

"မဟုတ်ဘူး။ အခုလာတဲ့ ဘွားဘွားကြီးကို သမီး တစ်ခါမှ မမြင်ဖူးဘူး"

"ဘယ်သူများပါလိမ့်၊ နာမည် ပြောမသွားဘူးလား။ ဘယ်လိုပုံစံလဲ"

"နာမည်လည်း မပြောဘူး။ အသက်ကြီးကြီး၊ ခါးကိုင်းကိုင်း၊ အသားမည်းမည်း၊ သွားခေါ်ခေါ်နဲ့"





"ဟင်. . . အသက်ကြီးကြီး၊ ခါးကိုင်းကိုင်း၊ အသားမည်းမည်း၊ သွားခေါ်ခေါ်နဲ့၊ ဘုရား. . . ဘုရား သူ. . . သူ. . . ဘာပြောသွားလဲ သမီး၊ မြန်မြန်ပြောစမ်း"

မခင်ရွှေ ထူးထူးခြားခြားဖြစ်နေပြီမှန်း ရိပ်မိလိုက်၍ သမီးလုပ်သူကို အလျင်စလို မေးလိုက်မိသည်။

"အဲဒီဘွားဘွားကြီးက ပြောသွားတယ်"

"အေးပါ။ မြန်မြန် လိုရင်းကိုပြောစမ်းပါ သမီးရယ်"

"ဘွားဘွားကြီးက ကောင်မလေး နင့်အဖေလာရင် ပြောလိုက်တဲ့။ နင့်အဖေယူသွားတဲ့ ငါ့ပစ္စည်း အမြန်ပြန်လာပို့ပါတဲ့။ ပြောပြီး ချက်ချင်းထွက်သွားတာပဲ"

"အလိုလေး. . . မြတ်စွာဘုရား"

မခင်ရွှေ သမီးစကားဆုံးသောအခါ ကျောထဲမှာ ကြက်သီးများဖြန်းခနဲ ဖြန်းခနဲထသွားပြီး ခေါင်းနားပန်းများ ကြီးသွားခဲ့တော့သည်။ သည့်နောက် သမီးကို အိမ်ပေါ်အမြန်တက်ဟုပြောပြီး အဝတ်နှင့် ရေသုတ်ပေးလိုက်ရင်း. . .

"သမီးနဲ့ အဲဒီအဘွားကြီးနဲ့ စကားပြောနေတာကို ဘယ်သူမြင်သေးလဲ သမီး"

"ဘယ်သူမှမမြင်ဘူး အမေ။ အဲဒီဘွားဘွားကြီးက ခြံဝကနေပြောပြီး ချက်ချင်းထွက်သွားတာ"

မခင်ရွှေက သမီးလုပ်သူကလေးကို အဝတ်နှင့်ပတ်၍ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။ သူမမျက်လုံးထဲမှာ ညက အိပ်မက်ထဲရောက်လာသည့် အဘွားအိုကြီးကို ပြန်လည်မြင်ယောင်နေမိသည်။ ညက အိပ်မက်ထဲမှာ ငါ့ပစ္စည်းပြန်ပို့ပေးပါဟု လာပြောသည့် အဘွားအိုကြီးရဲ့ ရုပ်သွင်သဏ္ဌာန်နှင့် သမီးကိုယ်တိုင် ကြုံတွေ့ကြားသိခဲ့ရသည့် အဘွားအို



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ အသွင်သဏ္ဍာန်သည် ထပ်တူနီးပါး ရှိနေပါကလား။ ထူးဆန်းလိုက်ပါဘိ။

❦❦❦

ပဥ္စမပြောက်ဖြစ်စဉ်ကို ကြုံလိုက်ရသောအခါ မခင်ရွှေ လိပ်ပြာလွင့်မံတတ် ဖြစ်သွားခဲ့ရသည်။ သမီးကျောင်းသွားပြီးနောက် သူမကလေးအဝတ်အစားနှင့် လင်လုပ်သူရဲ့ ပုဆိုးအင်္ကျီများကို ကြွေပြားစီအဝတ်လျှော်ကျောက်ပြားပေါ်မှာ လျှော်နေစဉ်ဖြစ်သည်။

ကျောက်ပြားပေါ်မှာ ညတိုင်း တက်တက်ဘူသည့် အောင်နက်ကြီးရဲ့ ခြေရာများ။ မြေမှုန့်များနှင့် စွန်းထင်းညစ်ပေနေ၍ ကျောက်ပြားပေါ်သို့ ရေလောင်းသန့်စင် ပွတ်တိုက်လိုက်သည်။ ခွေးခြေရာ အစွန်းအညစ်များ ပျောက်သွားတော့ ကြွေပြားအဝတ်လျှော်ခုံပေါ်မှာ ကြည်လင်သော ရေပြင်တင်ကျန်ရစ်ခဲ့သည်။ ရေသည် မှန်သားကဲ့သို့ ရှိနေ၏။

သည်မှာတင် ကျောက်ပြားပေါ်ရှိ မှန်သားရေပြင်ထဲမှ မမျှော်လင့်ဘဲ မျက်နှာကြီးတစ်ခု တဖြည်းဖြည်း ပေါ်လာခဲ့တော့သည်။ မခင်ရွှေ ဟုတ်မှဟုတ်ပါ့မလားဟု ဂရုစိုက်၍ကြည့်နေစဉ်မှာပင် ကြွေပြားစီကျောက်ခုံ မှန်သားရေပြင်ထဲမှ ထင်ရှားသော လူမျက်နှာတစ်ခုကို သူမ ပီပြင်ထင်ရှားစွာ မြင်လိုက်ရတော့သည်။ ၎င်းမျက်နှာကို ထင်ထင်ရှားရှားမြင်လိုက်ရသောအခါ လက်ထဲမှ ရေခွက်လွတ်ကျသွားပြီး အလန့်တကြားအော်ဟစ်လိုက်တော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အောင်မလေး. . . လာ. . . လာကြပါဦး၊ လာကြပါဦး. . . အား. . .''

သူမရဲ့ အလန့်တကြား အော်လိုက်သံကြောင့် အိမ်နီးချင်းများ ပြေးဝင်လာကြသည်။ အချို့က မြွေလားဟု မေးကြသည်။ အချို့က မီးလန့်သည်မှတ်၍ ရေပုံးများနှင့် ပြေးဝင်လာကြသည်၊ သူတို့ ပြေးဝင်လာသည့်အချိန်၌ မခင်ရွှေ လဲကျပြီး သတိလစ်ချင်သလို ဖြစ်နေပြီ။ အိမ်နီးနားချင်းများက ဝိုင်းထူပွေ့လှုပ်၍ မေးကြမြန်းကြသည်။

''မျက်. . . မျက်နှာကြီး။ ကြောက်. . . ကြောက်စရာကြီး''

''ဟဲ့. . . မခင်ရွှေ သတိထား. . . သတိထားလေ၊ ဘာဖြစ်နေတာလဲ''

''မျက်နှာကြီး၊ ကျောက်ပြားပေါ်. . . ပေါ်မှာ. . . အမလေး''

မခင်ရွှေ ကြောက်လန့်လွန်း၍ နီးရာလူကို တအားဖက်ပြီး အသားများတုန်နေသည်။ မကြာခင် သူမ အိမ်နီးနားချင်းများကို မြင်ရပြီး အသိစိတ်များ ပြန်မှန်လာခဲ့သည်။ ဖြစ်စဉ်ကို ဝိုင်းမေးကြ၍ မခင်ရွှေက အဝတ်လျှော်ခုံ ကျောက်ပြားရေပြင်မှာ ပေါ်လာသော အသားမည်းမည်း၊ သွားခေါခေါ၊ ဆံပင်ဖားလျားနှင့် သူမကို မျက်စောင်းထိုးကြည့်နေသည့် မိန်းမကြီးအကြောင်းပြောပြလိုက်ရာ အိမ်နီးနားချင်းများက သူမ ပြောသည့် အဝတ်လျှော်ကျောက်ပြားရှိရာသို့ ဝိုင်းအုံ၍ ကြည့်ကြသည်။

ကြွေပြားစီ အဝတ်လျှော်ကျောက်ပြားပေါ်၌ တစ်ပေပတ်လည်ခန့် တင်ကျန်နေသည့် ရေပြင်မှလွဲ၍ ဘာဆို ဘာမှမတွေ့ကြရ၊ ''ဘာမှ မရှိပါဘူး ခင်ရွှေရယ်''ဟု ပြောပြသည့်တိုင် မခင်ရွှေက ''သူ့ကိုယ်တိုင် မြင်ရတာပါ''ဟု ဇွတ်ပြောခဲ့သည်။ သည့်နောက် အိမ်နီးနားချင်းများက ချော့မော့ဖျောင်းဖျပြီး အိမ်ပေါ်သို့ ပြန်ပို့ပေးကာ ဝိုင်းစောင့်ပေးခဲ့ရလေသည်။





သည်အကြောင်း လင်လုပ်သူ ပြန်ရောက်တော့ မခင်ရွှေက သူမနှင့် သမီးလုပ်သူကို ကြုံရပုံများကို ပြောပြသောအခါ ကိုထွန်းမြိုင် မျက်နှာတစ်ချက် ပျက်သွားခဲ့သော်လည်း မဖြစ်နိုင်ပါဘူး၊ နင်တို့ကို တစ်ယောက်ယောက်က အရူးလုပ်တာ၊ နောက်တာနေမှာပါဟူ၍လည်းကောင်း၊ အတွေးလွန် စိတ်ကူးလွန်လို့နေမှာ ဟူ၍လည်းကောင်းပြောကာ ထမင်းဝိုင်းသို့ ဝင်လိုက်လေသည်။

♛♛♛

www.burmeseclassic.com

www.burmeseclassic.com

ထိုညကတော့ လူပေလူရွှတ်ကြီး ထွန်းမြိုင်ကိုယ်တိုင် တားရည်ဆွဲပြီး သိုင်းကွက်နင်းရသည့် ဘဝသို့ ရောက်ချင်းမလှ ရောက်ခဲ့ရတော့သည်။ ထွန်းမြိုင် ထူးဆန်းကြောက်စရာကောင်းသည့် အိပ်မက်ဆိုးတစ်ခုကို မြင်မက်ခဲ့ရသည်။ ဒီလိုအိပ်မက်မျိုး တစ်ခါမှ သူ မမက်ဖူးခဲ့။

အိပ်မက်ထဲမှာ အသားမည်းမည်း၊ ခါးကိုင်းကိုင်း၊ မျက်လုံးပြူးပြူး၊ သွားခေါခေါနှင့် မိန်းမကြီးတစ်ယောက် ဆံပင်ရှည်ကြီး ဖားလျားချ၍ သူ့ကို ရင်ဆိုင်နေသည်။

''ဟေ့. . . ထွန်းမြိုင်၊ နင် ငါ့ပစ္စည်းပြန်ပို့မလား။ မပို့ဘူးလား ပြော''

အဘွားကြီးက အသက်ကြီးကြီး ခါးကိုင်းနေပေမဲ့ အသံကမာတင်းနေ၏။ သူ့မျက်နှာပေါ်မှာ ဒေါသရိပ်များကိုလည်း တွေ့နေရသည်။

''ကျုပ်က ခင်ဗျားပစ္စည်း ဘာယူလို့လဲ. . . ပြော. . . ပြော''

သူကလည်း အဘွားအိုကြီးကို ဂရုမစိုက်သလိုပြော၍ နှင်ထုတ်လိုက်သည်။

''နင်ယူသွားတဲ့ပစ္စည်း နင်မသိဘူးလား''

''မဆိုင်တာဗျာ။ ခင်ဗျားပစ္စည်း ဘာယူလို့လဲ ပြော. . . ပြော''





''ဩော်. . . ကိုယ်ယူတဲ့ပစ္စည်း ကိုယ်မသိဘူးကိုး။ ဟဲ့. . . အကောင်ရဲ့၊ နင်ယူသွားတာ ကျောက်ပြား. . . ကျောက်ပြား။ ဟောဟိုမှာ အဝတ်လျှော်ခုံလုပ်ထားတဲ့ ကျောက်ပြားဟာ နင်ယူသွားတဲ့ ငါ့ပစ္စည်းပဲ။ နင် အခုပြန်ပို့ပေးမလား၊ မပို့ဘူးလား. . . ပြော''

''မပို့ဘူးဗျာ။ ကဲ. . . ဘာလုပ်မလဲ လုပ်စမ်း''

ထွန်းမြိုင်က ပမာမခန့်ပြောပြီး အဘွားအိုကြီးကို စိန်ခေါ်လိုက်သည်။

''ဩော်. . . ဒီလိုလား။ နင်က ငါ့ပစ္စည်းလည်း မပြောမဆိုယူသွားပြီး လူပါးဝစကားပြောလို့၊ တွေ့ကြရောပေါ့ဟာ''

အဘွားကြီးဟာ မျက်ထောင့်နီကြီးနဲ့ ဒေါသတကြီး ကြိမ်းဝါးပြီးဖြူနီးဆို အဝတ်လျှော်ခုံကျောက်ပြားကြီးကို ကောက်မလိုက်သည်။ အံ့ဩစရာကောင်းသည်ကား လူနှစ်ယောက်မမှရသည့် ကျောက်ပြားကြီးသည်ပိန်ခြောက်ခြောက် ခါးကိုင်းကိုင်း အဘွားအိုကြီးရဲ့လက်ထဲမှာ ဇွေ့ခနဲပါလာခဲ့သည်။

ထွန်းမြိုင်အံ့ဩ၍ မျက်တောင်မခတ်ကြည့်နေဆဲမှာပင် အဘွားအိုကြီးက ကျောက်ပြားကြီးကို စက္ကူချပ်ပြားကိုင်လာသည့်အလား လက်နှစ်ဖက်နှင့်ကိုင်၍ ပြေးလာရင်း သူ့ကို ကျောက်ပြားနှင့်ဖိသတ်ရန် လုပ်တော့သည်။

လုံးရင်းထွေးရင်း ထွန်းမြိုင်လဲကျသွားသည်။ သူ ထူးဆန်းလှသော အဘွားအိုနှင့် ယှဉ်၍မလုံးနိုင်ခဲ့။ သည်တင် သူ့ရင်ဘတ်ပေါ်သို့ လေးလံလှသော ကျောက်ပြားကြီးက ပိကျလာသည်။ သူ အသက်ရှူလည်း ကျပ်လာသည်။ အင်အားရှိသမျှ ရုန်းကန်သော်လည်း ကျောက်ပြားကြီးက မကြွဘဲ ပို၍ဝန်ပိလာခဲ့သည်။

သူ့အသက်အတွက် စိုးရိမ်လွန်း၍ တစ်ကိုယ်လုံးချွေးသီးချွေး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျမှ ရှန်းကန်တွန်းဖယ်ပစ်သည်။ ပါးစပ်ကလည်း ဇနီးသည့်ရဲ့ နာမည်ကိုခေါ်၍ အကူအညီတောင်းနေမိသည်။ ကျောက်ပြားပိနေသည့် အလေးချိန်ကြောင့် သူ အသက်ရှူ၍မဝတော့။ နောက်ဆုံး သူ ဘုရား. . . ဘုရားဟု ပါးစပ်မှအော်ရင်း အားကုန်ဆောင့်တွန်းလိုက်ရာ ရင်ဘတ်ပေါ်မှ ကျောက်ပြားရော အဘွားအိုကြီးပါ လွင့်ပစ်လိုက်သလို လွင့်စဉ်၍ ခြံအပြင်သို့ ရောက်သွားသည်။ သည့်နောက် သူ 'ကျွား'ဟု တစ်ချက်အော်၍ မာန်သွင်းပြီး ဝုန်းခနဲ ကုန်းထလိုက်သည့် အချိန်ရောက်မှ အိပ်မက်မှ နိုးလာခဲ့သည်။

တစ်အိပ်လုံး ဆူညံနေသည်။ သူ့မိန်းမရဲ့ အော်ဟစ်သံ။ သမီး လုပ်သူရဲ့ ငိုသံများကို သူကြားနေရသည်။ အိပ်မက်မှ နိုးလာခဲ့သည့်တိုင် အိပ်မက်ဟု သူမမြင်၊ အမှန်တကယ် ဖြစ်နေသည်ဟု ယူဆကာ မှောင်ထဲ မှာပင် ငှက်ကြီးတောင်ဓားကို လှမ်းစမ်းနှုတ်ပြီး အိပ်ရှေ့တံခါးကိုဖွင့်၍ အိမ်ပေါ်မှ ခုန်ဆင်းချလိုက်သည်။

မကြာခင် မီးများလင်းလာသည်။ သူ့မိန်းမ အလန့်တကြား အော်သံကြောင့် အိမ်နီးနားချင်းများနိုး၍ ပြေးဝင်လာကြသည်။ လက်နှိပ် မီးရောင်များ သူ့ကိုယ်ပေါ်သို့ ကျလာသည်။ ငှက်ကြီးတောင်ဓားရှည်ကို ကိုင်၍ ဟိုကြည့်ဒီကြည့်လုပ်နေသည့် သူ့ကိုမြင်သောအခါ အားလုံး ဆက်မဝင်ရဲဘဲ အဝေးမှနေ၍ ဓားကိုချရန် ဝိုင်းပြောကြသည်။ သူ့မိန်းမ မခင်ရွှေကလည်း အိမ်ပေါ်မှ ပြေးဆင်းလာပြီး သူ့ခြေအစုံကိုဖက်ကာ ငိုယိုတောင်းပန်နေသည်။

သည်တော့မှ သူ အမှန်တကယ် အိပ်မက်မက်ပြီး ထယောင်နေ မှန်း အတိအကျသိလိုက်ရသည်။ သူ့ခေါင်းထဲသို့ အသိတရားများ ပြန် ဝင်လာခဲ့ပြီး သူခြံစည်းရိုးအပြင်သို့ လှမ်းကြည့်လိုက်သည်။ အိပ်မက်ထဲမှ သူ့ကို ဒုက္ခလာပေးသည့် အဘွားအိုကြီးမရှိ။ သူ့အိမ်နီးနားချင်းများပဲ





ရှိနေကြသည်။ သူ ဓားကို ပစ်ချလိုက်သည်။ ရေစည်ဝန်းကျင်ကို လှမ်း ကြည့်လိုက်တော့ ကျောက်ပြားကြီးက သည်အတိုင်း။

သို့သော် ထူးခြားသော ဖြစ်ရပ်တစ်ခုတော့ ရှိနေသေးသည်။ အခြားမဟုတ်။ အောင်နက်ကြီးသည် ကျောက်ပြားပေါ်မှ ငုတ်တုတ်ထိုင်၍ ခြံပြင်ကို ငေးကြည့်ကာ ဆွဲဆွဲငင်ငင် အူနေခြင်းပဲဖြစ်သည်။

မကြာခင် အသိမိတ်ဆွေများက အူကြောင်ကြောင်ဖြစ်နေသည့် သူ့ကို ဝိုင်းထိန်းချော့ကာ အိမ်ပေါ်ရောက်တော့ ဖြစ်စဉ်ကို ဝိုင်းမေးကြ သည်။ သူ့မိန်းမကလည်း ဘာဖြစ်လို့လဲဟု အမောတကောမေးသည်။ သူ ကိုယ့်အပြစ်နှင့်ကိုယ်မို့ အမှန်ကို ဝန်ခံရခက်နေသည်။ သို့သော် သူတို့မိသားစုအတွင်းမှာ ဒီကျောက်ပြား ရောက်လာသည့်အချိန်မှစ၍ ထူးဆန်းအံ့ဩဖွယ်ရာများ နေ့စဉ်လိုလို ကြုံနေရသည်ကို သူသိသည်။ သိသော်လည်း မဖြစ်နိုင်ပါဘူးဆိုသည့် ခံယူချက်ဖြင့် သူ ဥပေက္ခာပြုခဲ့ သည်။

အခုအိပ်မက်ထဲမှာ သူ့မိသားစုပြောသည့် အဘွားကြီးက ဒီ ကျောက်ပြားကို လာတောင်းပြီး သူ့ကိုပါ. . .

သူ ဇနီးသည်ရဲ့မျက်နှာ၊ ကြောက်ရွံ့ငိုကြွေးနေသည့် သမီး ငယ်ရဲ့မျက်နှာကို စိတ်ထိခိုက်စွာ လှမ်းကြည့်ပြီး တောင်းပန်စကားဆိုကာ အများရှေ့မှာ သူ့ရဲ့ဖွတ်တရွတ်လုပ်ရပ် အမှားအကြောင်းကို ဝန်ခံပြော ကြားလိုက်လေသည်။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဖြစ်ပုံက သည်လို။ မြို့အနီးရှိသုသာန်ကို မြို့ပြင်သို့ ပြောင်းရွှေ့မည်ဆို၍ မြို့ဖျက်ထားသည့် အုတ်ဂူမှ အုတ်ကျိုးအုတ်ပဲ့များကို မြို့ပြင်သို့ သူတို့ကားနှင့် သယ်ပို့ပေးရ၏။ အချို့သော အုတ်ဂူပိုင်ရှင်မိသားစုများက ဂူဟောင်းထဲမှ အရိုးများကို ပြန်ယူ၍ သုသာန်အသစ်မှာ ပြန်လည်ဂူသွင်း အသစ်လုပ်ကြသဖြင့် အရိုးများ သယ်ပို့ပေးရသည်လည်း ရှိ၏။

ဒီမှာ သူ မြို့ဖျက်ထားသည့် အုတ်ဂူကြီးတစ်ခုရှေ့မှ ကြွေပြားစီထားသည့် အခင်းပြားအကောင်းကြီးတစ်ခုကို သွားတွေ့သည်။

ကျောက်ပြားက ရေချိုးခုံ၊ အဝတ်လျှော်ခုံလုပ်၍ရသည်။ သို့နှင့် ၎င်းကျောက်ပြားကို ကားပေါ်တင်၍ ယူလာခဲ့လိုက်သည်။

သူကဲ့သို့ လူစားတွေ ဒီသုသာန်ဟောင်းထဲမှာ တွေ့နေရသည်။ အချို့က ဂူဖျက်များမှ ကောင်းသောအုတ်များကို ရွေးယူ၍ စုထားကြ၏။ ၎င်းအုတ်များကို ပေါချောင်ကောင်း ကြိုက်သူများထံ ခပ်တည်တည် ရောင်းစားဖို့ လုပ်ကြခြင်းပဲဖြစ်သည်။

အချို့က မသိ၍ ဝယ်မိကြသည်။ အချို့က ဟိုဟိုဒီဒီသုံးရန် ဝယ်ကြသည်။

ဒီပစ္စည်း သုံးကောင်းလား၊ မသုံးကောင်းလား သူနားမလည်။





ပရဝိဉာဉ်ဆိုတာလည်း သူက သိပ်ယုံချင်တာ မဟုတ်။ ဒီကျောက်ပြားကလည်း ကိုယ်မယူလျှင် အခြားယူမည့်သူက ရှိနေသည်။ လိုချင်၍ စကားပင် ခေါ်နေကြလို့။

တိုတိုဆိုရလျှင် သုသာန်သချိုင်းဟောင်းဂူဖျက်ရှေ့မှ အခင်းကျောက်ပြားကြီး သူတို့အိမ်မှာ အဝတ်လျှော်ခုံအဖြစ် ရောက်လာခဲ့သည်။

သူ့မိန်းမ မခင်ရွှေကိုတော့ တိုက်အိမ်ဟောင်းဖျက်၍ ရေချိုးခန်းမှ ခွာယူလာသည့်ပစ္စည်းဟု ညာပြောထားခဲ့သည်။

ဟော. . . အခု မမျှော်လင့်သော ထိတ်လန့်ချောက်ချားဖွယ်ရာ အံ့သြဆန်းကြယ်စရာ ဖြစ်ရပ်များကို နေ့စဉ်လိုလို မိသားစုသုံးယောက် ကြုံခဲ့ရပြီ။

"မိုက်လိုက်ပါဘိ မောင်ထွန်းမြိုင်ရာ။ သုသာန်သချိုင်းက ပစ္စည်းဆိုတာ အမင်္ဂလာပစ္စည်းကွ။ မသုံးရဘူး။ မယူရဘူး။ ခိုက်တတ်တယ် မောင်ထွန်းမြိုင်ရဲ့"

ဒီမှာ အသက်ကြီးကြီး ဘကြီးဦးစိန်ဆိုသူက ထွန်းမြိုင်ကိုကြည့်၍ ဆို၏။

"သူများတွေ အုတ်တွေယူနေတာမြင်တော့ သုံးလို့ရတယ် မှတ်လို့ ဘကြီးရ"

"ဒီအရွယ်ရောက်နေကြပြီ ဥစ္စာ၊ ဗဟုသုတလည်း ရှိမှပေါ့ကွာ။ ဒါ မသန့်တဲ့ အမင်္ဂလာပစ္စည်းလို့ခေါ်တယ်။ သေသူအတွက် မြှုပ်နှံ အပိုင်ပေးထားတဲ့ ပစ္စည်းကွယ့်။ အဲဒီပစ္စည်းမျိုးကို တို့အသက်ရှင်လျက် လူတွေ အသုံးမပြုကောင်းဘူး။ အဲဒါတွေကို လမ်းခင်းပစ်ရင် ကိစ္စမရှိဘူး။ အခု မင်းဖြစ်တဲ့ဖြစ်ရပ်က ကွယ်လွန်သူ ဝိညာဉ်ကလည်း အစွဲအ[illegible]း ကြီးကြီးနဲ့ မကျွတ်မလွတ်နိုင်ဘဲ သူ့ဥစ္စာကို မက်ကပ်နေလို့ [illegible]ရအရ လာပြန်တောင်းနေတာ။ မိုးလင်းရင် အဲဒီပစ္စည်းကို အမြန်[illegible]ပြန်ပို့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ငါတူ။ မပို့ရင် ဒီထက်ဆိုးနိုင်ဖွယ်ရှိတယ်။ ဒါကြောင့် ဟိုကောင် အောင်နက်ကြီး ညတိုင်းအူ အူနေတာကိုး''

♛♛♛

BURMESE CLASSIC .com

သို့နှင့် မိုးလင်းသောအခါ ငှင်းကြွေပြားစီကျောက်ပြားကို ကားပေါ်တင်၍ သုသာန်အသစ်ရှိရာသို့ သွားပို့ပေးလိုက်သည်။ သုသာန်ရောက်သည်နှင့် ငှင်းကျောက်ပြားကြီးကို လူကူနှင့်မချပြီး ပါးစပ်မှလည်း ''အမေကြီး ဝိညာဉ်ခင်ဗျာ. . . အမေကြီးရဲ့ပစ္စည်းကို ကျွန်တော် လာပြန်ပို့ပေးခဲ့ပါပြီ၊ ကျွန်တော်တို့မှားရင် လွန်ရင်လည်း ခွင့်လွှတ်ပါ။ နောင်လည်း မနှောင့်ယှက်ပါနဲ့တော့။ ကျွန်တော်တို့ ကောင်းမှုကုသိုလ်လုပ်ရင်လည်း အမေကြီးကို အမျှဝေပါ့မယ်။ သာဓုခေါ်ပါ အမေကြီးခင်ဗျာ''ဟု ပြောဆိုပြီး ထားခဲ့လိုက်လေသည်။

ငှင်းနောက် အိမ်သန့်သွားအောင်၊ မြေသန့်သွားအောင် လူကြီးသူမများ လမ်းညွှန်ချက်အရ သံပုယာသုံးပါးပင့်၍ ဆွမ်းကပ်ပရိတ်နာပြီး အိမ်ခြံအနှံ့ ဆန်မန်း၊ သဲမန်းများ ကြဲလိုက်သည်။ တရော်ကင်ပွန်းများနှင့် ခေါင်းလျှော်ရေချိုးလိုက်သည်။ ရေစက်ချချိန်ကလည်း အိမ်မက်ထဲမှ ကျောက်ပြားပိုင်ရှင် အမေကြီးကို ရည်မှန်း၍ အမျှပေးဝေလိုက်သည်။ ထိုအချိန်မှစ၍ ကိတ်လန့်ကြောက်ရွံ့ဖွယ် ဖြစ်ရပ်များလည်း လုံးဝမဖြစ်တော့ပေ။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

